
www.burmeseclassic.com
BURMESE CLASSIC .com



www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

---

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

---

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

---

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

# ထုတ်ဝေမှုမှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၇၇၅ / ၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၃၈ / ၂၀၀၄ (၃) |
| ထုတ်ဝေသည့်ကာလ | ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၄။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး၊ (နှင်းဦးလွင်စာပေ) (၈) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်။ ဖုန်း - ၅၃၃၁၀၄ |
| မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ | ဦးကျော်ယဉ် (ဇဗ္ဗူမော် အော့ဖ်ဆက်) (၂၉၅၂) အမှတ် ၁၂၁၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဖလင် | EMPIRE |
| အတွင်းဖလင် | A Z |
| ကွန်ပျူတာစာစီ | ကာဠူ (ဒီရေဦး) |
| မျက်နှာဖုံးဒီဇိုင်း | ရန်နိုင်မိုး |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၂၀၀ |

ဒီရေဦး စာပေကြဲးနှစ်

**ဝတ္ထုတိုအချို့အဝက်ကြဲးနှစ်**

အမှတ် (၂၂၇)၊ ၂၉လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၇၆၂၄၉၊ ၇၀၅၇၃၆

www.burmeseclassic.com

# ဝတ္ထုတိုအချို့ အဝတ်

ကြူးနှစ်

www.burmeseclassic.com

ကြူးနှစ်

# —မာတိကာ—


၁။ ဝမ်းတစ်ထွာရဲ့ ထွမ်းစာဘွဲ့

၂။ တစ္ဆေယောင်ဆောင်တဲ့ သတ္တဝါတစ်ကောင်

၃။ မျက်မမြင် ဆွံ့အသက်သေများ

၄။ ဝဋ်၏သား

၅။ သချော်ဆရာမ

၆။ ကွင်းဆက်အသေ

၇။ သေစာရင်း

၈။ လျှို့ဝှက်ချက်

၉။ ကိုဘသွင်၏ ပုံတူ

၁၀။ ချော်ထဲခြင်း

၁၁။ ထသာဆောင်မှ မိုးတိမ်များ

၁၂။ သေအံ့ဆဲဆဲ လှဲလျောင်းရိုက်

၁၃။ ငိုနေသော မြေခွေးများ

၁၄။ ထိုနေ့က သူတို့နွားများကို ရိုက်နှက်ခဲ့ကြသည်


ဒီရေဦး စာအုပ်တိုက်

www.burmeseclassic.com



# ဝမ်းတစ်ထွာရဲ့
# လှမ်းခေါ်သံ



www.burmeseclassic.com

# ဝမ်းတစ်ထွာရဲ့ လွမ်းစာဘွဲ့

ပစ္စည်းကရှား ငွေကရှားမို့
လူသားမဖြစ်ချင်တော့ပါ။
ဆာရီယယ်လစ်ဇင်
ခေတ်သစ်ပန်းချီကားထဲ
ဝင်ပုန်းပဲ နေချင်တော့၏ . . . . . ။

အပျင်းထူပြီး တောင်တောင်အီအီ တွေးမိချိန်မျိုးတွင် လွန်ခဲ့သော နှစ်ပေါင်း (၃၀) လောက်က ရှုမဝမဂ္ဂဇင်းထဲမှာ ဖတ်ဖူးသော ကျွန်ုပ်တို့၏ မော်ဒန် ကဗျာဆရာ 'သစ္စာနီ' ၏ ကဗျာအပိုင်းအစတစ်ခုကို ကျွန်တော် အမှတ်မထင် ရွတ်ဆိုမိတတ်ပါသည်။ အမှန်စစ်စစ်ဆိုသော် ကဗျာဆရာသည် ပန်းချီအနုပညာ၌လည်း ကျင်လည်ကူးခတ်သူဖြစ်ရာ ဆာရီယယ်လစ် (Surrealist) ပန်းချီ ဆရာအချို့ တွေးဆခံစားတတ်သည့် အကန့်အသတ်နယ်နိမိတ်မဲ့ပြီး၊ ဘာဆိုဘာမှ မရှိသော (Void) လေဟာနယ်ကြီးတစ်ခုကို အာရုံခံပြီးနောက် ပစ္စည်းတွေ ငွေတွေလိုက်ရှာရာမှ ဘာမျှမတွေ့ရသဖြင့်၊ အထက်ပါ ကဗျာပိုဒ်ကို ဖွဲ့သီခြင်း

www.burmeseclassic.com



ဖြစ်ကောင်းဖြစ်မည်ဟု ကျွန်တော် ထင်မိပါသည်။ လွန်ခဲ့သော နှစ် ၃၀ လောက်တုန်းက ယခုကာလနည်းတူ ပစ္စည်းတွေ ငွေတွေ ပေါများခဲ့ပါသည်။ မိတ်ဆွေ ရှာတတ်ဖွေတတ်ဖို့ပဲ လိုပါသည်။ (ကဗျာဆရာ အပါအဝင် အနုပညာရှင်တို့ကား ငွေရှာမှုအတတ်တွင် 'အိုင်ကျူ' နိမ့်သူများ ဖြစ်ကြရာ၊ ၎င်းတို့ ငွေရှားကြောင်း ညည်းညူသံကို ကျွန်တော် မကြာခဏ ကြားရလေ့ ရှိပါသည်။)

ကျွန်တော်ကတော့ ဘယ်တုန်းကမျှ ငွေလည်းရှား တယ်မထင်၊ ပစ္စည်းလည်းရှားတယ်မထင်ခဲ့။ ကျွန်တော့်မှာ ငွေမရှိ၊ ပစ္စည်းမရှိခြင်းသာဖြစ်သည်။ လူတစ်ချို့က 'ပစ္စည်းတွေ ဈေးကြီးလိုက်တာ' ဟု ခိုင့်ကွက်တွေလို ညည်းတတ်ကြသည်။ အမှန်က ဈေးကြီးခြင်းမဟုတ်၊ သူတို့မှာ ငွေနည်းနေ၍၊ ပစ္စည်းတန်ဖိုးကို လိုက်မမီနိုင်ခြင်း မဟုတ်ပါလား။ ကျွန်တော်၏ မိတ်ဆွေတစ်ယောက်က 'ဆိတ်သားရှားလိုက်လေဗျာ' ဟု ခိုသံပေးလာသောအခါ၊ ကျွန်တော်သည် ကျွန်တော်၏အိမ်မှ တစ်ခေါ်သာသာမျှသာ ဝေးသည့် မွေးမြူရေးခြံတစ်ခုသို့ ထိုပုဂ္ဂိုလ်အား လက်ဆွဲခေါ်ဆောင်သွားပြီး 'ကြည့်စမ်းပ ကိုယ့်လူရယ်၊ ဆိတ်သား ဘယ်မှာရှားလို့လဲ' ဟု ပြောလိုက်ပါသည်။ စနစ်တကျ တည်ဆောက်ထားသည့် ထိုခြံဝင်းကြီးထဲမှ အမိုးအကာလုံခြုံသော လှောင်အိမ်မြောက်များစွာထဲတွင် မြောက်များစွာသော ဝဖြိုးဆူဖြိုးလှသည့် ဆိတ်များ၊ သိုးများ ရှိနေပါသည်။

ကမ္ဘာမြေပြင်က သူ့နဂိုအတိုင်း တည်တန့်နေပြီး လူတွေကသာ စက္ကန့်နှင့်အမျှ တိုးပွားနေသော ကျွန်တော်တို့၏ ကမ္ဘာလောကတွင် အပေါများဆုံးဖြစ်သော အရာသည် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ မဟုတ်ပါ။ အသုံးပြုစရာ အီလက်ထရွန်းနစ် ပစ္စည်းတွေမဟုတ်ပါ။ 'ပညာရွှေအိုး၊ လူမခိုး' ဟူသော ဆိုရိုးစကားလာ . . . ပညာကိန်းဝပ်ရာ စာအုပ်စာပေတွေလည်း မဟုတ်ရပါ။ ရုပ်ကို အာဟာရ စောင့်သည် ဆိုသော်လည်း ဓမ္မတရားနှင့်အညီ၊ ရုပ်ဖြင့်ဖွဲ့စည်းတည်ဆောက်ထားသော ကျွန်တော်တို့၏ ခန္ဓာအတ္တဘောတွေကို အစဉ်မပြတ်ထောက်ပင့် ဝိုင်းရံထားကြသည့် အစားအသောက်တွေသာ ဤကမ္ဘာလောကမှာ အပေါများဆုံး အလျှံပယ် အကြွယ်ဝဆုံး ဖြစ်သင့်သည် မဟုတ်ပါလား။ ယင်းသို့ ပေါများဖို့လည်း အရေးအကြီးဆုံး အချက်အချာအကျဆုံး မဟုတ်ပါလေလော . . .။

www.burmeseclassic.com



ကျွန်တော်တို့ကား . . . စားရေရိက္ခာ အစာရေစာ ပေါကြွယ်ဝသည့် မြေကမ္ဘာ၏ အစိတ်အပိုင်းမှာ လူ့ဘဝကို ရရှိခဲ့ကြသည့်အတွက် ကံထူးကြလေစွ။ ကျွန်တော့်ဆီမှာ ဧရိယာ မိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် 'စပါးကျီ' ကြီးတွေ ရှိနေကြသည် မဟုတ်ပါလော။ ကျွန်တော်တို့၏ မရေမတွက်နိုင်သော မြစ်ချောင်း အင်းအိုင်များတွင် တစ်ချိန် ဘီလီယံပေါင်းများစွာရှိသည့် ပုဇွန်၊ ကဏန်း၊ ငါး၊ လိပ်၊ မကန်းတွေ ပေါလှ ပါဘိတောင်း . . .။ ကျွန်တော်တို့၏ ရှုမျှော်မဆုံးသော တောင်တောစုံမြိုင်ကြီးတွေကလည်း အမျိုးအစားစုံလှစွာသည့် သီးနှံသစ်ဖု သစ်ဥ တွေကအစ ပျားရည်၊ ပျားသလက် အလယ်၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်အထိ ကျွန်တော်တို့၏ ပါးစပ်ပေါက်များထဲသို့ ထည့်သွင်းဖြည့် လောင်းပေးနေကြသည် မဟုတ်ပါလော။ မိတ်ဆွေသာ အစားအသောက် ဇီဇာမကြောင်လျှင် မြွေအမျိုးမျိုး၊ ဖားအမျိုးမျိုး၊ ကင်းလိပ်ချော၊ ပုတ်သင်တို့ကို သာမက၊ နွားချေးပိုးလောင်းများ၊ ခြ တောင်ပို့ထဲမှ ခြမင်းများ၊ ကင်းမလက်မည်း များကိုလည်း အာဟာရအဖြစ် သုံးဆောင်နိုင်သေးသည်။ ကျွန်တော်တို့ဆီတွင် အမျိုးအမည်စုံလှစွာသော ချက်ပုံ၊ ပြုတ်ပုံ ကွဲပြားကြသော ဟင်းလျာ အာဟာရ တွေလည်း မရေမတွက်နိုင်အောင် ရှိသည်။ မြစ်ဝကျွန်းပေါ် ဟင်းလျာ၊ အညာဟင်း လျာ၊ တောင်ပေါ်ဟင်းလျာ၊ ပင်လယ်ပိုင်းဟင်းလျာ စသည်ဖြင့် နယ်မြေဒေသ အလိုက် ရသာခြားနားသည့် အာဟာရတွေ စား၍မကုန် လှူ၍မခန်းအောင် ကုံလုံပြည့်ဝစေသည်။ 'ဆီကိုရေချိုး၊ ဆေးရိုးမီးလှူ၊ စပါးတောင်လိုပုံ' ဟူသော စကား ဥပမာသည် ကျွန်တော်တို့တစ်တွေ၏ အာဟာရချမ်းသာမှုကို ရည်ညွှန်း ခြင်းဖြစ်သည်။ ကဗျာလင်္ကာစာသမားတို့ကလည်း ရှေးကတည်းကပင်၊ အောက် အလွှာက လူသားတွေ ဖြစ်ဘိငြား၊ အစားအသောက် လိှုင်လှိုင်လွေးခဲ့ရကြောင်း မှတ်တမ်းတင် စာဖွဲ့များ ရေးသားခဲ့ကြသည်။ (မိတ်ဆွေ အကျယ်သိလိုပါက ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများ၊ ဦးကြီး၏ လွမ်းချင်းများကို ရှုပါလေ)

ယခုကာလတွင် ကျွန်တော်တို့သည် ကိုယ့်မြေကိုယ့်ရေထွက် အာဟာရ၊ ကိုယ့်ရိုးရာ အာဟာရများကို သာမက၊ တိုင်းခြားအာဟာရတွေကိုပါ ဖောဖော သီသီ စားသုံးဝါးမျိုခွင့် ရနေကြပြီဖြစ်၏။ ကျွန်တော်တို့သည် အင်တာနေရှင်နယ် လက်ဖက်ရည် ကော်ဖီရည်များသာမက၊ အင်တာနေရှင်နယ် ပေါင်မုန့်၊ ကိတ်မုန့်၊

www.burmeseclassic.com


ခရက်ကာ၊ ကွက်ကီး၊ ဒိုးနတ်များကိုပါ စိတ်တိုင်းကျ မျိုချနေကြ၏။ နံနက်ကာလ အစာအဖြစ် ယခင်လို ကောက်ညှင်းပေါင်းနှင့် ဘူးသီးကြော်ကို မသုံးကြတော့ဘဲ 'စူပါကော်ဖီမစ်' နှင့် ' ဝမ်း(န)ဒါး' ပေါင်မုန့်ကို ယူရိုပီယန် နံနက်စာအလား စတိုင်ထွားထွားနှင့် သုံးဆောင်တော်မူကြ၏။

တစ်လောက ကျွန်တော်၏မိတ်ဆွေ 'ကိုဘူးယို'ဆိုသူက 'လာဗျာ၊ အိတ်စဲလင့်မှာ စူပါကွေကာအုတ် သွားသောက်ရအောင်ဗျာ' ဟု ကျွန်တော့်ကို ဖိတ်မန္တကပြုလာသည်။ ပထမတော့ ကျွန်တော် နားမလည်။ 'အိတ်စဲလင့်' တို့ 'ကွေကာအုတ်' တို့ဆို တာတွေကို ဘာမှန်းမသိ။ နောက်မှ . . . 'အိတ်စဲလင့်' ဆိုတာက Excellent အမည်ရှိ မြန်မာလူမျိုးပိုင် စားသောက်ဆိုင်၊ 'ကွေကာအုတ်' ဆိုတာက Quaker oats ခေါ် မြန်မာတို့၏ မုန့်ဆန်းစေ့နှင့်တူသော အင်္ဂလိပ် ဂျုံစေ့မှုန့် လက်ဖက်ရည်ဖြစ်ကြောင်း သတိရလာ၏။ 'ကျေးဇူးပဲဗျာ၊ ကျွန်တော့်အိမ်မှာ ထမင်းကြော်နဲ့ ငါးခြောက်ဖုတ်စားပြီး၊ လက်ဖက်ရည်ကြမ်းတွေ သောက်လာလို့ ဗိုက်တင်းနေတယ်။ နောက်များမှ လိုက်တော့မယ်ဟု ကျွန်တော်က ယဉ်ကျေးသမှုနှင့် ငြင်းပယ်ခဲ့ပါသည်။ 'ကွေကာအုတ်ဆိုတာ ကျုပ်တို့ မူလတန်းကျောင်းသားကတည်းက ကျောင်းမှာ တစ်ပတ်တစ်ကြိမ် အလကားသောက်ရတဲ့ ဂျုံပြုတ်ပါ' ဟူသော စကားကိုမူ မိတ်ဆွေ 'ကိုဘူးယို' အား မပြောလိုက်တော့ပါ။ ထို့နောက် ကိုဘူးယို ထွက်ခွာသွားလျှင် ဆာလောင်နေသော ကျွန်တော်သည် လမ်းထိပ်ရှိ 'အိုးကလေး ဘိန်းမုန့်' သည် ဒေါ်ဘုမ၏ဆိုင်သို့ ခပ်သုတ်သုတ် လှမ်းလာခဲ့ပါသည်။

ကျွန်တော်က အနောက်တိုင်း အစားအသောက်တွေကို မနှစ်မြို့၍ မဟုတ်။ ကြိုက်ပြီး စွဲလန်းသွားလျှင် ကျွန်တော့်လို 'ဘိုင်ကျ' နေသည့်အကောင် စားချင်သောက်ချင်ပါလျက် အခက်တွေ့ကာ အိမ်မြှောင်အမြီး ပြတ်ဘဝရောက်မှာ စိုး၏။ အနောက်တိုင်းအာဟာရတွေကို တတ်နိုင်သလောက် 'ဝေရာမဏီ' ခြင်းဖြစ်သည်။ ပြောရလျှင်တော့ အစာအာဟာရမှန်သမျှ ကျွန်တော်တန်ဖိုးထားကာ လေးလေးစားစား ဝါးမျိုစား သောက်လေ့ရှိပါသည်။ လမ်းဘေးက 'အိုးကလေး ဗယာကြော်' သည် ကစွနားဆိုသော ကုလားကြီးကိုလည်း 'သူငယ်ချင်းကြီး' ဟု ခေါ်ဝေါ် သုံးနှုန်းပါသည်။


www.burmeseclassic.com



ဖိလစ်ပိုင်နိုင်ငံမှာ ကမ္ဘာကျော် ဟင်းလျာသမိုင်း သုတေသီ၊ အစာအာဟာရ ဝေဖန်ရေးပညာရှင် ဟင်းလျာအစားအသောက်ဆိုင်ရာ စာအုပ် (၇) အုပ် ရေးသားခဲ့ဖူးသော 'ဒိုရင်းဖနန်းဒက်(ဇ်)' (Doreen Fernandez) က 'အစားအသောက်ဟာ အမြဲတမ်း သမိုင်းပဲ။ ဒါ့အပြင် အစားအသောက်ဟာ လူ့နောင်ထုံး၊ လူ့ယဉ်ကျေးမှု၊ လူ့သီးခြား မူပိုင်သရုပ်သကန်လည်း ဖြစ်တယ်' ဟု ပြောခဲ့ဖူးပါသည်။ ထိုဆရာမကြီးသည် တမြန်နှစ်က နယူးဝိ(စ်) မဂ္ဂဇင်း သတင်းထောက်နှင့် အင်တာဗျူးခဲ့ရာတွင် အရှေ့တောင် အာရှနိုင်ငံများတွင် နန်းတွင်းဟင်းလျာ (Court Cuisine) ရှိသော နိုင်ငံဆို၍ ထိုင်းနိုင်ငံတစ်ခုတည်းသာ တွေ့ရသည်ဟူ၍ ပြောခဲ့ပါသည်။ ဆရာမကြီး ဖနန်ဒက်(ဇ်) အကြီးအကျယ် မှားသွားပါပြီ။ ကျွန်တော်တို့ဆီတွင် ဟင်းလျာခွက် သုံးရာပြည့်မှသာ ပွဲတော်တည်ခဲ့သူ ပုဂံဘုရင် 'နရသီဟပတေ့' နန်းစံ အုပ်ချုပ်ခဲ့ဖူးသည် မဟုတ်ပါလော။

✢ ✢ ✢

www.burmeseclassic.com



www.burmeseclassic.com

# တစ္ေစ့ယောင်ဆောင်တဲ့

# သတ္တဝါတစ်ကောင်

အမှန်သစ္စာစကားတွေကို ကျုပ် ပြောဆိုဖွင့်ဟနေခြင်း ဖြစ်တယ်ဆိုတာကို (ကျေးဇူးပြုပြီး) (ဘုရားရှင်အသီးသီးတို့ရဲ့ ဂုဏ်သိက္ခာတော်များကို ထောက်ထားပြီး) မိတ်ဆွေတို့ ယုံကြည်လက်ခံကြပါ။ ကျုပ်အဖြစ်မှန်ကို ပြောနေတာ။ ကိုယ်တွေ့ဖြစ်ရပ်ကို မကွယ်မဝှက် မချွင်းမချန် ရင်ဖွင့်ပြလိုက်တာပါ။ (အင်း -) မိတ်ဆွေတို့ကတော့ အရူးတစ်ယောက်ဟာ ဆန်းကြယ်လှတဲ့ အိပ်မက်ဆန်းတစ်ခု မက်ပြီးတဲ့နောက်၊ အဲသည် အိမ်မက်ထက် ပိုမိုဆန်းကြယ်တဲ့ စိတ်ကူးတိုး ဇာတ်တစ်ခုကို ကိုယ့်ဘာသာကိုယ် ဖန်တီးပြီးတော့ မူလအိပ်မက်နဲ့ ပေါင်းစပ်စရနယ်လိုက်တာမျိုးပဲ ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ ထင်ချင်ထင်ကြပါလိမ့်မယ်။ မဟုတ်ရပါဘူး မိတ်ဆွေတို့ရာ၊ မဟုတ်ရပါဘူး။ ကျုပ်ပြောနေတာ မှန်သောသစ္စာစကားတွေချည်းရယ်ပါ။ ကျုပ်ပြောပြမနေတော့ပါဘူး။

ကျုပ်ဟာ ခရိုင်မြို့ကြီး တစ်မြို့က ဂုဏ်သရေရှိ ရွှေပန်းတိမ် လုပ်ငန်းရှင်

www.burmeseclassic.com



မိသားစုကနေ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစွာ ပေါက်ဖွားကြီးပြင်းလာခဲ့သူပဲ။ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစွာ ပေါက်ဖွားလာခဲ့တယ်လို့ ဆိုရာမှာ ကျုပ် လူဖြစ်ပြီဆိုကတည်းက ကျုပ်တို့ မိသားစုရဲ့ စီးပွားခနေဟာ တစ်နေ့တခြား၊ ခြတောင်ပို့အလားသို့ ဝုန်းခနဲ တိုးတက် ကြွယ်ဝလျှံမောက် လာခဲ့လို့ပါပဲ။ မိသားစုက ကျုပ်ကို ဖူးဖူးမှုတ်ထားကြသလို ကျုပ် စာပေသင်ယူတဲ့ 'ကျောင်းကောင်း' က 'ဆရာကောင်း' တွေကလည်း ကျုပ်ကို ပိုးမွေးသမားတစ်ဦးဟာ သူ့ပိုးကောင်ကလေးတွေကို ဂရုစိုက်သလိုမျိုး အရိပ်တကြည့်ကြည့်နဲ့ပေါ့။ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ရပ်ဆွေရပ်မျိုးတွေကလည်း ကျုပ်ဟာ ကောင်းကျိုးချမ်းသာကို သယ်ဆောင်လာတတ်သော နတ်ဒေဝါတစ်ပါးလို လေးစားချစ်ခင် မြတ်နိုးကြလေရဲ့။ (အမှန်သစ္စာစကားကို ကျုပ်ဆိုနေခြင်းပါနော်) တစ်နည်းပြောရရင် ကျုပ်ဟာ ကျုပ်ရဲ့ အသိုက်အဝန်းမှာဖြင့် လူယောင်ဆောင်ထားတဲ့ နတ်ဒေဝါတစ်ပါးပါပဲ။

ဖော်ပြပါ ကျုပ်ရဲ့ ဘဝအခြေအနေဟာ လွန်ခဲ့သော (၅) နှစ်က အနေအထားပါ။ လက်ရှိအခြေအနေကတော့ လောကနိယာမအရ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေခဲ့ပါပြီ။ ကျုပ် အသက် (၂၅) နှစ်ထဲ ဝင်လာပြီ။ (အလို) ကျုပ်ရဲ့ သက်တမ်းဟာ ရာစုတစ်ခုရဲ့ လေးချိုးတစ်ချိုးတောင် ရောက်ခဲ့ပါပေါ့။

ကဲ - လောကနိယာမတွေ၊ အချိန်ကာလသက်တမ်းတွေ၊ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတာတွေကို ချန်ရစ်ပြီးတော့ အခု ကျုပ်တွေ့ကြုံနေရတဲ့ အဖြစ်မှန်ကို မိတ်ဆွေ တို့ သိခွင့်ရအောင် ကျုပ် ဟုတ်တိုင်းမှန်ရာ ပြောပြချင်ပါတယ်။ (ကျေးဇူးပြု၍) နား ထောင်ကြည့်ကြပါ နော် --။

လွန်ခဲ့သော သုံး လေးလလောက် နွေရာသီညဦးပိုင်း ကျုပ်ရဲ့ အိပ်ခန်းထဲက အိပ်ရာပေါ်မှာ ကျုပ်တစ်ယောက်တည်း ပြတင်းက တညှင်းညှင်းဝင်လာတဲ့ လေပြေကလေးရဲ့ ရသကို ပက်လက်လှန်၊ ခြေဆင်း၊ လုံချည်ကို ဒူးခေါင်းပေါ်တဲ့အထိ လှန်တင်ထားရင်း မျက်ခွံတွေမှေးလို့ ငြိမ်ငြိမ်ကလေး အနားယူနေတဲ့ အချိန်။ ကျုပ်တစ်ယောက် တည်းနေတဲ့ ကျုပ်ရဲ့ တိုက်ခန်းတစ်ခန်းလုံးကလည်း တိတ်လို့ဆိတ်လို့။ (ခါတိုင်း ဒီအချိန်ဆို ထမင်းစားခန်းထဲမှာ တရှန်းရှန်းနဲ့ ကျွတ်ကျွတ်ညံနေတဲ့ ကြွက်တွေရဲ့အသံ၊ ကျုပ်ရဲ့ ကုတင်အောက်မှာ တရှုပ်ရှုပ်နဲ့

www.burmeseclassic.com



ဝရုန်းသုန်းကား ဖြစ်နေကြတဲ့ ပိုးဟပ်တွေရဲ့ အသံတွေကြောင့် ကျုပ်ရဲ့အခန်းဟာ ကမ္ဘာမြေပေါ်က အဆူညံဆုံးနေရာတစ်ခုလို့တောင် တင်စားပြောလို့ရတယ်။) အဲသည်ညကတော့ အသံဗလံအားလုံးကို တိတ်ဆိတ်ခြင်းက နှိပ်ကွပ်မှာ ကျုပ်တစ်ယောက်တည်းပဲ ရှိတယ်လို့တောင်မှ ယောင်ယောင်မှားမှား အတွေးအယူ ချောက်ချားဖွယ်ပ။

ည (၉) နာရီလောက် ထင်ပါရဲ့။ ကျုပ်ရဲ့ ညာဘက်ကုတင်ဘေးနားမှာ လူတစ်ယောက်ရှိနေတယ်လို့ သိလိုက်ပြီ။ ကျုပ် မျက်လုံးတွေ လှပ်တဲ့ပြီး စောင်းကြည့်လိုက်တော့ ဘာဆိုဘာမှ မတွေ့ရပါလား။ အခန်းထဲမှာလည်း စားပွဲတင် ဝပ် (၂၀) အား မီးလုံးကလင်းနေတာဆိုတော့ လူတစ်ယောက် ရှိနေခဲ့မယ်ဆိုရင် သူ့ကိုတွေ့ရမှာ သေချာတယ်။ ကျုပ် အိပ်ခန်းက ကျဉ်းကျဉ်းကလေးရယ်ပါ။ အိပ်ရာ၊ ခုတင်ရယ်၊ အဝတ်ဗီရိုရယ်၊ စားပွဲတင် မီးတိုင်တင်တဲ့ စားပွဲရယ်ကလွဲလို့ ဘာမှ အပိုပစ္စည်းထားလို့ မရအောင် ကျဉ်းမြောင်းသေးငယ်တဲ့အခန်း။ လူတစ်ယောက်မပြောနဲ့ ကြောင်တစ်ကောင်တောင် ပုန်းကွယ်စရာမရှိဘူး။ ဒါဆို စောစောက လူတစ်ယောက် ကျုပ်နံဘေး လာရပ်တယ်ဆိုတာ စိတ်ယောင်မှားထင်မြင်မှု သက်သက်ပဲပေါ့။ မဟုတ်သေးဘူး၊ ကျုပ်နားမှာ လူတစ်ယောက်လာ ရပ်နေခဲ့ တာကတော့ ဧကန်မုချပဲ။ သေချာတယ်။ ဒါ စိတ်ယောင်မှားမှု မဟုတ်ဘူး မိတ်ဆွေ။ မိတ်ဆွေက တစ္ဆေခြောက်တာလို့ကော ဆိုလိုချင်ပါသလား။ တစ္ဆေဆိုတာ လူတစ်ယောက်ရဲ့ အဇ္ဈတ္တသဏ္ဌာန်ထဲအထိ မဝင်နိုင်ဘူး။ ပြင်ပ ဗဟိဒ္ဓသဏ္ဌာန် မှာသာ ခဏတဖြုတ် ကိုယ်ထင်ပြနိုင်တယ်။ ကျုပ်က ဘယ်တစ္ဆေကိုမျှ ထိတ်လန့် စိုးရွံ့မှု မရှိပါဘူးလေ။

ဒီမယ် မိတ်ဆွေတို့၊ ကျုပ်ဟာ ငယ်စဉ်ကတည်းက ဘုရားရှင်ကို အားကိုးယုံကြည်ခဲ့သူပါ။ ကြီးပြင်းလာပြန်တော့လည်း ဘုရားရှင်ဟောကြား ညွှန် ပြတော်မူခဲ့ရာ တရားဓမ္မကျင့်စဉ်မြတ်တွေကို မိမိနိုင်စွမ်းသမျှ ကျင့်ကြံအားထုတ် ခဲ့တဲ့သူ။ ကျုပ်ဟာ ဆရာကြီး ဦးဘခင် အုတ်မြစ်ချပေးခဲ့တဲ့ ဝိပဿနာလမ်းစဉ်ကို အကောင်အထည် ဖော်ပေးခဲ့သူ 'မစ္စတာဂို(လ်)အင်ကာ' ထူထောင်တဲ့ ဝိပဿ နာကျင့်စဉ်တွေမှာ (၁၀) ရက်စခန်းဝင်ခဲ့တဲ့ ယောဂီတစ်ယောက်။ ကျုပ်လို လူမျိုးက တစ္ဆေကို ကြောက်ရွံ့ရမတဲ့လား။ အဲသည် အောက်တန်းစား နာနာဘာဝ

www.burmeseclassic.com


တွေကကော ကျုပ်နား ကပ်ဝံ့ကြမတဲ့လား။ စဉ်းစားပါ မိတ်ဆွေတို့ရာ၊ စဉ်းစားကြပါ။ အင်း သို့ပေမယ့် အဲသည်ညက ကျုပ် အိပ်ရာဘေးမှာ လူတစ်ယောက် လာရပ်နေခဲ့တာကဖြင့် မုချဆတ်ဆတ်ပါပဲ။

အဖြစ်က အဲသည်ညက စတင်ခဲ့တာပေါ့။ နောက်သုံးလေးရက် လောက်အကြာ ကျုပ် သမ္ဘတအဆင့်မြင့် ရုပ်ရှင်ရုံကြီးရဲ့ အပေါ်ထပ် အထူးတန်း မှာ ရောက်နေတယ်။ ပြသနေတဲ့ မြန်မာရုပ်ရှင်ကို မက်မက်မောမော ကြည့်ချင် လို့တော့ မဟုတ်ဘူး။ အလုပ်ကိစ္စတစ်ခုအတွက် ချိန်းထားတဲ့ အချိန်က စောလွန်း သေးတာနဲ့ ရုပ်ရှင်ရုံထဲ ဝင်ပြီး အချိန်ဖြုန်းကြည့်တာ သက်သက်ပဲ။ ဇာတ်ကားက ဘယ်လောက်ကောင်းသလဲတော့မသိ။ အထူးတန်းမှာ ပရိသတ်နှစ်ဒါဇင်လောက်ပဲ ရှိရဲ့။ ထိုင်ခုံတွေမှာ လူကျိုးတိုးကျဲတဲနဲ့မို့ ရုပ်ရှင်ရုံနဲ့တောင် မတူတော့ပါဘူး။

ကျုပ်ထိုင်တဲ့ ခုံတန်းမှာ လူ ငါးယောက်လောက်ပဲ ရှိမယ်။ ကျုပ်က ဘယ်ဘက် အစွန်းခုံတစ်ခုံမှာ။ ကျုပ်ရဲ့ ဘေးဘယ်ညာမှာလည်း ဘယ်သူမှ မရှိကြဘူး။ သမ္ဘတ ရုပ်ရှင်ရုံကြီးတစ်ခုလုံးထဲမယ် ကျုပ်တစ်ယောက်တည်း ထိုင်ကြည့်နေတဲ့အတိုင်းပါပဲ။ ဇာတ်ကားတစ်ဝက်ကျိုးလောက်မှာ ကျုပ်ရဲ့ ညာဘက်ကပ်လျက်ခုံမှာ လူတစ်ယောက် ထိုင်နေတယ်လို့ ကျုပ် သိလိုက်ရတယ်။ ဘယ် အချိန်ကများ တိတ်တဆိတ် ဝင်လာပါလိမ့်။ ကျုပ်က တုန်လှုပ်မှုမဲ့စွာနဲ့ ညာဘက်ကို မျက်လုံးစွေကြည့်တယ်၊ ဖြစ်ရပြန်ပြီလေ၊ ကျုပ်ရဲ့ ညာဘက် ကပ်လျက်ခုံမှာ ဘယ်သူဆို ဘယ်သူမှ ရှိမနေပါလား။ အရိပ်အယောင်မျှတောင် ရှိမနေပါလား မိတ်ဆွေတို့ရာ။

ဒါပေမယ့် ကျုပ်တစ်ခုတော့ ပြောရဲတယ်နော်။ စောစောက ကျုပ် ညာဘက်မှာ လူတစ်ယောက်လာ ထိုင်နေတာတော့ အသေအချာပဲ။ သူဟာ တစ္ဆေ တစ်ကောင်လို့လည်း ကျုပ် မယုံကြည်နိုင်ဘူး။ လူတစ်ယောက်မှ လူတစ်ယောက် အစစ်၊ ထူးခြားတာကတော့ သူ ကျုပ်နံဘေးမှာ ရှိနေကြောင်း ကျုပ်ရဲ့ သိစိတ်ကို ထိုးဆွသတိပေးပြီးတာနဲ့ ကျုပ်က သူ့ကို ကြည့်လိုက်တိုင်း ပျောက်ကွယ်သွားလေ့ ရှိတဲ့ ကိုယ်ပျောက် နိုင်စွမ်းရှိတဲ့ လူတစ်ယောက်။

တတိယအကြိမ် အနီးကပ် အတွေ့အကြုံကတော့ မယုံနိုင်စရာ ကောင်း

www.burmeseclassic.com



လောက်အောင် ဆန်းကြယ်လှပေရဲ့။

ကျုပ် တစ်ယောက်တည်းနေတဲ့ တိုက်ခန်းဟာ သိပ်မကျယ်လှဘူးဆိုပေမယ့် ဧည့်ခန်း၊ ဘုရားခန်း (စာဖတ်ခန်းအဖြစ် သုံးချင်သုံးပေ့ါ)၊ အိပ်ခန်း၊ မီးဖိုဆောင်၊ ထမင်း စားခန်း၊ အိမ်သာခန်း၊ ရေချိုးခန်း စသည်ဖြင့် အခန်းတွေ အကန့်တွေ ခွဲခြားထားတော့ တစ်ကိုယ်တော် ကျုပ်အတွက် ကျယ်ဝန်းနေတယ်။ နေရာလွတ်တွေ ပိုနေတယ်လို့တောင် ပြောနိုင်ပါတယ်။

သမ္မတရုပ်ရှင်ရုံ ဖြစ်ရပ်အပြီး ရက်အနည်းငယ်အတွင်းမှာပဲ ကျုပ် တိုက်ခန်းထဲမှာ ကျုပ်နဲ့အတူတူ လူတစ်ယောက် အမြဲလိုလိုရှိနေတယ်ဆိုတာ ကျုပ်သိလာရတယ်။ ကျုပ်က သူ့ကိုကြည့်လိုက်တိုင်း (မရှိ) တဲ့ လူတစ်ယောက်ပေ့ါ။

ကျုပ်ရဲ့ အိပ်ရာဘေးမှာ သူရောက်တဲ့အခါ ရောက်နေတတ်တယ်။ ကျုပ် တစ်ခုခု ချက်ပြုတ်ကြော်လှော်နေစဉ်မှာလည်းပဲ ကျုပ်နောက်ကျောဖက် ကနေ သူ ရပ်ကြည့်ပြီး ဟင်းနံ့တွေကို သူ ရှူရှိုက်နေတတ်တာ အမှန်ပါ။ ဧည့်ခန်း ထဲမှာ သူ လမ်းသလားနေတတ်တယ် ဆိုတာလည်း ကျုပ်သိပါရဲ့။ (ဒါပေမယ့် သူ့ခြေသံကိုတော့ မကြားနိုင်ခဲ့ပါဘူး) ကျုပ် ညဘက် ဘုရားဝတ်ပြုတဲ့အခါတိုင်း သူဟာ အခန်းဝမှာ ကျောက်ရုပ်လို ငြိမ်ငြိမ်ကလေး ရပ်နေလိမ့်မယ်ဆိုတာကို ကျုပ် ကျိန်ပြောဝံ့ပါတယ်။ သူ့ပုံဟန်က ဘုရားဝတ်ပြုနေတဲ့ ကျုပ်ကို အနှောင့်အယှက် မပြုလိုတဲ့ သိမ်သိမ်မွေ့မွေ့ ပုံဟန်မျိုးထင်ပ။

အဆိုးဝါးဆုံးကတော့ဖြင့် ကျုပ် ရေချိုးခန်းဝင်တိုင်း သူလိုက်လာ တတ်တာပဲ။ သူရှိနေတော့ ကျုပ် လွတ်လွတ်လပ်လပ် ရေမိုးသန့်စင်လို့ မရတော့ဘူး။ အိမ်သာခန်းဝင်တဲ့အခါ ကျုပ် ဘယ်လိုခံစားရမလဲ။ သူက အိမ်သာထဲအထိ မလိုက်ပေမယ့် သေချာပိတ်ထားတဲ့ တံခါးရဲ့အပြင်ဘက်မှာ ရပ်နေတတ် တာကလား။ ခုတော့ (မရိုသေ့စကား) ကျုပ်မှာ ဆီးချုပ်ဝမ်းချုပ် ဖြစ်လိုဖြစ်၊ ဆီးနဲ့ ဝမ်းနဲ့မကွဲ၊ လေနဲ့ဝမ်းနဲ့မကွဲတဲ့ ဝေဒနာရှင်တစ်ယောက် ဖြစ်နေရပြီ မိတ်ဆွေတို့။

www.burmeseclassic.com



သူ (အဲသည်သတ္တဝါ) ဟာ နာနာဘာဝဆိုရင်တော့ ဘုန်းတော်ကြီးတွေ ပင့်ပြီး ကမ္မဝါညှပ်နဲ့ ထုတ်ရုံပဲ။ သူက နာနာဘာဝလည်း မဟုတ်ဆိုတော့ ခက်သားကလား။ ကျုပ်က ပရိတ်ကြီး (၁၁) သုတ် အကုန်အလွတ်ရတယ်။ (၂၄)ပစ္စည်းလို့ခေါ်တဲ့ ပဋ္ဌာန်းတရားတော်ကိုလည်း ရွတ်တတ်တယ်။ ဒါပေမယ့် ဒီသတ္တဝါအတွက် ကျုပ် အချိန်ကုန် လေကုန်မခံနိုင်ဘူး။ ကျုပ်လည်း ကျုပ်ဘာသာ ကျုပ်နေမြဲတိုင်းနေ၊ သူလည်း ကျုပ်အနီးမှာ ခွေးတစ်ကောင်လို ရစ်သီရစ်သီ လုပ်နေရုံပဲ။ ခက်တာက သူဟာ ကျုပ် အိပ်ရာပေါ်အထိ ကျူးကျော်နယ်ချဲ့လာ ခဲ့တာပဲ။ ကျုပ် အိပ်ပျော်လောက်ပြီဆိုရင် ဒင်း(သင်း)က ကျုပ်နံဘေးရောက်နေပြီ။ ဒါပေမယ့် ကျုပ်ကို လက်ဖျားနဲ့တောင် မတို့ပါဘူး။ အိပ်ပျော်နေတဲ့ ကျုပ်ရဲ့ မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေသလားမှ မပြောတတ်တာ။ တစ်ညတော့ ဓာတ်(ဝမ်း)ချုပ်လို့ ခေါင်းအုံပြီး စိတ်တိုနေတဲ့ ကျုပ်ဟာ ဘေးစောင်းအိပ်နေရာက ကျုပ်နောက်ကျောဘက်မှာ ငြိမ်ငြိမ်လေးခွေနေတဲ့ သူ့ဖက်ကို ဆတ်ခနဲလှည့်ပြီး ခြေစုံပစ်ကန်ထည့်လိုက်ပါတယ်။ လေကိုကန်ရတာနဲ့ ဘာများ ပိုထူးဦးမှာလဲ မိတ်ဆွေ။

'ဟဲ့ မကောင်းဆိုးဝါး၊ ထွက်သွား၊ ထွက်သွား'

အဲသည်ညက ကျုပ် အော်ဟစ်ဆဲဆိုရင်း လက်လှမ်းမီရာ ပစ္စည်းတွေနဲ့ သူရှိ နိုင်မယ်လို့ထင်တဲ့ နေရာတွေကို ပစ်ပေါက်တယ်။

'ဟဲ့ မကောင်းဆိုးဝါး ထွက်သွား'

ပြတင်းမှန်တွေ ကွဲကုန်တယ်။ တီဗွီနောက်မှာ သူ ပုန်းနေတယ်ထင်ပြီး အလူမီနီယမ်ခွေးခြေနဲ့ လှမ်းပစ်လိုက်တာ တီဗွီကျူ့(ဘ်) မီးလုံးကြီး ကွဲသွားပြန်ပါလေရော။ သားလှီးဓားကိုင်ခဲ့ပြီး ဗီရိုတံခါးကို ဆွဲဖွင့်၊ ဓားနဲ့ တအားမွှေ့ရမ်းပစ်လိုက်တယ်။ ကျုပ်ရဲ့ အဖိုးတန်အဝတ်အစားတချို့ ဆုံးရှုံးပျက်ဆီးရတာ ကလွဲလို့ ကျုပ်ရဲ့ ပေါက်ကွဲတိုက်ခိုက်မှုက အကျိုးဖြစ်ထွန်းမလာခဲ့ပါဘူး။ ကျုပ် ခုလို ပွဲကြမ်းနေတာတောင် သူ ကျုပ်အနီးမှာပဲ ရှိနေသေးတယ်ဆိုတာကို ကျုပ် သေချာသိနေတယ်။ သူ့ဓာတ်ကို ကျုပ် တိတိကျကျ ခံစားနေရတယ်။

'မကောင်းဆိုးဝါး မကောင်းဆိုးဝါး'

www.burmeseclassic.com



ကျုပ်ရဲ့ အခန်းထဲက ပုဏ္ဏကတိုက်သံတွေကြောင့် အနီးဝန်းကျင်အခန်းတွေက လူမှုရေးစိတ်ဓာတ် ပြည့်ဝသူတွေ အရေးတကြီး ပြေးထွက်လာကြတယ်။ တစ်စုံတစ်ယောက်က ကျုပ်လက်ထဲက သားလှီးဓားကို လုစ်ခနဲ ဆွဲယူထားလိုက်တယ်။ (နောက်မှ သိရတာက ဒီလူဟာ သိုင်းပြောင်းပြန်ဆရာ ကိုလှမြိုင်တဲ့)။

' ဟောဒီ အခန်းတစ်နေရာရာမှာ လူတစ်ယောက်ရှိနေတယ်။ သူ့ကို ရှာကြပါ။ သူ့ကို အပြတ်ရှင်းကြပါ '

ကျုပ်က သွေးရူးသွေးတန်းပြောတယ်။ သိုင်းဆရာ ဦးဆောင်ပြီး လိုက်ရှာကြတယ်။

' မတွေ့ပါလား၊ ပြတင်းပေါက်ကများ ခုန်ချသွားပြီလားမသိ '

' ဆယ့်ရှစ်ထပ်ကွန်ဒို အပေါ်ဆုံးထပ်က ခုန်ချရင် လူမပြောနဲ့ ဂေါ်ဇီလာတောင် အရိုးတခြား အသားတခြား ဖြစ်သွားမယ်။ လာပါကွာ ရှုပ်တယ်၊ ငါတို့ ယမကာဝိုင်း ပြန်သွားတာပဲ ကောင်းတယ် '

တစ်ယောက်တစ်ပေါက် ပွက်ညံပွက်ညံ ပြောနေကြတုန်း ရပ်ကွက်ရဲကင်းက တာဝန်ကျ ရဲတွေရော ရောက်လာကြပြန်တယ်။ ရဲကြပ်ကြီးက စိတ်ကောင်းနှလုံးကောင်း ရှိပုံပါပဲ။

' ကျွန်တော်တို့ ဘာအကူအညီပေးရမလဲ ခင်ဗျာ '

' မှောင်ခန်းတစ်ခန်းထဲမှာ လုံးဝမရှိတဲ့ ကြောင်နက်တစ်ကောင်ကိုသာ မရရအောင် ရှာဖမ်းပေးကြပါ '

တာဝန်သိပြည်သူတွေနဲ့ တာဝန်ရှိ ရဲတွေ ကျုပ်အခန်းထဲကနေ ညည်းတွားသံတွေ၊ စုပ်သပ်သံတွေ၊ ခြေဆောင့်သံတွေ၊ တက်ခေါက်သံတွေနဲ့အတူ စီတန်းလှည့်လည်ပွဲ တစ်ခုပမာ ပြန်ထွက်သွားကြပါတယ်။

တစ်ယောက်ယောက်က ကျုပ်ကို အပြစ်တင် ကျိန်ဆဲသွားပါတယ်။ အရူးလို့လည်း ကြော်ငြာသွားပါတယ်။

www.burmeseclassic.com




ဟုတ်ပ။ ကျုပ်ဟာ စိတ်မမှန်တော့ဘူးလို့ အများက ထင်ကြေး ပေးခြင်းခံထားရသည့်တိုင်၊ အဲသည်အများထက် စိတ်အာရုံခံစားမှုမှာ ထက်မြက်စူးရှတဲ့ မျိုးကောင်း ရိုးကောင်း ခေတ်ပညာတတ် အမျိုးသမီးတစ်ဦး၊ သိန်းပေါင်းများစွာ အမွေရထားတဲ့ သူဌေးမကလေးတစ်ယောက်၊ ရုပ်ဆင်းရူပကာ တင့်တင့်တယ်တယ် ကြည်စင်တဲ့ မိန်းမလှတစ်ယောက်။

အင်း - အပျိုဖော်ဝင်စ အရွယ်တုန်းက ရောမဒုစရိုက်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့ဖူးပါတယ်။ လွန်ခဲ့သော ဆယ်နှစ်ကျော်က သေဆုံးသွားတဲ့ ယောကျ်ားတစ်ယောက်သာ အဲသည်ဒုစရိုက်မှုကို သိခွင့်ရခဲ့ပါတယ်။ တခြားဘယ်သူဆိုဘယ်သူမှ မသိကြပါဘူး။ မိတ်ဆွေတို့လည်း မသိချင်ကြပါနဲ့။

✢ ✢ ✢

www.burmeseclassic.com



www.burmeseclassic.com

# မျက်မမြင် ဆံ့အ သက်သေများ

မကြာသေးမီက သူ၏ ချစ်ခင်တွယ်တာသူအချို့
ယင်ကောင်တွေလို တဖြုတ်ဖြုတ် သေကုန်ခဲ့ကြစဉ်
ဖြေဆည်နိုင်စရာ အတွေးကြမ်းတစ်ခုကို သူဆုပ်ကိုင်မိခဲ့၏။
လူတွေက အရှုးထပြီး အချင်းချင်း သတ်တဲ့ ဖြတ်တဲ့
ဗယောက်ဗယက် ကစားပွဲကြီးထဲမှာ
ငါမပါဘူး၊ ဒါကြောင့် ငါမသေဘူး။

တိုက်ခတ်မြဲ ပြာသိုလ၏ အရုဏ်ဦးလေပြည်သည် တိုက်ခတ်မြဲ တိုက်ခတ်လျက်ရှိသော်လည်း သူရှူရှိုက်ခံစားနေကျ အနံ့မျိုးမဟုတ်။ သူတွေ့ကြုံခဲ့သော သုံးဒါဇင် မျှရှိသည့် ပြာသိုလများ၏ နံနက်စောစော လေမှာ ဤအနံ့မရှိ။ ဤအနံ့ ကားမကောင်း ဆိုးရွားအနံ့အသက်၊ တစ္ဆေအနံ့အသက်၊ မွှန်ရှရှ ယမ်းနံ့။

သူသည် မိမိကိုယ်မိမိ မယုံသင်္ကာဖြစ်လာပြီး ချိန်နဲ့ချိန်နဲ့ လှမ်းရှေ့ရာမှ ရပ်လိုက်၏။ နှာခေါင်းကို သိသိသာသာရှုံ့၍ လေရနံ့ကို စူးစမ်းဝေခွဲကြည့်၏။ ယမ်းနံ့မဟုတ်နိုင်။ သူ၏ ဂန္ဓာရုံမှာ စွဲထင်နေဟန်ရှိသော ယမ်းနံ့တို့သည် အတိတ်ကာလထဲမှ အဝေးတစ်နေရာတွင် ကျန်ရစ်ခဲ့ပြီ မဟုတ်လား။ ဟသ်ာတမြို့ကြီးကို

www.burmeseclassic.com



ရောက်ကတည်းက ထိုအော့နှလုံးနာဖွယ် အနံ့ဆိုးတို့မှ သူလွတ်မြောက်ခဲ့ရပြီ မဟုတ်လား။

ယခု သူရောက်ရှိနေသောအရပ်မှာ ဟသ်ာတမြို့ကြီးထက်စာလျှင် ယမ်းနံ့နှင့် ပို၍ ဝေးလှမ်းလှသည် မဟုတ်ပေဘူးလား။

ဤနေရာသည် တိုက်ခိုက်သတ်ဖြတ် လုယက်ဖျက်ဆီးခြင်းတို့ ကင်းဝေးရာ ငြိမ်းချမ်းလှစွာသော ရန်ကုန်မြို့တော်ကြီး . . . ။ သူ့အတွက် ဆန်းသစ်နေသော ကမ္ဘာကြီး . . . ။ နံနက် အိပ်ရာထတိုင်း မျက်နှာသစ်စရာ မျက်နှာရှိနေဆဲဖြစ်ကြောင်း ခိုင်မာစွာ အာမခံချက်ပေးနိုင်သော နယ်ပယ်ကြီး။

သူသည် လမ်းမီးတိုင်၏ အလင်းထဲ၌ ရှည်မျောမျော လွင့်ပါးနေဟန် သူ၏ အရိပ်ကို ငုံ့ကြည့်ရာမှ ဖြည်းညင်းစွာ မော့လိုက်၏။ ကတ္တရာလမ်းဘေး တစ်နေရာရှိ မီးသေနေသည့် အခိုးအငွေ့တွေ မှုတ်အန်နေဆဲ အမှိုက်ပုံမီးကြွင်းကို တွေ့ရသည်။ မီးခိုးလိပ်တို့သည် လေစီးကြောင်းအတိုင်း ရွေ့လျားပြီးနောက် အုပ်ဆိုင်းနေသော နှင်းမှုန်ကန့်လန့်ကာနှင့် တစ်သားတည်းဖြစ်အောင် ရောနှောသွားကြသည်။

စင်စစ် သူရှူရှိုက်မိသော မနှစ်မြို့စရာအနံ့မှာ အမျိုးအမည်မသိ စွန့်ပစ်ပစ္စည်းများ၏ လောင်ကျွမ်းနံ့သာဖြစ်နိုင်သည်။ ရန်ကုန်သို့ ရောက်ရှိခဲ့ပြီး တစ်လနီးပါးအကြာတွင် သူသည် ရွံ့မုန်းစရာ အနံ့ဆိုးပေါင်းများစွာနှင့် တွေ့ကြုံခဲ့ပြီးဖြစ်၏။ မည်သို့ဆိုစေ ယမ်းနံ့ကို မရှူရှိုက်ရခြင်းကတော့ ထူးကဲသော ကံကောင်းချက်ဟု ယူဆသည်။ ယမ်းနံ့ကို နှာခေါင်းထဲမှာ ခံစားမိသည်နှင့် ထိတ်လန့်ကြောက်မက်စရာ၊ ကြေကွဲဆို့နစ်စရာ မြင်ကွင်းတွေ၊ အရာဝတ္ထုတွေက စိတ်အာရုံကို ချုပ်ကိုင်ဖမ်းစားလာတတ်တော့သည်။ မဟုတ်ပေဘူးလား။ နေရစ်တော့ ယမ်းခိုးယမ်းနံ့တွေ၊ သွေးညှီနံ့တွေ၊ လူသေကောင် ပုပ်နံ့တွေ . . . ၊ ဟိုအဝေးကြီးက 'စစ်ပင်ချောင်း' ဆိုတဲ့ ရွာတစ်ဝိုက်မှာ နေရစ်ခဲ့ကြတော့။

ထွန်းအံ့သည် အငွေ့တလူလူနှင့် ပြာပုံဘေးမှ ဖြတ်လျှောက်ခဲ့သည်။ ပြာပုံနှင့် တစ်တောင်ကွာလောက်မှာ ငြိမ်ဝပ်စွာ ခွေအိပ်နေသည့် ခွေး တစ်ကောင်

www.burmeseclassic.com


က သူ့ကို ခေါင်းထောင်ကြည့်သည်။ ခွေး၏ မျက်လုံးတွေက စူးစူးရဲရဲ ပြောင်လက်နေပုံမှာ ထွန်းအံ့ကို ရန်မူတော့မည့်အလားဖြစ်၏။ သို့သော် တစ်ခဏမျှသာ ထွန်းအံ့ကို ကြည့်ပြီးနောက် ယောင်ရမှာကိုပင် ပျင်းရိနေသည့်ပမာ ဦးခေါင်းကို လက်နှစ်ဘက်ကြားသို့ ပြန်လျှိုလိုက်သည်။ ထွန်းအံ့သည် ခါးစောင်း မှာတင်၍ ညာလက်ဖြင့် ပိုက်ထားသည့် ဂျပ်စက္ကူဘူးကလေးကို ပိုမိုတင်းကျပ်စွာ ပွေ့ပိုက်ရင်း ခြေလှမ်းကို အရှိန်မြှင့်လိုက်၏။

လမ်း၏ ဝဲယာမှ ရပ်ကွက်သည် ဖြည်းဖြည်းချင်း အသက်ဝင်စ ပြုလာသည်။ ကြက်ဖတစ်ကောင် တွန်ကျူးလိုက်သည့်အသံ အက်အက်မှာ ကြေးစည်ထုသံ ကတုန်ကယင်နှင့် ထွေးယှက်သွား၏။ သက်ကြီးရွယ်အိုတစ်ယောက်၏ ပြင်းထန်သော ချောင်းခြောက်ဆိုးသံကို စူးစူးဝါးဝါး ဟစ်ငိုလိုက်သည့် လူမမည်၏အသံနှင့် မိခင်၏ ကြိမ်းမောင်းရေရွတ်သံတို့က ဖုံးဖိပစ်လိုက်ကြ၏။ မြင်းခွာသံ တစ်ဂေါက်ဂေါက်နှင့် ချူသံ တချွင်ချွင်ကိုကြားလျှင် ထွန်းအံ့ သမင်လည်ပြန် လှည့်ကြည့်သည်။ မြင်းလှည်းက သူ့ကို မီရန် ဝါးသုံးပြန်စာလောက် ဝေးနေဆဲဖြစ်သော်လည်း ထွန်းအံ့ လမ်းပေါ်မှ ဖဲ့ဆင်း လိုက်၏။ ဤရပ်ကွက်များတစ်ဝိုက်တွင် လမ်းများကို စိုးမိုးထားကြသည်မှာ မြင်းပိန်ပိန်များ ဆွဲငင်ပြီး စကားဖွာလောင်ဖွာလောင် ပြောတတ်ကြသည့် လူပိန်ပိန်တွေ မောင်းနှင်ကြသော ခရီးသည်တင် မြင်းလှည်းတွေဖြစ်ကြောင်း ထွန်းအံ့က ကိုယ့်အလိုကျ သတ်မှတ်ထားသည်။ သူ့ထက်စာလျှင် ရန်ကုန်သို့ နှစ်နှစ်ပို၍ စောရောက်နေခဲ့သော လက်ရှိ သူတို့လင်မယားကို စောင့်ရှောက်ထားသည့် ထွန်းအံ့၏ ဦးလေးတစ်ဝမ်းကွဲ ဦးသူတော်ကမူ မြင်းလှည်းသမားတွေမှာ လူလည်လူမိုက်တွေ ဖြစ်ကြောင်း၊ ကျီးကန်းတွေလို စည်းလုံးညီညွတ်ကြောင်း အမိပ္ပါယ်ဖွင့်ဆိုပြခဲ့ဖူး၏။ ရန်ကုန်သို့ရောက်ပြီး တစ်လပြည့်လုလု ယနေ့အထိ ထွန်းအံ့ မြင်းလှည်းတစ်ကြိမ်သာ စီးဖူးသည်။ သူ့ဇနီး အေးမ၊ ဦးသူတော်၏ဇနီး ဒေါ်မယ်ရီတို့နှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးဆီ ဘုရားဖူးသွားခဲ့စဉ်ကဖြစ်သည်။ သူတို့စီးနင်းခဲ့ကြသည့် မြင်းလှည်းကို မောင်းနှင်သော မြင်းလှည်းသမားမှာမူ ဥပသကာတစ်ဦးလို ရည်မွန်သိမ်မွေ့ပါသည်။ တစ်လမ်းလုံး မြင်းလှည်းမောင်းရင်းက မင်္ဂလသုတ်ကို ခပ်တိုးတိုးရွတ်ဆိုနေခဲ့ကြောင်း ထွန်းအံ့ မှတ်မိနေသည်။ ဘုရားခြေတော်ရင်း အနောက်ဘက်မုခ်ဦးသို့

www.burmeseclassic.com



ရောက်တော့လည်း၊ မြင်းလှည်းသမားသည် မြေပြင်ပေါ်မှာထိုင်ပြီး ရှိရိုကျိုးကျိုး ဝတ်ချသည်။ သူ့ကိုတော့ ထွန်းအုံ့က ခြွင်းချက်အဖြစ် လူလည်လူမိုက်စာရင်းမှ နုတ်ထားလိုက်မိပါသည်။

ရန်ကုန်မြို့တော်ကြီးမှ လူလည်လူမိုက်တွေကို ထွန်းအုံ့ စိုးရွံ့ ကြောင့်ကြ ခြင်းမရှိ။ သူကိုယ်တိုင်သည်လည်း ဟင်္သာတ ဒိစတြိတ်အတွင်းက စစ်ပင်ချောင်း ကျေးရွာမှာ လူလည်လူမိုက်တစ်ယောက် မဟုတ်ပေဘူးလား။ ထို့ပြင် သူသည် လယ်ပိုင်အိမ်ပိုင်၊ ကျွဲပိုင်နွားပိုင်နှင့် တင့်တောင့်တင့်တယ်နေလာခဲ့သူ မဟုတ်ပေ ဘူးလား။ သို့သော် ယခုမူ ကံတရားပို့ချရာအတိုင်း သူသည် ရန်ကုန်မြို့တော်ကြီး ၏ အနောက်ပိုင်း တစ်နေရာမှာ အနုပ်စုတ်ကုပ်စုတ် ဖြစ်နေခဲ့ရပေပြီ။

အိမ်ယာကျွဲနွားတွေကို လွန်ခဲ့သော သုံးလခန့်က စွန့်ပစ်ထားခဲ့ရပြီး 'ဖိုးသား ကြီး' တို့အဖွဲ့ ရွာကိုဝင်စီးသည့်ညက အခြားသော မိသားစုများစွာနည်းတူ သူတို့ လင်မယားလည်း မော်တာသံတွေ၊ ဘရင်းဂန်းသံတွေကြားမှာ အသက်ကို ဖက်နှင့်ထုပ်၍ ဒရောသောပါး ထွက်ပြေးခဲ့ကြရခြင်းဖြစ်၏။ ဖိုးသားကြီးတို့ အဖွဲ့ကို အပြစ်မဆို ချင်တော့ပါ။

ထွန်းအုံ့၏ အစ်ကိုအကြီးဆုံး 'ကိုငဒေါင်း' တို့အဖွဲ့သည် ဖိုးသားကြီးတို့ ခြေကုပ်ယူထားသည့် 'ဇလုတ်ကြီး' ရွာကိုမီးရှို့ မြေလှန်ပစ်ခဲ့သည် မဟုတ်လား။ ဇလုတ် ကြီးမှ ရွာမျက်နှာဖုံး ဦးရွှေအုပ်ကိုလည်း ကိုငဒေါင်းကိုယ်တိုင် လှည်းဘီးမှာ ကြိုးဖြင့် ချည်နှောင်ပြီး ဘက်နက် (လှံစွပ်) ဖြင့် မသေမချင်း ထိုးသတ်ပစ်ခဲ့သည် မဟုတ်လား၊ သို့နှင့် ပြောင်းတိုသေနတ်ကို လည်ပင်းမှာ ကြိုးဖြင့်တွဲလောင်း ဆွဲထားလေ့ရှိသော ဖိုးသားကြီးက 'ငဒေါင်းတို့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်လုံး ပြုတ်ပြုတ်ပြုန်းစေရမယ်' ဟု တစ်နယ်လုံးကြားအောင် ကြိမ်းဝါးခဲ့သည်ပဲ မဟုတ် ပေဘူးလား။

လယ်ထဲယာထဲ ချောင်းထဲကွင်းထဲမှာ ဆုံဆည်းနေကျ၊ အရက်တဲ ထန်းတဲမှာ ခွက်လှည့်သောက်နေကျ၊ ဘုရားပွဲ ကျောင်းပွဲမှာ အော်ဟစ်နှုတ်ဆက် နောက်ပြောင်နေကျ မိတ်ဆွေ ရောင်းရင်းတွေမှာ မည်သို့မည်ပုံ ပြိုးသူရန်ဘက်တွေ ဘဝ ပြောင်းရွှေ့ သွားကြမှန်း ထွန်းအုံ့ မသိတတ်နိုင်ပါ။ သင်းတို့အချင်းချင်း

www.burmeseclassic.com



တိုက်ခိုက်ကြခြင်းမှာ မြေလုယာလု သားလုမယားလုကြသောကြောင့်လည်း မဟုတ်ပါ။ ဂုဏ်တုဂုဏ်ပြိုင် အနိုင်ယူလိုသောကြောင့်လည်း မဟုတ်ပါ။ သင်းတို့ကို ဘယ်လိုမာရ်နတ်က ပူးဝင်မြှောက်ပင့် ပေးလိုက်သလဲ ထွန်းအံ့ မစဉ်းစားတတ်။

များစွာမကြာသေးမီက ဆိုလျှင် (ထွန်းအံ့တို့ ရွာမှမပြေးခင် တစ်လလောက်က) ဖိုးသားကြီးတို့အဖွဲ့သည် 'ကျွဲတလင်း' ရွာကို ဝင်ရောက်သိမ်းပိုက်ကြသည်။ ဆင်း ရဲသားတွေကို ချမ်းသာပေးပြီး လယ်ပိုင်နွားပိုင်နှင့် နေသူများကို ဆဲဆို ရိုက်နှက်ကြသည်။ ဖိုးသားကြီးတို့အဖွဲ့ဝင် ထဘီတိုတိုဝတ် ထားကြသည့် မိန်းမအချို့ (သူတို့ထဲမှာ ဘုရားသွား ကျောင်းတက် ဝတ်မပျက်ခဲ့သော ဒေါ်နှင်းခပါဝင်သည်။) သည် သူဌေးဦးမှို၏ စပါးပုံကြီးထိပ်တွင် နီမြန်းသည့် အလံဟောင်းကြီးတစ်ခုကို ဦးမှို၏ မိန်းမ ထဘီလှန်းသော ဝါးလုံးဖြင့် လွှင့်ထူခဲ့ကြသည်။ ဖိုးသားကြီးကလည်း သူကိုယ်တိုင်လည်း ကောင်းစွာမရေလည်၊ နားထောင်သူများလည်း ကောင်းစွာသဘောမပေါက်သည့် စကားများကို အရက်မူးသံကြီးဖြင့် သုံးနာရီနီးနီးကြာအောင် ဟောကြားခဲ့သေးသည်။

သင်းတို့ကို ထွန်းအံ့က ရူးသွပ်နေသူများအဖြစ် တစ်ထစ်ချ မှတ်ယူလိုက်၏။ ယခုလို ရန်ကုန်မြေမှာ ရောက်ရှိနေခြင်းမှာ ရူးသွပ်နေသော လူအုပ်ကြီးနှင့် ဝေးရာ၌ ကံထူးစွာ အသက်ရှင် နေထိုင်ခွင့်ရခဲ့ခြင်းပင် မဟုတ်ပေဘူးလား။

အမှန်ပြောရလျှင်တော့ ထွန်းအံ့သည် ကံကောင်းသူ မဟုတ်ပါ။ သူတို့လင်မယားသည် ရန်ကုန်၌ လာရောက်စုဝေးနေမိကြသော စစ်ရှောင်ဒုက္ခသည်မိသားစု များစွာထဲမှ မိသားစုငယ်တစ်စုသာဖြစ်၏။ ဗရုတ်သုတ်ခကာလအတွင်း အကြိမ်ကြိမ် လုယက်ခြင်း ခံခဲ့ရ၍ သူတို့မှာလည်း လက်ဖဝါးခြေဖဝါးမျှသာ ကျန်ရှိတော့သည်။ ရေမျောကမ်းတင် ခရုဆံကျွတ်မောင်နှံ . . . ။

ပြီးကျန်ခဲ့သော အနိဋ္ဌာရုံ အတွေ့အကြုံများစွာတို့ကို ထွန်းအံ့ မေ့ပျောက်ပစ်ကောင်း မေ့ပျောက်နိုင်ပါလိမ့်မည်။ သို့သော် ပစ္စက္ခ အကျပ်အတည်းကိုမူ သူမေ့ ပျောက်၍ မရနိုင်။ သူပွေ့ပိုက်ထားသော ဂျပ်စက္ကူဘူးထဲတွင် အသေကောင်လေးတစ်ခုက အေးစက်စွာ လဲလျောင်းနေသည်။ အသေကောင်လေး။ လမစေ့ဘဲ မွေးဖွား လာရာမှ မိခင်ဝမ်းထဲမှ ပြင်ပသို့ ရောက်လျှင်ရောက်ချင်း

www.burmeseclassic.com



အသက်ရှုရပ်သွားသည့် လူသားမိန်းကလေး။ ထိုကလေးသည် သူစိမ်းပြင်ပြင် လည်း မဟုတ်ပါ။ သူနှင့်အေးမတို့၏ ရင်သွေးဦးသာဖြစ်၏။ အိမ်ထောင်သက် လေးနှစ်အကြာ၌ မော်တာသံ၊ စိန် ပြောင်းသံ၊ ရိုင်ဖယ်သံ၊ စက်ကလေးသံတို့ မြည်ဟိန်းနေဆဲတွင် အမိ၏ ဝမ်းကြာတိုက် ထဲသို့ ခဲရာခဲဆစ် တိုးဝင်လာခဲ့သော ဤမိန်းမသားလေးသည် အမိအဖတို့၏ ဒုက္ခတစ်ခုအဖြစ် ထပ်မံမဖြည့်ဆည်း လိုတော့သလို မွေးသေဘဝဖြင့် ရှောင်တိမ်းသွားခဲ့ခြင်းဟုကော မယူဆနိုင်ဘူး လား။

ဘွတ်ဖိနပ်ထည့်သော ဂျပ်စက္ကူဘူးဟောင်းတစ်ခုကို ဦးသူတော်က ထုတ်ပေးခဲ့၏။ ဒါသည်ပင်လျှင် . . . အလေးချိန် တစ်ပိဿာမပြည့်သော အလောင်းကောင် ကလေးအတွက် အကောင်းဆုံး မဖြစ်သော်လည်း အသင့် လျော်ဆုံး ခေါင်းတလား ဖြစ်ရပေမည်။

'မိဘတွေက ကံဆိုးနေသခိုက်မှာ မှီခိုရမှာ ဝန်လေးလို့လား သမီး ကလေးရဲ့' ဟု အေးမက ငိုရှိုက်နေစဉ် ထွန်းအံ့သည် ခပ်နွေးနွေးရှိနေဆဲ အလောင်း ကလေးကို ချမ်းအေးမှာစိုးသည့်အလား ပုဆိုးအဟောင်းတစ်ထည်ဖြင့် ကျစ်ကျစ် လျစ်လျစ် ထုပ်ပတ်လျက်ရှိခဲ့၏။ သူမငိုခဲ့ပါ။ သောက၏ ထိုးနှက်ချက်တွေကို သူတောင့်ခံနိုင်စွမ်း ရှိခဲ့ပြီဖြစ်ပါသည်။ သို့မဟုတ် သောကကို အမှုမထားတော့ဟု ထင်ယောင်နေခြင်းလည်း ဖြစ်နိုင်သည်။ မကြာသေးမီက သူ၏ ချစ်ခင်တွယ်တာ သူအချို့ ယင်ကောင်တွေလို တဖြုတ်ဖြုတ် သေကုန်ခဲ့ကြစဉ်၊ ဖြေဆည်နိုင်စရာ အတွေးကြမ်းတစ်ခုကို သူဆုပ်ကိုင်မိခဲ့၏။ လူတွေကအရူးထပြီး အချင်းချင်း သတ်တဲ့ဖြတ်တဲ့ ဗယောက်ဗယက် ကစားပွဲကြီးထဲမှာ ငါမပါဘူး။ ဒါကြောင့် ငါမသေဘူး။ ငါဟာ လူ့အဖိုးတန်တစ်ယောက်ပဲ။ ငါ့ ဆွေမျိုးတွေ၊ ငါ့ မိတ်ဆွေတွေ ကျိုးစာ၊ လင်းတစာ ဖြစ်ကုန်ကြပါပကော . . .။ ငါကတော့ လူဖြစ်ရကျိုးနပ်ပြီ။ ဒသမသုံးသုညသုံးရိုင်ဖယ်ဖြင့် ချောင်းအပစ်ခံရ၍ ဝမ်းဗိုက်ပွင့်ကာ စားပြီးစ ထမင်းစေ့များ၊ ဝက်သားဖတ်များပေါ်မှာ မျက်နှာအပ်လျက် သေခဲ့ရသော အစ်ကိုကြီးကိုဒေါင်း၏ အလောင်းကို ထွန်းအံ့သည် သွေးခုန်နှုန်း မှန်ကန်စွာဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်ပေးနိုင်ခဲ့သည်လည်း မဟုတ်ပေဘူးလား။

www.burmeseclassic.com



မြင်းလှည်းသည် ထွန်းအံ့ကို ကျော်တက်သွား၏။ မြင်းလှည်းပေါ်မှာ တောင်းတွေ၊ ပလုံးတွေနှင့် မိန်းမတစ်သိုက် ဆေးပေါ့လိပ်မီးတွေ တရဲရဲတဖွားဖွား ဖြင့် အလုအယက် စကားပြောရင်း လိုက်ပါသွားကြသည်။ ပေါက်တူးတိုကလေးကို ဝဲဘက်ပခုံးမှာ ထမ်းလျက် ဂျပ်စက္ကူဘူးကလေးကို ညာခါးစောင်းမှာ ပိုက်ထားသည့် ထွန်းအံ့မှာ မြင်းလှည်းပေါ်မှ မိန်းမတွေအတွက် စိတ်ဝင်စားစရာ မဟုတ်ပါ။ သို့သော် ထွန်းအံ့က လိပ်ပြာမလုံသော သူခိုးတစ်ယောက်ကဲ့သို့ မျက်နှာကို ငုံ့ထား လိုက်မိသည်။ လမ်းသွားလမ်းလာ တစ်ဦးတစ်ယောက်က ဂျပ်စက္ကူဘူးထဲမှာ ရှိနေသော အရာကိုသိသွားလျှင် ဘယ်လိုလုပ်ရမလဲ . . .။ သူသည် စိုးရွံ့စွာဖြင့် ရှက်ကြောက်သလို ခံစားမိပြန်၏။ မတော်တဆ စက္ကူဘူးလွတ်ကျပြီး ပွင့်ထွက် သွားလျှင်ကော . . .။ သူသည် ခေါင်းတလားငယ်ကို ခါးစောင်းတင်ထားရာမှ ဝမ်းဗိုက်ဖြင့် ကပ်၍မြဲမြံစွာ ဖိထားလိုက်သည်။ သြော် . . . သမီးကလေး၊ သမီး ကလေး၊ ကံခေရှာလွန်းတဲ့ သနားစရာကောင်းမလေး။

ဤကလေးသည် မိမိကိုယ်တိုင်လည်း ကြမ္မာဆိုးခဲ့သလို၊ ကြမ္မာဆိုး တွေကိုလည်း တစ်သီတစ်တန်းကြီး သယ်ဆောင်လာခဲ့သူဖြစ်၏။ သင်းကို အေးမကစတင်၍ ကိုယ်ဝန် ဆောင်မိပြီဆိုသည်နှင့် စစ်ပင်ချောင်း ရွာတစ်ဝိုက်တွင် သေနတ်သံတွေ ကြိုကြား ကြိုကြား မြည်ဟိန်းစ ပြုလာခဲ့သည်မှာ . . . မိဘကို စိတ်နှလုံးပူပန်စေမည့် သားသမီးတစ်ဦး လူ့လောကထဲသို့ စတင်ဝင်ရောက် တော့မည်ဖြစ်ကြောင်း ကြေညာလိုက်သကဲ့သို့ရှိသည်။

အေးမသည် ပဋိသန္ဓေကို သယ်ပိုးရင်း မရပ်မနား ပြေးနေခဲ့ရသည်။ အသက်ဘေးမှ လုံခြုံမည်ဟုထင်ရသော နေရာအသီးသီးတွင် ထွန်းအံ့၏ ခုန်လှုပ် နေသည့် ရင်ဘတ်၌ ခေါင်းမှီ၍ အေးမသည် ကျီးလန့်စာစား အိပ်စက်ခဲ့ရသည်။ သုံးဆယ့်ခြောက် နာရီခန့်တရစပ် တိုက်ပွဲဖြစ်ပွားနေခဲ့စဉ်၊ သူတို့ လင်မယားသည် 'စာဖြူစု' ရွာ အနောက်ဘက် သုသာန်ထဲတွင် အစာငတ်၊ ရေငတ် ပုန်းဝပ်နေခဲ့ ကြရ၏။ သူတို့သည် လယ်ကွင်းများ၊ ကျွဲစားကျက်များ၊ ရိုးများ၊ ချောင်းတိမ်များကို ဖြတ်၍ပြေးကြသည်။ ကိုင်းတောများထဲတွင် ခြင်၊ ဖြုတ်တို့၏ မညှာမတာသွေးစုပ် ကိုက်ခဲမှုကို အံကြိတ်ခံခဲ့ကြသည်။ တစ်ခါတစ်ရံ ထူထပ်သိပ်သည်းသော ဗေဒါ တောကြီးကို လှေငယ်တစ်စီးဖြင့် နာရီပေါင်းများစွာ တိုးဖြတ်ခဲ့ကြသည်။ နောက်ဆုံး

www.burmeseclassic.com



တွင် သူတို့နှင့်ဘဝတူများစုဝေးရာ ဟသ်ာတမြို့ကြီးသို့ ချိန်နဲ့နှမ်းလျစွာ တွားသွား ဝင်ရောက်လာနိုင်ခဲ့ကြ၏။ ဟသ်ာတတွင် ဒုလာသွေးဝမ်းသွားနေသော ထွန်းအုံကို ဆေးကုပြီးသည့်နောက် သူတို့လက်ထဲမှာ ရန်ကုန်သို့ စုန်ဆင်းရန် သင်္ဘောစရိတ် ခန့်မျှသာ ကျန်ရှိတော့သည်။

ဤကလေးငယ်သည် ယမ်းငွေ့တွေကြားထဲမှာ မသေလိုဘဲ . . .၊ လေး ဆူစာတ်ပုံမြတ်ရွှေတိဂုံနှင့် မနီးမဝေးအရပ်ကျမှသေလိုပြီး မြို့တော်၏အကျော်ကြား ဆုံးသုသာန်ကြီးမှာမှ ခေါင်းချလိုသလားမသိ။ သို့မဟုတ် သူမ၏ မိဘနှစ်ပါး ကလည်း ထိုသုသာန်ကြီးနှင့် နီးစပ်သော ရပ်ကွက်ကိုရောက်ဖြစ်အောင် ရောက် လာခဲ့ခြင်း ဖြစ်နိုင်သည်။ သူ့သမီးသည် အသေမလှသော်လည်း သူတို့ မျိုးရိုးထဲမှ တစ်ဦးတစ်ယောက်မျှ ခေါင်းချခွင့်မရသော မြို့တော်သင်္ချိုင်းကြီးမှာ ခေါင်းချခွင့်ရ တော့မည်ဟု ထွန်းအုံ ဇဝေဇဝါစိတ်ဖြင့် ကျေနပ်မိပြန်သည်။

အရှေ့ဘက် မိုးကောင်းကင်၌ ဖြန့်ကြက်တော့မည့် နီလဲ့လဲ့အလင်းကို တွေ့ရ၏။ ထွန်းအုံက ခြေလှမ်းရှိန်ကို တိုးမြှင့်လိုက်ပြန်သည်။ ယခုချက်ချင်း တစ်စစီ ပြုတ်ထွက်တော့မလို ယိမ်းခါအော်မြည်နေသည့် ကိုယ်ထည်ကြီးဖြင့် လော်ရီကားတစ်စီး ဖြတ်မောင်းသွားသည်။ လမ်းပေါ်၌ လူများ၊ မြင်းလှည်းများ၊ စက်ဘီးများ ပြောက်ကျား ပြောက်ကျား ထွက်ပေါ်လာကြသည်။

ထွန်းအုံသည်ဘယ်ဘက်သို့ ကွေ့စောင်းသွားသော မျက်နှာပြင် မညီ ညာသည့် လမ်းထဲသို့ ကွေ့ဝင်လိုက်၏။ သည်လမ်းအဆုံးမှာ သုသာန်ကြီး ရှိနေ သည်။ သူလမ်းမမှားနိုင်ဟု စိတ်ချပြီးသားဖြစ်သည်။ ဦးလေးဦးသူတော်နှင့် အကူ လက်သမားအဖြစ် အလုပ်လိုက်လုပ်စဉ် နေ့တိုင်းလိုလို ဤသုသာန်ကြီးအနီးမှ ဖြတ်သန်းသွားနေကျ မဟုတ်ပေဘူးလား။

'အဲဒါ . . . ကြံတော သုသာန်ဆိုတာပဲလကွ' ဟု ဦးသူတော်က လက်ညှိုးညွှန်၍ ပြောခဲ့စဉ်၊ ထွန်းအုံသည် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ သူ့ဘဝ တစ်လျှောက်လုံး သည်ရွေ့သည်မျှ ကြီးမားကျယ်ပြန့်မည့် သင်္ချိုင်းမျိုး ရှိခဲ့လိမ့်မည်ဟု တစ်ကြိမ်မျှမစဉ်းစားခဲ့ဘူး။ သင်္ချိုင်းကြီးကို တွေ့မြင်ရခြင်းကြောင့် ထွန်းအုံအသိဉာဏ်ထဲမှ သေခြင်းတရား၏ လေးနက်မှုမှာ ပျောက်ပါးသွား၏။ သေခြင်း

www.burmeseclassic.com



တရား၏ ဓမ္မတာကို ပိုမိုကြည်လင်စွာ ခံစားမိလာ၏။ လူသားအမြောက်အမြား သေဆုံးနေကြ၍ ယင်းတို့ ကိုမြှုပ်နှံရန် ကျယ်ဝန်းသော မြေကွက်ကြီး လိုအပ်သည် မဟုတ်ပေဘူးလား။ သူ၏ သမီးဦး ကလေးသည်လည်း မြောက်မြားစွာသော လူသေများထဲမှာ မထင်မရှား လူသေတစ်ယောက်မျှသာပဲ ဖြစ်တော့သည်။ ထွန်းအုံသည် ဆောင်းလေအေးကို တစ်ဝကြီး ရှူသွင်းလျက် သုသာန်ထဲသို့ ခြေလှမ်းကျဲကျဲ လျှောက်ဝင်လာခဲ့သည်။

အားကောင်းစပြုလာသည့် အလင်းတန်းများက ကုက္ကိုအကိုင်းအခက်တို့ကြားမှ စွေစောင်းစောင်း ကျဆင်းလာကြ၏။ ကျီးအာသံအချို့ အဝေးမှ ရိုက်ခတ်လာသည်။ ပိုမိုဆူညံလာသော ကားသံများကို ထွန်းအုံ သဲ့သဲ့သာကြားတော့သည်။

ထွန်းအုံသည် အုတ်ဂူများကြားမှ မြွေလိန်မြွေကောက် လျှောက်လာရင်း သမီးကလေးကို မြှုပ်နှံရမည့်နေရာကို စိတ်ထဲမှာ ရွေးချယ်လိုက်၏။ တနင်္ဂနွေသမီးဖြစ်၍ တနင်္ဂနွေထောင့် အရှေ့မြောက်အရပ်မှာ မြှုပ်မည်။ သင်္ချိုင်း၏ အရှေ့မြောက်ထောင့်ဘက်မှာလည်း အုတ်ဂူမရှိဘဲ မို့မောက်သောမြေပုံအချို့၊ သစ်သားမှတ်တိုင်အချို့ကို ကျိုးတိုးကျဲတဲ တွေ့မြင်ရသည်။ သမီးကလေးသည် ကိုယ်ခန္ဓာလူစဉ်မမီသည့်တိုင် ချောင်ချောင်ချိချိ နေရတော့မည်ဟု ထွန်းအုံ ကျေနပ်ဝမ်းမြောက် သွားမိပြန်၏။

သင်္ချိုင်းဝင်းထဲတွင် လူရိပ်လူခြေ လုံးဝရှင်းလင်းပြီး တိတ်ဆိတ်ငြိမ်သက် အေးချမ်းလျက်ရှိသည်။ တစ်ချက်တစ်ချက်တွင် သစ်ကိုင်းများကြားသို့ လေတိုးသံနှင့် ကုက္ကိုသီးမှည့်တွေ တဖုတ်ဖုတ် ကြွေကျသံကို ကြားနိုင်သည်။ ထွန်းအုံသည် မြေသားသေကာ မြက်နုကလေးအချို့ပင် ပေါက်နေပြီဖြစ်သည့် မြေပုံဟောင်းတစ်ခု အနီးမှာ ဂျပ်စက္ကူဘူးငယ်ကို ညင်ညင်သာသာ ဂရုတစိုက် ချလိုက်၏။ လုံချည်ကို ဒူးခေါင်းထိရောက်အောင် တိုတိုပြင်ဝတ်ကာ ဘိုသီဘတ်သီကျနေသည့် ရှပ်အင်္ကျီ လက်နှစ်ဘက်ကို တံတောင်ဆစ်ကျော်ရောက်အောင်ခပ်ကျစ်ကျစ် လိပ်တင်လိုက်၏။

ထို့နောက် မြေပြင်တွင် ဂျပ်စက္ကူဘူး၏ အရွယ်အစားနှင့် အံကိုက်မည့် စတုဂံ ပုံပေါ်လာအောင် ပေါက်တူးဖြင့် ခပ်ဖွဖွပေါက်၍ ရာလိုက်သည်။

www.burmeseclassic.com



'ဟော့ . . . ဟော့ . . .၊ ဒီမှာ . . .' အေးစက်စက် မာကြောကြော အသံကြောင့် ထွန်းအံ့ ကျောရိုးထဲမှစိမ့်ခနဲဖြစ်ကာ တစ်ကိုယ်လုံးဖျဉ်းခနဲ ခံစားလိုက်ရသည်။ မမျှော်လင့်သော အသံဖြစ်၍ ထိတ်ခနဲ လန့်ဖျပ်သွားပြီး ပေါက်တူးပင် လွတ်ကျလုလု။

ကုတ်အင်္ကျီအနက်ကို ဖားဖားကြီး ဝတ်ထားသူတစ်ဦးသည် ထွန်းအံ့ ရှိရာသို့ ရေးကြီးသုတ်ပျာ လှမ်းလာနေသည်။ နားရွက်အစုံနှင့် ဦးခေါင်းကို ဖုံးကွယ်ထားသည့် သက္ကလပ်ခေါင်းစွပ် အဟောင်းကြီးမှာလည်း ထိုသူ၏ မျက်လုံးတွေကို အုပ်လုမတတ် ငိုက်ကျနေ၏။ လုံချည်ကွက်ကျဲ ခပ်နွမ်းနွမ်းကို တိုတိုစည်းထားသဖြင့် မည်းကြုတ်ကြုတ် ကြုံလှီသော ခြေသလုံးအစုံနှင့် စီးနင်းထားသော ညစ်ပေဟောင်းနွမ်းလျက်ရှိသည့် ကင်းဘတ်ရှူးဖိနပ်တို့ကို ထင်ထင်ရှားရှား တွေ့ရသည်။ ကင်းဘတ်ဖိနပ် နှစ်ဘက်စလုံးမှာ ကြိုးမရှိ။ သည်အတိုင်း ဖြစ်သလို ထိုးစွပ်စီးနင်းထားခြင်းပဲဖြစ်၏။ ပိန်မြောင်းမြောင်း စုတ်ချွန်းချွန်းမျက်နှာတွင် အပေါ်လွင်ဆုံးမှာ ငေါထွက်နေသည့် အပေါ်သွားဝါဝါကြီးတွေ ဖြစ်ကြ၏။ အနီးသို့ ရောက်မှပင် မွစာကျဲနေသော ကုတ်အင်္ကျီမှ ဖာရာထေးရာ ဗရပွကို ထွန်းအံ့ မြင်ရတော့သည်။

'ဟော့ကောင် . . . မင်း ဒါဘာလုပ်မလို့လဲ . . .'

ဘယ်က ရောက်လာမှန်းမသိသော ကုတ်အင်္ကျီစုတ်နှင့် လူက ခပ်ငေါက်ငေါက် မေးရင်း ထွန်းအံ့ခြေရင်းမှ ဂျပ်စက္ကူဘူးကို မျက်စိပေါက် ကျဉ်းကျဉ်းကလေးတွေဖြင့် ဝေ့ကြည့်သည်။

'ကျုပ် . . . ကျုပ် သမီးကလေးကို မြှုပ် . . . မြှုပ်မလို့ပါ'

ပုံပန်းသွင်ပြင်က လေးစားဖွယ်မကောင်းသော်လည်း ထိုလူကို ထွန်းအံ့ ရဲရဲ ဝံ့ဝံ့ပြောဆိုဖို့ရန် သတ္တိနည်းနေ၏။

"ဘာကွ၊ ငါတို့ဆီမှာ အခွင့်မတောင်း၊ ဘာမတောင်းနဲ့ မင်းမြှုပ်ချင်တိုင်း မြှုပ်ရအောင် ဒါမင်းအမေ့လင်သုသာန် မဟုတ်ဘူး၊ ပြစမ်း. . . အလောင်း"

ကုတ်အင်္ကျီစုတ်နှင့်လူက အာဏာသံဖြင့် လည်ချောင်းကိုခြစ်ကာ အော်

www.burmeseclassic.com



ပြန်၏။ အသံက လူနှင့်မလိုက်ဖက်သည့်တိုင် ထွန်းအံ့မှာ ထိုလူကို ကြောက်စိတ်ဝင်လာ၏။ ဂုန်နီကြိုးဖြင့် ချည်နှောင်ထားသော ဂျစ်စတ္တူဘူးကလေးမှ ကြိုးထုံးကို ဖြည်နေစဉ် ထွန်းအံ့၏ အေးစက်လက်ချောင်းတွေက တဆတ်ဆတ် တုန်နေကြသည်။

"ကျုပ်. . . ကျုပ်မိန်းမအေးမ၊ လမစေ့ဘဲ မွေး. . မွေးပြီး မွေး. . ပြီး ချက်ကြိုး ဖြတ်ပြီးတာနဲ့ ဆုံး. . . ဆုံးသွားတာပါဗျာ။ ဗိုက်ထဲမှာ ခုနစ်လပဲရှိပါသေးတယ်"

"ဘယ်နှလပဲရှိရှိလေ. . . ထုံးစံကတော့ ထုံးစံပဲကွ. . "

ထွန်းအံ့ ဖြည်ပြလိုက်သဖြင့် ကြွက်ပေါက်စကလေးလို နီတွတ်တွတ်အဆင်းနှင့် တောင့်တောင့်ကလေး ငြိမ်သက်နေသော အလောင်းသည် ပုဆိုးကြားမှ တစ်ပိုင်းတစ်စ ပေါ်လာသည်။ အိပ်စက်နေသည်ဟု ထင်ရသော ကလေးမျက်နှာကို ကြည့်ရင်း ထွန်းအံ့၏ ရင်ခေါင်းထဲ၌ အပူလှိုင်းတွေ တွန်းထိုးယှက်လိန်လာကြသည်။ ကုတ်အင်္ကျီစုတ်နှင့် လူကမူ အလောင်းကို တစ်ချက်ကြည့်ပြီးမျက်နှာလွှဲသွားသည်။

"ဘာဖြစ်လို့လဲဗျို့ ကိုဒီလုံး. . . "

ပုဆိုးဟောင်းတစ်ထည်ကို ဝတ်ဆင်ထားကာ ပိုမို၍ ဟောင်းနွမ်းသော ပုဆိုးတစ်ထည်ကို ခေါင်းအုပ်လွှမ်းခြုံထားသည့် ညှင်းသိုးသိုး လူတစ်ယောက်က တစ္ဆေလို ဖျက်ခနဲရောက်လာပြန်၏။ ဖိနပ်မဲ့ခြေထောက်တွေက ယင်းတို့အောက်မှ မြေသားအရောင်ကဲ့သို့ပင် ညိုမွဲမွဲ။

"ဒီကောင်က ငါတို့ကို အကြောင်းမကြားဘဲ သူ့ကလေးအလောင်းကို သူ့ဟာသူမြှုပ်မလို့တဲ့လေ. . .။ သုသာန်ကို ဘာအောက်မေ့နေလဲမသိဘူး. . "

ကိုဒီလုံးဟုအခေါ်ခံရသူက ထွန်းအံ့ခြေထောက်များအနီးတွင် တံတွေးထွေးချ လိုက်၏။ ပုဆိုးခြုံနှင့်လူက ဂျပ်စတ္တူဘူးကလေးအနီးမှာ ငုံ့ကြည့်နေသည်။ ထိုနောက် ပုဆိုးခြုံကို ဖယ်ရှားလိုက်ရာ နဖူးဆံစပ်မှာ အမာရွတ်ကြီးတစ်ခုရှိနေ

www.burmeseclassic.com



သော ဖော့သွတ်သွတ်မျက်နှာပေါ် လာ၏။

"ခင်ဗျားဒီလိုလုပ်လို့ မရဘူး ကိုယ့်လူ၊ ဆိုင်ရာပိုင်ရာကို အကြောင်းကြားရတယ်။ ကျုပ်တို့က ဆိုင်ရာပိုင်ရာတွေပဲ၊ ကျုပ်တို့ဆီက ခွင့်ပြုချက်ပါမစ်ရမှ ခင်ဗျားကလေးကို မြေမြှုပ်လို့ရမယ်. . . "

ပုဆိုးခြုံနှင့်လူကလည်း လယ်ရှင်က သူရင်းငှားလယ်ကူလီကို ကြိမ်းမောင်းသံဖြင့် ပါးစပ်မှ တံတွေးစက်တွေ တဖွားဖွားလွင့်အောင် ပြောလာပြန်သည်။ ထွန်းအုံ၏မျက်နှာသည် ကျုံ့ဝင်ဖျော့တော့သွားသည့်နှယ်ရှိ၏။

"ကျွန်. . ကျွန်တော်တို့တောမှာ ဒါမျိုးဆိုရင် သုသာန်မှာ ကိုယ့်ဟာကိုယ်သွား မြှုပ်ပစ်လိုက်ကြတာပါပဲဗျာ. . . "

"ဒါက တောမဟုတ်ဘူး ကိုယ့်လူ၊ ရန်ကုန်. . . ရန်ကုန်၊ ဈေးတောင်ပါချင်နေတဲ့နေရာ ပါလို့မရဘူး၊ ခင်ဗျားခုလုပ်ပုံက မြူနီစီပယ် ဥပဒေအရ အရေးယူချင်ရင် ခင်ဗျားဂတ်ထဲရောက်သွားလိမ့်မယ်၊ နားလည်လား. . "

"ကျွန်တော်. . ကျွန်တော် မသိလို့ပါဗျာ၊ တောမှာလိုပဲမှတ်လို့ပါ၊ ဒီ. . ဒီတော့ ကျွန်တော်ဘယ်မှာ အခွင့်. . အခွင့်တောင်းရမလဲဟင်. . . "

ကိုဒီလုံးဆိုသူကကုတ်အကျႌအိတ်အစုံထဲသို့ လက်နှစ်ဘက်စလုံး ထိုးနှိုက်ထားပြီး လည်တိုင်ကို ဟန်ပါပါဆန့်လိုက်၏။

"ငါက ဒီသုသာန်မှာ တာဝန်ခံပဲ၊ အသုဘမြှုပ်တာ၊ မီးသင်္ဂြိုဟ်တာတွေ အားလုံး ငါစီမံတယ်။ အဲ-ငါ့အထက်မှာတော့ လူကြီးတွေရှိသေးတယ်။ မြေမြှုပ်ချင်ရင်တော့ ကလေးအလောင်းသုံးကျပ်၊ လူကြီးအလောင်း ငါးကျပ်ပေးရတဲ့ ထုံးစံရှိတယ်။ ငါတို့ကို သုံးကျပ်ပေးရင် ငါတို့မင်းကလေးကို အစအဆုံး ကောင်းကောင်းမွန်မွန် မြှုပ်ပေးလိုက်မယ်"

ထွန်းအုံမှာ မမြင်ရသော လက်ကြမ်းကြီးတွေက နားအုံနားရင်းတွေကို ဝိုင်း ရိုက်ခြင်းခံရသလို ပူထူမွန်းကျပ်သွား၏။ ငွေသုံးကျပ်မပြောနှင့်. . သူ့ထံမှာ ပြားစေ့ သုံးစေ့ပင်မရှိ။ အိမ်မှာလည်းမရှိ၊ ကလေးမီးဖွားပေးသော လက်သည်

www.burmeseclassic.com



စရိတ်ကိုပင် ဦးလေး၏ဇနီးက စိုက်ထုတ်ပေးရန် တောင်းပန်ထားခဲ့ရသည် မဟုတ်ပေဘူးလား။

"ကျွန်တော်တို့ ဒုက္ခသည်တွေပါဗျာ၊ တောမှာ တိုက်ပွဲတွေဖြစ်လို့ ရန်ကုန်ကို ပြေးလာခဲ့ကြရတာပါ။ လုပ်ငန်းကိုင်ငန်းကလည်း မရေရာတော့ ငွေရေးကြေးရေးက အဆင်မပြေ. ."

"ဒါတွေ ပြောမနေနဲ့ကွ၊ ထုံးစံကတော့ ထုံးစံပဲ. ."

ထွန်းအံ့စကားမဆုံးမီ ကိုဒီလုံးက လက်ဝါးကာ၍ ဟန့်တားလိုက်၏။

"ကျွန်တော်က ဘယ်လိုမှ မတတ်နိုင်လို့ပါအစ်ကိုကြီးရာ၊ ကျွန်တော့်သမီးကလေးကို ကျွန်တော်ကိုယ်တိုင် မြှုပ်ပေးသွားပါ့မယ်ဗျာ၊ အဲဒါတော့ အခွင့်ပေးပါဗျာ. ."

ထွန်းအံ့က ဒူးထောက်မတတ် ရှိခိုးဦးတင်ပြောနေသည့်တိုင် ပိုင်ရာဆိုင်ရာဆိုသော ပုဂ္ဂိုလ်နှစ်ဦးက ကျောက်ရုပ်မျက်နှာတွေဖြင့် မလှုပ်မခြောက် ရပ်နေကြသည်။

ပုဆိုးခြုံလူသည် ထွန်းအံ့ရှေ့သို့ တိုးလာ၏။

"ကိုယ့်လူကို ငါတို့ကိုယ်ချင်းစာပါတယ်၊ နို့ပေတယ်လို့ စည်းကမ်းဥပဒေက ရှိနေတော့ ငါတို့ကကျော်လုပ်လို့မရဘူး။ ကိုယ့်လူဟာကိုယ့်လူ မြှုပ်လည်း သင်္ချိုင်းခွန် နှစ်ကျပ်တော့ ပေးရမှာပဲ. . ."

"ဗျာ. . . နှစ်ကျပ်. ."

ကယောင်ချောက်ချားဖြစ်လွန်းသဖြင့် ထွန်းအံ့၏ အာမေဋိတ်သံမှာ နာကျင်စွာ အော်ဟစ်လိုက်သလို လွင့်ပျံ့သွားသည်။ ထွန်းအံ့သည် ငေးကြောင်ကြောင်နှင့် အုတ်ဂူဖွေးဖွေးတွေဘက်သို့ ငေးနေမိစဉ် ပုဆိုးခြုံလူ၏ လက်တစ်ဖက်က ထွန်းအံ့၏ ပခုံးပေါ်သို့ ကျလာသည်။

"မပူပါနဲ့ ကိုယ့်လူ၊ ကိုယ့်လူပြေလည်အောင် ကျုပ်တို့ဖန်တီးပေး

www.burmeseclassic.com




ပါမယ်. . . ”

တစ်ခဏအကြာတွင် ထွန်းအံ့သည် သုသာန်အပြင်ဘက် လမ်းပေါ်၌ အမူးသမားပမာ ဒယိမ်းဒယိုင် တရွေ့ရွေ့လှမ်းလျှောက်ရှိသည်။ သူ့မျက်နှာမှာ သုသာန်မြေပြင်အောက်မှ လူသေတွေထက်ပင် အသက်ဓာတ်ကင်းမဲ့နေ၏။ အေးရှသော လေပြည်များ က အဝတ်မဲ့သူ၏ ခန္ဓာအထက်ပိုင်းကို ထိုးဖောက်စိမ့်ဝင်ရန် တဟူးဟူးပြေးလာနေ ကြ၏။ သို့သော်. . . . ထွန်းအံ့ ချမ်းရမှန်းမသိ။

မှတ်ချက်။ ။ ၁၉၅၀ ပြည့်နှစ် တစ်ဝိုက်က ဖြစ်ရပ်မှန်ကို ကြားနာခဲ့ရခြင်း၌ အခြေပြု ရေးဖွဲ့ပါသည်။

✢ ✢ ✢

www.burmeseclassic.com



www.burmeseclassic.com

## ဝင့်ဇော်သား

ကျွန်တော့်ကို တွေ့တွေ့ချင်းကြည့်လိုက်သော သူ့မျက်လုံးများဆီမှ ထူးခြားသော အဓိပ္ပာယ်ကို အချိန်များစွာ နှောင်းတော့မှ ကျွန်တော် နားလည်နိုင်လိမ့်မည်ဖြစ်ကြောင်း ကြိုတင်မသိနိုင်ခဲ့သည့်အတွက် ကျွန်တော့်ကို အပြစ်မဆိုကြပါနှင့်။

သူ့ကို ယခုမှပင် ကျွန်တော်တွေ့မြင်ဖူးပါသည်။ သူ၏ မျိုးတူစုထဲတွင် သူသည် "သာမန်" အတန်းအစားသာ ဖြစ်သည်။ သူ့အသွင်သဏ္ဌာန်၌ မည်သည့် ဝိသေသကိုမျှ ကျွန်တော်မတွေ့ရဟုဆိုလျှင် မုသားစကားဖြစ်သွားနိုင်သည်။ သူ့မျက်လုံးတွေဆီမှာ ထူးကဲသော အရောင်အဝါတစ်မျိုး ယှက်သမ်းနေသည်ကို ကျွန်တော်သေသေချာချာ သတိထားမိပါသည်။ သူ့အကြည့်သည် မမြင်နိုင်သော လှံသွားတစ်ချောင်းဖြင့် ကျွန်တော့်ရင်ဘတ်ကို ခပ်ဖွဖွလှမ်းထောက်လိုက်သည်နှင့်တူပါသည်။ သူ့မျက်လုံး မှိုင်းမှိုင်းတွေက တစ်ခုခု ကျွန်တော့်ကို ပြောနေကြသည်။ အဓိပ္ပာယ်ကို ကျွန်တော် မသိ။ သို့သော် ကျွန်တော့်အတွက် လေးနက်စွာ ထူးခြားမည့် အဓိပ္ပာယ်မျိုးမှန်း ကျွန်တော် ကံသေကံမ ဆုံးဖြတ်နားလည်ရပါသည်။

www.burmeseclassic.com



"ဒီခြံမှာ နေသွားခဲ့တဲ့လူတွေ ကျန်ခဲ့တဲ့ခွေးပေါ့" ဟုကျွန်တော်၏ အလုပ်ရှင်က ပြောပြနေစဉ် သူ့ကိုကျွန်တော်က စူးစူးဝံ့ဝံ့ စိုက်ကြည့်သည်။ ညိုမွဲမွဲ ဖလ်ဂေါ်လီလုံး တစ်စုံနှင့်တူသော သူ့မျက်လုံးတွေဆီမှ အကြည့်သည် ထိုခဏ၌ ဝေးလံသောကောင်း ကင်တစ်နေရာသို့ပါးနပ်ဟန်ဖြင့် လွှဲဖယ်သွားကြသည်။ အကြည့်ချင်း ရင်မဆိုင်ဝံ့သည့် ဟန်မျိုးဖြစ်သော်လည်း လည်တိုင်ကို သူဆန့် မတ်ထားပုံကမူ မထီလေးစားဟန် အထင်းသား ပေါ်နေသည်။ ရှေ့ခြေနှစ်ဖက် စင်းထားပုံ၊ နောက်ခြေနှစ်ဖက် ခွေထားပုံ၊ ပိန် မြောင်းမြောင်းကိုယ်လုံးကို နောက်သို့ လှန်ထားပုံတို့က သူ့အနီးမှ ကိုယ်လုံးကိုယ်ဖန်တောင့်ရောင့် ကြွားဝင့်သော လူသားနှစ်ယောက်၏ သိက္ခာကို အသိအမှတ်မပြုသလို ဖြူကြောင်ကြောင် ပိန် ခြောက်ခြောက် ခွေးအိုတစ်ကောင် (သူ့အသက်ကို ငါးနှစ်ဟု ခန့်မှန်းမိ၍ ခွေးအို အဖြစ် သတ်မှတ်ခြင်းဖြစ်သည်) ၏ မာတောင့်တောင့် ထယ်ဝါဟန်သည် အမှန် တကယ်ပင် အော်ဂလီဆန်ဖို့ကောင်းသည်ဟု ကျွန်တော် ထင်ပါသည်။

ထို့ကြောင့် သူ့ကိုတွေ့လျှင်တွေ့ချင်း ကျွန်တော့် နှလုံးသား၏ အလယ် ဗဟို လောက်ဆီ၌ အမုန်းသန္ဓေတည်စ ပြုခဲ့ပြီဟု ကျွန်တော် ပြောချင်ပါသည်။ ထို့အတွက်လည်း ကျွန်တော့်ကို အပြစ်မဆိုကြပါနှင့်. . . ။

"ရယ်စရာတော့ ကောင်းတယ်ကွ၊ တိုက်ဆိုင်မှုပေါ့ကွာ" ဟု အလုပ် ရှင်က စကားစပြန်ပြီး၊ ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်သည်။ အလုပ်ရှင်က မျက်နှာ၌ ကြည်နူးမှုတစ်ဝက်တစ်ပျက်သာပါသည့် အပြုံးမျိုးကို ကျွန်တော် တွေ့ရပါသည်။

"ဒီခွေးနာမည်ကလည်း ဘိုဖြူတဲ့"

စကားအဆုံး၌ အလုပ်ရှင်က ခြောက်ခြောက်ကပ်ကပ် ရယ်မောလိုက်စဉ် ကျွန်တော့်မှာ ရွှံ့ဗွက်အိုင် တစ်ခုထဲသို့ ရုတ်တရက် ဆွဲနှစ်ခြင်းခံရသလို အသက်ရှူ မှား သွားရပါသည်။ ပြီးနောက်ကျွန်တော် တစ်ကိုယ်လုံး ရှက်ရွံ့နာကျင်စိတ်ဖြင့် ပူလောင် လာသည်။ ကျွန်တော့်ကို ချစ်စနိုး အမည်မှည့်ခေါ်ခဲ့သူ မိဘနှစ်ပါးကို အပြစ်တင်လိုစိတ် ပထမဆုံးအကြိမ် ခံစားရမည့်အစား၊ ကျွန်တော်နှင့် ဆယ်ပေ ခန့်အကွာမှာ ကျောက်ရုပ် တစ်ရုပ်လို မလှုပ်မယှက် ထိုင်နေသော ပိန်ညှော်ညှော်

www.burmeseclassic.com



တိရစ္ဆာန်ကို ကန်ကျောက်ပစ် လိုစိတ်ကသာ ကျွန်တော့်ကို ဖိစီးလာရ၏။ သို့သော် ကျွန်တော် ကြိုးစား၍ရယ်ပစ်လိုက်ပါသည်။ ရယ်သံကမူ လျှာခင်အနေအထား မမှန်သည့်နဲ့တစ်လက်ကို သံစဉ်မဲ့ မှုတ်လိုက်သလို နားကလောစရာ ဖြစ်နေပါ လိမ့်မည်။

ကျွန်တော်က ရယ်မောရင်း "ဘိုဖြူ"ကို ကြည့်လိုက်ပြန်သောအခါ ထိုအပတိတ်တိရစ္ဆာန်သည် ကျွန်တော့်ရယ်သံကို နားမခံသာသည့် အမူအရာမျိုးဖြင့် ကိုုန်ဆဲလိုစိတ် ကို ကျွန်တော် ခက်ခဲပင်ပန်းစွာ ချိုးနှိမ်ထားရသော စိတ်ဒုက္ခမျိုးကို မည်သူမျှ ခံစားဖူး လိမ့်မည်မဟုတ်ပါ။ လက်ရှိအချိန်၌ ကျွန်တော့် မျက်နှာသည် ပြဒါးမညီသော မှန်ပေါ်မှာပေါ်သည့် မျက်နှာတစ်ခုလို လိန်စောင်းနေပါလိမ့်မည်။

အလုပ်ရှင်က ကျွန်တော့် အမူအရာကို သတိပြုမိပုံရသည်။သူက နွေးထွေးသော လက်ဖဝါးတစ်ဖက်ဖြင့် ကျွန်တော့်ပခုံးကို ပုတ်လိုက်ပြီး. . .

"ဘာပဲဖြစ်ဖြစ် မင်းအတွက်အဖော်ရတာပေါ့ကွာ။ ညဖက်တာဝန်ကျ တော့ ခွေးက စိတ်ချရတယ်ကွ၊ လူဆိုတာက အိပ်မောကျနေရင်တော်ရုံတန်ရုံ အသံဗလံနဲ့ နိုးနိုင်တာမဟုတ်ဘူး၊ ခွေးကျတော့ အိပ်တယ်ဆိုပေမယ့် နိုးနိုးကြား ကြား ရှိနေတတ်ကြတာကွ။ ယုတ်စွအဆုံး ပောင်ဖော်ရလဲ နည်းသလား။ ပြီးတော့ ဒီခွေးမျိုးက အစားအသောက် ဇီဇာမကြောင်ဘူး။ ထမင်းကျန် ဟင်းကျန်ကလေး ကျွေး၊ ထမင်းရည်ကလေး ဘာလေးတိုက်ရင်ပဲ ကိစ္စကပြီးနေပြီ. . ။ ငါ ဒီတစ်ခေါက် လာရင် အမဲရိုးဝယ်လာခဲ့မယ်။ ဒီကောင်ကြီး အာဟာရပြတ်နေပုံရတယ်။ အစာကောင်းကောင်း ကျွေးလိုက်ရင် ဒီကောင်ကြီးက ခုလို ခွေးဘိန်းစားပုံ ထွက်နေမှာ မဟုတ်တော့ဘူး။ ဒီကောင်ကြီး ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း ရှိနေရင် မင်းအတွက် လက်ရုံးတစ်ဆူပဲ ဘိုဖြူရေ. . "

ကျွန်တော်ကြားနေခဲ့ရသော အလုပ်ရှင်၏ စကားလုံးများသည် ကျွန်တော့် နားအာရုံမှ တစ်ဆင့်ရင်ဝသို့ အပူလှိုင်းစီးကြောင်း တစ်ကြောင်းလို တိုးဖြတ်ဝင်ရောက်လာကြသည်။ အဖျားရောဂါတစ်ရပ် ပူးကပ်လာသည့်နှယ် ကျွန်တော် တုန်တုန်ယင်ယင် ဖြစ်လာပါသည်။ စိတ်အာရုံတွင်ကျွန်တော့် မျက်နှာကို ကြည့်၍တိတ်ဆိတ်စွာ စကားပြောနေခဲ့သော မှုန်မှိုင်းမှိုင်း မျက်လုံး

www.burmeseclassic.com



အစုံနှင့် အထီတရိလှုပ်ရှားသွားလာဟန်ကို မြင်ယောင်ရင်း၊ ကျွန်တော့်ခန္ဓာမှ သွေးများဆူပွက်လာသံကိုပါ ကြားယောင်လျက်ရှိသည်။ သူသည် ကျွန်တော့်အဖို့ ရာ သာမန်ခွေးတစ်ကောင်မဖြစ်နိုင်ပါ။

ဤတိရစ္ဆာန်သည် ကျွန်တော့်အတွက် အလွန်အမင်း ထူးကဲနေသည်။ သူက ကျွန်တော့်ကိုတွေ့တွေ့ချင်း ကြည့်ရှုခဲ့ပုံကလည်း အလွန်အမင်းထူးကဲ နေသည်။ သူ၏ ဟန်ပန်မူရာကလည်း အလွန်အမင်း ထူးကဲနေသည်။ ယင်းသို့ သော ထူးကဲမှုကပင်လျှင် ကျွန်တော်မနှစ်မြို့စရာ အကြောင်းတရားဖြစ်နေပြီး အတိုင်းအဆမဲ့ စက်ဆုပ်မုန်းတီးခြင်းက တမဟုတ်ချင်း ကျွန်တော့်နှလုံးသားကို ဆုပ်ညှစ်ထားသည်။ ဖြစ်ရပ်ကို ကျွန်တော် နားမလည်နိုင်တော့ပေ။ ကျွန်တော့်ဘဝ လျှောက်လှမ်းခဲ့ရာ (၂၇) နှစ် ကာလ အတွင်း ကျွန်တော် ကြုံဆုံရင်ဆိုင်ခဲ့ရဖူးသမျှ ဖြစ်ရပ်ဆန်းများမှ ရှုပ်ထွေးမှုအားလုံးသည် “ဘိုဖြူ” ကို ကြုံဆုံရင်ဆိုင်မိသည်နှင့် အမှုမထားလောက်စရာ အသေးအဖွဲများအဖြစ် လွင့်ပါးသွားကြတော့သည်ဟု ကျွန်တော် ထင်ထင်စင်စင် ယုံမှတ်မိလာရပါသည်။

လောလောဆယ်အားဖြင့် ဤအဟိတ်တိရစ္ဆာန်ကို ကျွန်တော်ရှောင်လွှဲ ကင်းကွာနိုင်ခွင့် မရှိသေးချေ။ သူသည် ကျွန်တော်နှင့်တစ်ခြံတည်း၊ တစ်အိမ်တည်း မှာအတူ ရှိနေလိမ့်မည်။ ပို၍ဆိုးသည်မှာ သူ့ကို ကျွန်တော်က အစားအစာ ကျွေးမွေးရန် မလွှဲမရှောင်သာ တာဝန်ယူရခြင်းဖြစ်၏။ မိမိမနှစ်မြို့သော သတ္တဝါ တစ်ကောင်ကို အစားအသောက်ပံ့ပိုး နေရခြင်းလောက် စိတ်ပျက်စရာ အလုပ်မျိုး ဤမြေကမ္ဘာလောကတွင် မရှိနိုင်တော့ဟု ကျွန်တော် ငြီးတွားလိုပါသည်။

သို့သော် ကျွန်တော်သည် ကိုယ့်ဆန္ဒကိုယ် မပိုင်သော တစ်ပါးသူ၏ ကျေးကျွန်မျှသာ ဖြစ်၏။ အလုပ်ရှင်၏ ညွှန်ကြားချက်ကို ကျွန်တော်မငြင်းဆန်နိုင်။ “ဘိုဖြူ” ဆိုသော ခွေးတိရစ္ဆာန်ကို အလုပ်ရှင်၏ ညွှန်ကြားချက်အရ ကျွန်တော် အစားအစာ ကျွေးမွေးရမည်သာဖြစ်၏။ (အလုပ်ရှင် ကွယ်ရာတွင် ထိုခွေးကို လျစ်လျူရှုနိုင်သော အခွင့်အရေး ကျွန်တော့်မှာ ရှိနေကြောင်း၊ အလုပ်ရှင်က လတ်တလော စဉ်းစားမိမှာ မဟုတ်ဟု ကျွန်တော် ပြောရဲပါသည်) တစ်နည်း ဆိုရပါလျှင် အလုပ်ရှင်သည် ကျွန်တော်နှင့် ‘ဘိုဖြူ’ တို့ နှစ်ဦးစလုံး၏ စားရေး

www.burmeseclassic.com



သောက်ရေးကို တာဝန်ယူထားသူဟု ပြောနိုင်သည်။ ဘဝရပ်တည်မှုအရ ကျွန်တော်နှင့် 'ဘိုဖြူ' တို့၌ တူညီသော အဆင့်တစ်ခု ရှိနေသည်။ ယင်းမှာ အလုပ်ရှင် (အင်ဂုက်ခေါ် ကိုသင်းလှိုင်) ၏ ပိုင်နက်တွင် ကျွန်တော်တို့နှစ်ဦးစလုံး မှီတင်းနေထိုင်ကြခြင်း ဖြစ်သည်။ အလုပ်ရှင်သည်ကျွန်တော် နှင့် 'ဘိုဖြူ' ကို ပူးတွဲတုပ်နှောင်ထားသည့် ကြိုးတစ်ချောင်းနှင့် တူသည်။

ရန်သူတစ်ဦးရှိနေရာ အချုပ်ခန်းထဲသို့ သွတ်သွင်းခြင်းခံရသော ရာဇဝတ်သား တစ်ယောက်ပင်လျှင် ကျွန်တော့်နည်းတူ သောကလွှမ်းလိမ့်မည် မဟုတ်ပါ။

ကျွန်တော့် မျက်နှာပေါ်မှာ တစ်စွန်းတစ်စ ပေါ်လွင်နေမည်ဖြစ်သော စိတ်သောကအရိပ်ကို အလုပ်ရှင်က သတိပြုမိပုံရသည်။

"ဒီနေရာက ပျင်းစရာကောင်းတယ်ကွ၊ ဒါပေမယ့် အလုပ်လုပ်နေရင် ပျင်းဖို့ မင်းသတိတောင် ရမှာမဟုတ်ဘူး။ လူတစ်ယောက်အတွက် အကောင်းဆုံး အပျင်းဖြေဆေးဟာ အလုပ်ပဲ"

အလုပ်ရှင် ပြောလိုက်သော စကားများက ကျွန်တော့်အသိဉာဏ်ကို ရှုပ်တိုက် ပြေးထွက်သွားရုံမျှသာ ရှိသည်။ ကျွန်တော့် လက်ငင်းရင်ဆိုင်ရနေသည့် စိတ်အကျဉ်း အကြပ်ကို မည်သူမျှ မဖြေရှင်းနိုင်မှန်း ကျွန်တော်သိသည်။ ယခု အချိန်သည် မိမိကိုယ် မိမိနားမလည်ဆုံးသော ကာလအပိုင်းအခြား တစ်ရပ် ပင်ဖြစ်၏။

"ဆရာက ကျွန်တော် ပျင်းမယ်များထင်နေလို့လား၊ မပူပါနဲ့ဗျာ ဒီလို နေရာမျိုးမှာ ကျွန်တော်မပျင်းနိုင်ပါဘူး။ လူဘိုဖြူနဲ့ ခွေးဘိုဖြူတစ်ခြံထဲမှာ အတူတူ နေရမယ့်နောက် ပျင်းစရာတောင်းနိုင်ပါတော့မလားဗျာ။ ပျော်စရာမဖြစ်တောင် ပျင်းစရာတော့ ရှိမယ်မထင်တော့ပါဘူး"

ရည်ရွယ်မထားသော စကားလုံးများက ကျွန်တော့်ရင်ခေါင်းထဲမှ တိုး ထွက်လာကြပုံမှာ တစ်စုံတစ်ယောက်ကကျွန်တော့်၏ ရုပ်ခန္ဓာအစိတ်အပိုင်း တစ်ချို့ကို အသုံးချ၍ သူပြောလိုသော စကားကို သူ့ကိုယ်စား ပြောခိုင်းလိုက်

www.burmeseclassic.com



သည့်အလား ဖြစ်ပါသည်။ အလုပ်ရှင်က ကျွန်တော့်ကို တစ်ကြိမ်မျှ မမြင်ဖူးသော လူစိမ်းတစ်ယောက်ကို တွေ့ရသလို ကြည့်ပါသည်။ ကြားရသော စကားလုံးများကို သူသဘောပေါက်နိုင်စွမ်း ရှိပုံမရ။ သို့တိုင် သူက စိတ်ပါလက်ပါပြုံးပြသည်။

"ဒါပေါ့ကွာ စကားပြောချင်ရင်လဲ ဘိုဖြူနဲ့ပြောကြပေါ့" ဟု ပြောပြီး အလုပ်ရှင်က သူ၏ ပူဝန်းသော ဝမ်းဗိုက်ကြီးကို လှုပ်ခါလာသည်အထိ ရယ်မောနေပြန်ပါသည်။

အလုပ်ရှင်သည် ကျွန်တော်နေထိုင်ရမည့် နေရာအသစ်နှင့် ကျွန်တော်၏ အလုပ်တာဝန် အသစ်များနှင့်တကွ၊ မထင်မှတ်ဘဲ ကျွန်တော့် စိတ်နှလုံးကို ဆုပ်ညှစ်ရန် ကြံရွယ်နေသော ခွေးတစ်ကောင်တို့ဆီမှ ပြန်လည်ထွက်ခွာသွားခဲ့၏။

ကျွန်တော်သည် ငါးဧက ကျော်ကျော် ကျယ်ဝန်းသော ခြံဝင်းကြီးထဲမှ အထီးကျန်အိမ်အိုကလေး ရှေ့တွင် အထီးကျန်ဆန်ဆန်ပင် ငိုင်တွေတွေ ရပ်နေမိသည်။ ခြံထဲမှ ပုဝိုင်းဝိုင်းသီဟိုဠ်သရက်ပင်ကလေးက ဖေဖော်ဝါရီလ၏ နေပူရှိန်အောက်တွင် ညိုးခြောက်စွာ ငြိမ်သက်နေသည်။ ခြံဝင်း၏ မျက်နှာစာ စည်းရိုးသဖွယ် ရှိနေကြသော ကျိုးတိုးကျဲတဲ ထီးရိုးဝါးရုံများကို ကြည့်ရသည် မှာလည်း တန်းစီရပ်နေကြသော အညှဉ်းပန်းခံစစ်သို့ပန်းများနှယ် စိတ်နှလုံးမရွှင်ပျ စရာဖြစ်နေသည်။ အိမ်ကလေး၏ ခေါင်းရင်းဘက်တွင် ဝါရော်ရော်ပေါင်း မြက်များ ဖုံးအုပ်လျက်ရှိသည့် မြေသားတောင်တန်းများရှိနေကြသည်။ တစ်ချိန်က ဟင်းရွက်သီးနှံ အမျိုးမျိုး စိုက်ပျိုးထားခဲ့သည့် မြေသားတောင်တန်းများဖြစ်ကြသည်။ ယခုတော့မူ သင်္ချိုင်းမြေပုံအရှည်ကြီးများသဖွယ် ထင်မှတ်ဖို့ကောင်းနေပါသည်။ ထိုမြေသားတောင်တန်းများ၏ အခြားတစ်ဖက် မြေကမူလေး တစ်ခုအနီးတွင် ရေငင်မောင်းတိုင်ကြီးတစ်ခုရှိသည်။ မောင်းတိုင်ထိပ်တွင် ဝင်ရိုးဖြင့်တပ်ဆင်ထားသော မောင်းတက်ဝါးလုံးကြီးက ခါးလည်မှ ကျိုးကျနေသည်။ မောင်းတက်ဦးပိုင်းသည် မြေပြင်သို့ ငိုက်စင်းမေးထောက်လျက်ရှိရာ ရေစင်မောင်းတိုင်နှင့် မောင်းတက်ကျိုးတို့၏ မြင်ကွင်းက ပါးကွက်အာဏာသား ရှေ့မှောက်တွင် ဇက်စင်းပေးနေသော အပြစ်သားတစ်ဦး၏ ရုပ်ပုံလွှာမျိုးကို ထင်ယောင်စေပါသည်။ လွန်ခဲ့သော တစ်နာရီခန့်က ဤခြံမြေသို့ ကျွန်တော် မရောက်ရှိသေးမီတွင်

www.burmeseclassic.com



နေရာဒေသအသစ်တစ်ခု၌ တွေ့ကြုံရလေ့ရှိသော ကြည်နူး စိတ်မျိုးကို ကျွန်တော် ခံစားခဲ့ရသည်။ ယခုမူကား ကျွန်တော်၏ ကြိုတင်ကြည်နူး မှုသည် ရယ်ရွှင်ဖွယ် ဖြစ်နေပေပြီ။

ဤမျှ စိတ်မချမ်းမြေ့ဖွယ်ရာ ခြံမြေအဝန်းအဝိုင်းအတွင်း၌ အလုပ် တာဝန်တစ်ရပ်ကို ထမ်းဆောင်ရလိမ့်မည်ဟု မျှော်လင့်မထားခဲ့ဖူးသော ကျွန်တော့် အား အပြစ်ဆိုဖွယ် မရှိပါ။ ကံဆိုးသည်ဟုလည်းကျွန်တော် မယုံကြည်သေးပါ။ ကံကြမ္မာပို့ချရာ ကမ္ဘာမြေတစ်နေရာသို့ ရောက်လာရသည်ဟုသာ ကျွန်တော်ရိုးရိုး လေးတွေးယူလိုပါသည်။

ပထဝီဝင် အနေအထားအရ ဤခြံမြေတည်ရှိရာအရပ်သည် ခေါင်လှမ်း ဝေးကွာလှသော ဒေသမဟုတ်။ မြို့တော်ကြီးဆီမှ တစ်ဆင့် ရှစ်မိုင်မျှသာဝေး သည်။ မင်္ဂလာဒုံမြို့နယ်၏အစွန်အဖျား လူနေရပ်ကွက်သစ်တစ်ခုအတွင်း၌ တည် ရှိသည်။ ခြံဝင်းများ ကျယ်လွန်းခြင်း၊ လူနေအိမ်ခြေကျဲပါးခြင်း၊ ယာဉ်အသွားအလာ နည်းပါးခြင်းတို့ကို အပြစ်ဟု မမြင်တတ်လျှင် ဤရပ်ကွက်ကိုဆူညံသံမဲ့ သီးသန့် ဆိတ်ငြိမ်ရပ်ကွက်ဟု မှတ်ယူနိုင်သည်။ ဂူအောင်းရသေ့တချို့ကပင်လျှင် မျက်စိကျ နိုင်သော ဆိတ်ငြိမ်းချမ်းမှုမျိုးရှိရာ အရပ်ဖြစ်သည်။

ဂူအောင်းရသေ့ တစ်ပါး၏ ရည်စူးချက်မျိုး လုံးဝမရှိသည့် ကျွန်တော် သည် ဤဒေသသို့အလုပ်တာဝန်အရရောက်ရှိလာရပါသည်။ ကျွန်တော်၏ မူလ အလုပ် အကိုင်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး (အင်းဝုက်ခေါ် ကိုသင်းလှိုင်) ၏ ခေါက်ဆွဲစက်မှ ကုန်ချိန်ကုန်ထမ်း ကာယလုပ်သားတစ်ဦးဖြစ်သည်။ ထို အရင်းရှင်၏ လူယုံတော်လက်ပါးစေဟု သတ်မှတ်လျှင်လည်း မမှားနိုင်ပါ။ ထိုအရင်းရှင် မကြာမီက ငွေကြေးသိန်းဂဏန်းချီ၍ ဝယ်ယူလိုက်သော ခြံမြေ အတွင်းရှိ သစ်ပင် ဝါးပင်အချို့ကို မသမာသူများက မကြခဏခိုးယူခုတ်ဖြတ်လေ့ရှိ သဖြင့်၊ ခြံမြေကို စောင့်ရှောက်ရန် တာဝန်သည် ထိုအရင်းရှင်၏ လူယုံတော် လက်ပါးစေတစ်ဦးထံသို့ ကျရောက်လာခဲ့သည်။ မိမရှိ ဖမရှိ၊ သားမရှိ မယားမရှိ၊ တစ်ကိုယ်ရေသမား လူယုံလက်ပါးစေအတွက် ထိုတာဝန်သည် သင့်လျော်အပ်စပ် သည်ဟု အရင်းရှင်ကအခိုင်အမာ ယူဆထားသည်။ ကျွန်တော်ကလည်း လစာငွေ

www.burmeseclassic.com



ချင်းအတူတူ ချွေးမကျ ပင်ပန်းမှုနည်းပါးသော ခြံစောင့်အလုပ်ကို သဘောကျ နှစ်ခြိုက်စွာ လက်ခံခဲ့ပါသည်။

ကျွန်တော်၏ အလုပ်တာဝန်အသစ်မှာ အလုပ်ရှင်၏ ခြံမြေအတွင်းမှ သစ်ဝါးများကို စောင့်ရှောက်ကြည့်ရှုရန်ဖြစ်၏။ ပြီးလျှင် ခြံမြေအတွင်းမှ ပေါင်းမြက်များ၊ အမှိုက်သရိုက်များကို တတ်စွမ်းသမျှ ရှင်းလင်းဖယ်ရှားပေးရန်ဖြစ်၏။ (ယခုမူ ကျွန်တော်၏ ဝိညာဉ်ကို လှုပ်ခတ်ချောက်ချားစေလောက်အောင် ဝိသေသ ထူးခြားသော ခွေးတစ်ကောင်ကိုပါ ကျွေးမွေးပြုစုရမည့်တာဝန်တစ်ရပ်က တိုးလာပြန်သည်။ ဤခြံသို့ စတင်ရောက်ရှိသည့်နေ့က ကျွန်တော်သည် အသင့်ဝယ်ထားသော ခေါက်ဆွဲကြော်ကို တစ်ထုပ်လုံးအပြောင်စားပစ်လိုက်၍ ဘိုဖြူကို ကျွေးမွေးရန် တာဝန်ပျက်ကွက်ခဲ့ပါသည်။ ထိုခွေးကလည်း နေ့လယ်ကတည်းက အပြင်သို့ ထွက်သွားပြီး ညမိုးချုပ်မှ ခြံဝင်းထဲပြန်ရောက်လာသည်။ ညစာအဖြစ် ကျွန်တော် စားသောက်သော ငှက်ပျောသီးငါးလုံးမှ အခွံများကို ခွေးရှိရာသို့ ပစ်ချပေးလိုက်ပါသည်။ ခွေးက သူ့ရှေ့သို့ကျလာသော ငှက်ပျောခွံများကို စိတ်ဝင်စားဟန်မပြပါ။ လရောင်မှုန်မှုန်အောက်တွင် ကျွန်တော့်ကို ပေစောင်းစောင်းမော့ကြည့်နေသော သူ့ဟန်ပန်က သူ့ကို အစားမကျွေးသဖြင့် အပြစ်တင်နေသော ဟန်ပန်မျိုးမဟုတ်ပါ။ သူ့ဟန်ပန်၌ ထူးကဲလေးနက်သော အဓိပ္ပာယ် တစ်မျိုး ထင်ဟပ်နေသည်။ တိတိကျကျ ကျွန်တော်မဝေခွဲတတ်ပါ။)

ကျွန်တော်တစ်ဦးတည်း နေထိုင်ရမည့် အိမ်ကလေးမှာ ကျွန်တော့်အတွက် ကျယ်ဝန်းလွန်းနေသည်။ အိပ်ခန်းအဖြစ် အသုံးချရမည့်အတွင်းခန်းမှာလည်း လူကြီးငါးယောက် လွတ်လွတ်လပ်လပ် အိပ်စက်နိုင်အောင် ကျယ်ဝန်းသဖြင့် သဘောမကျချေ။ ထို့ကြောင့်၊ ကျွန်တော်သည် ဝရန်တာမှ ဖြတ်၍ အိမ်အပြင်သို့ လှမ်းမြင်နိုင်သော အိမ်ရှေ့ခန်းကြမ်းပြင်၌ အိပ်ရာခင်းခဲ့ပါသည်။ ညဥ့်ဦးလေပြေက ဝရန်တာကြားမှ တဟူးဟူးဖြတ်သန်းကာ ကျွန်တော့် ခန္ဓာကိုယ်ကို တိုးဝှေ့ပွတ်သပ်နေသည်။

ညဥ့်နက်သည့်တိုင် ကျွန်တော်အိပ်ပျော်ခြင်းကို မရရှိခဲ့သေးပေ။

အိပ်ရာအသစ်ပြောင်းအိပ်စ ပထမညတိုင်း ကျွန်တော်အလွယ်တကူ

www.burmeseclassic.com


အိပ်ပျော်လေ့မရှိသဖြင့် ယခုအိပ်မပျော်နိုင်ခြင်းအတွက် ကျွန်တော့်စိတ် ကသိက အောင့်မဖြစ်သည့်တိုင် အာရုံတစ်ခုက ကျွန်တော့် စိတ်အာရုံကို နှိုးဆွနေမှန်း သိမှတ်လျက်ရှိပါသည်။ ရေမြေဒေသအသစ်မှ ဝန်းကျင်ရနံ့အသစ်၊ အသံအသစ်၊ အထိအတွေ့အသစ်တို့ ပေါင်းစည်းထားသည့် အတွေ့အကြုံအသစ်က နှိုးဆွနေခြင်းလားဟု ကျွန်တော် ဆင်ခြင်ကြည့်သည်။ အလုပ်တာဝန်အသစ်ကို စိတ်လှုပ်ရှားခြင်းက ကျွန်တော့်ကို စိတ်ဂဏှာ မငြိမ်အောင် ဖန်တီးနေခြင်းလား. . ဟုလည်း ကျွန်တော် တွေးဆကြည့်သည်။ မဟုတ်ပါ။

တိကျသော အဖြေသည် ကျွန်တော်နှင့် မဝေးကွာလှသော နေရာမှာ ရှိနေသည်။ "ဘိုဖြူ" သည် အိမ်ရှေ့မြေကွက်လပ်ပြောင်ပြောင် ကလေးဆီမှာ ဦးခေါင်းထောင်လျက် ဝပ်နေသည်။ သူ့ဦးခေါင်းသည် အိမ်ရှေ့လမ်းမှောင်ရိပ် ဆီသို့ လှည့်ထား သင့်သည်။ သူက လမ်းဖက်သို့မျက်နှာမမူပါ။ ကျွန်တော်ရှိနေရာ အိမ်ဖက်သို့သာ နိုးကြားသော ဟန်ပန်ဖြင့် ငေးမောနေသည်ကို အသည်းယားစဖွယ် တွေ့မြင်နေရသည်။ သူ့ မျက်လုံးများကို ကျွန်တော်မမြင်ရသည့်တိုင် ထိုမှုန်မှိုင်းမှိုင်း မျက်လုံးအစုံက ကျွန်တော့် မျက်လုံးများဆီကို စူးစိုက်နေကြလိမ့်မည်ဟု ကျွန်တော်ခံစားရသည်။ ထိုမျက်လုံးအစုံဆီ၌နေ့လယ်တုန်းက ကျွန်တော် တွေ့မြင်ခဲ့ရသော ပဟေဠိ ဆန်ဆန်အဓိပ္ပာယ်သည် ရှိနေဦးမည်ဟု ကျွန်တော် ရင်ဖိုစွာ တွေးထင်မိသည်။

ကျွန်တော်ထိုင်ရာမှ ထရပ်သည်။ ဝရန်တာမှ တိုးကပ်ပြီးသူ့ကို ပိုမိုထင်ရှား စွာမြင်ရအောင် မျက်လုံးမြင်ကွင်းကို ဝရန်တာရှိ သစ်သားချောင်းများကြားသို့ ရွှေ့သွင်းလိုက်သည်။ သူ၏ရုပ်သဏ္ဌာန်က ထူးခြားပီပြင်စွာ ပေါ်ထင်မလာခဲ့ပါ။ သို့တစေ ကျွန်တော်၏ စိတ်အာရုံတွင်မူသူ့ရုပ်သဏ္ဌာန် တစ်ခုလုံးက ရှင်းရှင်းစင်စင် ပီပြင်လျက်ရှိ၏။ အထူးသဖြင့် ကျွန်တော့်ကို လျှို့ဝှက်စွာ စကားပြောနေသောသူ့မျက်လုံးတွေကို ကျွန်တော်အနီးကပ် တွေ့မြင်ရသလို ထင်ယောင်လျက် ရှိနေရပါသည်။

လေပြည်သုတ်ဖြူး ဆဲညချမ်းထဲတွင် ကျွန်တော်အိုက်လှောင် ပူစပ်လာသည်။ နဖူးဆံစပ်၊ လည်ကုတ်၊ လည်ပင်း၊ ချိုင်းနှစ်ဖက်နှင့် လက်ချောင်းများကြား

www.burmeseclassic.com



တို့မှ ပူနွေးသော ချွေးများယိုစိမ့်လာကြသည်ကို ကျွန်တော် သိနေသည်။ အဆိုးဆုံးမှာ ပေါင်ခြံနှစ်ဖက်စလုံး ချွေးစေးများဖြင့် ပူလောင်ယားယံလာခြင်းကိုလည်း ကျွန်တော် သတိပြုမိသည်။

လက်ရှိအနေအထားကို ကျေနပ်စိတ်က ကျွန်တော်၏ ရင်အုံထဲတွင် ထိုးကြွ ရုန်းကန်သော်လည်း မျက်လုံးတွေကို "ဘိုဖြူ" ထံမှခွာ၍ မရခြင်းက အခံရခက်လှပါသည်။ ကျွန်တော်တစ်ခုခုကို အသံကုန် အော်ဟစ်ပစ်ချင်လာသည်။ အရုန့်ရင်းဆုံး အဆဲစကားများကို လည်ချောင်းထဲမှ တွန်းထုတ်ပစ်ချင်သည်။ အနည်းဆုံး အသံတစ်ခုခုတော့ ပါးစပ်မှ ထုတ်လွှင့်ပစ်ချင်သည်။ သို့သော် ကျွန်တော် ဘာတစ်ခုမျှ လှုပ်ရှား၍ မရပါ။ အာရုံကြောများ ရပ်ဆိုင်းနေသလို ဖြစ်ပါသည်။

မိမိခန္ဓာကိုယ် အနေအထားကိုပင် မေ့လျော့နေသလို မလှုပ်မခြောက်ကြီး ငြိမ်သက်နေမိပါသည်။

ဤအခိုက်အတန့်မှာ အမြင်အာရုံပြောင်းလဲမှုကို ကျွန်တော်ဝိုးတဝါး သတိပြုမိလာသည်။ တဖြည်းဖြည်းနှင့် သတိစိတ်က ပြတ်သားကြည်စင်လာသည်။ မယုံနိုင်ဖွယ် မြင်ကွင်းဖြစ်ဖွယ်ရှိသော်လည်း အသိတွင် မသက်ာစိတ်ကင်းရှင်းနေသည်။ မြင်ရသော အရာသည် ဒိဋ္ဌဓမ္မလောကထဲမှ သမားရိုးကျဖြစ်စဉ်ဟုသာ ကျွန်တော့်အသိက အလွယ်တကူ လက်ခံလိုက်ပါသည်။

အိမ်ရှေ့ မြေကွက်လပ်တွင် ဘိုဖြူရှိမနေတော့။ ဘိုဖြူရှိနေခဲ့သော နေရာတွင် လူတစ်ယောက် မတ်တတ်ရပ်လျက် ရှိနေသည်။ ဝါးရုံများကို ဖြတ်၍ ဝင်လာသည့် ခပ်ဖျော့ဖျော့လရောင်သည် လူ့ပုံပန်းသွင်ပြင်ကို ကြည်လင်အောင် မဖော်ပြနိုင်။ လည်တိုင်ကိုဆန့်၍လက်နှစ်ဘက်ကို ရင်ဘတ်ပေါ်တွင် ကြက်ခြေခတ်ပိုက်ထားဟန်ရှိသော ထောင်ထောင်မောင်းမောင်း ယောကျာ်းတစ်ယောက် ဖြစ်သည်ဆိုရုံမျှသာ ကျွန်တော် မြင်ခွင့်ရပါသည်။ ဘာကြောင့် "ယောက်ျား" ဟု လိင်ခွဲပြီးပြောနိုင်ရပါသလဲ။

ဤအချက်ကို သံသယ မရှိကြပါနှင့်၊ သူသည် အကျႌဝတ်မထားပါ။

www.burmeseclassic.com



လုံချည်တို တို စည်းထားပြီး ခြေနှစ်ဖက်ကို ချဲကား၍ ရပ်နေခြင်းဖြစ်ပါသည်။ အရပ်အမောင်းနှင့် ခြေဆံလက်ဆံများက သူ၏ "လိင်" ကို ခွဲခြားပြောနေကြပါသည်။ သူ့မျက်နှာတည် ဆောက်ဖွဲ့စည်းပုံနှင့် မျက်နှာထားကို ကျွန်တော်မမြင်ရပါ။ သို့သော် ခြံဝကို ကျောပေး၍ အိမ်ဖက်သို့ မျက်နှာမူရပ်နေသော သူ၏ မျက်လုံးအစုံကမူ ကျွန်တော့်မျက်လုံးအစုံများဆီသို့ စူးစိုက်ကြည့်နေကြမှန်း ကျွန်တော်သေချာပေါက်သိရှိနေပါသည်။ သူ့မျက်လုံးတွေ မျက်တောင်ခတ်မခတ်ကိုပါ ကျွန်တော် ပြောနိုင်လိမ့်မည် ထင်ပါသည်။ အချက်တစ်ချက်က ကျွန်တော့်နှလုံးသားကို အေးစက်စွာ ဆုပ်ညှစ်ထားလိုက်သည့် သူ့မျက်လုံးများပင်ဖြစ်သည်။ ထင်ရှားစွာ ကျွန်တော့်ကို တွေ့မြင်နေရသော သူ့မျက်လုံး များသည် နေ့လယ်တုန်းက ကျွန်တော့်ကို တွေ့တွေ့ချင်း ကြည့်နေခဲ့သည့် "ဘိုဖြူ" ၏ မျက်လုံးများပင်ဖြစ်သည်။ သူတို့က ကျွန်တော့်ကို စကားပြောနေကြပါသည်။ ထိုမျက်လုံးတို့ထံမှ ဘာသာစကားကို ကျွန်တော် အလျင်းနားမလည်ပါ။

အံ့ဩတုန်လှုပ်မှုဖြင့် ကျွန်တော်၏ ခွန်အားများ ယိုထွက်ပျံ့လွင့်ကုန်ကြသလို ခံစားရသည်။ တုန်ယင်နေသော ဒူးနှစ်ဖက် အလိုအလျောက် ညွတ်ဆင်းသွားကြသည်။ ဝရန်တာ သစ်သားတန်းကို ကိုင်ဆုပ်ထားသည့် ချွေးစွတ်ချောကျိနေသည့် လက်ချောင်းများ လေထဲသို့ လျှောထွက်သွားကြသည်။ ကြမ်းပြင်ပေါ်သို့ ထိုင်လျက် ကျသွားသည်နှင့် တစ်ချိန်တည်းတွင် ကျွန်တော့်၌ အမြင်အာရုံ ကွယ်ပျောက်သွားခဲ့ပါသည်။ ဘာကိုမှ ကျွန်တော်မမြင်တော့ပါ။ အသိဉာဏ်ပြင်သည် ဗလာဟင်းလင်း ဖြစ်သွားပြန်ပါသည်။

သတိဝင်လာချိန်တွင် ကျွန်တော် ထိုင်လျက်အနေအထားမှာ ပင်ရှိသေး၏။ လက်ဝါးအစုံက အားနည်းသော ခန္ဓာကိုယ်ကို ကျားကန်ထားသလို ကြမ်းပြင်၌ ထောက်လျက် ရှိကြသည်။ ရေထဲမှာ တစ်ကိုယ်လုံးစိမ်ထားပြီးခါစကဲ့သို့ ပူရှစေးကပ်သော ချွေးများထဲတွင် ကျွန်တော် အသက်ပြင်းစွာ ရှူနေခဲ့ပါသည်။ နှလုံးခုန်သံသည် စည်းလွတ်သော ဗုံတီးသံလို မြည်ဟီးနေခဲ့ပါသည်။ အာခံတွင်းထဲမှာ ပူရှိန်းရှိန်းဖြင့် အလွန်အမင်း ရေငတ်လျက်ရှိနေသေးသည်။

မည်သည့်အချိန်က မှိတ်ထားခဲ့မှန်းမသိသော မျက်လုံးများကို ဖွင့်လိုက်

ဒီ ရေ ဦး ● စာ အုပ် တိုက်

www.burmeseclassic.com



သောအခါ ဝရန်တာသစ်သားတန်းကို ဖြတ်၍အိမ်ရှေ့မြေကွက်လပ်ကို ကျွန်တော် ကြည့်မိလျက်သားဖြစ်နေသည်။ စောစောက မှုန်ရီရီလရောင်သည် ထိန်လင်း တောက်ပလျက်ရှိသည်။ အိမ်ရှေ့မြေကွက်လပ်သည်နေ့ချိန်ခါကဲ့သို့ ပီပီစင်စင် ပြတ်သားနေသည်။

ဘိုဖြူက ကွက်လပ်အလယ်တွင် လမ်းဖက်သို့ မျက်နှာမူရင်း ကြွားကြွား ဝင့်ဝင့် ရပ်နေသည်။ နိုးကြားဖျတ်လပ်သော ကင်းစောင့်တပ်သားတစ်ဦးလိုပင် ဖြစ်ပါသည်။ လမင်းရောင်ခြည်ဖြင့် သင်း၏ ကိုယ်လုံးက ဖွေးဖွေးတောက်နေပုံ ကြောင့် ကျွန်တော် လှိုက်လှိုက်သည်းသည်း ဝန်တိုမိလာပြန်သည်။

ဝန်တိုစိတ်ကို ဆင်ခြင်သိက ဖယ်ထုတ်ပစ်လိုက်ပြီးနောက် ကျွန်တော် သည် မိမိကျန်းမာရေးအပေါ် သံသယဝင်ချင်သလိုလို ဖြစ်လာသည်။ သက်ပြင်း မှုတ်ရင်း ဘိုဖြူကို စူးစူးစိုက်စိုက် လှမ်းကြည့်သည်။ သင်းက လွဲ၍ သင်းအနီးမှာ ဘယ်သူမျှမရှိ။ သင်းက လွန်ခဲ့သော နာရီပေါင်းများစွာကတည်းက ထိုနေရာတွင် အထီးတည်းရပ်နေခဲ့သလိုမျိုး မလှုပ်မယှက် ရပ်နေသည်။ ကျွန်တော့် သံသယစိတ် ကို သင်းက တိတ်ဆိတ်စွာ ချေဖျက်နေသည်။

သို့သော် ကျွန်တော် မမှားယွင်းနိုင်ပါ။ မမှားယွင်းနိုင်မှန်း အသေအချာ နားလည်ပါသည်။ ကမ္ဘာကြီးနောက်ပြန် လည်သွားသည့်တိုင် ကျွန်တော် မမှား ယွင်းနိုင်။ မကြာသေးမီက ကျွန်တော် လူတစ်ယောက်ကို မုချဆတ်ဆတ် မြင်တွေ့ခဲ့ ရသည်။ သူက ကျွန်တော့်ကို ဘိုဖြူ၏ မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။ ထို မျက်လုံးတွေက ကျွန်တော် နားမလည်နိုင်စွမ်းသော စကားအချို့ ပြောပြနေခဲ့ကြ သည်။ ကျွန်တော် မမှားယွင်းနိုင်ပါ။

အခက်အခဲမှာ သူတို့၏ ဆက်သွယ်မှုက ကျွန်တော်၏ အသိဉာဏ်နယ် ပယ်နှင့် လွန်စွာ ဝေးလှမ်းနေခြင်းဖြစ်သည်။ သူတို့သည် ထူးထူးခြားခြား လျှို့ဝှက် နက်နဲသော အရာများဟု ယုံကြည်ရန်မှာမူ ကျွန်တော်ဘက်က အဆင်သင့် မဖြစ်သေးချေ။

ကျွန်တော်ငေးကြည့်နေစဉ် ခွေးတိရစ္ဆာန်သည် ခြံပြင်ဘက်ခန္ဓာကိုယ်ကို

www.burmeseclassic.com



စည်းဝါးညီညွတ်သော လှုပ်ယမ်းမှုမျိုးဖြင့် သင်းက ရွေ့လျားသွားသည်။ တိုက်ပွဲဝင် စစ်မြင်းတစ်ကောင်၏ ဖျတ်လတ်မှုမျိုးလည်းပါရှိသည်။ မှောင်ရိပ်များထဲ၌ သင်းသည် အခိုးအငွေ့တစ်ခုနှယ် ရောနှောပျောက်ကွယ်သွားချိန်တွင် ကျွန်တော့် တစ်ကိုယ်လုံးမုန်းတီးမှုများဖြင့် ဆူပွက်ပူလောင်လာပါသည်။ ဘိုဖြူသည် မည်သို့သော သတ္တဝါအမျိုးအစားဆိုသည်ကို ကျွန်တော် ဂရုမစိုက်ချင်တော့ပါ။ တစ်သက်တာအတွင်း မကြိုက်ကောင်းဖူးခဲ့သော အမုန်းကသာ ကျွန်တော့်စိတ်နှလုံးတွင် ကိန်းအောင်း လှုပ်ရှားလာပါသည်။

စိတ်ထဲက ကျိန်ဆဲလိုက်ပြီးနောက် ကျွန်တော် ဖြုန်းခနဲ ထရပ်သည်။ ကြိုတင် ယူဆောင်လာခဲ့သော သားရေလေးခွနှင့် ကျောက်စရစ်ခဲ လေးများကို ယူလိုက်သည်။အိမ်အောက်သို့ ဆင်းလာခဲ့ပြီး၊ လေးခွကို ပစ်ခတ်ဖို့ အသင့်ပြင်သည်။ ပစ်မှတ်ကိုရှာ ဖွေကြည့်သည်။ ပစ်မှတ်၏ အရိပ်အယောင်မျှ မတွေ့ရပါ။ ပစ်မှတ်ကို မတွေ့ရတော့သည့်တိုင် ခုန်ထွက်ပြေးလွှားအံ့ဆဲဆဲ ကျောက်စရစ်ခဲ လေးသီးများက လက်များ၏ ထိန်းချုပ်မှုကို ဆန့်ကျင်လျက် နေရာအနှံ့အပြားသို့ ဆက်တိုက် ရုန်းကန်ပြေးလွှားသွားကြ၏။ လေးသီးများက ကျွန်တော်ထိမှန်လိုရာကို မထိမှန်ကြမှန်း အသိစိတ်က လက်မခံချေ။ အသိစိတ်ထဲတွင် တစ်ဒါဇင်ခန့်မျှ သော လေးသီးတို့သည် ထိုသတ္တဝါကောင်၏ ကိုယ်ကာယဆီသို့ တိုက်ရိုက်ထိမှန် သွားကြသည်ဟု မိုက်မိုက်မဲမဲ ယုံမှတ်နေမိပါသည်။ အကြားအာရုံ၌ အထိတ် တလန့် ညည်းတွားသံကိုပင် ကြားသယောင်ယောင် ရှိပါသည်။

ပစ်ခတ်ရန် လေးသီးများ ကုန်ခမ်းသွားချိန်တွင် စိတ်ဆန္ဒဇောတစ်ရပ် ငြိမ်ဝပ် လျော့ကျသွားသည့်နှယ် ကျွန်တော် ပင့်သက်ရှူထုတ်လိုက်မိ၏။

သို့တိုင် မုန်းတီးစက်ဆုပ်ခြင်းသည် အရှိန်ပြင်းပြင်းဖြင့် ကျွန်တော့်ရင်ကို တိုးဝှေ့ လှုပ်ကန်ဆဲဖြစ်မှန်း ကျွန်တော် သိလိုက်သည်။

ကျွန်တော် အိမ်ပေါ်ပြန်တက်ခဲ့ပြီး လက်ကျန် ကျောက်စရစ်လေးသီး များကို အိတ်နှင့်တကွ ယူလိုက်ပါသည်။ အိမ်ရှေ့ တံခါးကြီးဘေးမှ အမှောင်ရိပ်တွင် ထိုင်ရင်း ခြံထဲသို့ ပြန်ဝင်လာမည့်ပစ်မှတ်ကိုလက်နက်အသင့်ပြင်၍ စောင့်နေ လိုက်ပါသည်။ နာရီ ဝက်ခန့်ကြာညောင်းသွားသည်၊ သင်းပြန်ဝင်မလာခဲ့ပါ။

www.burmeseclassic.com



သူ့ကို မတွေ့မမြင်ရသည့်တိုင်အိမ်အနီးဝန်းကျင် မှောင်ရိပ်တစ်နေရာရာမှာ သူလျှို့ဝှက်စွာ ပုန်းခိုနေလိမ့်မည်ဟု ကျွန်တော် သံသယဝင်နေသည်။ ထို့ကြောင့် လေးခွကို ပစ်ခတ်ရန် အသင့်အနေအထားမျိုးဖြင့် ကိုင်ပြီး ကျွန်တော် အိမ်ပေါ်မှ ဆင်းလာသည်။ ကျောက်စရစ်ခဲလေးသီးအိတ်ကိုလည်း အသင့်သိုင်းလွယ်ထားသည်။ လုံ့လဝီရိယပြင်းပြင်း၊ဇွဲကြီးကြီးဖြင့် သားကောင်ကိုချောင်းသူမုဆိုးကဲ့သို့ သူ့ကို ခြံဝင်း ထဲတွင် ကျွန်တော် လိုက်လံရှာဖွေကြည့်ပါသည်။ သူကပဲ အရှောင်အပုန်း ပိရိလွန်း သလား၊ ကျွန်တော့် မျက်လုံးတွေကပဲ ညအမြင်စွမ်းအား ညံ့ဖျင်းကြသလား မဝေခွဲနိုင်။သူ့ကို ကျွန်တော်မတွေ့မြင်ခဲ့ရပါ။ သို့မဟုတ် သင်း ခြံဝင်းထဲသို့ ပြန်ဝင်မလာဘဲ ကမ္ဘာမြေတစ်နေရာရာ၌ ရှောင်တိမ်းပုန်းခိုခြင်း ဖြစ်နိုင်သည်။ ကမ္ဘာမြေပြင်ပေါ်၌ သူ ရှိမနေစေလိုခြင်းမှာ ကျွန်တော် နားလည်ခဲ့ပါပြီ။

ကျွန်တော်သည် သူရူးတစ်ယောက်နှယ် ခြံဝင်းထဲတွင် နာရီဝက်အတော်ကြာအောင် လှည့်ပတ်သွားလာနေခဲ့မိ၏။ အချိန်ဖြုန်းနေသော ကျွန်တော့်ကို သူသည် တစ်နေရာရာမှ ပုန်းလျှိုးဝှက်လျှိုး စောင့်ကြည့်ရင်း သဘောကျနေမလား မဆိုနိုင်ပါ။

စိတ်အလိုကို ရုပ်ကာယက မလိုက်လျောသည့်အချိန်ကျမှ ကျွန်တော်သည် ယစ်ထုပ်တစ်ဦးလိုခြေတရွတ်ဆွဲ၍ အိမ်ပေါ်ပြန်တက်ခဲ့သည်။ ထိုအချိန်၌ လက်ထဲမှ သစ်သားလေးခွငယ်သည် ဘီအေ (၇၂)မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်လို လေးလံနေပြီး လွယ်အိတ်ထဲမှ အလေးချိန် ငါးဆယ်ကျပ်သားခန့်ရှိမည့် ကျောက်စရစ်ခဲများမှာ အချိန်ငါးပိဿာခန့်မျှ ထင်လောက်စရာ ဖိစီးလျက် ရှိနေပေပြီ။

အရုဏ်တက် ကြက်တွန်သံများကို ကြားရင်းမှ ကျွန်တော်ခြေပစ် လက်ပစ် အိပ်ပျော်သွားသည်ဟု ထင်မိ၏။

ကျွန်တော် အိပ်မက် မက်ခဲ့ပါသည်။ တစ်သက်တာတွင် တစ်ကြိမ်မျှ မမက်ဖူးသော အိပ်မက်မျိုးဟု ထင်သည်။

www.burmeseclassic.com



အဆုံးအစမဲ့ အရပ်မျက်နှာမဲ့ လွင်ပြင်တစ်ခု၏ အလယ်ဗဟိုဟု ထင်ရသည့်နေရာတွင် ကျွန်တော်ဗလာကိုယ်လုံးတီးဖြင့် အမောတကော ပြေးလွှားနေသည်။ လွင်ပြင်အထက်မှ ပြာမှိုင်းမှိုင်းကောင်းကင်သည်ကျွန်တော်၏ ဦးခေါင်းနှင့် အလွန်နီးကပ်လျက်ရှိပြီး လွင်ပြင်မြေသားသည် ကျွန်တော် ခြေဖဝါးများအောက်တွင် ရေခဲပြင်တမျှ အေးရှရှဖြစ်နေသည်၊ အလွန်အမင်း ကြောက်ရွံ့စိတ်က အစမွှမောင်းနှင်နေသည့်နှယ် ကျွန်တော့် ခြေထောက်အစုံက အရှိန်မြင့်သည်ထက်မြင့်ပြီး ရွေ့လျားနေကြမှန်း ကျွန်တော်သိနေပါသည်။ ကျွန်တော့်နောက်သို့ လိုက်လာသံခြေသံ ပြင်းပြင်းကိုလည်း ကျွန်တော်ကြားနေရသည်။ ထိုခြေသံသည်တဖြည်းဖြည်း ကျွန်တော့်ကျောပြင်နှင့် နီးကပ်လာပါသည်။ သူ့ထံမှ တရှူးရှူးတရှဲရှဲ အသက်ရှူထုတ်သံကိုပင် ကျွန်တော်ထင်ထင်ရှားရှား ကြားနေရသည်။

တစ်ချိန်တွင် သူ့ကိုကျွန်တော် လှည့်စောင်းကြည့်မိသည် ထင်သည်။

နွားပေါက်တစ်ကောင်မျှ ကြီးမားကြံ့ခိုင်သော ခွေးနက်ကြီးတစ်ကောင်ဖြစ်ပါသည်။ ဟထားသည့်ပါးစပ်ပေါက်ကြီးဆီမှ နီမြန်းသော အာခေါင် ရှည်လျားသောလျှာနှင့် အသည်းယားစဖွယ် ဖြူလက်သော အစွယ်များက ကျွန်တော့်ကို လိပ်ပြာလွင့်မတတ် မူးမိုက်သွားစေခဲ့ပါသည်။ သို့သော် ကျွန်တော် ဆက်ပြေးမြဲပြေးခဲ့သည်။

မကောင်းဆိုးရွားကောင်၏ ခြေသံကပိုမိုကျယ်လောင်လာသည်။ အသက်ရှူထုတ်သံက ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းခုတ်မောင်းသံလို မြည်ဟည်းလာသည်။ တစ်ကြိမ်မျှ မရှုခဲ့ဖူးသော ညှီစို့စို့ ကိုယ်နံ့ကိုပင် ခံစားရသလိုရှိသည်။

ထိတ်လန့်တုန်လှုပ်ခြင်းက အထွတ်အထိတ်သို့ တက်သွားပုံရသည်။ ကျွန်တော် အော်ဟစ်ရင်း ရှေ့သို့ ဝမ်းလျားထိုး လဲကျသွားခဲ့ပါသည်။ တပြိုင်နက်တည်းတွင် လွင်ပြင်နှင့်ကောင်းကင်တို့ ပျောက်ကွယ်သွားကြသည်၊ ပိန်းပိတ်နေသော အမှောင်သားကကျွန် တော့်တစ်ကိုယ်လုံးကို စုပ်မျိုလိုက်သလို ကျွန်တော် မမြင်မကန်းဖြစ်သွားတော့သည်။ ထိုအချိန်မှာပဲ လျှောင်လှုပ်သလို တုန်ခါမြည်ဟိန်းသည့် ရယ်မောသံကြီးကို ကျွန်တော် ကြားလိုက်ရခြင်းဖြစ်သည်။ သတ္တုရိုက်ခတ်သံ

www.burmeseclassic.com



ဆန်လှသော ရယ်မောသံကြီးဟု ကျွန်တော် နောက်ဆုံး သိလိုက်သည်။ တစ်ကြိမ်မျှ မကြားဖူးသော အသံမျိုးဟု ကျွန်တော်နောက်ဆုံး သိလိုက်သည်။

ပြီးတော့ . . ဒီဌလောက၏ နွေဦးနံနက်ခင်းက ကျွန်တော့်ရှေ့မှာ ရောက်နေသည်။ နေရောင်ဖျော့ဖျော့က ချွေးရွဲနေသော ကျွန်တော့်ကိုယ်ကာယကို ဖွဖွကလေး လွှပ်ခါနေသည်။ ကျွန်တော်က အသက်ရှူမှန်အောင် ကြိုးစားလိုက်ပါသည်။

တစ်ခဏကြာတော့ ညောင်းညာကိုက်ခဲနေကြသော အကြောအချဉ်များဖြင့်လေးပင် ထုံကျဉ်နေသည့်ခန္ဓာကိုယ်အား အိမ်အောက်သို့ သယ်ယူလာနိုင်ခဲ့သည်။ လန့်နိုးကတည်းက အသိအာရုံသည် ယခုတိုင် ကြည်လင်ရှင်းလင်း မလာသေးပါ။ အိပ်မက်ဆိုး၏ ကုတ်ခြစ်ရာများဖြင့် ဉာဏ်မြင်လွှာသည် ရှုပ်ထွေးညစ်ပေနေသည့်နှယ်။ ကြောက်ရွံ့ခြင်း အတွေးမရေမရာခြင်း၊ ကြံစည်စိတ်ကူးမှုမဝံ့ရဲခြင်းတို့ဖြင့် ကျွန်တော် ကတုန်ကယင်ခံစားနေရပါသည်။

အိမ်ရှေ့မြေကွက်လပ် နေရောင်ခြည်ထဲတွင် ကျွန်တော် ရပ်နေသည်။ ဘာရည်ရွယ်ချက်ဖြင့် ရပ်နေမှန်း ကျွန်တော်မသိပါ။ လေပြည်အတိုးမှာ ပျင်းတိပျင်းတွဲ လှုပ်ရမ်းနေကြသော ထီးရိုးဝါးများကို ကျွန်တော်ကြည့်သည်။ စိမ်းဖန့်ဖန့်သီဟိုဠ် သရက်ပင်အုပ်ဆီသို့ ကျွန်တော့်မျက်လုံးကစားသည်။ ရေငင်မောင်းတိုင် အပျက်ကြီး၏ အကျည်းတန်ရုပ်ပုံကိုကျွန်တော် လှမ်းငေးလိုက်သေးသည်။ သို့သော် အကြည့်အာရုံနောက်ကွယ်မှ ရည်ရွယ်ချက်ကို ကျွန်တော်ပီပီပြင်ပြင် နားမလည်ပါ။ ရုတ်တရက်ဆိုလျှင် ကျွန်တော်သည် အိပ်မက်ဆိုးတစ်ခုအတွင်းမှ လွတ်မြောက်လာပြီးနောက် အခြားပျင်းရိဖွယ် အိပ်မက်ငြိမ်တစ်ခုထဲသို့ ကူးပြောင်းရောက်ရှိလာခဲ့သလိုပင် ဖြစ်ပါသည်။

လူတစ်ယောက်၏ စကားသံက ကျွန်တော့်ထံမှ ရွဲ့စောင်းနေသော စိတ်အသိကို တည့်မတ်ပေးလိုက်၏။ အသံလာရာသို့ချက်ချင်း ကျွန်တော်ကြည့်သည်။

ခြံဝမှာလူစိမ်းယောကျ်ားကြီး တစ်ဦးရပ်၍ ပြူးဝိုင်းဝိုင်း မျက်လုံးကြီးများ

www.burmeseclassic.com



ဖြင့် ကျွန်တော့်ကိုကြည့်နေပါသည်။

နေလောင်ထားသော ရှုံ့တွတွညိုမွဲမွဲမျက်နှာပေါ်မှ စိုးရိမ်သောက ကိုကျွန်တော် ချက်ချင်းသတိထားမိသည်။ သူ့ထံသို့ ကျွန်တော့်ခြေလှမ်းများ စတင်ရွေ့လျားစဉ် . . .။

"မောင်ရင်က မနေ့တုန်းကရောက်လာတဲ့ ခြံစောင့်အသစ် မဟုတ်လား ဟင်"ဟု အဘိုးကြီးက သွေ့ခြောက်အက်ကွဲသောအသံဖြင့် လှမ်းမေးသည်။

နှုတ်ဖြင့် မတုံ့ပြန်အားဘဲ ကျွန်တော်ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ဟိုခြေရင်းဖက် ခြံမှာနေတာ၊ ဟို ဘူးစင်တွေ၊ ခရမ်းသီးခင်း တွေ ကြားထဲက တဲကလေးထဲမှာ နေတာလေ။ ဟို. . ဟို. . ကျုပ်အခု ဘိုဖြူကို လာရှာတာ သူ့ကိုမောင်ရင် ဒီမနက် တွေ့မိလားဟင်. . . ဟို. . "

ဘိုဖြူဆိုသော စကားလုံးက မမြင်စွမ်းနိုင်သော အင်အားမျိုးဖြင့် ကျွန်တော့်ကို ရုတ်တရက်ကိုင်လှုပ်လာပါသည်။ အခိုက်အတန့်မေ့လျော့နေမိသည့် ဝေဒနာက အုံကြွလာသည်။ ခန္ဓာကိုယ်ရှိ အကြောအချဉ်တွေ တောင့်တင်းသွား သလို ခံစားရသည်။ စက်ဆုပ် မုန်းတီးစိတ်က တစ်ကိုယ်လုံးနေရာအနှံ့ အပြားသို့ အပူလှိုင်းလို စီးပျံ့သွားသဖြင့် ကျွန်တော်မျက်နှာထားပါ ပြောင်းလဲသွားသည်ဟု ထင်ပါသည်။

အဘိုကြီး၏ ပြူးဝိုင်းသော မျက်လုံးတွေက မျက်တောင်တဖျတ်ဖျတ် ခပ်ရင်း ကျွန်တော့် မျက်လုံးတွေကို စူးစမ်းနေကြသည်။ ပြီးတော့ စကားများ ပြောမိသူ တစ်ဦး၏ အိုးတိုးအမ်းတန်း ဟန်မျိုးဖြင့် သူဝတ်ထားသည့် ညစ်ထပ်ထပ် ကာကီအင်္ကျီအိုကြီး၏ ရင်ဘတ်ကို ညစ်ထပ်ထပ်လက်ချောင်းကြီးများဖြင့် ပွတ်နေ သည်။။ ဇရာ၏ ထိုးနှက်ချက်များ ပြည့်လျှမ်းနေရာ သူ့မျက်နှာပေါ်မှ စိုးရိမ် သောကသည် ယခုစက္ကန့်ပိုင်းအထိ တည်မြဲနေဆဲမှန်းလည်း ကျွန်တော် မမေ့ မလျော့ အကဲဖမ်းမိပါသည်။ မိမိ၏ ခံစားမှုကို ရှေ့တန်းတင်ရန် အခြေ အနေမျိုး မဟုတ်ပါ။ မဟုတ်သင့်ပါ။ ကျွန်တော် ပင်ပန်းစွာ ပြုံးလိုက်ပါသည်။

www.burmeseclassic.com



"အဲဒီခွေးကို ကျွန်တော်မတွေ့မိဘူး အဘ၊ ဘာဖြစ်လို့လဲ"

"သူ့မျက်လုံးတွေ နေရာရွေ့သွားကြသည်။ ခြံဝင်းတစ်ပတ်ပြည့်အောင် ဝေ့ကြည့်သည်။ သူ့မျက်နှာပေါ်မှ စိုးရိမ်သောက မြင့်လာသည်ကို ကျွန်တော် သတိမပြုမိဘဲမနေနိုင်ပါ။

"ဟို. . ဒီကောင်ကြီးကို ရှာမှဖြစ်မယ် မောင်ရင်၊ ဟို. . . "

စိတ်လှုပ်ရှားမှုကို အဘိုးကြီးမဖုံးကွယ်နိုင်တော့သည့် နည်းတူ၊ကျွန်တော့် ဦးနှောက်ထဲမှ သိလိုစိတ်ကလည်း ကျွန်တော့်ကိုလှုပ်လှုပ်ရှားရှား ဖြစ်စေသည်။ ကျွန်တော် မျက်လုံးအစုံမှာ ခြံဝင်းအနှံ့သို့ ဝဲပျံရင်း အလုပ်ရှုပ်သွားကြ၏။

"ဘိုဖြူ ဘာဖြစ်လို့လဲအဘ၊ သူ ညတုန်းကအထိ အိမ်ရှေ့မှာ ရှိနေတာပဲ၊ အခု ကျွန်တော်အိပ်ရာက နိုးမှတော့ သူ့ကို မတွေ့မိသေးဘူး၊ ဘာပြဿနာ ရှိလို့ လဲ အဘ"

ကျွန်တော်က စိတ်ဝင်စားဟန် အရေးတယူလုပ်ဟန်မျိုးဖန်တီး၍ မေးခွန်းများ ထုတ်လိုက်ပါသည်။

အဘိုးကြီးက အဖြေစကားပြောရန် နှုတ်ခမ်းများကို လှုပ်သည်။သို့သော် နှုတ်ခမ်းတွေသာလှုပ်ပြီး စကားလုံးများ ထွက်မလာခဲ့။ ပြင်းထန်သော သူ့၏ အသက်ရှူသံတို့ ကြားနေရခြင်းကပင်လျှင် အဘိုးအိုနှင့် ဘိုဖြူတို့ကြားမှာ အရေးတကြီးကိစ္စတစ်ရပ်ရှိနေမှန်း သိသာလောက်ပါသည်။

"ဒီကောင် အဘတို့အိမ်က စားစရာ တစ်ခုခုခိုးပြေးသွားလို့လား" ကျွန်တော်က လေသံပြတ်ပြတ်ဖြင့်မေးလိုက်လျှင် အဘိုးကြီးက အလျင်စလို ခေါင်းခါရင်း "မဟုတ်ရပါ ဘူးမောင်ရင်၊ မဟုတ်ရပါဘူး" ဟူသော အငြင်းစကားကို အစာတစ်ခုခု ဆို့နင့်သံမျိုးဖြင့် ဖြေသည်။ ပြီးလျှင် ဆို့နင့်နေသောအစာကို ခက်ခဲစွာမျိုချသကဲ့သို့ သူလည်ချောင်းထဲမှာရှိနိုင်သည့် တံတွေးသလိပ်များကို မျိုချ သည်။ ကျွန်တော့်အနီးသို့လည်း တိုးကပ်လာသည်။ သူ့ထံမှဆေးပြင်းလိပ် စွဲသောက်သူတစ်ဦး၏ ဆေးချေးနံ့မျိုးလွင့်လာသည်ဟုပင် ထင်ရပါသည်။

www.burmeseclassic.com



"ဟို . . ဘိုဖြူလေ. . ဘိုဖြူ ကွက်ဆေးတွေ စားသွားတယ်ကွ"

သူက မျက်လုံးကြီးတွေကို နဂိုနေထက်ပိုချဲ့ပြီးပြောလိုက်ချိန်၌ ထိတ်ပျာနေစဉ် ကျွန်တော်၏ အသက်ရှူနှုန်းမြန်ဆန်လာခဲ့ပါသည်။ ပြည်တွင်း ဖြစ်ကွက်သတ်ဆေးများသည် ကွက်များကိုသာမက ဆင်ပေါက်ကြီးတစ်ကောင် ကိုပင် ဖြည်းဖြည်းချင်းဇီဝိန်ပြုတ်အောင် အာနိသင်ပြင်းထန်ကြောင်း ကျွန်တော် နားလည်သည်။ ကွက်သတ်ဆေးသည် ကွက်များနှင့်သာ အသင့်လျော်ဆုံး ဖြစ်ပါသည်။ ခွေးတစ်ကောင်အတွက်မူ ကွက်သတ်ဆေးမှာ ငရဲလက်နက်ဖြစ်သွားနိုင်ပါသည်။

သို့သော် "ဘိုဖြူ" အတွက် ကျွန်တော်စိုးရိမ်ကြောင့်ကြမဖြစ်နိုင်လောက်အောင် ကျွန်တော်နှလုံးသားကအေးစက်တည်ငြိမ်လျက်ရှိ၏။ထိုခွေး အဆိပ်မိသည် ဖြစ်စေ၊ သေနတ်ဖြင့် အပစ်ခံရသည်ဖြစ်စေ ကျွန်တော်ဝမ်းနည်းစရာ အဖြစ် အပျက် မဟုတ်နိုင်ပါ။ သစ္စာရှိစွာ ဝန်ခံရလျှင် ကျွန်တော်ကျေနပ် အားရပါသည်။

"ကဲ. . သူ့ကို ကျုပ်ရှာမှဖြစ်တော့မယ်"

ကျွန်တော်က ကျေနပ်အားရစိတ်ဖြင့် မလှုပ်မယှက် ငြိမ်သက်နေစဉ် အဘိုးကြီးသည် ကျွန်တော်အနီးမှဖြတ်ပြီး အိမ်နောက်ဖက်သို့ လျှောက်ဝင်သွား၏။ သူ့အမူအရာသည် ထင်ရှားသော ပြစ်မှုတစ်ခုကို ကျူးလွန်ထားသူတစ်ဦး၏ ထင်ရှားသော အမူအရာမျိုးပင် ဖြစ်နေသည်။ စင်စစ် ကျွန်တော်ကိုယ်တိုင်လည်း လိပ်ပြာလန့်အံ့သြရန်အတွက် ကျွန်တော်ပြင်ဆင်မထားခဲ့ပါ။ အဘိုးကြီးကတော့ သိသိသာသာ ထိတ်လန့် အံ့သြနေသည်။ တစ္ဆေခြောက်ခံထားရသူလို သူ၏ညှိုးမွဲမွဲ မျက်နှာမှာ သွေးရောင်လျော့သွားမှန်း ချက်ချင်းလိုလို ကျွန်တော်မြင်လိုက်ရသည်။

"ဟို့. ဟို့. . . ကျုပ်ခြံထဲမှာ ကွက်တွေက သိပ်ဆိုးလွန်းလို့ ကွက်ဆေးနဲ့ ရောနယ်ထားတဲ့ ထမင်းနဲ့ ကွက်တွေကို ကျုပ်ထောင်ထားခဲ့တာ၊ ဟို့. . ညတုန်းက ကွက်တွေက သိပ်မစားခဲ့ပါဘူး။ မနက် လေးနာရီလောက်မှာ ကျုပ်အိပ်ရာကနိုးလို့ ကွက်ထောင်ထားတဲ့ပန်းကန်ကိုကြည့်လိုက်တော့ ထမင်းပုံက အနည်းအကျဉ်းပဲ လျော့တယ်၊ အို. . ဒါနဲ့ ကျုပ်ထုံးစံအတိုင်း ဘုရားရှိခိုးပြီးလို့ ကွက်ဆေးထည့်

www.burmeseclassic.com



ထားတဲ့ ထမင်းပန်းကန်ကိုလဲ လှမ်းကြည့်ရော၊ ပန်းကန်နားက ဘိုဖြူ ထသွားတာကို ရိပ်ခနဲတွေ့ရတယ်၊ ပန်းကန်ထဲမှာ ထမင်းတစ်စေ့မှ မရှိတော့ပဲ တက်တက်စင် ပြောင်နေတော့တာပဲမောင်ရင်၊ ဘိုဖြူ. . . ဘိုဖြူ. . . အကုန်စားပစ်လိုက်ပြီဆိုတာ ကျုပ်သိလိုက်ပြီပေါ့ မောင်ရင်ရယ်။ ကျုပ်ဘာတတ်နိုင်မှာလဲ။ ဟို. . ဒါပေမယ့် သူ့ကို ကျုပ်ရှာရလိမ့်မယ်။ တွေ့ရင် သူ့ကိုအဆိပ်ပြေအောင် ကန်စွန်းရွက်ဖျော် ရည်တိုက်ရလိမ့်မယ်။ ကြွက်သက်ဆေးဟာ ဘယ်လောက်အဆိပ်ပြင်းတယ်ဆိုတာ မောင်ရင်သိတယ်မဟုတ်လားဟင်”

အဘိုးကြီးက တရားခွင်မှာ ဖြောင့်ချက်ပေးနေသူ တရားခံတစ်ယောက်၏ အက်ကွဲသော အသံလေးလေးဖြင့် ကျေနပ်အားရစိတ်ကို မခံစားနိုင်ပါ။ ကျေနပ်အားရစိတ်ကို အပြစ်ကျူးလွန်ထားသူတစ်ဦး၏ နောင်တစိတ်က ဖြည်း ဖြည်းချင်းရစ်ပတ် နှောင့်ယှက်နေပါသည်။ မှန်ပါသည်။ လွန်ခဲ့သော နာရီအနည်း ငယ်တုန်းက ကျွန်တော်ကိုယ်တိုင် ‘ဘိုဖြူ’ကို အကြိမ်ကြိမ်အဖန်ဖန် သတ်ဖြတ် ကြိတ်ချေခဲ့ခြင်းကို ကျွန်တော်မေ့မပစ်နိုင်ချေ။

ထိုခွေး တကယ်တန်း အဆိပ်မိပြီဆိုပါစို့။ ယင်းအဆိပ်သည် ကျွန်တော့် စိတ်နှလုံးထဲမှ သူ့ကိုတွေ့ပြီး၍ မိနစ်ပိုင်းအတွင်း တိုးထွက်လာခဲ့သည့် ‘အမုန်း’ ကလွဲ၍ တခြားတစ်ပါးသော အရာမဖြစ်နိုင်။လျှို့ဝှက်စွာ ခံစားနေရသော ကျေနပ်အားရစိတ်က ထိုအချက်ကို ပေါ်လွင်စေသည်ဟု ကျွန်တော်ထင်သည်။

မည်သို့ဆိုစေ-ကျွန်တော် ဥပေက္ခာမရှုနိုင်သေးပါ။ကျွန်တော်သည် အဘိုးကြီးနောက်သို့ လိုက်လာခဲ့ပါသည်။အဘိုးကြီး၏ ရေးကြီးသုတ်ပြာ ဟန်မျိုးက ကျွန်တော်ထံ ပင်ပင်ပန်းပန်းအားမထုတ်ရပါပဲနှင့် ပူးကပ်လာသည်။ အဘိုးကြီး၏ အသက်ရှူသံကဲ့သို့ပင် ကျွန်တော်၏ အသက်ရှူသံကလည်း၊ နံနက်ခင်းထဲမှာ ဆူဆူ ညံညံဖြစ်နေသည်။ နှလုံးခုန်သံသည် ချိန်ကိုက်ဗုံးမှ နာရီစက်သံကဲ့သို့ ကျွန်တော့်ကို ခြောက်လှန့်နေသလားမသိ။ ကျွန်တော်ကြောက်ရွံ့မှုကို စတင်ခံစားနေရပါပြီ။

မှိုင်းရီဝေသော-၊ အဓိပ္ပာယ်လျှို့ဝှက်သော၊ အဆန်းတကြယ်နိုင်လွန်း သော မျက်လုံးအစုံနှင့် ခွေးတစ်ကောင်၏ ဟန်ပန်မျိုးထက် လူတစ်ယောက်၏ ဟန်ပန်မျိုးဖြင့် လူပ်ရှားသွားလာတတ်ခဲ့သည့် ‘ဘိုဖြူ’ က ကျွန်တော်၏ အတွေးကို

www.burmeseclassic.com



အေးစက်စွာ ကုတ်ခြစ်နေပါသည်။ မိမိမတွန်းလှန်ဝံ့သော၊ မိမိအပေါ် ထာဝစဉ် နိုင်ငံထက်ကလူပြုခဲ့သော ရန်သူတစ်ဦးကို ကြောက်ရွံ့စိုးထိတ်ပုံမျိုးဖြင့် တစ်စုံတစ်ခု ကို ကျွန်တော်ကြောက်ရွံ့ စိုးထိတ်နေသည်။ အတွေးထဲတွင်ဝင့်ကြွားမာန်ဖီနေသည့် 'ဘိုဖြူ' ကို ဟန်ပန်အနေအထားအမျိုးမျိုးဖြင့် တွေ့နေရသည်။ ရုတ်တရက် 'ဘိုဖြူ' အသွင်ပြောင်းသွား၏။ "ဘိုဖြူ" သည် မကြာလှသေးသော ချောက်အိပ်မက်ဆိုး ထဲက ခွေးနက်ကြီးဖြစ်သွား၏။ သွားစမ်းပါ-၊ မဟုတ်နိုင်ပါဘူးဟု သတ္တိဖြင့် ဆင်ခြင်လိုက်လျှင် ခွေးနက်ကြီး၏ ပုံလွှာတမဟုတ်ချင်း လွင့်ပျောက်သွားသည်။ သို့သော် 'ဘိုဖြူ' က စိတ်အတွေးနယ်ပယ် တစ်နေရာမှာ ဘူးသီးတစ်လုံးသဖွယ် ခေါင်းမာမာဖြင့် ငြိတွယ်နေဆဲပင်။ သို့နှင့်ပင် ကြောက်ရွံ့စိုး ထိတ်ခြင်းက တရှိန် ထိုး ဟုန်းဟုန်းကြွလာနေတော့၏။

ကျွန်တော့်တွင် အသိတရားပျောက်ကွယ်သွားပြီဟု မဆိုနိုင်သည့်တိုင်၊ တည်မြဲနေသော အသိမှာ ယုံမှားစရာပင်ဖြစ်သည်။ ကျွန်တော့်တစ်ကိုယ်လုံး ချွေးစေးများဖြင့် ပူလောင်နေသလား ဆိုသည်ကို ကျွန်တော်သေချာစွာ မဆုံးဖြတ် နိုင်ပါ။ ထို့အတူ ကျွန်တော့် ခြေဖဝါးတွေအောက်မှာ မြေပြင်ရှိမရှိ၊ အမြင် အာရုံ တွင် သစ်ပင်များမြက်တောများ ရှိမရှိဆိုသည်တို့ကိုလည်း ကျွန်တော် ရေရေရာရာ မတွေးနိုင်၊ တစ်ခုတော့ သေချာသည်။

"ဘိုဖြူ"ကျွန်တော့်ရှေ့တွင် စက္ကန့်မလပ်ရှိနေသည်။ ကျွန်တော်၏ မျက်လုံးများရှေ့ မီလီမီတာအနည်းငယ်အကွာမှာဖြစ်သည်။

"ဟို--ဟိုမှာ ဘိုဖြူ"

အဘိုးကြီး၏အော်သံက အနီးမှာ သေနတ်ပစ်ဖောက်သလို ကျယ် လောင်လွန်းသည်။ ရွှေ့လျားမောင်းနှင်နေသော ကားတစ်စီးပေါ်၌ ငိုက်မျဉ်းနေခိုက် ရုတ်ချည်းကားဘရိတ်အုပ်လိုက်သည့်နှယ် ကျွန်တော်အလန့်တကြား လှုပ်လှုပ် ခါခါ ဖြစ်သွားသည်။ အိပ်ရာမှ လန့်ဖျတ်နိုးထစ လူတစ်ဦးလိုပင် ကျွန်တော် အသိက ဝေဝါးနေပါသည်။

အဘိုးကြီးက ကျွန်တော့်ရှေ့မှ ဖျတ်ခနဲ ပြေးထွက်သွား၏။ သည်တော့မှ

www.burmeseclassic.com



ကျွန်တော် သတိကြည်လင်ပြတ်သားစ ပြုလာသည်ဟုထင်ပါသည်။ မိမိအလွန် အမင်း မောဟိုက်တုန်ယင်နေမှုန်းလည်း တွေ့ရှိမိပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ဘိုဖြူကို ကျွန်တော် တွေ့မြင်နေရပါပြီ။ ရေငင်မောင်း တိုင်ပျက်ကြီး၏ခြေရင်းအနားတွင် ကျွန်တော်အမှတ်တမဲ့ဖြစ်ခဲ့သော စပါးလင်ပင်အုပ်တစ်ရုံရှိသည်။ စပါးလင်ပင်အုပ်အနီးတွင် ဘိုဖြူစွေ စောင်းစောင်း လဲလျောင်းနေသည်။ ငြိမ်ငြိမ်သက်သက်မဟုတ်ပါ။ ခန္ဓာကိုယ်သည် သုံးစက္ကန့် တစ်ကြိမ်လောက် တွန့်လိမ်လူးပ်ခါနေသည်။ လူးပ်ခါလိုက်တိုင်း သူ၏ ပါးစောင် ကြားမှ အကျိအချွဲများနှင့်အတူ မဲညစ်ညစ် ထမင်းစေ့အချို့စိမ့် အန်ထွက်လာ ကြသည်။ သူ၏ ဝမ်းဗိုက်မှာ အတွင်းပိုင်း၌ သက်ရှိသတ္တဝါအချို့ လူးပ်ရှားရုန်းကန် နေကြသကဲ့သို့ လှိုင်းထရုန်းကြွနေပါသည်။

သူ့ မျက်လုံးအစုံကို ကျွန်တော်လှမ်းကြည့်သည်။ ယခင်လို မှိုင်းရီဝေခြင်း မရှိတော့။ ယခင်လို အဓိပ္ပာယ်မဲ့လျှို့ဝှက်တော့။ ယခင်လို အဆန်းတကျယ် သွင်ပြင်ရိပ်ရောင်မျိုး မရှိနေတော့။ သူ့မျက်လုံးတွေဆီမှာ ဝိညာဉ်ငွေ့ ရိုးရိုးရိပ်ရိပ် မျှပင် ရှိမနေတော့ပါ။ ယင်းတို့သည် ဖန်သားစက်လုံးတစ်စုံ၏ ခြောက်သွေ့မှု မျိုးဖြင့် မျက်လုံးအိမ်ထဲမှာ ငြိမ်သက်နေကြသည်။

"အင်မတန်လိမ္မာရေးခြားရှိတဲ့ ကောင်ကြီးပါကွာ။ သူ့သခင်တွေ အိပ်ပြောင်းသွားတော့ သူ့ကို အဘတို့ကျွေးမွေးထားတာပါ။ ဒါပေမယ့် သူက ဒီအိမ်မှာပဲနေတယ်။ ဟို စားရုံလောက်ပဲ အဘတို့ဆီလာတာ ခိုးဝှက်စားမျိုး တာလဲ မရှိဘူး။ အင်မတန်သိတတ်တဲ့ ကောင်ပါ။ လူ့စကားနားလည်လိုက်ပုံများ တော့ဖြင့် ဘယ်ခွေးနဲ့မှ မယှဉ်နိုင်ပါဘူးကွယ်။ အင်း --ငါ့အမှား---ငါ့ကြောင့်---ငါ့ကြောင့်"

အသက်ငင်နေသော တိရစ္ဆာန်အနီးမှာ ငုတ်တုတ်ထိုင်နေသော အဘိုးကြီးက ရှိုက်ကြီးတငင် ငိုတော့မည့်အသံမျိုးဖြင့် ရေရွတ်လျက်ရှိစဉ် ကျွန်တော်က မျက်လွှာချ၍ မြေပြင်ကို ရည်ရွယ်ချက်မဲ့ ငုံ့ကြည့်နေမိပါသည်။ ရင်ခေါင်းထဲမှာ လူးပ်ကန်နေသော ပူလောင်မှု လျော့ကျလာသည်ကို ကျွန်တော် ခံစားရသည်။ ပူလောင်မှုသည် လျင်မြန်စွာ လျော့ဆင်းနေပါသည်။

www.burmeseclassic.com



နောက်ဆုံးတွင် ပူလောင်မှုပျောက်ကွယ်သွားပြီး ယင်းအစား အေးစက်မှုက ဝင်ရောက်လာသည်။ အေးစက်မှုက ပူလောင်မှုထက်ပို၍ အခံရဆိုးပါသည်။ ကျွန်တော့် အသည်းနှလုံးသည် အေးခဲမာကျစ်ရာမှ တစ်စစီပဲ့ ကြွေနေသည်ဟု ထင်ထင်စင်စင် ခံစားနေရပါသည်။

ခွန်အားမဲ့ကိုယ်ခန္ဓာကို လဲကျမသွားအောင် ထိန်းမတ်ထားစဉ် ငြီးတွားသံက ကျွန်တော့်ကို ကိုင်လှုပ်ပစ်လိုက်သည်။ ဘိုဖြူထံ ကျွန်တော့်မျက်လုံးတွေ ရောက်သွားသည်။ ငြီးတွားသံနှင့်အတူ သူ၏ အသက်ဝိညာဉ်က ဤမြေကမ္ဘာ ပေါ်မှ ပျောက်ကွယ်သွားဟန် ရှိပါသည်။

ငြိမ်သက်စွာ လဲလျောင်းသေဆုံးနေသော ခွေးတစ်ကောင်ထံမှ မျှော်လင့်စရာ များစွာမရှိသော်လည်း သူကမိမိကို ဆွဲဆောင်ညှို့ငင်နိုင်ပါသည်။ ထို့ထက်မကပိုသော အခြင်းအရာများလည်းရှိသည်။ ဘိုဖြူ၏ ရှင်သန်ခြင်းမဲ့ မျက်လုံးများက အကျည်းတန်မှုအပြင် ထူးခြားသော ဘာသာစကားတစ်မျိုးကို ဖော်ပြနေပါသည်။သည်တစ်ခါတော့ သူပြောသော စကားကို ကျွန်တော် အမှတ် ထင်ထင်နားလည်စွမ်းပါသည်။

ကျွန်တော့်ကို တွေ့တွေ့ချင်း ကြည့်လိုက်သောသူ့မျက်လုံးတွေဆီမှ ထူးခြားသော အဓိပ္ပာယ်ကို ယခုကျွန်တော်သိပြီ၊ သဘောပေါက်ပြီဟု ပြောနိုင်ပါပြီ။ သူက အပြစ်လွှတ်ရန် အသနားခံခဲ့ခြင်းကို အချိန်နှောင်းပြီးကာမှ ကျွန်တော် နားလည်နိုင်ခဲ့ ခြင်းအတွက် ကျွန်တော့်ကို အပြစ်မဆိုကြပါနှင့်။

သတ္တဝါအချင်းချင်း အပြစ်လွှတ်ကြရန် သတ္တဝါတိုင်းတွင် တာဝန် ရှိပါသည်။ သို့သော် အခါခပ်သိမ်းထိုတာဝန်ကို ကျေပွန်ခွင့် မရခဲ့ပါ။ ဘိုဖြူ အတွက် ကျွန်တော့်တွင် မည်သည့် အပြစ်မျိုးမျှ မရှိနိုင်ပါ။

ရုပ်အလောင်း မြုပ်နှံရာကျင်းကို မြေဖို့ချိန် ပြီးတွင် ကျွန်တော် မောဟိုက်နာကျင်လျှက် ရှိ၏။ မောဟိုက်နာကျင်မှု လျော့ပါးသွားစေရန် ရည်ရွယ် သကဲ့သို့ကျွန်တော်က မိုးကောင်းကင်သို့ မော့ကြည့်လိုက်သည်။ ဖေဖော်ဝါရီ၏ တစ်ခြမ်းပဲ့ လမင်းက ကျွန်တော့် ညာဖက်ပခုံးအထက်နားတွင် တိမ်တိုက်တစ်ခုကို

www.burmeseclassic.com



မှို၍ ရပ်နေသည်။

လမင်း၏ နယ်ပယ်သည် ကျယ်ဝန်းလွန်းလှပါသည်။ ဘိုဖြူသည် လမင်း၏ နယ်ပယ်အပြင်ဖက်တစ်နေရာရာမှ ကျွန်တော့်ကို စောင့်ကြည့်နေပါ လိမ့်မည်။

✢ ✢ ✢

ဒီ ရေ ဦး ◉ စာ အုပ် တိုက်

www.burmeseclassic.com



# သင်္ချာ[illegible]

www.burmeseclassic.com

# သင်္ချာဆရာမ

သူမသည် ရန်ကုန်တက္ကသိုလ်မှ သင်္ချာအဓိကဘာသာဖြင့် သိပ္ပံဘွဲ့ ရရှိထားခဲ့သည်။ ယခုအခါ သူမသည် ရန်ကုန်တိုင်းအတွင်းရှိ အစိုးရ အလယ်တန်း ကျောင်းတစ်ကျောင်းတွင် သင်္ချာဘာသာပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။ စင်စစ်အားဖြင့်မူ အေးအေးမာသည်သင်္ချာပညာရပ်တွင် တတ်သိ လိမ္မာသူ တစ်ယောက်မဟုတ်ပေ။ မိမိသည် သင်္ချာညံ့ဖျင်းသူဖြစ်ကြောင်းယခုမှပင် အေးအေးမာ ကိုယ်တိုင်ကိုယ်ကျ ဆင်ခြင်နားလည်လာခဲ့ပါသည်။ ထို့ကြောင့် လည်း သူမကိုယ်သူမ ခွင့်မလွှတ်နိုင်တော့ပါ။ ထို့အတူ သူမဘာဆက်လုပ်ရမှန်း လည်း မသိတော့ပါ။

မိခင်၏ ဝမ်းထဲမှာကတည်းက သန်စွမ်းခဲ့ပုံရသော ဆံနွယ်မျှင်ကလေး များသည် ပြင်ပကမ္ဘာသို့ ရောက်ရှိခဲ့ပြီး ရပ်ပေါင်းခြောက်ဆယ်နီးပါး ကြာမြင့်ခဲ့သည့်တိုင် သန်စွမ်းမှု အရှိန်အားကောင်းဆဲဖြစ်သည်။ ပထမ ကလေး နှစ်ယောက်တုန်းက "မွေးဆံပင်" ကိုတစ်လသားအရွယ်မှာ ရိတ်ပယ်ရှင်းသန့် ပေးခဲ့သော်လည်း ယခု တတိယကလေးကျမှ ဆံပင်မရိတ်ဖြစ်သေးသည်မှာ ဘာအကြောင်းကြောင့်မှန်း အေးအေးမာ မစဉ်းစားအားခဲ့ပါ။ နီထွေးထွေး မျက်နှာ

www.burmeseclassic.com


ကလေးပေါ်မှာ အုပ်ဆိုင်းဝေကျနေကြသည့် မှောင်နက်သော ဆံပင်နုနုကလေးတွေမှာ အေးအေးမာအတွက်မူ ကြည့်ကောင်းနေသည်သာ ဖြစ်သည်။ ဤကလေးငယ်သည်မျက်ခုံး မျက်လုံးလည်းကောင်းပြီး သူမ၏ အစ်ကိုနှင့် အမေတို့ထက် နှာတံလည်း ပိုမိုပေါ်လွင်ထင်ရှားမည့်ဟန် ရှိပါသည်။

ထိုသူမသည် ပထမနှစ်ယောက်ထက် မွေးစကိုယ်အလေးချိန်လည်း ပိုပါသည်။ ခြေတံလက်တံရှည်လျားပြီး ဖွံ့ဖြိုးတုတ်ခိုင်မည့် အလားအလာ လက္ခဏာများကိုလည်း အေးအေးမာ သတိပြုမိခဲ့ပါသည်။ ထိုကလေးသည် တွေ့မြင်သူလူကြီးတိုင်းက ဂရုတမူ အာရုံစိုက်လာကြမည့် ချစ်ဖွယ်မိန်းကလေး ဖြစ်ရမည်ဟုလည်း အေးအေးမာ ယုံကြည်ထားသည်။ ထိုကလေးသည် အေးအေးမာ၏ ရင်သွေးမည်ကာမတ္တ မဟုတ်၊ လက်နက် တစ်စုံတစ်ရာလည်း ဖြစ်သည်။ ထိုကလေးကို လက်နက်အဖြစ် အေးအေးမာ ဖန်တီးခဲ့ခြင်းဖြစ်သည်။ ထိုလက်နက်ဖြင့် တစ်စုံတစ်ဦးကိုတိုက်ခိုက်ပြီးလျှင် ပြဿနာအခြေ အနေတစ်ရပ်ကိုကျော်လွှားအောင်မြင်ရန် အေးအေးမာ ကြံစည်ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။ သို့တစေ အေးအေးမာ၏ အကြံအစည် အထမမြောက်ခဲ့ပါ။ ထိုမျှမက ဘေးကျပ်နံကျပ် ဆိုးကျိုးရလဒ်တွေကိုပါ အေးအေးမာ မျက်မှောက်ပြုလာခဲ့ရတော့သည်။ သူမကိုယ်တိုင် ပစ်လွှတ်ခဲ့သည့် ကျည်ဆံတစ်တောင့်က သူမ၏ ရင်ဝတည့်တည့်သို့ နောက်ပြန်ဦးလှည့် ထိမှန်ခဲ့သည့်အလားပင်ဖြစ်နေတော့၏။

မေမေ့သားသမီးသုံးယောက်ထဲမှာ အထူးခြားဆုံး အခြေအနေတစ်ခုက မွေးဖွားဖြစ်တည်လာတဲ့ သမီးကလေးဟာ မေမေ့ရဲ့အချစ်ဆုံး အမြတ်နိုးဆုံးဖြစ်သင့်ရဲ့သားနဲ့ ဘာလို့များ သမီးလေးကလေးဟာ မေမေ့ရဲ့ နှလုံးသားနဲ့ဝေးကွာဖို့ ကြိုးစားနေခဲ့ရတာလဲ သမီးရယ်။ ဒါမှမဟုတ် မေမေကိုယ်တိုင် မသိစိတ်နှိုးဆွ အားနဲ့ သမီးကလေး ကို တွန်းဖယ်ပစ်မိနေတာလား။ ဒီလိုသာဆိုရင် မေမေဟာ လူစင်စစ်က ခွေးဖြစ်တော့ မှာပေ့ါ။ လူမိန်းမတစ်ယောက်ဟာ ခွေးမတစ်ကောင်လို သားသမီးကို မွေးထုတ်ပြီးတာနဲ့ ခေတ္တခဏ အချိန်ကာလအတွင်းမှာပဲ သဘာဝတို့ရဲ့ ညွှန်ကြားမှုအတိုင်း နို့တိုက်ပြီးတဲ့နောက် လွတ်လပ်စွာ ရှာဖွေစားသောက်ဖို့ သားသမီးတွေကို စွန့်ပစ်ထွက်ခွာခဲ့ရင် အဲသည်မိန်းမဟာ လူအဖြစ်ကနေ ခွေးအဆင့်ကို ဦးစောက်ကျွမ်းပြန်ထိုးဆင်းသွား မှာပဲမဟုတ်လား။ မေမေဟာ

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင် လူယဉ်ကျေးအသိုင်းအဝိုင်းမှာကြီးပြင်း ခဲ့သူပါ။ ခေတ်ပညာတတ် အာစရိယဂိုဏ်းဝင်ပါ။ လူစင်စစ်က ခွေးတော့မဖြစ်ပါရစေနဲ့ သမီးရယ်။ မေမေဟာ မွန်မြတ်တဲ့ မိခင်မာတာ စာရင်းဝင်တစ်ဦးတော့ ဖြစ်ပါရစေ။

အခန်းထဲတွင် အောက်သိုးသိုးအနံ့များ လွင့်ပျောင်နေသည်။ သူမနှင့် မနီးမဝေးရှိ အဝတ်ဟောင်းများ ဖိသိပ်ထိုးထည့်ထားသော ဒန်ဇလားထဲမှ နံနေခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။ မီးဖိုခန်းထဲရှိ မနေ့ညက စားကြွင်းစားကျန်အချို့ ကပ်ငြိနေကြဆဲ မဆေးမကြောရသေးသည့် ပန်းကန်ခွက်ယောက်များဆီမှလည်း ဖြစ်ချင်ဖြစ်မည်။ နေရောင်လည်းကောင်းကောင်းမရ၊ မလျှော်ဖွပ်သည်ကလည်း ကြာ၊ နေမလှန်းရသည်မှာလည်း တာရှည်နေခဲ့သည့် မိသားစုအိပ်ရာ၊ မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတွေကလည်း သည်လိုမနှစ်မျို့စရာ အနံမျိုးထွက်နေနိုင်သည်။ ဤကလေးကို မွေးဖွားပြီးက တည်းက အေးအေးမာသည်အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာခြင်းမရှိတော့ပါ။ ကလေးကငို သေးကစိုနှင့်သာ လုံးချာလိုက်နေခဲ့သည်ဖြစ်၍ တစ်အိမ်လုံးရှိပစ္စည်းပစ္စယ တိုလီမုတ်စများသည် ဗရချေးနန်း ညစ်ပေရှုပ်ပွေ နံစော်ပုပ်လှိုင်နေတော့သည်။ သူမကိုယ် သူမစိတ်တိုင်းကျ အချိန်ယူ၍ သန့်ရှင်းမှုမပြုနိုင်သည်ပင်လျှင် ရက်ပေါင်းများစွာ ရှိခဲ့ပြီ။ သူမ၏ ကိုယ်ခန္ဓာဆီမှ မီးခိုးစော်၊ကြက်သွန်နီစော်၊ ကလေးသေးနံ့၊ နို့ဟောင်းနံ့နှင့် အခြား မလိုလားဖွယ် အနံ့အသက်မျိုးစုံကို ရှင်းထုတ်သန့်ရှင်းပစ်ဖို့လည်း သူမ သတိမေ့လျော့နေမိခဲ့ပါသည်။ ကိုးနှစ်အရွယ်သားကြီးနှင့် ခုနစ်နှစ်အရွယ်သမီးကြီးတို့ သည် သူမအတွက် လုံလောက်သော ကူဖော်လောင်ဖက်များဖြစ်မနေခဲ့ကြပါ။ အိမ်ဦး နတ်ရှင်ဘွဲ့မည်ခံ 'အောင်ဌေး' သည်သဲရှုပ်ရှုပ်ဖြစ်နေသော ကြမ်းခင်း ကော်ဇောပေါ်မှာ နင်းလျှောက်နေမြဲဖြစ်သော်လည်း တံမြက်စည်းတစ်ချက် လှည်းကျင်းဖို့ မဆိုထားဘိ၊ သူ၏ ဆေးလိပ်ပြာခွက်ကိုပင် အိမ်ရှေ့အမှိုက်ခြင်းထဲ သို့ သွန်ပစ်ရန် စိတ်ကူးခဲ့ပုံမရခဲ့ပါ။ အောင်ဌေးလို အိမ်ထောင်ဦးစီးသည် အိမ်တွင်းသန့်ရှင်းမှု လုပ်ငန်းများတွင်ပါဝင် ပတ်သက်ရန် လိုအပ်ပါ၏လော။ အိမ်သာအိုးကို သူကရေ လောင်းဖြည့်ပေးရပါမည်လော။ မှိုစော်နံနေသော သင်ဖျူးဖျာတွေကို လှမြင်ကွင်း လမ်းမမှာ တဘုန်းဘုန်းရိုက်၍ ဖုံခါနေရပါမည်လော။ ကလေး သေးစိုအနှီးဝတ် တွေကို တဖျန်းဖျန်းရိုက်နှက်လျှော်ဖွပ် ရမှာက

www.burmeseclassic.com



သူ၏ ဝတ္တရားဖြစ်နိုင်ပါမည်လော။ သူ၏ဝန်ထမ်းလစာ နှစ်ထောင်ကျပ် ကျော်ကျော်မျှဖြင့် တစ်လလျှင် စရိတ်ကျပ်ငါးထောင်ခန့် ကုန်ကျနိုင်မည့် အိမ်ဖော်အမျိုးသမီး တစ်ယောက်ကိုရှာဖွေ ငှားရမ်းပေးရပါမည်လော။

အေးအေးမာတို့ လင်မယားသည်အိမ် ထောင်သက် ၁၂ နှစ်ခန့်အတွင်း အိမ်ဖော်ငှားရမ်းခိုင်းစေနိုင်မည့် အခွင့်အလမ်းမျိုးကို မကြုံတွေ့ခဲ့ကြရပါ။ လက်ဦး သားသမီးနှစ်ယောက်မွေးဖွားစဉ်က သူတို့နှင့်အတူ အေးအေးမာ၏ အစ်မ၊ အိမ်ထောင်ပျက် တစ်ကိုယ်ရည်လူလွတ် "ရီရီမာ" ရှိခဲ့သည်။ ရီရီမာသည် ကလေးထိန်းနာနီလည်း လုပ်သည်။ ထမင်းချက်လည်းဖြစ်သည်။ အဝတ်လျှော်ဒိုဘီတိုက်သည်။ ရေနှင့်မီလ္လာ တာဝန်ကိုလည်း ထမ်းရွက်ခဲ့သည်။ အိမ်သာကမုတ်ကို တိုက်ချွတ်ဆေးကြောသည်ကအစ ဘုရားညောင်ရေအိုးပန်းလဲ၊ ပန်းကပ်သည်အဆုံး ရီရီမာက ထောင့်စေ့အောင် အားတက်သရော ဆောင်ရွက်ပေးခဲ့သည်။ လွန်ခဲ့သော ၃ နှစ်လောက်ကတည်းက "ရီရီမာ" သည် ဒုတိယ အိမ်ထောင်ဘက်ခေါ်ဆောင်ရာ မွန်ပြည်နယ် တစ်နေရာသို့ လိုက်ပါသွားပြီ။ အေးအေးမာတို့နှင့် အဆက်အသွယ် ပြတ်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။ အေးအေးမာတွင် ရီရီမာကဲ့သို့ အိမ်တွင်ခေါ်ထား၍ အိမ်တွင်းမှု ဗာဟီရများ ကူညီဝိုင်းဝန်းပေးနိုင်သော အခြားဆွေမျိုးသားချင်း တစ်ကောင်တစ်မြီးမှ မရှိခဲ့ပါ။ ငွေအောင်ကျပြန်တော့ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ရာ သူ၏ ဆွေမျိုးမဆိုထား ဘိဦး၊ သူသေလျှင်ပင် အကြောင်းကြားရမည့်သွေးသား တစ်စုံတစ်ဦးမျှ ရှိမနေခဲ့ပါ။ ယခု ကလေးမွေးဖွားတော့မှပင် သူတို့၏ အထီးကျန်ပုံကို အေးအေးမာ ထင်းထင်း လင်းလင်း ခံစားတွေ့မြင်လာရ၏။

ကမ္ဘာပေါ်မှာ ကလေးတစ်ချို့ကို မိခင်တစ်ချို့ဟာ မမွေးချင်ပါလျက်နဲ့ မွေးခဲ့ရတယ် သမီးကလေးရဲ့၊ မမွေးမဖြစ်လို့ပေါ့ကွယ်။ အများစုသော မိခင်တွေကတော့ ကလေးတွေကို တောင့်တလိုလားစွာ မွေးခဲ့ကြတာပဲ။ ဒီနေရာမှာ သမီးကို မေမေ မွေးထုတ်ခဲ့ရတဲ့ အကြောင်းက တစ်မျိုးတစ်ဖုံ ထူးခြားနေတယ်။ သမီးကို မေမေက ရင်နှစ်သည်းချာ သားသမီးရတနာအဖြစ် ရည်ရွယ်ပြီး မွေးပစ်လိုက်တာ မဟုတ်ဘူး။ လိပ်ခဲ တည်းလည်း ဖြစ်နေတဲ့ အရေးကိစ္စတစ်ခုမှာ နည်းဗျူဟာ လက်နက်တစ်ခုအဖြစ် အသုံးချဖို့ "လက်ရှိအသုံးချတန်ဆာပလာ"

www.burmeseclassic.com



အဖြစ် မွေးယူခဲ့တာပဲ။ ရှင်းပြီလားကွယ်။ ဒါပေမယ့် မေမေ့ရည်မှန်းချက် မအောင်မြင်တဲ့အပြင် ပထမဆုံးရှုံးမှုကနေ ထပ်ဆင့် ဆုံးရှုံးမှုတွေကို ကြုံတွေ့လာရတော့ မေမေ့ ရင်နှလုံးကြွေပြုန်းမတတ် နင့်နင့်နဲနဲ ခံစားရပြီလေ။ မေမေ့ရဲ့ ထိခိုက်နာကျင်မှုအတွက် မေမေ့ ကိုယ်တိုင်မှာ တာဝန်ရှိတာ မှန်ပေမယ့် တစ်ခါတစ်ရံ မှာတော့ သမီးကို ခုလိုတစိမ့်စိမ့် ငေးစိုက်ကြည့်မိရာကနေ မှုခင်းတစ်ခုမှာ ပါဝင်တဲ့ အမှုတွဲ တရားခံကလေး တစ်ယောက်လို ထင်မြင်မိလာတယ်။ အဲသည်အခါမှာ သမီးဟာ မေမေ့အတွက် မလိုလားအပ်တဲ့အနီးဆုံး အပေါင်းအဖော် ဖြစ်လာတယ်။ သမီးကို မေမေ မုန်းမယ်ဆို မုန်းလို့ရအောင် သမီးရဲ့ အနေအထားက မေမေ့ဘဝ ကို ကုတ်ခြစ်ကိုက်ခဲနေတဲ့ တိရစ္ဆာန်ရိုင်းတစ်ကောင်နဲ့ တူသယောင်ယောင် မေမေ ယောင်မှားသံသယနဲ့ ခံစားလာရတာပေါ့ကွယ်။ ကမ္ဘာပေါ်မှာ မွေးကာစ ရင်သွေးလူမမည်ကို မုန်းတီးတဲ့ မိခင်တစ်ချို့ရှိနေတာ အမှန်ပါ။ သူတို့နေရာမှာ ဝင်ရောက်ခံစားကြည့်မှသာ သူတို့ကို နားလည်နိုင်မှာပါ။ သူတို့ဟာ မိခင်စိတ်ကင်းပျောက် လွင့်ပါးကုန်ကြတဲ့အထိ လောကဓံတရားရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို မဆန့်ရင်ကန် တွေ့ကြုံလိုက်ရလို့ပါကွယ်။ တကယ်ဆို သတ္တဝါတို့ရဲ့ ဗီဇအခြေခံ သဘောအရ မိခင်တိုင်း သူတို့ဝမ်းဗိုက်ထဲမှာ အရှိန်ယူခိုအောင်း အားမွေးပြီး ပြင်ပလောကထဲကို တိုးထွက်လာတဲ့ သူတို့ရဲ့ ကိုယ်ပွားငယ်ကလေးကို ချစ်ခင်တွယ်တာကြတာဟာ ငြင်းဆန်လို့မရတဲ့ သတ္တလောက နိယာမပါ။ သို့ပေမယ့် မေမေ့ရဲ့ လက်ရှိအခြေအနေမှာတော့ သမီးဟာ မုန်းရွံစရာ မဟုတ်သည့်တိုင် မေမေ့ကို ငြီးငွေ့မောပန်းစေတဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်နေပြီဆိုတာ သမီးသိပါရဲ့လား။ မေမေ ကိုယ်တိုင် ကြံစည်တီထွင်ခဲ့တဲ့ လက်နက်ဆန်းက ရန်သူကို မထိမှန်ဘဲ မေမေ့ဆီကို ဦးလှည့်ပုန်ကန် ပျံသန်းလာနေပြီ ဆိုတာကော သမီးရိပ်မိနိုင်ပါရဲ့လား။

"မသီတာ" ကို အေးအေးမာ စတင်မြင်ဖူးချိန်တွင် မသီတာသည် အောင်ဌေး၏ သန္ဓေသားကို "စီမံကိန်းအကျိုးပွ" ဖြင့် ဖုံးကွယ်ထားခဲ့ပါသည်။ မွေးရက်နီးကပ်နေသော ကာလမျိုးဖြစ်သည်။ မိတ်ဆွေအမျိုးသမီး၏ ညွှန်ပြမှုဖြင့် ချောင်းမြောင်းကြည့်ရှုနေသော ပထမဇနီးကို ဒုတိယဇနီးက သတိပြုမိပုံမရခဲ့ပါ။ မသီတာသည် မိမိလောက်ပင် အသား မလတ်။ မိမိလောက်ပင် ကိုယ်နေဟန်ထား ပြေပြစ်ပုံမရ၊ မိမိလောက်ပင် မျက်လုံးမျက်ဖန် မကောင်းဟု အေးအေးမာ သတ်

www.burmeseclassic.com


မှတ်ယူဆသည်။ (မိမိကဲ့သို့ တက္ကသိုလ်ဘွဲ့ရ မဟုတ်ခြင်းကပင်လျှင် မိမိအောက်မှာ နိမ့်ကျနေသည်ပဲ မဟုတ်ပါလော။)

"ကောင်မက မြောက်ဥက္ကလာဈေးကလေး တစ်ဈေးထဲမှာ အထည်ဟောင်းရောင်းတာ၊ လည်တော့ တကယ်လည်တယ်၊ ငွေတိုးလည်း ချေးစားတယ်လို့ ပြောကြတယ်၊ အိမ်ထောင်ကျဖူးတယ်၊ လင်မယားကွဲတော့ သမီးကလေးကို သူ့လင်က ခေါ်သွားတယ်တဲ့၊ ကိုယ့်ရင်သွေးသမီးကို အုပ်ထိန်းနိုင်ခွင့် မရတာဟာ အကျင့် စာရိတ္တ ချို့တဲ့လို့ နေမှာပေါ့ကွယ်၊ မအေကြီးနဲ့ မအေတစ်ခု သမီးတစ်ခု နေတာတဲ့၊ ကိုအောင်ဌေးနဲ့ ငြိတာကတော့ ကိုအောင်ဌေးရဲ့ အလုပ်ထဲမှာ ကောင်မက ငွေတိုးလာချတဲ့ဆီကနေ စတာပဲဖြစ်ရမယ်၊ ကိုအောင်ဌေးမှာ မိန်းမနဲ့ ကလေးနှစ်ယောက် ရှိတယ် ဆိုတာလည်း ဒင်း (သင်း) မသိဘဲနေမှာတော့ မဟုတ်ဘူး"

အေးအေးမာ၏ မိတ်ဆွေအမျိုးသမီးက ပြောပြသည်။

အေးအေးမာသည် ဆရာဝန်တစ်ဦးက သူမအား "ကင်ဆာ" ဖြစ်နေပြီဟု ကြေညာခြင်း ခံရသလို တုန်လှုပ်ပြာဝေ သွားခဲ့ပါသည်။ သူမသည် အရှုံးအနှမ်းတစ်ယောက်လို အော်ဟစ်ငိုယိုပြီး ခင်ပွန်းသည်ကို ပြစ်တင်ရှုတ်ချခဲ့ပါသည်။ ထိုလူသည် သူမ၏ တိုက်ခိုက်ထိုးနှက်မှုကို ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။ ထိုလူသည် အေးအေးမာနှင့် မညားမီ ချစ်သူဘဝကတည်းက ထုံပေပေ အေးစက်စက်ဖြစ်၏။

"မယားငယ်ထားရုံနဲ့ လင့်ဝတ္တရား ဖောက်ဖျက်ရာ မကျပါဘူး။ မိသားစုအပေါ် ငါ့ဘာများ ဝတ္တရားပျက်လို့လဲ၊ ရှာလို့ရသမျှ မင်းလက်ထဲ အကုန်အပ်တယ် မဟုတ်လား။ မင်းနဲ့ ကလေးနှစ်ယောက် ရခဲ့ပြီးပြီ၊ တခြားမိန်းမတစ်ယောက်နဲ့ ကလေးတစ်ယောက် ထပ်ယူဦးမှာ ဘာများဆန်းလို့လဲကွာ"

ထိုလူက ဗွေဆိုးသော နွားတစ်ကောင်လို ထုံပေပေ အေးစက်စက်ဖြင့် ပြောလေသည်။ သူမသည် ခြေကုန်လက်ပန်းကျချိန်မှာ အလဲထိုးခံရသော လက်ဝှေ့သမားလို သေလုဘနန်း ခံစားစိတ်လျှော့ခဲ့ရပါသည်။ သူမ၏ နာကျင်ပူရှနေကြသော ဝေဒနာမျိုးစုံ ကြားထဲကနေ အေးအေးမာသည် လင်ယောက်ျားကို တိုက်ခိုက်အနိုင်ယူပြီး သူမ လက်ခုပ်ထဲသို့ ရောက်လာစေမည့် လက်နက်ကို

www.burmeseclassic.com



ရှာဖွေတွေ့ရှိလာသည်။ ၆နှစ်တာမျှ စွဲစွဲမြဲမြဲ သုံးစွဲလာခဲ့သော ပဋိသန္ဓေတားဆေးကို သူမသည် ဖြုန်းစားကြီး ဖြတ်တောက် စွန့်လွှတ်ပစ်လိုက်ပါသည်။ ထိုကိစ္စကို သူမ၏ ခင်ပွန်းသိရှိရန် မလိုအပ်ခဲ့ပါ။ သူမ၌ ကိုယ်ဝန်ရှိလာသောအခါ အောင်ဌေးသည် ဥက္ကာပျံခဲကြီးတစ်လုံး သူ၏ အိမ်ခေါင်မိုး ပေါ်သို့ ကျလာသလို လည်း မမှတ်ယူခဲ့ပါ။ သူနှင့်ပေါင်းဖက်သော အမျိုးသမီးများက သားသမီးမွေးဖွား ခြင်းမှာ သူ့အတွက် စိတ်ဝင်စားစရာ ဖြစ်ဟန်မရှိပါ။ သူသည် မသီတာ က "သမီး" ကလေးကို မမွေးဖွားမီက မသီတာထံ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်မျှသာပဲ ညအိပ်သွားလေ့ ရှိခဲ့သည်။ သမီးရလေသော် ထိုလူသည် တစ်ည ခြင်း၊ နှစ်ညခြင်း အလျဉ်မပြတ် သွားနေခဲ့တော့သည်။

"မင်း ကလေးမွေးပြီးတာနဲ့ သူ့ကို စောင့်ကြည့်လိုက်စမ်းပါ အေးအေးမာ၊ သူ့အငယ်မနဲ့ ကလေးဆီကို အသွားအလာ ကျဲသွားပါလိမ့်မယ်၊ မင်းရဲ့ကလေးက အကြီးတွေတုန်းကလို ဝဝကစ်ကစ် ဖြူဖြူဖွေးဖွေးကလေးတွေဆိုရင် မင်းလူ မင်းနားက ခွာမှာ မဟုတ်တော့ဘူး၊ ငယ်ချစ်က မွေးတာနဲ့ ကြီးမှ အလေလိုက် လို့ရတဲ့ ကလေးကို ယှဉ်လို့ ဘယ်ရမလဲကွာ၊ မင်းယောကျ်ား ခြေငြိမ်သွားမှာပါ"

အေးအေးမာ၏ မိတ်ဆွေအမျိုးသမီးက ပြောခဲ့သည်။ ထိုမိန်းမ၏ တွက်ကိန်း မှာ သူမ၏လျှာကို ဖြတ်ပစ်ဖို့ ကောင်းလောက်အောင် လွဲချော်သွားခဲ့ပါ သည်။ အောင်ဌေးသည် အေးအေးမာ နောက်ဆုံး သားသမီးကို မွေးထုတ်ပြသော် လည်း မသီတာထံ သွားမြဲ သွားနေခဲ့ပါသည်။ သို့ရာတွင် အေးအေးမာ၏ "သမီး" ကလေးကို ချစ်ခင်မြတ်နိုးခြင်း ပြသခဲ့ရာတွင် ပထမရင်သွေးနှစ်ဦးနှင့် အလားတူ ဖြစ်သည်။ "သမီး" ကလေးကို ထိုလူက တချီချီ တပိုက်ပိုက် တမွှေးမွှေး လုပ်နေ သည်ကို မြင်ရလျှင် အေးအေးမာသည် အိမ်နံရံတွေ ပြိုလဲပွင့်ထွက်သွားသည်အထိ ဟစ်ငိုချင်စိတ်တွေ ဖိစီးလာရပါတော့သည်။ ကြည့်လေ သမီးကလေး၏ သက်တမ်း ရက်ပေါင်းခြောက်ဆယ် နီးပါးအတွင်း သူ အိမ်ပြန်မအိပ်သော ညပေါင်းက သုံးဆယ်ကျော် ရှိခဲ့သည်ပဲ မဟုတ် ပါကလား။

သမီးရဲ့ ဖေဖေဆိုတာ ကမ္ဘာပေါ်မှာ တစ်ဦးတစ်ယောက်တည်းသာ ရှိတဲ့ သီးသန့်ယောကျ်ားပေါ့ကွယ်။ သူ့ရဲ့ ပြစ်မှုကြောင့် သမီးသူ့ကို မုန်းမသွားစေ ရပါဘူး။ တစ်နေ့တော့ မေမေတို့ အနားမှာ သူ အစဉ်အမြဲ ရှိလာလိမ့်မယ်လို့

www.burmeseclassic.com



မေမေတို့ မျှော်လင့်ကြရအောင်နော်။

ကလေးကို ပုခက်ထဲသို့ ထည့်သွင်းနေစဉ် ကလေး၏ နီတျာတျာ နဖူးကလေးပေါ်သို့ သူမ၏ မျက်ရည်တစ်ပေါက် အမှတ်မထင် ကျဆင်းစိုစွတ်သွားသည်။ အိပ်ပျော်စ ကလေးက ဘာမျှမသိလိုက်ပါ။ မသိရုံမျှမက "ထီးချက်စောင့် နတ်သမီး" က မြူချော့လာသလို မေးစက်ရင်းမှ နှုတ်ခမ်းကလေး တွန့်ရှုံ့ဖြင့် ပြုံးပြနေပြန်သည်။ အေးအေးမာသည် အသံထွက်၍ မငိုမိအောင် အသက်ရှူအောင့်၍ နှုတ်ခမ်းတွေကို တင်းတင်းကျိတ်ကျိတ် စေ့ထားလိုက်ပါသည်။


သမီးမွေးကတည်းက မေမေ ငိုခဲ့ရတယ်။ စစ်ပွဲတစ်ပွဲမှာ ရှုံးနိမ့်သွားတဲ့ စစ်သူကြီးတစ်ယောက်ရဲ့ မချိတင်ကဲ ငိုကြွေးခြင်းမျိုးနဲ့ပေါ့။ မေမေ ဆက်ငိုရဦးမယ် သမီးကလေးရဲ့။ ခုကြည့်လေ သမီးကို ကိုယ်ဝန်ဆောင်စ ကတည်းက ခုချိန်ထိ သမီးအတွက် သုံးစွဲခဲ့ရတဲ့ ငွေကြေးတွေအတွက် မေမေ့လက်ထဲမှာ အပေါင်ဆိုင်လက်မှတ်တွေ တစ်ထပ်ကြီး ဖြစ်နေပြီ။ အိမ်နီးချင်း အတိုးကြီးစား ငွေတိုးချေးတဲ့ သူကလည်း မေမေ ယူထားတာတွေများနေလို့ ထပ်မပေးတော့ဘူး။ သမီးကို ပြုစုနိုင်ဖို့ အလုပ်ကနေ ခွင့်ယူထားရတဲ့အတွက် မေမေ့ လစာငွေကို ဘယ်လိုမျှော်လင့်လို့ ရနိုင်တော့မှာလဲ။ အလုပ်က ခွင့်ဆက်ယူလို့ မရတော့ရင် သမီးကို ကလေးထိန်းနဲ့ မဖြစ်မနေ ထားရတော့မယ်။ ဒါမှမဟုတ် ကျောင်းအုပ်ကြီးဆီမှာ ခွင့်ပန်ပြီး သမီးကို ကျောင်းအထိခေါ်လာပြီး သင့်တော်သလို ပြုစုစောင့်ရှောက်ပေးရတော့မယ်။ ဒီလိုမှ အဆင်မပြေရင် မေမေ အလုပ်ကနေ မထွက်ချင်ဘဲ ထွက်ပစ်လိုက်ရလိမ့်မယ်။ အလုပ်မရှိတဲ့အခါ မေမေဟာ ဝင်ငွေမရှိတဲ့ ကလေးထိန်း၊ ထမင်းချက် သူလိုငါလို သာမန်အိမ်စောင့် ကျွန်တစ်ယောက်ရဲ့ ဘဝကို ဆိုက်ရောက်သွားတော့မှာပေါ့ကွယ်၊ ကဲ သမီးကလေးဟာ မေမေ့ နှလုံးသားဆီကနေ ဝေးကွာရာ အရပ်ဆီကို ရွေ့လျားနေပါတယ်လို့ ဘာကြောင့် မေမေပြော ထွက်ခဲ့တာလည်းဆိုတာ သမီးသိပြီလား။

အေးအေးမာသည် သချာပညာရပ်တွင် တတ်သိလိမ္မာသော သချာဆရာမ တစ်ယောက် မဟုတ်ခဲ့ပါ။ ။ (၁၉၉၇)

ကလျာမဂ္ဂဇင်း၊ မေလ၊ ၁၉၉၈

✢ ✢ ✢

www.burmeseclassic.com



www.burmeseclassic.com

# ကွင်းဆက်အသေ

**စက်၊ ယန္တရား၊ ကိရိယာတို့သည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ သက် သောင့်သက်သာရှိစေမှုအတွက် ပေါ်ထွက်လာခဲ့ကြ၏။ စက်မှုနည်းပညာတို့သည် လူသားတို့၏ ဦးနှောက်ဉာဏ်ပညာအားစိုက်မှု သက်သောင့်သက်သာရှိစေရန် ကူညီကြသည်။ လူသားတို့၏ စိတ်နှလုံး သက်သောင့်သက်သာ သာယာ ချမ်းမြေ့စေသော အာရုံရရှိရန် အတွက်မူ ယန္တရားများ၊ နည်းပညာများသည် မဖြစ်စလောက် အနည်းငယ်မျှသာ ပံ့ပိုး နိုင်ကြ၏။** *(၂၀ ရာစု မြန်မာ တွေးခေါ်ပညာရှင် ဦးကုလားဖြူ၏ "၂၂ ရာစုလူသား၏ ၂၀ ရာစု အိပ်မက်" ကျမ်းမှ)*

ကျွန်တော်၏ရှေ့ဘက် ဒသမ သုံးငါးငါးတစ် (. ၃၅၅၁) အကွာအဝေးရှိ ကားဒက်ရှ်ဘုတ်မှ အလိုအလျောက် သံစုံမြည်အချက်ပေးနာရီသည် နံနက် ၈ နာရီထိုးကြောင်း နှိုးဆော်အသိပေးလာသည်။ ကြားရဖန်များလွန်း (လူမှန်းသိ၊ အချိန်နာရီ မှန်းသိကတည်းက သံစဉ်အပြောင်းအလဲမရှိ ယခုထက်ထိ ကြားနေကျအသံ) သော အသံဖြစ်၍ ကျွန်တော် လုံးဝမကြားခဲ့ရခြင်းနှင့် များစွာကွဲပြားမှုတော့ ရှိမည်မထင်ပါ။ နာရီမှ အလိုအလျောက် အချက်ပေးသော သံစဉ်ကို ကျွန်တော် ငြီးငွေ့ မုန်းတီးနေသော်လည်း အခြားသံစဉ် ပြောင်းလဲတပ်ဆင်ရန် အခွင့်အရေး မရှိပါ။ တစ်ကမ္ဘာလုံးရှိ နာရီများသည် နံနက်ရှစ်နာရီတွင် တစ်မျိုး

www.burmeseclassic.com



တစ်စားတည်းသော ဤသံစဉ်ကိုသာ မြည်သံပေးနေကြမည်သာဖြစ်သည်။ သံစဉ်များ အမျိုးမျိုးအဖုံဖုံ ကွဲပြားနေခြင်းက ကွန်ပျူတာများကို ယခုထက်ပို၍ အလုပ်ပိုနိုင်းရာ ရောက်ပေလိမ့်မည်။ အချို့နေရာများတွင် ကွန်ပျူတာကို လူသား တစ်ယောက်ကဲ့သို့ သက်ညှာပြီး အလုပ်လျှော့ခိုင်းရန် လိုအပ်သည်ဟု ယူဆသူများ ရှိနေကြပါသည်။

ကျွန်တော်က ဓာတ်ဆီအင်ဂျင်အား အနည်းငယ်မျှသာ သုံးစွဲသည့် "တိုယိုတာ ပရိုင်းယတ်စ်" လျှပ်စစ်ကား၏ အရှိန်မြှင့်ခလုတ်ကို အနည်းငယ် လှည့်လိုက်ပြီး ဒိုင်ခွက်များရှိ (၁၄၀) အမှတ်အသားပါ ခလုတ်ကို နှိပ်လိုက်ပါသည်။ ကားသည် ချက်ချင်းပင် တစ်နာရီလျှင် ကီလိုမီတာ (၁၄၀) နှုန်းဖြင့် တသမတ်တည်း ပြေးနေမည်ဖြစ်သည်။

ကျွန်တော်သည် ဒက်ရှ်ဘုတ်အောက်ရှိ အအေးခန်းထဲမှ ကော်ဖီတစ်ဘူး ထုတ်၍ အဖုံးဖွင့်သောက်လိုက်၏။ ကားထဲရှိ ရှစ်စင်တီမီတာပတ်လည် မျက်နှာပြင်ရှိသော တီဗွီတွင် ဂန္ထဝင်ခေတ်ဟောင်း ရုပ်ရှင်ကား "သူ့ကျွန်မခံပြီ" ဒီဗွီဒီ ဓာတ်ပြားထည့်၍ကြည့်သည်။ ကျွန်တော် ကားမောင်းနေပုံမှာ (၂၀) ရာစုတုန်းက ကားဒရိုင်ဘာ တွေနှင့် လုံးဝတူမည်တော့မဟုတ်။ အမှတ် (၃၆၄) အဝေးပြေး လမ်းမကြီးပေါ်တွင် ကျွန်တော်၏ ပရိုင်းယတ်စ်ကားကဲ့သို့ မောင်းနှင်သွားလာ နေကြသည့် ကားများထဲမှ ဒရိုင်ဘာဆိုသူများမှာလည်း ကျွန်တော်ကဲ့သို့ ကော်ဖီ သောက်ရင်း ဗွီဒီယိုကြည့်ချင် ကြည့်နေမည်။ သတင်းတွေကြည့်ချင် ကြည့်နေ မည်။ သို့မဟုတ် ကာရာအိုကေစက်ဖွင့်၍ သီချင်းဆိုချင်ဆိုနေကြမည်။ တစ်ကမ္ဘာ လုံးရှိ မော်တော်ယာဉ်များမှ ဒရိုင်ဘာ အစစ်အမှန်တွေကား သတ္တုတွေ၊ ပလတ် စတစ်တွေ၊ ဖန်တွေ၊ ကျောက်သလင်းတွေဖြင့် ဖွဲ့စည်း ထားကြသော ကွန်ပျူတာ ဒရိုင်ဘာတွေသာ ဖြစ်ကြသည်။ ၎င်းတို့ကို ကျွန်တော်တို့ လူသားတွေက လက်ချောင်းအချို့ဖြင့်လည်းကောင်း၊ ပါးစပ်လှုပ်ရှား၍ စကားလုံးအချို့ ပြောဆိုရေရွတ်ခြင်းဖြင့်လည်းကောင်း၊ ခိုင်းစေပေးရုံမျှဖြင့် ၎င်းတို့သည် ကျွန်တော် တို့ လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် ဘေးမသီရန်မခစေဘဲ ပို့ဆောင် ပေးကြမည်သာဖြစ်ပါသည်။ ကျွန်တော်တို့ အလွန်သက်သာ အားလပ် သည့်ခေတ်ကြီးထဲမှာ သက်ရှင်နေထိုင်ခွင့်ရနေကြသည်။ အိပ်ရေးပျက်ခဲ့လျှင်

www.burmeseclassic.com



ကားပေါ်၌ အိပ်စက်၍ လိုက်ပါသွားနိုင်သည်။ ချစ်သူပါလာခဲ့လျှင် ချစ်တေးသီ ချစ်တင်းနှောနိုင်သည်။ မိတ်ဆွေများနှင့် ယမကာဝိုင်းဖွဲ့နိုင်သည်။

နံနက် (၈) နာရီ (၅) မိနစ်တွင် ကျွန်တော်၏ကားသည် စားသောက်ဆိုင်ရှေ့ ကားရပ်စခန်းမှာ ရပ်မိသည်။

ကျွန်တော့်ထံ ကားရပ်ခွန် ကောက်ခံမည့်သူ မလာပါ။ လာရန်လည်း မလိုအပ်ပါ။ ကားရပ်စခန်း တစ်ခွင်လုံးကို အမြဲမပြတ် စောင့်ကြည့်နေသော တီဗွီကင်မရာမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ သတင်းပေးလိမ့်မည်။ ထိုဌာနက အခြားဌာနတစ်ခုသို့ ကျသင့်ငွေစာရင်းပေးပို့မည်။ အချိန်တန်လျှင် ကားရပ်ခွင့်ကျသင့်ငွေကို ကျွန်တော်၏ ငွေစုဘဏ်စာရင်းထဲမှ ထုတ်ယူသွားမည်ဖြစ်သည်။

ဆိုင်ထဲရှိ စားပွဲတစ်လုံးမှာ "နန္ဒီ" က ကျွန်တော့်ကို ထိုင်စောင့်နေသည်။ ကျွန်တော်က ငါးမိနစ်နောက်ကျ၍ ရောက်လာခဲ့ခြင်းအတွက် အပြစ်ကို ဝန်ခံသလို ပြုံးပြသည်။ နန္ဒီကလည်း အပြစ်လွှတ်ဟန်ပြုံးပါသည်။

"ဆောရီးကွာ၊ ကားကို ငါက ကေအမ်မ် (၁၂၀) ခလုတ်မှာ သွားထားမိတာနဲ့ ငါးမိနစ် နောက်ကျသွားတယ်"

"ငါဘယ်လိုမှ သဘောမထားတဲ့အပြင် မင်းကို ပိုပြီးသဘောကျပါတယ် စန္ဒြရယ်၊ လူဆိုတာ သတိမေ့တတ်ရတယ်၊ ချိန်းထားတဲ့အချိန်အတိအကျအတိုင်း မလိုက်နာဘဲ နည်းနည်းနောက်ကျတတ်တာကလည်း လူသားဆန်တဲ့ အကျင့်စရိုက်သာ မဟုတ်လား"

ကျွန်တော်တို့ ချစ်သူဘဝဖြင့် နေထိုင်ဆက်ဆံနေခဲ့ကြသည်မှာ ငါးနှစ်နီးပါးရှိခဲ့ပြီ။ တစ်ကမ္ဘာလုံးရှိ ဖိုမများ လက်ထပ်ခွင့်ရနိုင်သော အသက်အရွယ်ကန့်သတ်ခွင့်ပြုချက်ထက်ပင် (၂) နှစ်စွန်းလာခဲ့ပြီ။ ယခုအခါ လက်ထပ်ခွင့် ရသောအသက်ကန့်သတ်ချက် မပြည့်မီ သူမည်သူမျှ လက်ထပ်ခွင့်မရှိသော်လည်း ကန့်သတ်ချက်ကျော်သွားလျှင်မူ မည်မျှကျော်သည်ဖြစ်စေ လက်ထပ်ခွင့် ပြုပါသည်။ သို့ရာတွင် တရားဝင် လက်ထပ်ခွင့်ပြုနိုင်ရန် အခြားစည်းကမ်း ကန့်သတ်ချက်များ ရှိနေသေးသည်ကို မည်သူမျှ မေ့ထား၍မရပါ။

www.burmeseclassic.com



"နန္ဒီ ဘာမှလည်း မှာမထားသေးပါလား"

"စန္ဒြလာအောင် စောင့်နေတာ အတူတူ စားကြသောက်ကြမယ်လေ"

ကျွန်တော်တို့ နှစ်ယောက်မှာ အတူတူမနေကြသည့်တိုင် အတူနေဇနီးမောင်နှံလိုပဲ နွေးထွေးလိုက်လျောမှု ရှိနေကြသည်။ တစ်ဦး၏စိတ်တွင်းခံစားမှုကို ကျန်တစ်ဦးက နားလည်မျှယူနိုင်စွမ်းရှိနေကြသည်။ ဤသို့ ဝိညာဉ်ပိုင်းဆိုင်ရာ အဆက်အသွယ် နှောင်ထုံးသည် ကျွန်တော်တို့နှစ်ဦး လက်ထပ်ပြီး အတူနေရန် အကောင်းဆုံး အခြေအနေ တစ်ရပ်ဖြစ်သည် မဟုတ်ပါလား။ သို့တစေ ထိုသို့သော အခြေအနေကို ကျွန်တော်တို့မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။

"ကော်ဖီနဲ့ ကောက်ညှင်းဆီထမင်းကြော် စားရအောင် နန္ဒီ"

"ကောင်းတယ်၊ အမှောင်ခေတ်လို့ ရှေးဟောင်းစာအုပ်တွေမှာ ခေါ်ဝေါ်ကြတဲ့ ဆယ်ရာစုတစ်ဝိုက်လောက်မှာ ဥရောပကို ကဖေးဆိုင်ယဉ်ကျေးမှု သယ်ဆောင်လာတဲ့ အာရှတိုက်သား "ပါရှန်" တွေကို ဂုဏ်ပြုခဲ့တဲ့ အထိမ်းအမှတ်အဖြစ် နန္ဒီတို့ ကော်ဖီ သောက်ကြမယ်။ ပါရှန် နယ်လှည့်ကဗျာဆရာတွေဟာ "ကဖေး" ဆိုင်မှာ ကော်ဖီ သောက်ရင်း ကဗျာစာပေတွေ ရွတ်ဖတ်ဆွေးနွေးခဲ့ကြတယ်လေ၊ စန္ဒြသိတယ် မဟုတ်လား"

ကျွန်တော်သိပါသည်။ ပင့်သက်ရှိုက်လျက် ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ နန္ဒီပြောခဲ့သော စကားထဲမှာ ပါရှိခဲ့သည့် အကြောင်းအရာနှင့် နွယ်၍ စိတ်မချမ်းမြေ့စရာတစ်ခု ကျွန်တော်တွေးမိခဲ့ပါသည်။

"ကဗျာဆရာတစ်ယောက်ရဲ့ ကိလေသာစည်းစိမ်ကို အပြည့်အစုံဆုံးဖွဲ့ဆိုတဲ့ (အိုမာခိုင်ယမ်) ဟာ ပါရှင်းကြီး တစ်ယောက်ပေါ့ နန္ဒီရယ်"

ကြည်လင်လန်းဆန်းနေခဲ့သည့် နန္ဒီ၏ မျက်နှာကလေးသည် တမဟုတ်ချင်း အုံ့မှိုင်းညှိုးလျှသွားသည်။

"ဒီကနေ့ ကမ္ဘာသူကမ္ဘာသားတွေထဲက အများစုဟာ အိုမာခိုင်ယမ်ရဲ့ ကဗျာ လင်္ကာတွေကို ခံစားနိုင်စွမ်း မရှိကြတော့ပါဘူး။ ဖတ်ကြည့်ကြပါဆိုရင်လည်း သူတို့မှာ နားလည်နိုင်တဲ့အသိမျိုး မရှိရှာကြတော့ပါဘူး။ အိုမာခိုင်ယမ်ရဲ့ ခေတ်

www.burmeseclassic.com



ဝေးဝေးကြီးတော့ ပြန်မသွားချင်ဘူး။ နန္ဒီတို့ ဘိုးဘေးဘီဘင်တွေ လသာချိန် မြေတလင်းမှာ နဘေကာရန် အသံချိုချိုနဲ့ ကဗျာရွတ်ကြတဲ့ခေတ်ကို ပြန်သွားချင် လိုက်တာ စန္ဒြရယ်”

ကျွန်တော့်မှာလည်း နန္ဒီ၏ အာသီသမျိုး ရှိနေပါသည်။ ကွန်ပျူတာ ကဗျာများ၊ ကွန်ပျူတာရေး(ခ်)သီချင်းများ ပေါ်ထွန်းလာခဲ့ပြီးကတည်းက ကမ္ဘာ ပေါ်တွင် ကဗျာဆရာ၊ တေးပြုစာဆိုလူတန်းစား ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ပါ သည်။ အခြားနှမြောတသစရာမှာ ဂီတအနုပညာရှင်များ၊ ပန်းချီပန်းပုအနုပညာ ရှင်များ မျိုးတုံးသွားခဲ့ခြင်းဖြစ်သည်။ (၂၂) ရာစုသို့ အဝင်တွင် လူလုံးပြ ဖျော်ဖြေ ရေးလုပ်ငန်းတွင် သက်မဲ့ ကွန်ပျူ တာ ဒါရိုက်တာများသာ ကြီးစိုးလာခဲ့ကြပါသည်။ ဝတ္ထုဇာတ်ညွှန်းရေးသူများသည် ကွန်ပျူတာများကို (လူရိုင်းတွေက ခွန်အားကြီးမား သည့် တိရစ္ဆာန်ကောင်ကြီးများကို နတ်ဒေဝတာ စာရင်းသွင်း၍ ကြောက်ရွံ့ရို ကျိုးကြသလို) အားကိုးဆည်းကပ်နေခဲ့ကြပါသည်။ ကွန်ပျူတာအဆိုတော်များ ပေါ်ပေါက်လာချိန်တွင် ရုပ်ရည်သွင်ပြင် ပြေပြစ်မှုကင်းသော အဆိုတော်လူသား တွေ ငုံ့လျှိုးတိမ်းရှောင်ပေးလိုက်ကြရပြန်ပါသည်။ ယခု အခါ စာပေအနုပညာ ဝေဖန်ရေး ကွန်ပျူတာများတည်ဆောက်ရန် ကြိုးပမ်းသူက ကြိုးပမ်းလျက်ရှိနေ ကြပါပြီ။

မြို့တိုင်းတွင် အဆောက်အအုံသေးသေး တစ်ခုစီရှိသည်။ ထိုအဆောက် အအုံကို “စာကြည့်တိုက်” ဟု ခေါ်ပါသည်။ သို့သော် ထို ‘စာကြည့်တိုက်’ ဆိုသော အဆောက်အအုံထဲတွင် ဘာစာအုပ်မျှ တွေ့ရလိမ့်မည် မဟုတ်ပါ။ “စီဒီရွမ်” ဓာတ်ပြားများ၊ မိုက်ခရိုဖလင်များ၊ ရုပ်သံပြစက်များနှင့်အတူ စာကြည့်တိုက်ဝန် ထမ်း၊ ကွန်ပျူတာများ၊ ရိုဘော့ စက်ရုပ်များကိုသာ တွေ့ရပါလိမ့်မည်။ စာအုပ်နှင့် စာနယ်ဇင်းဟူသည် မည်သည့်အရာမှန်း သိလိုပါက မြို့တော်ရှိ ပင်မစာကြည့် တိုက်တွင် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းသဖွယ် လုံခြုံရေး အထပ်ထပ်ချ ထားသည့် မှန်လုံခန်းထဲတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။ (မျက်စိဖြင့် ကြည့်ရုံသာ ကြည့်ခွင့်ရှိသည့် ဓာတ်ပုံရိုက်ခွင့်မှုမရှိ။)

“ငါ မင်းဆီကိုအလာမှာ ကားပေါ်မှာ (သူ့ကျွန်မခံပြီ) ဆိုတဲ့ ဟိုးရှေး

www.burmeseclassic.com



ယောင်း ရုပ်ရှင်ကားတစ်ကားကို ကြည့်လာခဲ့တယ် နန္ဒီ၊ မင်းကြည့်ဖူးမှာပါ။ နယ်ချဲ့ အင်္ဂလိပ်တွေရဲ့ စိုးမိုးအုပ်ချုပ်မှုကို တွန်းလှန်တိုက်ခိုက်ကြတဲ့ မြန်မာသူရဲကောင်း တစ်ချို့ရဲ့ ဇာတ်လမ်းလေ”

“နန္ဒီကြည့်ဖူးပါတယ်။ မြန်မာတွေက အင်္ဂလိပ်တွေကို တော်လှန်ပစ်ကြ ပေမယ့် ကွန်ပျူတာတွေကိုတော့ ဘယ်လူသားမှ တော်လှန်ဖို့ မကြိုးစားကြတော့ ဘူးနော်”

“ကွန်ပျူတာက လူသားထက် တန်ခိုးစွမ်းအားကြီးလို့ဖြစ်မှာပေါ့”

“အဲဒီ ကွန်ပျူတာကို လူသားကပဲ ဖန်တီးထားတာ မဟုတ်လား၊ တို့ဟာ သားသမီးခိုင်းစေရာကို လုပ်နေကြရတဲ့ ကျေးကျွန်မိဘတွေနဲ့ တူမနေဘူးလား”

“တူသယောင်ယောင်ပဲ၊ ငါတို့ဟာ ကျားသေကို အသက်သွင်းမိလို့ ကျားက ပြန်အစားခံရတဲ့ မှော်ဆရာလိုတော့ အဖြစ်မခံနိုင်ဘူး”

ထိုစဉ် ကျွန်တော်တို့နှင့် အနီးဆုံးစားပွဲမှာ ထိုင်နေခဲ့သည့် အဘိုးအိုတစ် ယောက်သည် စိုးရိမ်ထိတ်လန့်သော မျက်နှာထားဖြင့် ကျွန်တော်တို့ထံ ချဉ်း ကပ်လာခဲ့ပါသည်။

“ဒီမှာ သူငယ်လေးနဲ့ သူငယ်မကလေး၊ မင်းတို့ ပြောဆိုနေကြတဲ့ စကားတွေကို ရပ်တန်းကရပ်ကြရင်ကောင်းမယ်။ မင်းတို့ အယူအဆတွေဟာ ကမ္ဘာကြီးအတွက် အန္တရာယ်မကင်းဘူး။ ကမ္ဘာကြီး သာယာပါစေကွယ်။ ငါတို့တွေ ခုလိုသက်သောင့်သက်သာ နေခွင့်ရတာ ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်း သလဲ။ လူသားတွေဟာ သခင်တွေကွဲ့။ ကွန်ပျူတာတွေကိုခိုင်းစေတဲ့ သခင်တွေ။ ဒါကို သူငယ်တို့ လက်ခံယုံ ကြည်ပါ” ဟု အဘိုးအိုက အသံအုပ်အုပ်ဖြင့် ပြောလာ ပါသည်။

ကျွန်တော်တို့က သူစိမ်းတစ်ဦးနှင့် အငြင်းအခုံ မလုပ်လိုသဖြင့် ပါးစပ်တွေ စေ့ထားကြပါသည်။ ရန်လိုသော မျက်လုံးများဖြင့် မကြည့်မိစေရန် ကျွန်တော်တို့ မျက်လွှာအစုံချထားခဲ့ကြပါသည်။

www.burmeseclassic.com



"နို့ သူငယ်တို့က ဘာအလုပ်အကိုင်များ လုပ်ကြသလဲကွယ့်" ဟု အဘိုးအိုက ရည်မွန်နူးညံ့သောအသံဖြင့် မေးခွန်းထုတ်ပြန်ပါသည်။ နန္ဒီက ကျွန်တော်တို့ နှစ်ဦးစလုံးကိုယ်စား အဖြေပေးလိုက်ပါသည်။

"ကျွန်မတို့ နှစ်ယောက်စလုံး ကဗျာဆရာတွေပါအဘိုး"

"ဩော်"

အဘိုးကြီး၏ မျက်လုံးမှိုင်းမှိုင်းတွေ ရုတ်ခြည်းဝင်းလက်တောက်ပလာကြ၏။ သူသည် အချိုမြဆုံး၊ အပေ့ါပါးဆုံးလည်း ပြုံးလိုက်၏။

"အဘိုးဟာလည်း ခေတ်ကုန်နေတဲ့ နှစ်ဆယ်ရာစု ပို့စ်မော်ဒန် ကဗျာဆရာ တွေရဲ့ နောက်ဆုံးမျိုးဆက် အကြွင်းအကျန် ကဗျာမရေးတော့တဲ့ ကဗျာဆရာတစ် ယောက်ပါပဲကွယ်၊ မင်းတို့ကလေးရဲ့သတ္တိမျိုး အဘိုးမှာ ကုန်ခန်းနေပြီကွဲ့။ အဘိုးကို ခွင့်ပြုပါဦးကွယ်"

အဘိုးကြီး ထွက်ခွာသွားပြီး မကြာမီ၊ ကျွန်တော်တို့လည်း စားသောက်ဆိုင်ထဲမှ ထွက်ခွာခဲ့ကြပါသည်။

ကျွန်တော်နှင့် နန္ဒီတို့အတွက် သေရေးရှင်ရေးတမျှ အရေးပါသော နေရာတစ်ခုသို့ နံနက် (၁၀) နာရီ အရောက်သွားဖို့ အထူးကိစ္စတစ်ခု ရှိနေပါသည်။ ထိုနေရာတွင် ကျွန်တော်တို့နှစ်ဦး၏ ဘဝများအတွက် "အဖြေ"တစ်ရပ်ရှိနေသည်။ ကျွန်တော် နှင့် နန္ဒီတို့ အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်း နေထိုင်ရန် ထိုနေရာက အဆုံးအဖြတ်ပေးလိမ့်မည်။

ကမ္ဘာ့မိသားစုဦးစီးဌာနခွဲမှာ ဝန်ထမ်းအမျိုးသမီးကတော့ မနုဿ လူသား စစ်စစ်တစ်ယောက်ဖြစ်သည်။ သို့သော် စက်များကြားတွင် အနေများကာ စက်များနှင့်သာ အလုပ်လုပ်ရဖန်များသဖြင့်လား မပြောတတ်။ မျက်နှာထားမှာ အသက်ဓာတ် လှုပ်ခတ်မှုမရှိ။ အေးစက်မာခဲနေသည်။ သူ့မျက်နှာကို လက်သီးနှင့်များ ထိုးလိုက်လျှင် လက်ချောင်းလက်ဆစ်တွေ ကြေမွကျိုးပဲ့ကုန်နိုင်သည်။

"လျှောက်လွှာနံပါတ်ပြောပါ"

www.burmeseclassic.com



အသံက ဒန်ထည် တစ်ခုပေါ်မှာ ကြောင်တစ်ကောင် ကုတ်ခြစ်သံမျိုး မြည်နေ၏။

"မဂဒ၊ သုညလေးလေးခြောက် မျဉ်းစောင်း နှစ်နှစ်ငါးခြောက်ကိုး"

ကျွန်တော်က စိတ်လှုပ်ရှားလွန်း၍ အာလေးလျှာလေး တုံ့ဆိုင်းနေစဉ်မှာ နန္ဒီက သွက်လက်စွာ အမှားယွင်းမဲ့ ပြောလိုက်သည်။ ဝန်ထမ်းအမျိုးသမီးက စက်ခလုတ်များ မှန်သားပြင်များမှာ တစ်ခဏ အလုပ်များနေပြီးနောက် ရှေးဟောင်းကြိုးမဲ့စာပို့စက် "ဖက်(စ)" (Fax) နှင့်တူသော စက်တစ်ခုထဲမှ ပေါ်ထွက်လာသည့် ကတ်ပြားငယ်ကို ထုတ်ယူလိုက်သည်။

"ရှင်တို့အတွက် ဦးစီးချုပ်ဌာနက အဖြေရပြီ"

ကတ်ပြားကို နန္ဒီက ဦးစွာလှမ်းယူပြီး ကြည့်လိုက်သည်။

"ဘုရား" ဟု မြည်တမ်းလိုက်စဉ် တုန်ယင်နေသော လက်ချောင်းတွေကြားကနေ ကတ်ပြားလွတ်ကျသွား၏။ ကျွန်တော်က ဒရောသောပါး လှမ်းကောက်သည်။ ကတ်ပြားပေါ်မှာ စားလုံးများများစားစား မရှိရှာပါ။

လက်ထပ်ခွင့်ပယ်ဖျက်မိန့်။ စန္ဒြတွင် ကျောက်ကပ်နှင့် ဆီးအိတ်ရောင်ရောဂါကြောင့် "မြုံ"နေသည်။ ရာသက်ပန် သားအောင်မည်မဟုတ်။ အမြုံဆောင်တွင် ရွှေ့ပြောင်းနေထိုင်ရန်။ နန္ဒီ့အတွက် မျိုးဆက်သွေး ပေးအပ်နိုင်မည့် ကြင်ယာယောကျ်ားတစ်ဦးကို မကြာမီ သက်ဆိုင်ရာမှ ရွေးချယ်စေလွှတ်ပေးမည်။ အလိုမရှိလျှင် (၃) ရက် အတွင်း ကန့်ကွက်လွှာတင်သွင်းရန်။

ကတ်ပြားသည် ကျွန်တော့်လက်ထဲကနေ လွတ်ကျသွားပြန်သည်။ နန္ဒီက ပြန်ကောက်ပြီး အစိတ်စိတ်အမြွှာမြွှာ ဆွဲဆုတ်ပစ်လိုက်၏။ ပြီးလျှင် အေးစက်နေသော ကျွန်တော်၏ လက်တစ်ဖက်ကို ပူနွေးသော လက်ချောင်းတွေဖြင့် တင်းတင်းရင်းရင်း ဆုပ်ကိုင်ထားလိုက်သည်။


"ဝမ်းမနည်းပါနဲ့ စန္ဒြ၊ နန္ဒီမွေးလာတဲ့ကလေးဟာ ကဗျာဆရာပဲဖြစ်မှာပါ"

ကလျာ၊ ဧပြီလ၊ ၁၉၉၉

✣ ✣ ✣

ဒီ ရေ ဦး စာ အုပ် တိုက်

www.burmeseclassic.com



www.burmeseclassic.com

# သေစာရင်း

ကျွန်ုပ်တို့၏ချစ်ခင်လေးစားအပ်သော "ဦးရွှေရ"သည် (. ၅. ၉၈)နေ့က သူ့ရဲ့ချစ်သူခင်သူလေးစားသူအပေါင်းနှင့် ၅၆ နှစ်တာ နီးပါးမျှ သူခိုမိုးတွယ်ကပ်၍ နေထိုင်ခဲ့သောကမ္ဘာကြီးကို ကျောခိုင်းလျက် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားခဲ့ရှာပြီ ဖြစ်ပေသည်။ ဦးရွှေရသည် နှစ်အတန်ကြာမျှ သူ၏ မိသားစုနှင့်အတူ ပျော်ရွှင်စွာ (ရံဖန်ရံခါ ပူပန်ကြီးစွာ) နေထိုင်ခဲ့သော (---)မြို့နယ်၊ တိုင်းလုံးချမ်းသာရပ်ကွက်၊ ဘောဂလမ်းသွယ် ၁၆၊ အမှတ် ၉နေအိမ်တွင် ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာဖြင့် ဆုံးပါးခဲ့ခြင်းဖြစ်ပြီး ၄င်းကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခွေးမ၊ သားသမီး ၅ယောက်၊ မြေးတစ်ယောက်တို့ကျန်ရစ်ခဲ့ကြ၏။ သူ အနိစ္စရောက်သော သတင်းကြောင့် သူနေထိုင်ရာ တိုင်းလုံးချမ်းသာရပ်ကွက်ဝန်းကျင်ရှိ ပြည်တော်အေးရပ်ကွက်၊ အောင်ပြည့်စုံရပ်ကွက်၊ ရန်အောင်အေးမြရပ်ကွက်၊ မနေသိဒ္ဓိရပ်ကွက်တို့မှ လူထုကြီးတစ်ရပ်လုံးသည် ကြီးစွာသော မြေငလျင်ဘေးဒဏ်ကို ရင်ဆိုင်ရအံ့ဆဲဆဲ အခြေအနေတစ်ရပ်နှင့် ကြုံတွေ့ ရင်ဆိုင်လိုက်ကြရသကဲ့သို့ တုန်လှုပ်ချောက်ချားသွား ခဲ့ကြပါသည်။ သူသေဆုံးသွားသဖြင့် ကျွန်ုပ်တို့ အပါအဝင် လူသားပေါင်း များစွာသည် နေလနှစ်ပါးကွယ်ပျောက်သွားသည့်နှယ် အားငယ်စိုးရွံ့စွာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ သည်းခြေပျက်မတတ် ပျာယာ

www.burmeseclassic.com



ခတ်ကုန်ကြသည်။ ရင်ပတ်စည်တီး ရှိုက်ကြီးတငင် ငိုကြွေးကြသည်။ မူးတူးမင်တင် ကယောင် ကယင်နှင့် မှင်တက်မိငေးကြောင်သူတွေလည်း မရှားပေ။ စိတ်နောက် ရူးသွပ်နေသူများကဲ့သို့လည်းကောင်း၊ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါး စွဲလမ်းခဲ့ရာမှ ရုတ်ချည်းဆေးဖြတ်လိုက်သူများကဲ့သို့ လည်းကောင်း၊ မျက်စိ နောက်ဖွယ် ဂနာမငြိမ်ဖြစ်နေသူ အများအပြားကို ကျွန်ုပ်တို့ စိတ်မကောင်းခြင်း ကြီးစွာဖြင့် တွေ့မြင်ကြုံဆုံနေကြပါသည်။

ဦးရွှေရ ကွယ်လွန်ပြီးသောအခါ နေသိဒ္ဓိရပ်ကွက်မှ လက်ဖက်ရည် ဆိုင်ရှင်တစ်ဦးက “အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုကြီးပဲဟေ့” ဟု ညည်းညည်း ညူညူ ရေရွတ်လိုက်သည်။

ကျွန်ုပ်၏ အိမ်နီးချင်း ဆံသဆရာကြီးကလည်း “ဒီလူကြီးသေသွား တာဟာ ငါတို့ မြို့နယ်အတွင်းမှာ ကွက်လပ်အပေါက်ကြီး တစ်ခုဖြစ်သွား တာပဲ။ အဲသည့်ကွက်လပ်ကို ဘယ်သူနဲ့ ဘယ်အရာနဲ့ အစားထိုးရပ့်မလဲ ကွာ” ဟုမြည်တမ်း ရေရွတ်ခဲ့သည်။

တိုင်းလုံးချမ်းသာ ရပ်ကွက်ထဲတွင်တိတ်တိတ်ပုန်း အပေါင်ခံ စားသည့် အပျိုကြီးကမူ ဦးရွှေရ၏နာရေးသတင်းကို ကြားသည်နှင့် “ဟယ် ဒုက္ခပါပဲတော်” ဟု အဏုမြူစစ်ပွဲသတင်း ကြေညာသံကို ကြားလိုက်ရသကဲ့သို့ အော်ကြီးဟစ်ကျယ် ညည်းတွားလိုက်လေတော့သည်။

အမှန်ပင်ဖြစ်သည်။ ဦးရွှေရ ဆုံးပါးကွယ်လွန်ခြင်းသည် ကျွန်ုပ်တို့ အတွက် အစားထိုးမရသည့် ဧရာမဆုံးရှုံးမှုကြီးတစ်ရပ် အမှန်ပင်ဖြစ်သည်။ ဖာထေးရန် ခက်ခဲလှသည့်အကွဲအဟကြီးတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် လည်းပဲ ကျွန်ုပ်တို့သည် ဦးရွှေရသေလွန်ခြင်းကြောင့် သူ၏မိသားစုနှင့် ထပ်တူ ထပ်မျှ တသကြေကွဲမိခဲ့ကြပေသည်။ လှိုင်းလေထန် သည်းလျက်ရှိသော ပင်လယ်ပြင်ဝယ် ရွက်တိုင်ကျိုးပြတ်လဲကျသွားသည်နှင့် ကြုံတွေ့ကြရသည့် လှေထိုးသမားများနှယ် ဝမ်းနည်းပက်လက် မျက်ရည် မဆည်နိုင်ဖြစ်ခဲ့ကြရ ပေသည်။

www.burmeseclassic.com



သေဆုံးကြသူများကို နှစ်မျိုးနှစ်စားခွဲခြား၍ရသည်။ တစ်မျိုးသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းမျိုးဖြင့် လူ့လောကတွင် နေထိုင်အသက်ရှင်ခဲ့သူဖြစ်သည်။ နောက်တစ်မျိုးမှာ လူ့အကျိုး လောကအကျိုးတို့ကို ဖျက်ဆီးသော နည်းလမ်းများဖြင့် အသက်မွေးသွားကြသော(ပမာအားဖြင့် ဘိန်းခန်းထောင်စားသူ) အဖျက်ဓာတ်ကြီးစိုးနေကြ သူများဖြစ်သည်။ ဦးရွှေရသည် ပထမလူမျိုးစားဖြစ်ကာ သူသည် မကွယ်လွန်မီ ရက်ပိုင်းအလိုကာလအထိ လူ့အဖွဲ့အစည်းအတွက် ထူးကဲမွန်မြတ်သော လူသားအကျိုးပြုလုပ်ငန်းတစ်ခုကို တစိုက်မတ်မတ်စွမ်းစွမ်းတမံ ထမ်းရွက်သွားခဲ့သူ လူမွန်လူကောင်းကြီး တစ်ဦးပင်ဖြစ်လေသည်။

ကျွန်ုပ်တို့အတွက် ဦးရွှေရတစ်ယောက် နှစ်ပေါင်းများစွာ ထမ်းဆောင်ဖြည့်ဆည်းပေးခဲ့သည့် လူမှုတာဝန်ကြီးကို ယခုအခါ မည်သူသည် ဦးရွှေရကဲ့သို့သော တည်ကြည်ဖြောင့်မတ်သည့် စိတ်ထားနှလုံးသားမျိုးဖြင့် ဆက်လက်ထမ်းရွက်ပါမည်နည်း။ ဤမေးခွန်း၏အဖြေကို ယခုအခါ ကျွန်ုပ်တို့သည် တွေးတောကြရုံမျှမက အချင်းချင်းတိုင်ပင်ညှိနှိုင်း မှန်းဆရှာဖွေရင်း ရတက်မအေးနိုင်အောင် ဗျာများနေကြရပေတော့သည်။

ကျွန်ုပ်တို့သည် ချစ်ခင်လေးစားအပ်သော ဦးရွှေရ၏ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်ကို သုသာန်တစသချိုင်းဝသို့ပို့ဆောင်ရန် အသုဘအိမ်သို့ ညှိုးငယ်သော မျက်နှာထားကိုယ်စီဖြင့် တစ်စုတဝေးကြီး ရောက်ရှိသွားကြသည်။ ကျွန်ုပ်တို့၏တုနှိုင်းစရာမဲ့အောင် ကျိုးကုပ်ရိုးသားလှသည့် အဆွေတော်ကြီး ဦးရွှေရ သက်ရှိထင်ရှား ရှိစဉ်ခဲ့တုန်းကမူ ကျွန်ုပ်တို့သည် သူ၏နုံချာသိမ်ငယ်လှသော ဓနိမိုးထရံကာ အိမ်ငယ်ကလေးဆီသို့ တစ်ကြိမ်တစ်ခါမျှပင် ခြေဦးမလှည့်ဖူးခဲ့ ကြပါ။ ထို့အတွက် တမလွန်မှဦးရွှေရက ခွင့်လွှတ်နားလည်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားခဲ့ကြပါသည်။

ကျွန်ုပ်တို့သည်သေးငယ်သော အိမ်ရှေ့မျက်နှာစာရှိ သေးငယ်သော ကနားဖျင်းအောက်မှ မြေပြင်ပေါ်မှာခင်းကျင်းထားသည့် နီးကြောဖျာ ကြမ်းကြီးများပေါ်တွင် စုဝေး၍ထိုင်ခဲ့ကြသည်။ ကျန်ရစ်သူ မိသားစုဝင်များ၏ ညှိုးလျော်သော

www.burmeseclassic.com



မျက်နှာများကို လှမ်းကြည့်ခဲ့ကြ၏။ နွမ်းပါးသော အိမ်အပြင်အဆင်ကိုလည်း ကျွန်ုပ်တို့ပင့်သက် တစ်ရှိုက်ရှိုက်ဖြင့် ငေးကြည့်မိကြသည်။ ကျွန်ုပ်တို့၏ ချစ်ခင်လေးစားအပ်သော လူမှုသူရဲကောင်းကြီး ဦးရွှေရသည် ဤစုတ်တိစုတ်ချာ အိမ်ငယ်ကလေးတွင် နှစ်ပေါင်းများစွာ ရိုးသားမှုကို ရှူရှိုက်စားသောက်လျက် အသက်ရှင်နေထိုင်သွားခဲ့ကြောင်း ကျွန်ုပ်တို့ အမှတ်တရ ထင်မြင်လာမိခဲ့ကြသည်။

ယခုသော်ကား ထိုလူသားကြီးသည် သူ၏ရိုးသားမှု ဂုဏ်သရေကို ရွှေပေါ်ခပ်ကြမ်းကြမ်း ထိုးထားသဖြင့် ပြုတ်ထနေသော ကုက္ကိုသား ပျဉ်ချပ်များအလုံပိတ်ထားခဲ့သည့် လက်ဖြစ်ခေါင်းသေတ္တာထဲတွင် သူ၏ အေးစက်လှသော လက်ချောင်းလက်မောင်းများဖြင့် သိမ်းဖက်ပွေ့ပိုက်လျက် ငြိမ်သက်စွာလဲလျောင်းနေခဲ့ပေပြီ။ ပန်းစက္ကူများကပ်ထားဟန် ဖြစ်ကတတ်ဆန်းနိုင်ခြင်းတို့မှာ ဤမျှမွန်မြတ်သော အရေးပါသော ပုဂ္ဂိုလ်ကြီးနှင့် မလိုက်ဖက်ဟုကျွန်ုပ်တို့ ယူဆမိကြသည်။။

"သူဟာ အလွန်မာချာခဲ့တဲ့ လူပါ။ နွားတစ်ကောင်လိုလည်း အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူဟာ ကြောင်တစ်ကောင်လိုလည်း အစားနည်းခဲ့ပါတယ်။ သူဟာ မိကျောင်းတစ်ကောင်လို လောဘသတ္တာယ မကြီးခဲ့ပါဘူး"

အသုဘရှု ပရိသတ်ထဲမှ တစ်ယောက်သောသူကကွယ်လွန်သူ၏ အတုယူဖွယ် အကျင့်စရိုက်ကို ချီးကျူးဖော်ထုတ်သည်။

"ဟုတ်ပါတယ်။ ကိုရွှေရဟာ ကျွန်မတို့တတွေကို သုံးဆယ့်ငါးနှစ် လုံးလုံး ကြက်သားအုပ်မကြီး တစ်ကောင်လို ရှာဖွေကျွေးမွေးခဲ့ပါတယ်" ဟု ကွယ်လွန်သူ၏ဇနီး မည်းကြုတ်ပိန်လှီသည့် မိန်းမကြီးက ဆွေးမြေ့တသဟန်ဖြင့် တိုးတိုးညှင်းညှင်း ဝင်ပြောပါသည်။

"ဦးရွှေရရဲ့ မာန်မာန ကင်းမဲ့ပုံ၊ ထကြွလုံ့လရှိပုံ၊ အနေအထိုင် အေးချမ်းတည်ကြည်ပုံတွေကို ကျုပ်တို့အားလုံး အတုယူထားသင့်ပါတယ်"

အငြိမ်စား ကျောင်းအုပ်ဆရာအိုကြီးတစ်ဦးက လမ်းပေါ်က လက်ပွေ့သတင်းစာရောင်းသမားလို လည်ချောင်းသံဖြင့် အော်ပြောခဲ့သည်။

"အဖေ အသက်ထွက်သွားပုံက ငြင်သာလွန်းလို့ကျွန်မတို့ဖြင့် အဖေ

www.burmeseclassic.com



အိပ်ပျော်သွားတယ်လို့ပဲ မှတ်ခဲ့ကြတယ်ရှင့်” ဟု သေသူ၏ အကြီး ဆုံးသမီးက အိမ်ရှေ့ကနားဖျင်းအလွန်ရှိ အလောင်းစင်ဆီသို့လှမ်းကြည့်ကာ သူမ၏ဖခင် အိပ်ပျော်ရာမှ လန့်နိုးသွားမှာ စိုးရိမ်သည့် မျက်နှာထားမျိုးဖြင့် ပြောပါသေးသည်။

ကျွန်ုပ်တို့သည် ခနော်ခနဲ့ခေါင်းသေတ္တာဆီသို့ ငေးမျှော်ကြည့်မိကြသည်။ သက်ပြင်းတွေ မှုတ်ထုတ်မိကြသည်။ ဦးရွှေရသည် ခေါင်းသေတ္တာထဲမှာ မရှိဘဲ ကျွန်ုပ်တို့တတွေကြားမှာ ရှိနေသည်ဟု ယောင်မှား ထင်မြင်မိကြပါသည်။ ဤသို့ ထင်မြင်မိရာကနေ ကျွန်ုပ်တို့သည် ဦးရွှေရ၏ အောက်မေ့တမ်းတဖွယ် ရုပ်ပုံလွှာကို မြင်ယောင်လာမိကြပြန်သည်။

ရှိသမျှဆံပင်၏ လေးချိုးသုံးချိုးခန့် ဖွေးဆွတ်နေသော ဦးခေါင်း ကို အဝတ်ဦးထုတ်စုတ်တစ်လုံးကအမြဲလိုလို နေဒဏ်နှင့်မိုးဒဏ်မှ ကာကွယ်ပေးထားသည်။ မျက်နှာနှင့် ခြေလက်တို့၏အရောင်အသွေးမှာ ဆင်တူဖြစ် သည်။ ညိုမွဲမွဲချောပြောင်နေသည်။ ပခုံးဒေါက်နှစ်ဖက်ပါရှိသည့် နဂိုမူရင်း မီးခိုးရောင်ဖြစ်သော ရှပ်အင်္ကျီမှာ နေစား၊ ဆပ်ပြာစား၊ ချွေးစား၍ဖြူလျော်ကာ ဖာရာထေးရာ တင်းကြမ်းပြည့်နေသည်။ တိုနံ့နံ့ စည်းထားသည့် လုံကွင်းသည်လည်း မြင်ရုံမျှဖြင့် ဆွေးရိစုတ်ပြဲလုလု ဖြစ်နေမှန်း သိသာသည်။ ဖိနပ်မပါသော ခြေထောက်တွေမှာ အရုပ်ဆိုး ခြေသည်းရှည်ကြီးတွေကြောင့် မီးမြိုက်ထားသည့် ကြက်ခြေထောက်များ နှင့် တူသယောင်ယောင် ထင်ရသည်။

သူ၏ မျက်နှာပေါက်မှာ နာမည်ကျော် အိန္ဒိယ ရုပ်ရှင်သရုပ်ဆောင် “ဂျက်ကီ ရှရော့ဖ်” နှင့် တူသည်။ တစ်ခုတော့ကွာသည်၊ ကုလား မင်းသား၏ နှုတ်ခမ်းမွေးက မည်းနက်၍ ဦးရွှေရ နှုတ်ခမ်းမွေးကဖြူလျော် ကြောင်ကျား နေခြင်းပဲဖြစ်သည်။ ပါးစပ်ဟလိုက်လျှင် လပ်ဟာနေကြသည့် ရှေ့သွား သုံးချောင်း၏ ကွက်လပ်သုံးခုကို မြင်တွေ့ရပေမည်။

သူ၏ ပုံပန်းသွင်ပြင်နှင့် သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ သဟဇာတဖြစ်နေသည်။ သူ၏လုပ်ငန်းက ရုံးအုပ်ကြီးတစ်ယောက်ကဲ့သို့ ဝတ်စား ဆင်ယင်ရန် ခွင့်မပြုပေ။ သူ၏ဘဝက သူ၏ရုပ်ခန္ဓာကို ဖော်ပြပါအတိုင်း စည်းမျဉ်းတင်းကြပ်စွာဖြင့်ပုံဖော်ထားပေသည်။ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်

www.burmeseclassic.com



လမ်းပေါ်၌ သူလျှောက်သွားနေစဉ် သူ၏ပခုံးတစ်ဖက်ပေါ်တွင် အရှိုးအလျား သုံးပေကျော်ခန့် ရှိသည့်ပေါက်တူးအို တစ်လက်ပါ ရှိတတ်သည်။ ပေါက်တူးသွား အနီးတွင် ပေါက်တူးရိုးကိုလျှို၍ ဆွဲပုံးငယ်တစ်ခု ချိတ်ဆွဲထားသည်။ မော်တော်ကား တာယာဟောင်းမှ လုပ်ယူသည့် ဆွဲပုံးဖြစ်၏။

ကျွန်ုပ်တို့သည် ဘဝရပ်တည်မှု အတွက်မင်၊ ကလောင်၊ စက္ကူဖြူ တို့ကို တခမ်းတနား ကိုင်စွဲထားကြသည်။ ဦးရွှေရသည်ကား သူ၏ဘဝရပ်တည်မှု အတွက် ပေါက်တူးအိုတစ်လက်နှင့် ဟောင်းမြင်းလှသည့် ကြက်ပေါင်းစေးဆွဲပုံးကို လူရိုင်းစစ်သည်တော် တစ်ဦးကလှံတိုနှင့် ဒိုင်းကို တမြတ်တနိုး ကိုင်ဆွဲထားသလို ကိုင်စွဲထားခဲ့သည်။ ဦးရွှေရ၏ လက်စွဲကိရိယာနှစ်ခုသည် သူ၏မိသားစုအတွက် စားစရာထမင်းကို ရှာဖွေရယူပေးသည်။ အလွန်သန့်စင်သော လက်စွဲကိရိယာ နှစ်ခုပင်ဖြစ်သည်။ ကျွန်ုပ်တို့၏မင်၊ ကလောင်နှင့်စက္ကူဖြူတို့ကား ထာဝစဉ် ရှင်သန်နေခြင်းမရှိ။ ရံဖန်ရံခါ အဝိဇ္ဇာအညစ်အကြေးများကို ခွေးတစ်ကောင်၏ နှုတ်သီးနှယ် ထိုးဆွ ဆွဲဟပ်လေ့ရှိကြသည်။

ကျွန်ုပ်တို့၏ ဘိုးဘွားလူကြီးသူမများသည် အိမ်ရှေ့လမ်းမ၏ သပ်ရပ် သန့်ရှင်းမှုကို ဦးစားပေးလေ့ရှိကြပါသည်။ လမ်းကို မျက်နှာမူထားကြသော နေအိမ်များ၏ မျက်နှာစာတွင်ရေနုတ်မြောင်းများ သွယ်တန်းဖောက်လုပ် ထားကြသည်။ သို့ရာတွင် အိမ်နောက်ဘက်တွင်မူ ရေနုတ် မြောင်းထားခဲ့သည်။ သာမန်အားဖြင့် လမ်းငယ်နှင့် လမ်းကြားတွင် ကျောချင်းဆိုင် အိမ်တန်း နှစ်တန်းရှိတတ်သည်။ ထိုအိမ်တန်း နှစ်တန်းကြားတွင် "နောက်ဖေးလမ်းကြား" ခေါ် မည်သူမျှ မပိုင်ဆိုင်ဘဲ နိုင်ငံတော်ကပိုင်သည့် ကွက်လပ်ရှည်ရှိတတ်သည်။ "မက်ထရိုပိုလီတန်" လို မြို့ကြီးပြကြီးမျိုးတွင် ထိုလမ်းကြားကွက်လပ်၌ အမှိုက်ပုံး များရှိကြကာ သက်ဆိုင်ရာဝန်ထမ်းတွေက ယာဉ်အမျိုးမျိုးဖြင့် ဝင်လာကြပြီး အမှိုက်များကို သိမ်းယူသွားကြသည်။ ထိုလမ်းကြားတွင် ရေဆိုးမြောင်းများလည်း စနစ်တကျ ရှိနေတတ်ကြသည်။

ကျွန်ုပ်တို့၏ မြို့သိမ်မြို့ငယ်ကလေးကား "မက်ထရို" မြို့ပြ မဟုတ်၍ နောက်ဖေးလမ်းကြားတွင် အမှိုက်ပုံးမရှိ။ အမှိုက်သိမ်းကားလည်း မလာ။

www.burmeseclassic.com



ရေနုတ်မြောင်းလည်း တူးဖော်မထားခဲ့။ မြို့စတည်ကတည်းက ကျွန်ုပ်တို့သည် နောက်ဖေးလမ်းကြား ကွက်လပ်မြေပြင်ပေါ်သို့ အမှိုက်သရိုက်များကိုစိတ်တိုင်းကျ စွန့်ပစ်လွှင့်ကြဲကြသည်။ ကြွက်သေကောင်များကို လွှင့်ပစ်ကြသည်။

ကျွန်ုပ်တို့၏ မြို့သေးမြို့မွှားကလေးကား မြစ်ချောင်းအင်းအိုင် ထူပြောသည့် မြစ်ဝကျွန်းပေါ် မြေနိမ့်ပိုင်းဒေသတစ်ခုအတွင်းမှာ တည်ရှိသည်ဖြစ်၍ ကမ္ဘာအရပ်ရပ်ရှိ အခြားမြေနိမ့်ပိုင်း ဒေသများနည်းတူမိုးဥတု ကာလများတွင် မြေပြင်တစ်ဝှမ်း ရေဖုံးလွှမ်းနေလေ့ရှိသည်။ ထိုအခါ ဖော်ပြပါ နောက်ဖေးလမ်းကြားမှ အညစ်အကြေးများ မျောပါနေသည့် ရေများက နောက်ဖေးလမ်းကြားသို့စီးသည်။ အိမ်ရှေ့ရေမြောင်းမှ လျှံထွက်သောရေများက နောက်ဖေးလမ်းကြားသို့ စီးသည့်အခါစီးသည်။ ရှင်းအောင်ပြောရလျှင် နောက်ဖေးလမ်းကြားမှ အပုပ်အစပ် အညစ်အပတ်များသည် မိုးရာသီတွင် အရပ်လေးမျက်နှာသို့ပျံ့နှံ့ ပျော်ဝင်သွားကြကာ သန့်ရှင်းသောမြေပြင်ကို ညစ်ထေးစေလျက် နဂိုညစ်ထေးသည့်မြေပြင်ကို ပိုမိုညစ်ထေးစေသည်ဟုသာ ဆိုရချိမ့်မည်သာ။

ကျွန်ုပ်တို့၏ နောက်ဖေးလမ်းကြားကိုပိုမိုညစ်နောက်ကျိစေသည့် အရာများကို ဖော်ပြရဦးမည်။ ယင်းတို့ကား ကျွန်ုပ်တို့၏ ရေအိမ်များ ဖြစ်ကြ သည်။ လူထု၏ ကျန်းမာသန့်ရှင်း ရောဂါကင်းရေးအတွက် သက်ဆိုင်ရာမှ ယင်လုံရေလောင်းအိမ်သာမျာ အသုံးပြုတည်ဆောက်ကြရန် ဆော်ဩတိုက်တွန်းခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် ယင်လုံရေလောင်းအိမ်သာများ တည်ဆောက်ထားခဲ့ကြပါသည်။ သို့သော်ကျန်းမာသန့် ရှင်းရောဂါကင်းရန် ရည်ရွယ်ချက်ကား မပြည့်ဝခဲ့ပါ။

လုံခြုံခိုင်ခံ့၍ နှစ်ရှည်ခံသော အိမ်သာတစ်လုံးအတွက် “ဆားဗစ် ကျင်း” ဟုခေါ်ကြသော မြေကျင်းခပ်နက်နက်တစ်ကျင်း တူးဖော်ရမည်ဖြစ်သည်။ ကျင်းနံရံမှ မြေသားများပြိုမကျရန် အင်္ဂတေခွေဖြစ်စေ၊ သွပ်ပြားခွေဖြစ်စေ၊ ဝါးခြမ်းခွေဖြစ်စေ ကျင်းအတွင်းပိုင်းမှ ကာရံထားရမည်ဖြစ်သည်။ ကျင်းအပေါ်ဘက်မှလည်း လုံခြုံသော အမိုးအကာတစ်ခု အုပ်ထားရမည်ဖြစ်သည်။ ပြဿနာမှာ “ဆားဗစ်ကျင်း” တူးဖော်သည့်နေရာ၌ဖြစ်သည်။

www.burmeseclassic.com



ကျွန်ုပ်တို့၏ အရပ်ဒေသမှ မြေသားမှာ နုန်းတင်မြေနုမျိုး ဖြစ်၍ အစိုဓာတ် (ရေ) ပါဝင်နှုန်းများပြားပါသည်။ အနက်လေးပေခန့် တူးမိသည်နှင့် ရေတသွင်သွင် စီးထွက်လာတော့သည်။ ပို၍ နက်လာလေ ရေအထွက်ပိုလာပြီး ကျင်းတူးသူမှာ ရေမွန်း မတတ်ဖြစ်လာသည်။ ထို့ကြောင့် ကျင်းနက်နက်တူး လိုလျှင် ရေစုပ်စက်တစ်ခု လိုအပ်သည်။ မြေအပေါ်လွှာမှ ရေဓာတ်ကုန်စင်အောင် စုပ်ထုတ်ပစ်နိုင်ရမည်။ သို့မှသာ အလိုရှိသော ဆားဗစ်ကျင်းမျိုးရမည်။ ထိုကျင်းထဲသို့ ခွေတစ်မျိုးမျိုးချ၍ အပေါ်မှ လုံခြုံအောင် ဖုံးအုပ်ထားနိုင်လျှင် ကျန်းမာရေးဌာနအကြိုက် ယင်လုံ အိမ်သာဆောက်နိုင်ပြီ။

သို့ရာတွင် "ကျန်းမာရေး" သည် ကျွန်ုပ်တို့၏ "ဦးစားပေး ရွေး ချယ်မှု" များထဲတွင် ထိပ်ဆုံးအဆင့်က မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အိမ်သာကျင်း နက်နက် မတူးကြ။ မြေနံရံမပြိုအောင် မဖုံးကြ။ အဖုံးလည်း လုံအောင်မဖုံးကြ။ ထို့ကြောင့်မိုးရာသီတွင် အိမ်သာကျင်းထဲသို့ မိုးရေများ ကျကုန်ကြသည်။

ကျွန်ုပ်တို့ကားဖော်ပြပါ ဝန်းကျင်ညစ်ညမ်းမှု အခြေအနေမျိုးကို ရှောင်ကွင်း ကာကွယ်နိုင်ကြပါသည်။ အိမ်သာကျင်းများ လျှံမထွက်ရေးအတွက် ကြိုတင်ထိန်းသိမ်းရန် ဝန်မလေးတတ်ကြပါ။ ကျွန်ုပ်တို့အနီးတွင် ချစ်ခင်လေးစားအပ်သော "ဦးရွှေရ" ရှိနေသည်ပဲမဟုတ်လား။

ဦးရွှေရ ရောက်ရှိလာပြီလျှင် အိမ်သာကျင်းထဲမှ လျှံကျသော မည်းညစ်ပုပ်ပုပ်အရည်များကို သူ၏ဆွဲပုံးဖြင့်ခပ်ယူပြီး နောက်ဖေးလမ်းကြားတွင် သွန်ချသည်။ ကျင်းထဲသို့ သူ၏ဆွဲပုံးဖြင့် လက်လှမ်းမီသလောက် ငုံ့ကိုင်း၍ အညစ်အကြေးရည်များကို အခေါက်ခေါက်အခါခါ ခပ်ယူစွန့်ပစ်ပြီးနောက် ကျင်းတစ်ဝိုက်ကိုတမံတုပ်သကဲ့သို့ မြေသားဖို့သည်။ မြေဖို့ရာတွင် သူ၏လက်စွဲတော် ပေါက်တူးကြီးက အသုံးတော်ခံရရှာသည်။

အိမ်သာတစ်လုံးတွင် ဦးရွှေရတစ်ယောက် သန့်ရှင်းရေးနှင့် ကြံ့ခိုင်တည်တံ့ရေး လုပ်ကိုင်ဆောင်ရွက်နေပြီဆိုပါစို့။ သူ့အနီးတစ်ဝိုက် ပေငါးဆယ်ပတ်လည်အတွင်းဝယ် မည်သည့်အနံ့ဆိုးမျိုးနှင့် မျှမတူသော အနံ့ဆိုးများ လွင့်ဝဲစီးမျှောနေပြီသာမှတ်ရော့။ ကျွန်ုပ်တို့သည်လျှစ်စစ် အားပြတ်နေချိန်တွင်

www.burmeseclassic.com



လူသေကောင်များထားရှိရာ အအေးတိုက်ထဲသို့ ရောက်ဖူးခဲ့ကြသည်။ အအေးတိုက်ထဲမှ အနံ့သည်ပင် ဦးရွှေရ လုပ်ငန်းခွင်မှအနံ့လောက် မဆိုးရွားလှချေ။ ထိုသို့သော အနံ့ဆိုးများကြားတွင် အနည်းဆုံးနာရီဝက်မှ အကြာဆုံး တစ်နာရီသာသာအထိ မရှုံ့မမဲ့ မညည်းမညူ သက်သောင့်သက်သာ အလုပ်လုပ်နိုင်စွမ်းသော ဦးရွှေရ၏ ဖွဲ့သတ္တိမှာ ချီးကျူးဖွယ်ရာပင် မဟုတ်ပါလော။

ဦးရွှေရအလုပ်လုပ်နေလျှင် ကျွန်ုပ်တို့သည် အဝေးမှသာ လှမ်းကြည့်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားနေလေ့ရှိကြသည်။ အညစ်အကြေးများ ပေကျံနေသော ဦးရွှေရ၏ရုပ်သွင်မှာ ကျောက်မီးသွေးတွင်း လုပ်သားတစ်ဦးကဲ့သို့ မည်းညစ်ပေတူးနေသည်။ သို့ရာတွင် သူသည် ကိတ်မုန့်ဖုတ်သမားတစ်ဦးကဲ့သို့ မွှေးရနံ့များကြားတွင် လှုပ်ရှားနေရသည့်ပမာ လန်းဆန်းပေါ့ပါးနေရသည်။ သူသည် အိမ်သာကိုယ်ထည် အဆောက်အအုံပြုပြင်ဖို့ လိုအပ်လျှင်လည်း စေတနာထက်သန်စွာ ပြုပြင်ပေးဦးမည်ဖြစ်သည်။ ကမုတ်အိုးက ညစ်ပတ်နေလျှင်လည်း သူက ဂရုတစိုက် တိုက်ချွတ်ဆေးကြောပေးသွားတတ်သည်။

ကျွန်ုပ်တို့၏အိမ်ရှေ့မှ ရေနုတ်မြောင်းများသည် များသောအားဖြင့် ရေစီးအား မကောင်းပဲရေဆိုးရေညစ် အမှိုက်သရိုက်များပိတ်ဆို့ကာ ခြင်နှင့်အခြား ဘက်တီးရီးယားပိုးမွှားများ ပေါက်ဖွားရှင်သန်ရာ ဘုံဗိမာန်တွေ ဖြစ်တတ်ကြသည်။ ထိုအခါ ရေနုတ်မြောင်းများ ရှင်းသန့်သွားအောင် ဦးရွှေရကပဲ အားကြိုးမာန်တက် တူးဖော် ရှင်းလင်းပေးသည်။ မြောင်းဖော်ခြင်းကား အိမ်သာဖော်ခြင်းလောက် ပင်ပန်းဆင်းရဲခြင်း ရှိအံ့မထင်ပါ။

လုပ်ငန်းပြီးသွားလျှင် ဦးရွှေရသည်အလုပ်အပ်သူထံမှ အဝတ်လျှော် ဆပ်ပြာကြမ်းတစ်ခဲ တောင်းယူ၍ ရေချိုးသန့်စင်သည်။ (ကျွန်ုပ်တို့ စိတ်အထင် ဦးရွှေရသည် သူ၏အရေပြားတွေ ကွာကျကုန်သည်အထိ ဆပ်ပြာဖြင့် တိုက်ချွတ် ပွတ်သပ်ပစ်ဦးတော့ သူ၏ခန္ဓာကိုယ်မွေးညင်းပေါက်များထဲအထိ စိမ့်ဝင်နေဟန် ရှိကြသော အကြေးမှုန်ကလေးများကို ကုန်စင်အောင် သုတ်သင်နိုင်လိမ့်မည် မဟုတ်ပါ) သူတောင်းဆိုသောဝန်ဆောင်ခမှာ ပုံသေကားချမရှိ။ သို့သော် ကာလ ပေါက်ဈေးဆန်ကြမ်း နှစ်ပြည်ဖိုးထက် မလျော့သကဲ့သို့ သုံးပြည်ဖိုးထက်လည်း

www.burmeseclassic.com



မပိုနိုင်။ အလုပ်အပ်သူက သဒ္ဒါပေါက်ပြီး အပိုအလျှံ ဖွတ်တရွတ် ပေးလျှင်တော့ သူသည် ရှက်အားပိုနေသော အပျိုပေါက်မကြီး၏ဟန်ပန်မျိုးဖြင့် ငွေစက္ကူများကို ကတုန်ကယင်လှမ်းယူလေ့ရှိပေသည်။ ကျွန်ုပ်တို့ကတစ်ခါတစ်ရံတွင် တစ်ပတ်နွမ်း လုံချည်အကျႌများ ပူဇော်ကန်တော့လျှင်မူ သူကလိုလားစွာ လက်ခံလေ့ရှိသည်။ သူသည် အထက်ဖော်ပြပါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းရင်း မိသားစုကို စောင့်ရှောက်နေခဲ့သည်မှာဆယ်စုနှစ် နှစ်စုကျော်ခဲ့ပြီဟုဆိုလျှင် ဆွစ်ဇာလန်မှ ဘဏ်သူဌေးတစ်ယောက်ကြားပါက ယုံတမ်းပုံပြင်ဟုသာ မှတ်ယူပေလိမ့်မည်။

"ဒီအလုပ်ကို ဘာကြောင့်များရွေးချယ်ပြီး စွဲစွဲမြဲမြဲလုပ်နေရသလဲဆိုတာ တစ်ဆိတ်လောက် ဖြေကြားပေးစေချင်ပါတယ် ဦးရွှေရ ခင်ဗျား"

ကျွန်ုပ်တို့သည်တစ်ခါက သူ့ကို ချဉ်းကပ်မေးမြန်းကြည့်ခဲ့ကြသည်။

"ကျုပ်တစ်ခါက မုန့်ဟင်းခါးဆိုင်ကလေးတည်ခဲ့တယ်၊ ကျုပ် ရောင်းကောင်းတဲ့အခါကျတော့ အိမ်နီးချင်းတစ်ဦးက မုန့်ဟင်းခါးလိုက် ရောင်းတယ်၊ ကျုပ်စက်ရုံတစ်ရုံမှာ အမှုထမ်းခဲ့ဖူးတယ်၊ ကျုပ်နေရာက အပိုဝင်ငွေလှိုင်လှိုင်ကြီး ရတယ်လေ။ အဲသည်တော့ အပိုဝင်ငွေမရတဲ့ အကောင်တစ်ကောင်က သက်ဆိုင်ရာကို အကြောင်းကြားပြီး "ချွန်တုန်း" လုပ်လိုက်တာ ကျုပ်အလုပ် ပြုတ်တဲ့အပြင် ထောင်ကျသွားပါရောလား။ အဲသည်အချိန်ကစလို့ လူတွေရဲ့ ဣဿာမစ္ဆရိယကို ကျုပ် ကြောက်ရွံ့မုန်းသွားတယ်။ ဒါကြောင့် ဘယ်သူမှ မလုပ်ချင်တဲ့၊ ဘယ်သူမှမနာလိုစရာ မရှိတဲ့၊ ဘယ်သူမှ ပြိုင်ဘက်မရှိနိုင်တဲ့ အခုအလုပ်ကို ကျုပ်ရွေးချယ်ခဲ့တာပဲ။ တချို့လူတွေဟာ နေ့တဓူဝလိုလို ကျုပ် ကိုင်တွယ်နေရတဲ့ချေးတွေ သေးတွေထက် ပိုပြီးရွံစရာ ကောင်းပါတယ်ဗျာ"

သက်ရှိတစ်ဦး နာကျင်ဆွဲငင်စွာညည်းညူသည်နှင့်တူသော ကြေး စည်သံက ကျွန်ုပ်တို့၏ ချစ်ခင်လေးစားအပ်သော ဦးရွှေရ၏ ကြွင်းကျန်ရစ်သော ရုပ်ကလပ်ကို သုသာန်သို့ပို့ဆောင်တော့မည့် အချိန်ကျရောက်လာပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ကို တပ်လှန့်နှိုးဆော်နေသည်။ ကျွန်ုပ်တို့သည် မိမိတို့အားကိုး အားထားပြုခဲ့သော ပုဂ္ဂိုလ်ကြီး၏နောက်ဆုံးခရီးတွင် ဦးညွှတ်နှုတ်ဆက်ရန် ခေါင်းသေတ္တာအနီးသို့ တိုးကပ်သွားခဲ့ကြသည်။ ခေါင်းသေတ္တာတင်ထားသော

www.burmeseclassic.com




အလောင်းစင်မှဝါးလုံးတိုင်ကို နဖူးဖြင့်မှီ၍ ရှိုက်ငင်ဟစ်ငိုနေသူမှာ ဦးရွှေရ၏ ဇနီးပင်ဖြစ်သည်။

“အို ကိုရွှေရရဲ့၊ တော်အိမ်သားတွေကို မျက်နှာလွှဲခဲပစ်ထားခဲ့တော့ မှာလား”

ကျွန်ုပ်တို့၏ နားအာရုံတွင် “အိမ်သား”ဟူ၍ မကြားမိဘဲ ယနေ့ ထက်တိုင် “အိမ်သာ” ဟူ၍သာ ကြားယောင်လျက် ရှိနေကြပါတော့သည်။

✢ ✢ ✢

www.burmeseclassic.com



# လျှို့ဝှက်ချက်

www.burmeseclassic.com

# လျှို့ဝှက်ချက်

သုံးနှစ်နီးပါး အထစ်အငေါ့မရှိ စည်းချက်မှန်မှန်လည်ပတ်ခဲ့သော သူ၏ လူမှုဆက်ဆံရေးနာရီခွင် ချို့ယွင်းစပြုလာသည်ကို စတင်သတိထားမိခဲ့သည့်အချိန်တွင် . . . . ချွတ်ယွင်းမှု အနာအဆာသည် သူမျှော်မှန်းထားသည်ထက် ပိုမိုကြီးမားနေမှန်း ဦဘညိမ်း တုန်လှုပ်စွာဆင်ခြင်နားလည်လာမိသည်။

တစ်ခုခု မှားယွင်းနေကြောင်း သူ့ကို သတိပေးလာခဲ့သော ဖြစ်စဉ်ကလေးမှာ သူ့ထံသို့တစ်ရက်ခြားရောက်လာတတ်သည့် နွားနို့ပုလင်း ဆယ်ရက်ခန့်ကြာသည့်တိုင် ရောက်မလာခြင်းဖြစ်သည်။ ရွာထဲရှိ နို့စားနွားမ မွေးမြူသော သူ့ကို့ ကြည်ညိုခင်မင်ပုံရသည့် ကိုစံမောင်တို့မိသားစုသည် သူ့ကျန်းမာရေးအတွက်ဟုဆိုကာ တစ်ရက်ခြား နံနက်တိုင်း နွားနို့တစ်ပုလင်းကျ လာရောက်ပေးလှူနေခဲ့သည်မှာ တစ်နှစ်နီးပါးရှိရော့ မည်။

နံနက် (၇)နာရီတဝိုက်တွင် ကိုစံမောင်၏ သမီးငယ်ကလေး “ပူစူးမ” ဖြစ်စေ၊ ထိုပူစူးမ၏အထက် “လွင်မိုး” ဖြစ်စေ၊ နို့ပုလင်းကိုင်၍ “ဘဘရေ. . . ဘဘရေ” ဟု ခြံဝမှ လှမ်းခေါ်ကာပုံမှန်ရောက်လာတတ်မြဲ။ ခု ဘာကြောင့် မလာပါလိမ့်။ ကလေးတွေ နေမကောင်းလို့များလား၊ အို ကလေးတွေ နေမ

www.burmeseclassic.com



ကောင်းလည်း အလုပ်သမားတစ်ယောက်ယောက်၊ အိမ်နီးချင်းကလေး တစ်ယောက်ကို ပို့ခိုင်းလျှင် ရရဲ့သားပဲ။ နွားနို့ အထွက်များ အဆင်မပြေလို့ ပါလိမ့်။ နွားနို့ရောက်မလာရခြင်း၏ အကြောင်းရင်းကို မသိမီ ဤသို့ပင် တောင်တောင်အီအီ စမ်းတဝါးဝါး မှန်းဆနေခဲ့ရုံမျှသာ စွမ်းနိုင်ခဲ့လေ၏။

သူ၏ လူမှုဆက်ဆံရေးနာရီခွင် အခြားတစ်နေရာမှာ ဖောက်ပြန်ပုံ ကလည်း ပြင်သာမှုန်ဝါးသည်။ သူ၏ ခြံမှာ မြက်ခုတ်ပေါင်းသင်၊ မြောင်းဖော်၊ ခြံစည်းရိုးပြင် အစရှိသည့်ဖြင့် အခကြေးငွေပေးလည်းယူ၊ မပေးလည်းဘယ်လိုမှ သဘောမထားဘဲ၊ စေတနာပါပါ အင်တိုက်အားတိုက် ကူညီတတ်သည့် ပအိုဝ်ကရင်ကပြား "ကျော်ပု" ၏ပြောင်းလဲသွားသောပုံစံဖြစ်သည်။

သရက်ပင်ပေါက်တွေကို ဖုံးအုပ်လုလု ပေါင်းမြက်တွေကို လာရှင်းပေး ပါ။ ဒီရက်ပိုင်းအတွင်း မရှင်းလျှင် သရက်ပင်ပေါက်တွေ အညွန့်လူနိုင်မှာ မဟုတ် တော့ဘဲ ခွန်အားချိနဲ့ကုန်ကြလိမ့်မည်ဟု အသေအချာပြောပြီး ခေါ်ပါလျက် တစ်ကြိမ်ခေါ်လည်းမလာ၊ သူစေရာလိုက်နာမြဲ ဖြစ်ခဲ့သည့် ကျော်ပုသည် ဗုဒ္ဓစာ ကျင့် ဖီဆန်နေသည်မှာ ရက်အတော်ကြာခဲ့ပြီ။ ဤမျှမက အလွန်ယဉ်ကျေး ကျိုးနွံ သော ကျော်ပုဆိုသည့်လူရိုး လူအေးသည် ခြံရှေ့ကဖြတ်လျှောက်သွား ပါလျက် ခြံဘက်သို့ တစ်ချက်ကလေးမျှပင် စောင်းငဲ့ကြည့်ဖော်မရခဲ့။ ဒီကောင့်ပုံက ငါ့ကို တစ်ခုခု စိတ်ခုနေတဲ့ပုံ။ ဘာစိတ်ခုစရာ ရှိသလဲ။ တစ်လောကပဲ အုန်းပင်လာ တက်ပေးတုန်းက ငွေငါးဆယ်ရယ်၊ ငါ့ပလေကပ် လုံချည်တစ်ပတ်နွမ်းရယ် ကိုတောင် ပေးလိုက်သေးတာပဲ။ သူတို့စားဖို့ အုန်းသီးမှ လှပေ့ဆိုတဲ့ အလုံးကြီး သုံးလုံးပေးလိုက်သေး။ ခု . . ငါခေါ်တာမလာဘဲ ရှောင်နေတာ ဘာသဘောလဲ။

သူ့ကို သုံးနှစ်တာမျှ အပူအအေးဒဏ်မှ ကာကွယ်ပေးခဲ့၊ တစ်သီးတခြား ငြိမ်းချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်ပေးခဲ့သော ခြေတံရှည်သွပ်မိုး ပျဉ် ထောင် အိမ်ကလေးရှေ့တွင် ဦးဘညိမ်းသည် တိုင်တစ်လုံးထူထားသလို ငြိမ်ငြိမ် မတ်မတ်ရပ်နေသည်။ မျက်လုံးတွေက သူ့ရှေ့ဝါးတစ်ရိုက်အကွာ ခြံစည်းရိုး ဟိုမှာ ဘက်ရှိ လူသွားလမ်း ကလေးဆီသို့ငေးနေသည်။ လူသွားလမ်းဟု ဆိုရပါသော် လည်း ရွာထဲမှ ကျွဲတွေ၊ နွားတွေလည်း ဤလမ်းကို အသုံးပြုခဲ့ကြသည်။ တစ်ခါ

www.burmeseclassic.com



တစ်ရံ နွေရာသီတွင် ကားတစ်စီး တလေလည်း၊ ဤလမ်းထဲကို မျက်စိ လည်ပြီး ဝင်လာတတ်သေးသည်။ မည်သို့ဆိုစေ ဤလမ်းသည် ဤရွာထဲတွင် အသွေ့ခြောက် အငြိမ်ဝပ်ဆုံးအထီးကျန်လမ်းကလေး ဖြစ်သည်။

အင်း. . . . ခုတလော ငါ့ဆီကို လာနေကျလူတွေ မလာကြတော့ ဒီလမ်းကလေးဟာ တစ္ဆေလမ်းကလေးလို ခြောက်ကပ်နေပြီ။ သူ့ရင်ခေါင်းထဲမှာ ကလီစာတွေ ဘာမျှမရှိတော့သည့်အလား၊ သူတလှိုက်လှိုက် နာကျင်နေမိလေသည်။ ခုတော့ ပုတီး စိတ်လက်ကမချ။ ပါးစပ်ကလည်း "ဗုဒ္ဓရဲ့ ဓမ္မ၊ ဗုဒ္ဓရဲ့ ဓမ္မ" ဆိုတဲ့စကားလုံး တဖွဖွဖြစ်နေတဲ့ ဦးသိမ်းဆောင်ဆိုတဲ့ လူလည်းပျောက်ချက်သားကောင်းနေပါလား။ ခါတိုင်းဆို နှစ်ရက်ခြား၊ သုံးရက်ခြားလာပြီး တစ်ဖက်သားနားထောင်ချင်မှန်း နားမထောင်ချင် မှန်းမသိဘဲ ရေနွေးကြမ်း တရှွတ်ရှွတ်သောက်ရင်း တရားစကားချည်း လွှတ်ပြောနေကျ။ ခုလိုချိန်မှာ ဦးသိမ်းဆောင်လာလျှင်တော့ ဘာစကားပြောပြော စိတ်ဝင်စားပြီး ရွှင်ရွှင်ပျပျစည့်ခံရင်း နားထောင်နေမိမှာပဲ။ သုံးနှစ်နီးပါးတစ်ကိုယ်ရည်ဘဝဖြင့် နေသားကျခဲ့ သည့်တိုင် ယခုအခါ အထီးကျန်ဝေဒနာ၏ စူးမျက်သော ထိုးနှက်မှုကို ဦးဘညိမ်း မခံမရပ်သာ ဖြစ်ခဲ့ရပေပြီ။

သူ၏လူမှုဆက်ဆံရေးနာရီခွင်ပျက်ယွင်းနေပုံသည် အမှုမထားလောက်သော သာမန်ဖြစ်စဉ် မဟုတ်မှန်း ယခုမှပို၍ ဆင်ခြင်နှလုံးသွင်း မိလာသည်။ ထိုသို့ နှလုံးသွင်း မိသည်နှင့်အမျှ သူ့ကိုယ်သူ ရုတ်တရက် ကုဋ္ဌနူနာရောဂါသည်ဘဝကို ရောက်ရှိသွားသူအလား စိတ်အားငယ် ဝမ်းနည်းလာရတော့သည်။

မနေ့ကဖြစ်စဉ်ကိုပဲ ကြည့်ဦး၊ ရွာကျောင်းဆရာတော်ဦးသုမနအား မဖူးမျှော် ဖြစ်သည်ကလည်းကြာ၊ ဆွမ်းလည်းကပ်လှူ လုပ်ကျွေးလိုသဖြင့် ပဲကြီးနှပ်နှင့် ငါးသလဲထိုး အိုးကပ်ချက်ကာ ဆွမ်းချိုင့်ပြင်၊ ဆွမ်းချိုင့်ဆွဲ၍ ရွာကျောင်းဘက်သို့ ထွက်ခဲ့သည်။ လမ်းပေါ်မှာ လမ်းသွားလမ်းလာ၊ ရွာသူရွာသားအချို့နှင့် မျက်နှာချင်းဆိုင်ဆုံဖြစ်သည်။ သူနှင့် ဆုံသူမှန်သမျှ သူနှင့်မရင်းနှီးသည့်တိုင် သူ့ကို သိကျွမ်းလေးစားကြသူ တွေချည်း ပင်။ သူတို့၏ ထူးခြားမှုကို ချက်ချင်းတော့

www.burmeseclassic.com



သူဂရုမမူမိခဲ့။ နောက်တော့ ဂရုစိုက်မိလာ ပြီး သရိုးသရီ ခံစားလာရတော့သည်။ သူ့ကို နှုတ်ဆက်နေကြသူတွေက နှုတ်မဆက်ဘဲ မသိမမြင်ဟန်ဆောင်သွားကြသည်။ အချို့ကဆိုလျှင် သိသိသာသာ မျက်နှာလွှဲ ခေါင်းငုံ့သွားကြသည်။ လူငယ်အချို့က သူ့ကို နာနာဘာဝတစ်ကောင်အလား လန့်သွားခဲ့ကြသည်။ ဟော့ ဘယ်လိုဖြစ်ကြတာတုန်း ငါ့အိပ်မက်များ မက်နေတာလား။ သူ့ကိုယ်သူ မယုံသင်္ကာကြီးစွာ မေးခွန်းထုတ်မိသည်အထိ သူ့ . လမ်းပေါ်မှာ ကယောင်ကယင် ဖြစ်ခဲ့ရလေသည်။

လမ်းပေါ်မှာ အပူးကပ်ခံခဲ့ရသည့် သို့လောသို့လော ဂနာမငြိမ်စိတ်၊ ဂဏ္ဌနေပြိုကွဲမှုသည် ဘုန်းတော်ကြီးဦးသုမနရှေ့တော်မှောက်ရောက်ခါမှ မသက်သာ မပြေပျောက်သည့်ပြင် ပို၍ဆိုးရွားကြီးထွားလာခဲ့ရပြန်တော့သည်။ သူ ဤရွာကိုရောက်ရှိ အခြေစိုက်ကတည်းက သူက ပျပ်ဝပ်ရှိခိုးကိုးကွယ်ခဲ့သလို သူ့ကိုလည်း နှစ်ပေါင်း များစွာ သွန်သင်ဆုံးမခဲ့ဖူးသော ဒါယကာရင်းလို ဟောပြောဆက်ဆံခဲ့သည့် ဘုန်းတော်ကြီးဦးသုမနသည် ယခုအခါ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော အာဂန္တု ဒါယကာ သစ်တစ်ယောက်ကိုတွေ့ရသည့်အလား စူးစမ်းသည့် အကြည့်ဖြင့် ကြည့်၏။

ယခင်ကလို လောကီရေးလောကုတ်ရေးတွေကို နွေးထွေးပွင့်လင်းစွာ မပြောဟောတော့ဘဲ မေးတစ်ခွန်းဖြေတစ်ခွန်း အင်း အဲနှင့် အေးစက်စက် ဆက်ဆံခဲ့၏။ ဘုန်းကြီးဘာဖြစ်သွားသလဲ၊ ဘုန်းကြီးနေမကောင်းလို့လား၊အရေးတကြီး အလုပ်လုပ်စရာရှိ ၍ အရေးတယူ ဆက်ဆံပြောဟောခြင်း မပြုတာလား၊ ဆွမ်းလှူပြီးသည်နှင့် ချိုင့်ကိုလှယ်ကာ ဦးဘညိမ်းသည် ရင်ထဲမှာ မတင်မကျ လှုပ်ခတ်ပူလောင်လျက် ကျောင်းပရဝုဏ်ထဲမှ ညှိုးငယ်စွာ ထွက်ခဲ့ရသည်။ သူသည် ဖက်လှဲတကင်းလုပ်နေကျ သခင်က ကန်ထုတ်ခြင်းခံရသည့် ခွေးကလေးတစ်ကောင်နှင့် တူကောင်းတူခဲ့ပေလိမ့်မည်။

ဤသို့ဖြင့် သူ၏ ရှုးနောက်စရာ၊ ကြေကွဲစရာ ဖြစ်စဉ်က အဆုံးမသတ်ခဲ့သေး၊ဘုန်းတော်ကြီးကျောင်းမှ အပြန်လမ်းတွင် ရွာထဲမှ အသိအကျွမ်းတစ်ချို့နှင့် ဆုံဆည်း ဖြစ်ပြန်သည်၊ ဝတ်ကျေတမ်းကျေသဘောနှုတ်ဆက်ခဲ့ကြပါ၏။

www.burmeseclassic.com



သို့သော်. . . သူတို့ အကြည့်၊သူတို့အသံတွေက စိမ်းကားဝေးလံ သွေ့ခြောက် အသက်မဲ့နေကြလေသည်။အို. . . ဘုရား၊ ဘုရား လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ငါ့မှာကော ဘာအပြစ်ရှိနေပြီလဲ။ ငါဟာ လူမြင်ကွင်းမှာ ကိုယ်တုံးလုံးလမ်းလျှောက်နေတဲ့ သတ္တဝါ၊ လူအရိုင်းကောင်၊ အရူးကောင်လိုဖြစ်နေပါပကော။ ငါ့မှာ အမှားတစ်ခုခုရှိနေတာ အမှန်ပဲ။ အဲဒီအမှားကို ငါတွေ့အောင် ရှာရလိမ့်မယ်။

အလွန်ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသည့်သူနှင့် "ကံသာအေးရွာသစ်" လူထုကြားမှ လူမှုဆက်ဆံရေးနာရီခွင်ကို ပျက်ပြားတိမ်းမှောက်အောင် ဖန်တီးခဲ့သော အဖျက်သမားတရားခံကို စဉ်းစားရှာဖွေရင်းနှင့် မနေ့ညက အိပ်မပျော်နိုင်ခဲ့သဖြင့် ယခုလို မိနစ်အတော်ကြာအောင်အိမ်ရှေ့မြေပြင်ပေါ်မှာ ရပ်နေခဲ့သည့်အခါ အကြောအခြင်တွေက ဖျစ်ဖျစ်မြည်အောင် နာကျင်လာပြီး မူးနောက်နောက် ညည်းစီစီခံစားလာရပြီ။ တရားခံဘယ်သူလဲ။ တရားခံဘယ်သူ လဲ။ . . . အဖျက်ဓာတ်စီးနေတဲ့ ဘယ်လိုအကြောင်းတရားလဲ။ လူက ဖန်တီးတဲ့ အကြောင်းခံလား၊ နတ်ဆိုးနတ်ယုတ်တွေ စီမံတဲ့အကြောင်းခံလား။ ခုချိန်ထိ အဖြေတစ်စွန်းတစ်စမျှ မရသေး။

ဦးဘညိမ်းသည် လူမမာတစ်ယောက်၏ လှုပ်ရှားမှုမျိုးဖြင့် အိမ်ပေါ် ပြန်တက်ခဲ့ပြီး မုဒုံဖျင်ကြမ်းတပ်ပက်လက်ကုလားထိုင်မှာ ထိုင်ချလိုက်ပြန်၏။ ရင်တစ်ပြင်လုံး နာပြီး အတွင်းပိုင်းမှာ ပူလောင်တင်းကြပ်နေပုံကို ခံစားမိရင်း သူသည် အသက်ရှူသံ တရှူးရှူး မြည်လာသည့်အထိ မောဟိုက်လာလေသည်။ ကြီးစွာသော ပြစ်မှုတစ်မှုကို ကျူးလွန်ထားမှန်းသိလျက်နှင့် ဘယ်လိုပြစ်မှုအမျိုးအစားမှန်းတွေး၍ မရအောင် ကယောင်ချောက်ချား ဖြစ်နေခြင်းလောက် ဆိုးရွားသော ဘဝအတွေ့အကြုံသည် သူကလွဲ၍ ဘယ်လူသားမှာမှ မရှိနိုင်ဟု သူဆုံးဖြတ်မိလိုက်တော့၏။

ဝမ်းနည်းပက်လက် ကြေကွဲခြင်း၊ မကြုံစဖူးသော ဝမ်းနည်းပက်လက်ကြေကွဲခြင်း. . . .။ ဤဝေဒနာ အထုပ်အထည်ကြီးကိုပွေ့ပိုက်လျက် "ကံသာအေးရွာသစ်" မှာ ခေါင်းချဖို့ ဖြစ်နိုင်ပါ့မလား. . . .။ လက်ရှိအသက်အရွယ်နှစ် (၆၀)၊ လက်ရှိစိုးရိမ်ဖွယ် မရှိသေးသော ကျန်းမာရေးနှင့် ဆို

www.burmeseclassic.com



လျှင်. . . သူနောက်ထပ် နှစ်အနည်းငယ် အသက်ရှည်ခွင့် ရနိုင်သေးသည်။ သို့သော် . . . ထာဝစဉ် ကြေကွဲဝမ်းနည်းနေတဲ့ ဘဝကြီးနဲ့ သက်ဆိုးရှည်နေမှာ တဲ့လား။

ဤရပ် ဤရွာ ဤဒေသသို့ သူလာရောက် အခြေစိုက်ခြင်း မပြုမီ၊ ဤခြံ ဤမြေကို ဝယ်ယူခါနီးတွင် သူ၏နှလုံးသားမှာ ခိုင်ကျည်မြဲမြံသည့် ရည်မှန်းချက်တစ်ရပ် တည်ဆောက်ထားခဲ့၏။ သူ့ဇနီးသည် လုံးဝပြန်လာခြင်းမရှိသော ထွက်ခွာခြင်းမျိုးဖြင့် သူ့ကိုရော ဤကမ္ဘာမြေကိုပါ စွန့်ပစ်သွားပြီမို့၊ သူ့ဘဝမှာ အတွယ်တာ အမြတ်နိုးဆုံးလူသားဆို၍ ရှိမနေတော့။ အိမ်ထောင်ကိုယ်စီဖြင့် ကိုယ့်လမ်းကိုယ်ဖောက်၊ လမ်းပေါ်မှာတည့်မတ်စွာ လျှောက်သွားနိုင်ကြပြီဖြစ်သည့် သားနှင့်သမီးမှာ သူ၏ဇရာဘဝတွင် အဖော်ကောင်းများမဖြစ်နိုင်ဟု သူတိတိကျကျ သတ်မှတ်ယုံကြည်ခဲ့၏။

နိုင်ငံခြားပညာရှင်တစ်ယောက်ရေးသား မိန့်ဆိုသော ဩဝါဒတစ်ခုကို သူသည် (စာဖတ်အလေ့နည်းသည့်ကြားက) အမှတ်မထင် စာအုပ်အဟောင်းတစ်အုပ်မှာ ဖတ်ရှုမိပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး မှတ်သားလက်ခံလိုက်၏။ “အထီးကျန် တစ်ကိုယ်တော်နေခြင်းလောက် ပေါင်းဖော်ဖို့သင့်တော်သော အပေါင်း အဖော်လောကမှာမရှိ” မှန်သည်။ သူသည် ဇရာသို့ ချဉ်းနင်းခဲ့ပြီဖြစ်ရာ ဇရာရွယ် မှာ သောကမဲ့စွာ တစ်ကိုယ်ရေ တစ်ကာယ ငြိမ်းချမ်းစွာနေပြီး အရိုးထုတ်သွားလိုပေသည်။ သူ့မှာ ဝင်ငွေအနည်းငယ်မျှနှင့်ပင် မပူမပန် ထိုင်စားလောက်သည့် စုငွေဆောင်းငွေကလည်း ရှိနေသည်မဟုတ်လား။ ဤသို့ဖြင့် ခိုင်မာစွဲမြဲသော ရည်မှန်းချက်ကို ဆုပ်ကိုင်ကာ မြို့ပြနှင့်အလှမ်းမကွာသည့် လယ်သမားနှင့် ဥယျဉ်ခြံစိုက်သမားတွေ ရောနှောနေထိုင်ကြသည့် “ကံသာအေး ရွာသစ်” မှာ ဦးဘညိမ်း ကျောက်ချရပ်နားလိုက်ခြင်းပဲဖြစ်တော့သည်။

ယခုတော့ သူပက်လက်ကုလားထိုင်ပေါ်မှာ ပျော့ခွေညှိုးလျှစွာ ထိုင်နေပုံက လူမရောက် သူမရောက် ပင်လယ်ကမ်းခြေတစ်နေရာမှာ သံချေးကိုက်ပျက်စီးလျက် ဘယ်လိုမှရွေ့လျားနိုင်ခြင်း မရှိတော့သည့် ရှေးဟောင်းသင်္ဘောကြီးတစ်စင်းနှင့်သာ တူနေပြီ။

www.burmeseclassic.com



"အဘကြီး. . . အဘကြီး"

အိမ်အောက်မှ ခေါ်သံကို ကြားယောင်ယောင်ရှိသော်လည်း သူ့အကြား အာရုံ က သူ့ကိုပြန်လှည့်စားနေသည်။ ငါ့ကို ခေါ်တာမှ ဟုတ်ရဲ့လား။ ရွာထဲက တစ်ယောက် ယောက်လမ်းပေါ်မှာ တစ်ခြားတစ်ယောက်ကို ခေါ်နေတာများလား။

"အဘကြီးရေ. . ဗျို့ အဘကြီး. . . "

အိမ်အောက်မှ ခေါ်နေမှန်းသိမှတ်လာသည်။ ကြားဖူးသော အသံမှန်း လည်း သိမှတ်လာသည်။ ဒါရုပ်ဆိုးရဲ့ အသံပဲ၊ ရုပ်ဆိုး . . . . ရုပ်ဆိုး ကျော်ပုရဲ့သား ရုပ်ဆိုး။

သူသည် ချည့်ချည့်နဲ့နဲ့ ယိုင်တိယိုင်ထိုးဟန်ဖြင့် ကုလားထိုင်မှထသည်။ လှေကားလက်ရမ်းကို အားပြုလျက် ကပျာကယာ အောက်သို့ဆင်းသည်။

ဟုတ်သည်။ ရုပ်ဆိုး. . . ။ နာမည်နှင့်လိုက်အောင် အရုပ်ဆိုးသည့် မျက် လုံးပြူးပြူး၊ သွားခေါခေါ၊ မည်းကြုတ်ကြုတ် (၁၂) နှစ်အရွယ် ကောင်ကလေးသည် ပေါက်တူးတစ်လက်ထမ်း၍ ရပ်နေ၏။ ရုပ်ဆိုးသည့် အကျည်းတန်သည့်ကြားမှ ကံကြမ္မာ၏ မညှာမတာ ညှင်းဆဲမှုကြောင့် သွပ်ချောင်ချောင် ကျပ်မပြည့်ကလေး လည်း ဖြစ်နေရှာသေးသည်။

"မြက်တွေ ရှင်းမယ်ဆို. . အဘကြီး"

ကောင်ကလေး၏ မျက်နှာထားက ခင်မင်ရိုသေမှုဖြင့် ရွှင်ကြည်သိမ်မွေ့ နေ၏။ ဒီလိုမျက်နှာနှင့် မာယာကင်းစင်သည့် မျက်လုံးကြည်ကြည်ကလေးတွေကို မြင်လိုက်ရတော့ ဦးဘညိမ်း၏ သွေးကြောတွေထဲမှာ ပိတ်ဆို့ကပ်ငြိနေခဲ့ကြသော ညစ်ညူးမှု အမှိုက်သရိုက်တွေသည် တမဟုတ်ချင်းလွင့်စင် ပြောင်ရှင်းသွားကြ သည်။

"မင်းအဖေ ကျော်ပုကို မှာထားတာ ဆယ်ရက်ကျော်ပြီကွ၊ သူဘာလို့ မလာတာ လဲ။ သူ. . ခုဘယ်မှာလဲ"

www.burmeseclassic.com



"အဖေ ရိုးထဲမှာ ငါးသွားပက်တယ် အဘကြီး၊ အဘကြီးခြံမှာ မြက်ရှင်းဖို့ ကျွန်တော်ကို အဖေလွှတ်လိုက်တာ။ သူမရှင်းဘဲ ကျွန်တော်ရှင်းတော့ ကျွန်တော် ပိုက်ဆံရတာပေါ့ အဘကြီးရဲ့။ မုန့်ဖိုးများများပေးနော် အဘကြီး ဟီး . . ဟီး"

ခါသောသွားတွေက မောက်နေသည့် သွားဖုံးတွေပါ ပေါ်လာသည်အထိ ရုပ်ဆိုးကရယ်နေသည်။

"စိတ်ချပါ ရုပ်ဆိုးရာ၊ မင်းကို မုန့်ဖိုးလည်းအများကြီးပေးမယ်၊ ထမင်းလည်း အဝကျွေးဦးမယ်"

ကောင်ကလေးသည် မြက်ခင်းထဲသို့ ပြေးထွက်သွားသော မြင်းပေါက်ကလေးတစ်ကောင်နှယ် မြူးကြွရွှင်လန်းနေ၏။ အလျှင်ဆုံးရှင်းလင်းရမည့် နေရာကို ဦးဘညိမ်းက ညွှန်ပြလိုက်သည်နှင့် ပေါက်တူးနှင့် ဖက်၍မွေးလာသည်ဟုမှတ်ရလောက်အောင် ပေါက်တူးကိုလွှဲကာ၊ လွှဲကာနှင့် ကျွမ်းကျွမ်းကျင်ကျင် မြက်ရှုပ်စပြုတော့သည်။

ဦးဘညိမ်းသည် အိမ်ပေါ်သို့တက်သွား၏။ တစ်ခဏနေ၍ ပြန်ဆင်းလာသည့်အခါ ကောင်ကလေးကို ကျွေးရန်ထန်းလျက်ခဲ လက်တစ်ဆုပ်ပါလာသည်။ ကောင်ကလေးသည် သွက်လက်သပ်ရပ်စွာ မြက်ရှုပ်နေရာမှ ဦးဘညိမ်းကို မြင်လျှင် ခါးဆန့်၍ ခေတ္တရပ်နားလိုက်၏။

"ရော့. . . . အမောပြေထန်းလျက်စားကွာ"

ရုပ်ဆိုးက ထန်းလျက်ခဲတွေကို လက်ဝါးဖြန့်၍ လှမ်းယူပြီး တစ်လုံးကို ပါးစပ်ထဲသို့ ပစ်ထည့်ကာ ကျန်သည်ကိုတော့ သူ၏ရုပ်အင်္ကျီ ညစ်ညစ်ကလေးထဲသို့ ထည့်လိုက်၏။ ပြီးလျှင်. . . ရုပ်ဆိုးသည် ပါးစပ်ထဲမှ ထန်းလျက်ကို ပလုပ်ပလောင်းဝါးရင်း ဦးဘညိမ်းမျက်နှာကို မျက်စိပေကလပ်နှင့် မော့်ကြည့်သည်။

"အဘကြီးကို ကျွန်တော် မေးစရာရှိတယ်ဗျ"

"ဘာမေးမလဲ မေးလေကွာ"

www.burmeseclassic.com



ကောင်ကလေးက သူ့ကိုမော့ကြည့်နေပုံမှာ ဖိုးလမင်းကြီးကို ကလေးသူငယ်တစ်ယောက်က တစ်ခုခုလှမ်းပြောချင်သလို မော့ကြည့်ပုံမျိုးသာဖြစ်၏။

"အဘကြီးဟာ ဟိုတစ်ခါတုန်းက မိန်းမနှစ်ယောက်ကို ဓားနဲ့ထိုးသတ်ပြီး သူတို့ရဲ့ရတနာတွေကို လုပြေးခဲ့တယ်ဆို၊ အဲဒါဟုတ်လား"

ရုပ်ဆိုးကို ငုံ့ကြည့်နေသော ဦးဘညိမ်းမှာ သူ့မျက်နှာကိုကောင်ကလေး တံတွေး ဖြင့် လှမ်းထွေးသလို တွန့်ခနဲ ဖြစ်သွား၏။

"ဟာ. . . ရုပ်ဆိုးကလည်းကွာ၊ အဲဒါမင်းကို ဘယ်သူပြောသလဲ. . ဟင်"

သူသည် ရုတ်တရက် အဖျားဝင်သလိုအသံတုန်ရီသွားသည်။ ကောင်ကလေးမှာ ရှက်ရွံ့အားနာဟန် လုံးဝမရှိ။

"တစ်ရွာလုံးလိုလို ပြောနေကြတာ အဘကြီးရဲ့၊ အဘကြီး မသိဘူးလား"

ဦးဘညိမ်း ရပ်နေရာမှ လဲမကျအောင် ကြိုးပမ်းသကဲ့သို့ ခြေနှစ်ဖက်ကို ခွဲ့ကား၍ နေရာရွှေ့ရပ်လိုက်၏။ သူ၏ လူမှုဆက်ဆံရေးနာရီခွင် ချို့ယွင်းစေသည့်အကြောင်း ရင်းမြစ်သည် တစ်စွန်းတစ်စ ပေါ်လာခဲ့ပြီ။

"ငါ မသိရပါလား ရုပ်ဆိုးရာ၊ ဒါထက် သူတို့က မဟုတ်တရုတ်သတင်းကို ဘယ်ကရတာတဲ့လဲ၊ငါတော့ အချောင်လူသတ်သမား ဖြစ်နေပါပြီကွာ"

"ဒီလိုအဘကြီးရ၊ အဖေပြောတယ်။ စာကြည့်တိုက်က သတင်းစာထဲမှာ အဘကြီးရဲ့ ဓာတ်ပုံပါတယ်တဲ့။ သတင်းစာထဲမှာ အဘကြီး သူဌေးမကြီးသားအမိကို ဓားနဲ့ထိုးသတ်ပြီး သူတို့ရဲ့ ရတနာတွေ လုပြေးရောတဲ့။ ဒါနဲ့ ရဲအဖွဲ့က လိုက်ဖမ်းတော့ အဘကြီးကို မိရောတဲ့ဗျ။"

ဦးဘညိမ်းသည်ကောင်ကလေး၏ စကားလုံးတွေကို ဂရုတစိုက်နားထောင်နေစဉ်၊ သူ၏ ပင်ကိုယ်ဉာဏ်ကလည်း တစ်ကွဲတစ်ပြားစီ ပြန့်ကြဲနေသော အချက်အလက်တွေကို အမြန်ဆုံး စုစည်းဆက်စပ်ကြည့်နေလေသည်။ ငယ်စဉ်ကလိုပင် သူ၏ ဉာဏ်ရည်ဉာဏ်သွေးက ထက်မြက်ဆဲပင်ရှိသေး၏။

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပတ်လောက်ကသူတို့ရွာတွင် လူငယ်များက ဦးဆောင်၍ စာဖတ်ခန်းကလေးတစ်ခုဖွင့်လှစ်တည်ထောင်ခဲ့သည်။ ထိုအခမ်းအနားသို့ သူကိုယ်တိုင်ပင်လျှင် ရပ်မိရပ်ဖတစ်ဦးအနေဖြင့် တက်ရောက်ခဲ့ပြီး လေ့လာကြည့်ရှုခဲ့သေးသည်။ ထိုစဉ်တုန်းက ကံသာအေးရွာသစ်မှာ နေထိုင်သည့် အငြိမ်းစားတရားသူကြီးတစ်ဦးက စာအုပ်မျိုးစုံ ငါးဆယ်ကျော်နှင့် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က သတင်းစာ အဟောင်းစောင်ရေ နှစ်ရာတိတိကို စာဖတ်ခန်းသို့ လှူဒါန်းခဲ့သည်ကို သတိရနေဆဲဖြစ်သည်။

သတင်းစာဟောင်းတစ်စောင်ထဲတွင် ဖတ်သူတွေ သတိမမူဘဲနေနိုင်မှာမဟုတ်သောသတင်းတစ်ပုဒ်ပါရှိပေလိမ့်မည်။

သတင်းမှာ ရန်ကုန်မြို့စမ်းချောင်းဘက်ရှိ လမ်းတစ်လမ်းထဲတွင် နေထိုင်ကြသည့် အပျိုကြီးညီအစ်မ၏ အိမ်သို့နေ့ခင်းကြောင်တောင် တစ်ကိုယ်တော် ဓားပြတစ်ဦးက အနုကြမ်းဝင်စီးပြီး ရတနာရွှေငွေ တစ်သိန်းကျော်ဖိုးကိုလုယက်ပြီးနောက် အိမ်ရှင်အမျိုးသမီးနှစ်ယောက်စလုံးကို ဓားမြှောင်ဖြင့် အသေထိုးသတ်၍ ထွက်ပြေးတိမ်းရှောင်စဉ် သုံးရက်အကြာ၌ အဆိုပါလူသတ်ဓားပြကိုခရမ်းသုံးခွဘက်၌ ဖမ်းမိခဲ့သည်ဟူ၍ဖြစ်ပေလိမ့်မည်။ ထိုသတင်းနှင့်အတူ ဓားပြ၏ ဓာတ်ပုံလည်း သတင်းစာ၌ပါရှိ ပါလိမ့်မည်။

"သတင်းစာထဲပါတဲ့ လူဆိုးဟာ အဘကြီးမှ အဘကြီးပဲလို့ အဖေကပြောတယ်။ ဒါပေမယ့် အဘကြီးနာမည်က ဟိုတုန်းက အခုနာမည် မဟုတ်ဘူး။ ဘညိမ်း တဲ့ဗျ"

ကောင်ကလေးသည် နောက်ထပ်ထန်းလျက်တစ်လုံးကို ကိုက်ဖဲ့ရင်း ပျင်းရိပျင်းတွဲ အသံဖြင့် ပြောနေပြန်သည်။ ဦးဘညိမ်းက မသိမသာတုန်ယင်နေသော လက်တစ်ဘက်ကို ကောင်ကလေး၏ ပခုံးတစ်ဖက်ပေါ်သို့တင်လိုက်၏။

"သူတို့အားလုံး မှားနေပြီ ရုပ်ဆိုးရ၊ အဲဒီဓားပြဟာ အဘကြီးမဟုတ်ဘူး၊ အဘကြီးရဲ့ အမွှာညီကွ။ ဒီကောင်ကသိပ်ဆိုးတာ၊ အဲဒီအမှုနဲ့ ထောင်တစ်သက်ကျပြီး ထောင်ထဲမှာ သေသွားတာကြာလှပြီ။ ဒီတော့ အခုအဘကြီးပြောတာကို

www.burmeseclassic.com



ရွာထဲမှာ လျှောက်ပြောလိုက်စမ်းကွာ။ သတင်းစာထဲက လူဆိုးဟာ အဘကြီးရဲ့ အမွှာညီဘညိမ်းလို့၊ ဒီကောင်သေတာကြာပြီလို့ ဟုတ်လား ပြောဖြစ်အောင် လိုက်ပြောလိုက်စမ်း ရုပ်ဆိုးရာ. . . . အဘကြီးက ဘညိမ်းမှ မဟုတ်တာ၊ အဘကြီးက ဘညိမ်းမှ မဟုတ်တာ အဘကြီးက မြညိမ်းပဲကွ"

မှန်ပါသည်။ ကံသာအေးရွာသစ်တစ်ဝိုက်မှာ လည်းကောင်း၊ သူ၏ အမျိုးသား မှတ်ပုံတင်အသစ်တွင် လည်းကောင်း၊ သူ၏နာမည်မှာ "မြညိမ်း" သာဖြစ်ပါသည်။

✣ ✣ ✣

www.burmeseclassic.com



www.burmeseclassic.com

# ကိုဘသွင်၏ ပုံတူ

ရက်လည်ဆွမ်းသွပ်ပြီး နောက်တစ်နေ့အထိ မလှမေ မျက်ရည်မဆည်နိုင်သေး။ သို့တစေ ကိုဘသွင်ဆုံးကာစကဲ့သို့၊ ကိုဘသွင်ကို ဖုတ်ကျည်းသင်္ဂြိုဟ်သည့်နေ့ကကဲ့သို့၊ ဆွမ်းသွတ်တရားနာ၊ရေစက်ချ၊ အမျှဝေစဉ်ကကဲ့သို့ တသွင်သွင်တဒီးဒီး ယိုစီးခြင်းမရှိတော့။ သဲမြေအိုးမှစိမ့်သည့်ရေနှယ် တုံ့ဆိုင်းတုံ့ဆိုင်း တစ်ပေါက်တစ်စက်ချင်း စိမ့်ကျနေမိခြင်းသာဖြစ်သည်။ ကျသောမျက်ရည်ကို ပခုံးမှာတင်ထားသည့်တရုတ်ပြည်ဖြစ် တဘက်စကြီးဖြင့် မမေ့မလျော့ သုတ်ပစ်သည့်အတွက် မျက်လုံးကိုဖိမိကာ မျက်ခွံတွေမို့၊ မျက်ဝန်းတွေနီ၊ မျက်နှာကအမ်းတန်းတန်းရှိနေ၏။ သားသမီးငါးဦးနှင့် မြေးရှစ်ယောက်တို့ကလည်း "အမေရယ် အငိုတိတ်ပါတော့" "ဘွားဘွား မငိုပါနဲ့တော့" ဟူ၍ တားမြစ်လာခြင်းမရှိခဲ့ကြပါ။ ထို့ကြောင့် ခင်ပွန်းချစ်လင် ထိုင်နေကြ ဖျင်ကြမ်းတပ် ပက်လက်ကုလားထိုင်မှာထိုင်ရင်း ရင်ထဲမှာ လှိုက်လောင်နေဆဲမီးမှ အပူငွေ့ကို မျက်ရည်အဖြစ်လွတ်လပ်စွာ ယိုစိမ့်ခွင့်ပေးထားကာ ဆောက်တည်ရာမရ လွင့်ပါးနေသောစိတ်အာရုံကို လွှင့်မျှောပစ်ထားလိုက်၏။

သည်လိုအချိန်မှာပဲ ထိုစိတ်ကူးက နွေကောင်းကင်မှာ ဖြုတ်ချည်းလက်လိုက်သည့် လျှပ်နွယ်ကဲ့သို့ ရုတ်တရက် မလှမေ၏ ခေါင်းထဲသို့ တိုးဝင်လာ

www.burmeseclassic.com



ခြင်းဖြစ်သည်။ အင်း ဟုတ်တာပေါ့၊ သူမရှိတော့ပေမယ့် သူ့ကိုယ်ပွားကို ငါ့အနား မှာ ထားလို့ရသေးတာပဲ။

မလှမေသည် တစ်မနက်လုံး (ယခု ၁၁နာရီအထိ) ကုလားထိုင်မှာ အရုပ် တစ်ရုပ်ချထားသလို ထိုင်နေရာက ဖြုန်းခနဲထလိုက်ရာ သူ၏ ပုပြတ်ပါးလျားသော ကိုယ်လုံးအလေးချိန်က ပေါင်ချိန်တစ်ရာ မပြည့်တပြည့်မျှသာ ရှိသော်လည်း သူ၏ ပြင်းထန်သော လှုပ်ရှားမှုကြောင့် ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ခနော်နီ ခနော်နဲ့ ဆယ့်သုံးနှစ်သား အိမ်ကလေးသည် ငလျင်လှုပ်ချိန်မှာကဲ့သို့ သိမ့်သိမ့်တုန်မျှ ယမ်းခါသွားလေသည်။ မီးဖိုချောင်ထဲမှ သမီးကြီးသည် "အမေဘာများဖြစ်ပါလိမ့်" ဟူသော စိုးရိမ်မှုဖြင့် ပြူးပြူးပျာပျာ ထွက်လာ၏။ အမေ ဘာမှမဖြစ်ပါ။

အမေသည် ပရိဒေဝဖိစီးမှုလွတ်ရာလွတ်ကြောင်း နည်းလမ်းတစ်ခုကို စိတ်ကူးရ၍ အားပါးတရ ရေးကြီးသုတ်ပျာ လှုပ်ရှားခြင်းသာဖြစ်သည်။

မလှမေသည် သော့ခတ်ထားခြင်းမရှိသော သွားလေသူ ကိုဘသွင်၏ အဝတ်အစားများထည့်ရာ အရောင်အဆင်းမရှိတော့သည့် သေတ္တာဟောင်းကြီးကို ဖွင့်လိုက်၏။ ပရုပ်လုံးနံ့သင်းနေသောသေတ္တာထဲတွင် ကိုဘသွင်၏ အဝတ်ဟောင်း သုံးလေးစုံ၊ သပ်သပ်ရပ်ရပ် ခေါက်လျက်သားရှိနေကြသည်။ ကိုဘသွင်၏ အစိုးရ ဝန်ထမ်းအလုပ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကလည်း ပလပ်စတစ်အိတ် တစ်အိတ်ထဲမှ တစ်စုတစ်စည်းတည်းရှိနေကြ၏။ မလှမေက ပလပ်စတစ်အိတ် ထဲမှ စာရွက်စာတမ်းတွေကိုကြမ်းပေါ်မှာ ပစ်စလက်ခတ်ပုံချသည်။ စာရွက်စာတမ်း တွေကြားမှ သူလိုရာကိုအသက်မရှူအား၊ မျက်တောင်မခတ် အားပဲရှာသည်။ ဟော တွေ့ပါပြီ ကော။ အမျိုးသားမှတ်ပုံတင်၊ ဝန်ထမ်းသက်သေခံကဒ်၊ ပြီးတော့ ပို့စကာဒ်ဆိုက် ရောင်စုံဓာတ်ပုံတစ်ပုံ။

မှတ်ပုံတင်ကဒ်နှင့် ဝန်ထမ်းကဒ်တို့ကို ဘေးသို့ချပြီး ရောင်စုံဓာတ်ပုံကို ပြတင်းပေါက်မှ ဝင်လာသော ဇူလိုင်လ နေရောင်ခြည်ဖျော့ဖျော့တွင် မျက်နှာအနီး သို့ တိုးကပ်၍ ကြည့်လိုက်၏။ မလှမေ မျက်ရည်ကျလာဖြစ်တော့သည်။

ဤပုံရိုက်ကူးခဲ့သည်မှာ (၂) နှစ်ခန့်ရှိပြီ။ အထွေးဆုံးသားကို စုပေါင်း

www.burmeseclassic.com



ရှင်ပြုရဟန်းခံအလှူထဲတွင်ထည့်ဝင်ပြီး သာသနာ့ဘောင်ထဲသို့ သွတ်သွင်းခဲ့စဉ်က ဖြစ်သည်။ အမှတ်တရ ဓာတ်ပုံရိုက်ကြမည်ဆိုသောအခါ ကိုဘသွင်က (ထုံးစံအတိုင်း) ငြင်းသည်။ သူက ဓာတ်ပုံရိုက်ဝါသနာ မပါတာမဟုတ်ဘူး "ဓာတ်ပုံအရိုက်ခံရမှာကို ရှက်စရာကြီးကွာ" လို့ ဟိုငယ်ငယ် ကျွန်မနဲ့ အိမ်ထောင်ကျခါစကတည်းက ပြောခဲ့တယ်။ မှတ်ပုံတင်တို့ ဘာတို့တောင် မလွှဲမရှောင်သာလို့ ရိုက်ခဲ့ရတာ၊ ဒါကြောင့် သူ့သေတော့ ပောသည်ပုံတစ်ပုံပဲ ကျန်ကောင်းကျန်ရာ ကျန်ခဲ့တာပါ။

ကိုဘသွင်သည် ချည်ချောပုဆိုး၊ ကော်လာမဲ့ရှပ်အဖြူ အရောင်လွင့်ခါစ တက်ထရက်တိုက်ပုံတို့ကို ဝတ်ထားသည်။ ခြေထောက်တွင် အသစ်ကျပ်ချွတ် ငါးသုံးလုံး တံဆိပ်အပေါ်စား ဂျပန်ဖိနပ်ကို စီးထားသည်။ ဘဲမြီးဆံပင်က မြင်တွေ့နေကျအတိုင်း ထိုးထိုးထောင်ထောင်။ သူ၏ထူထဲနက်မှောင်သော မျက်ခုံးအစုံအောက်မှ မည်းပြောင်တောက်ရှန်းသည့် မျက်လုံးများက ကင်မရာဆီသို့ အထိတ်တလန့်ကြည့်နေကြဟန်ရှိသည်။ မိမိကိုပစ်တော့မည့်ဆဲဆဲ သေနတ်ပြောင်းဝကို တုန်လှုပ်စွာကြည့်နေသော အသည်းငယ်သည့် ဒုစရိုက်ကောင်၏ မျက်လုံးမျိုးဖြစ်သည်။ သူ့လက်နှစ်ဖက်က မတ်မတ်ရပ်နေသော ခြေထောက်ဖျားဘေးမှာ အရိုးတွေ၊ အကြောတွေ မရှိသလို တွဲလောင်းချထားကြလေသည်။

အင်း ဒီပုံကတစ်ကိုယ်လုံးပါတော့ ဒီပုံကိုပဲ ပုံကြီးချဲ့ပြီးကူးမယ်။ မှန်ဘောင် ကောင်းကောင်းနဲ့ အိမ်ရှေ့က မိသားစုဓာတ်ပုံတွေရဲ့ အပေါ်မှာ ခန့်ခန့်ညားညားချိတ် ထားလိုက်မယ်။ ဒါဆို ကိုဘသွင်က ငါနဲ့အတူ ဒီအိမ်ထဲမှာ အမြဲတမ်းရှိနေလိမ့်မယ်ဟု မလှမေတွေးလိုက်သည်။ ဓာတ်ပုံကို ဖယ်ထားပြီး ကျန်အရာဝတ္ထုတွေကို နေရာတကျ ပြန်လည်သိမ်းဆည်းသည်။ မျက်ရည်ပေါက်များသည် ကိုဘသွင်၏ အဝတ်အစားများ၊ စာရွက်စာတမ်းများပေါ်သို့ အသံတိတ်ကျဆင်းလျက်ရှိကြသည်၊ တစ်စက်သော လွင့်စင် စွန်းပေသွားခြင်းကို မလှမေ သတိမထားမိ။ ဓာတ်ပုံကို ဘုရားစင်ပေါ်တင်၍ ပက်လက် ကုလားထိုင်မှာ ပျော့တိပျော့နွဲ့ပုံဟန်ဖြင့် ပြန်ထိုင်၏။

"အမေ ထမင်းစားတော့လေ။ အားလုံးကျက်ပြီ"ဆိုသော သမီးကြီး၏

www.burmeseclassic.com



အချက် ပေးသံကို မလှမေ မကြားမိပါ။ ကြားလျှင်လည်း ဘာမျှပြန်ကြားလိမ့်မည် မဟုတ်ပါ။ မလှမေ ထမင်းလည်း မဆာပါ။ မလှမေ၏ ရီမှိုင်းသော မျက်လုံးများ သည် အိမ်ရှေ့ တစ်နေရာဆီသို့ စူးစိုက်ကြည့်ရှုနေသော်လည်း၊ သူဘာကိုမျှ ကြည့် နေခြင်းမဟုတ်။ သူ့ မျက်လုံးတွေက လူသေမျက်လုံးများလို ငြိမ်သက်နေကြသည်။ မျက်တောင်မလျှဉ်းမခတ်။ နှလုံးခုန်သံ၊ အသက်ရှူသံတွေကိုလည်း သူ့ဘာသာသူ ပြန်မကြားမိချေ။ သို့စေကာမူ မလှမေ၏ အတွေးမျက်လုံးကမူ ယောကျ်ားပီသ သော ခန့်ချောချော မျက်နှာတစ်ခုကို ကြည်နူးစွာ ကြည့်ရှုနေသည်။ တစ်ကမ္ဘာ လုံးရှိ ယောကျ်ားမှန်သမျှထက် ချောမောခန့်ညားသူ၏ မျက်နှာပင်ဖြစ်သည်။ ယခုအချိန်တွင် ကားပေါ်မှ လိမ့်ကျပြီး ဦးခေါင်းခွဲကွဲ၍ သေဆုံးကာ ရုပ်ပျက် ဆင်းပျက် ဖူးရောင်နေသည့် မျက်နှာကြီးကို မလှမေ မေ့စွမ်း နိုင်ခဲ့ပေပြီ။

ကိုဘသွင်သည် လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကတုန်းကလိုပင် မလှမေ အနီးမှာ ထွားကျိုင်းမြင့်မားသော ကိုယ်ထည်အဆောက်အဦးကြီးဖြင့် ရပ်နေတုန်း ပဲဖြစ်သည်။ ကိုဘသွင်၏ မျက်လုံးတွေအောက်မှာ ခြောက်လက်မခန့်နိမ့်သော မလှမေက ကိုဘသွင်၏ မျက်နှာကို မော့ကြည့်နေ၏။ ကြည့်ရင်းကြည့်ရင်း ထိုမျက်နှာကလွဲ၍ မလှမေ အခြားဘာကိုမျှ မမြင်မိတော့။

ကိုဘသွင်နှင့် သမီးရည်းစားဘဝတွင် မလှမေ၏ ငယ်သူငယ်ချင်း "မနန်းအေး" သည်လက်ထပ်ခါနီးချစ်သူ ရုတ်တရက် အူရောင်ငန်းဖျားရောဂါ ဖြင့်ကွယ်လွန်သွားသောကြောင့် ထဘီမနိုင်ပဝါမနိုင် ရူးသွပ်သွားခဲ့ရှာသော အဖြစ်ကိုကြည့်ကာ မလှမေ ကိုယ်တိုင် ကိုဘသွင်နှင့် မပေါင်းဖက်ဖြစ်မှာကို ကြီးစွာပူပန်ကြောင့်ကျလျက် ကိုဘသွင်နှင့် အမြန်ဆုံးလက်ထပ်ဖြစ်အောင် ရဲရဲရင့်ရင့် ကြိုးစားခဲ့ပါသည်။ လက်ထပ်ပြီးသော အခါ "ကျွန်မသာ မနှင်းအေး အဖြစ်မျိုးနဲ့ကြုံရရင် မနှင်းအေးထက် အပြန်တစ်ရာပိုဆိုး မှာတော့ သိလား" ဟုလည်း ဝမ်းတွင်းရူးဆန်ဆန် ပြောမိခဲ့သေး၏။

ကိုဘသွင်သည် ပျင်းရိသော၊ လက်ကြောမတင်းသော ယောကျ်ား မဟုတ်ပါ။ သူသည် အလိုလောဘနည်းပါးသူသာ ဖြစ်သည်။ သူက မိသားစု အတွက် သုံးရက်စာလောက် ဆန်အိုးထဲမှာဆန်ရှိနေလျှင် လက်ဖက်ရည်ကြမ်း

www.burmeseclassic.com



ကရားကလေးရှေ့ချ၊ ဆေး ပေါ့လိပ်တိုကလေး တဖွာဖွာနှင့် ဒူးနှံ့နေနိုင်သူဖြစ်၏။ အလုပ်အားရက်တွင် တစ်ယောက်တည်း တစ်နေကုန်ပက်လက်ကုလားထိုင်မှာ ထိုင်လျက် နဖူးပေါ်လက်တင်ထားတတ်သည်။ (သူဘာတွေစဉ်းစားနေမှန်း သူကိုယ်တိုင်ပင် သိပုံမရ)

အိမ်ထောင်ဦးစီးတစ်ယောက်၏ ဤသို့သော အားမလိုအားမရဖြစ်ဖွယ် စရိုက်ကို မလှမေက အခါခပ်သိမ်း ခွင့်လွှတ်ပါသည်။ "ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ လခတစ်ပဲခြောက်ပြားရတဲ့ ဝါးနေိပွဲရုံကတာလီဘကူးအလုပ်ပဲ လုပ်ရတယ်လို့တော် ညည်းလင်လို ယောကျ်ားမျိုးတော့ တွေ့ဖူးပေါင်" ဟု မလှမေ၏အဒေါ်အရင်း အပျိုကြီးတစ်ယောက်က ဝေဖန်သောအခါ တူဝရီး နှစ်ယောက် နပမ်းသတ်လုလု ကျွတ်ကျွတ်ညံအောင် စကားများကြလေတော့သည်။ မလှမေက သူ့လင်သည်ကိုအထိမခံပါ။ စကြာဝတေးမင်းတောင် ကိုဘသွင်ကို လာမထိနှင့်၊ မီးပွင့်သွားမယ်မှတ်။

ထို့ကြောင့် ဤအိမ် ဤခြံသည်ပင် မလှမေရာသီပေါ်သစ်သီးဝလံ ပွဲစားလုပ်၍ ရှာသောငွေဖြင့် တည်ဆောက်ထားခြင်းဟု ပြောနိုင်သည်။ သားသမီး ငါးယောက်စလုံး အခြေခံပညာ အထက်တန်းအထိ ရောက်ခွင့်ရခဲ့ကြသည်မှာ လည်း မလှမေအားထုတ်မှုကြောင့်။ အိုစာမင်းစာအတွက်ဆိုပြီး ရွှေတိုရွှေစအနည်း ငယ် စုဆောင်းထားနိုင်ခဲ့သည်ကလည်း မလှမေ၏လုံ့လဝီရိယကြောင့်သာ။

ကိုဘသွင်သည် အသက်ငါးဆယ်ပြည့်လုလု အရွယ်တွင် အစိုးရစက်နှင့် စက်ပစ္စည်းထုတ်လုပ်သော စက်ရုံကြီးတစ်ရုံတွင် ညဆိုင်းလုံခြုံရေးဝန်ထမ်းအဖြစ် ဝင် ရောက်အမှုထမ်းခဲ့ရာ သေသည့်တိုင်ထိဖြစ်သည်။ သူရသော လစာငွေသည် သူ၏ လမ်းစရိတ်၊လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးများနုတ်လိုက်လျှင် မလှမေ အတွက် အလတ် တန်းစားပါးတိတ်ထဘီ တစ်ထည်ဖိုးမျှပင်မကျန်။

ကိုဘသွင်သေဆုံးခြင်းမှာ သားသမီးများမြေးများ၊ အိမ်နီးချင်းများအတွက် သိသာသော ကြေကွဲဖွယ်ဆုံးရှုံးခြင်း မဟုတ်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုပါလျှင် ကိုဘသွင်သည် သူတို့အတွက် မသေမီကပင် မရှိနှင့်တော့သောသူ ဖြစ်သော ကြောင့်ပင်။ သူသည် မလှမေအပါအဝင် မိသားစုများနှင့် စကားပြောခဲသည်။

www.burmeseclassic.com



တစ်ညလုံးအိမ်မှာ မရှိဘဲ အလုပ်သွားနေသည်။ မိုးလင်းလျှင် အိမ်ပြန်လာပြီး တစ်နေကုန်လိုလို အိပ်နေသည်။ ညနေ (၄) နာရီခွဲတွင် အလုပ်ထွက်သွားပြန်၏။ အိမ်နီးချင်းများနှင့် လမ်းမှာဆုံလျှင်လည်း ကိုဘသွင်သည် သူ့ကိုယ်သူ နိုင်ငံခြားသား သူစိမ်းပြင်ပြင် တစ်ယောက်အလား နှုတ်ဆက်စကားပြောလေ့မရှိ။ (ဘဝင်မြင့်၊ မာန်တက်ခြင်းကြောင့်မဟုတ်ပါ။) ထို့ကြောင့် ကိုဘသွင်သည် မသေခင်ကပင် "မရှိသောသူ" ဖြစ်နေခြင်းဟု ပြောနိုင်ခြင်းဖြစ်ပါသည်။

သို့ဖြစ်လင့်ကစား သူရုတ်တရက်ကွယ်လွန်သွားခြင်းက မလှမေတစ်ယောက်ကိုမူ အသည်းတွေ၊ အူတွေဆွဲနှုတ်လိုက်သလို ဖြစ်သွားစေ၏။ မလှမေသည် သူ့ကိုယ်သူ လူဟောင်းလောင်း အဆံချောင်ကိုယ်လုံးအလွတ်ကြီးနှင့် အသက်ရှင်နေရသူလို ခံစားလိုက်ရလေသည်။

ယခုတော့ ဗလာကျင်းနေသော ရင်ခေါင်း၊ ဝမ်းဗိုက်အခေါင်းတွေထဲသို့ အသည်းတွေ၊ ကလီစာတွေ ပြန်လည်သွတ်သွင်း၊ ရင်ပုံရိုး၊ နံရိုး၊ နံရံ၊ ကြွက်သားနံရံတွေဖြင့် ပိတ်ဆည်းတုပ်နှောင်လျက် ကိုဘသွင်မသေမီကလို နေထိုင်ရှင်သန်ခဲ့ရသည့် ဘဝပုံစံဖြင့် နေထိုင်နိုင်တော့မည့် နည်းလမ်းကိုတွေ့လာရလေပြီ။

ကိုဘသွင်၏ ဓာတ်ပုံသည် သက်မဲ့ဝတ္ထုမဟုတ်ပါ။ အသက်ဝိဉာဏ်ကိန်းအောင်းနေသော ကိုဘသွင်ပုံတူ ကိုယ်ပွားမျှသာ ဖြစ်ရပေမည်။ သေမင်းကခွဲလည်း ကျွန်မတို့မကွဲမကွာကြပါဘူး ကိုဘသွင်။

နောက်တစ်နေ့တွင် မလှမေသည် "ဗဟိုဈေး" ရှိကုန်စိမ်းဒိုင်တစ်ခုမှ မိတ်ဆွေ ဒေါ်စိန်ဝင်းနှင့်အတူ ဒေါ်စိန်ဝင်း၏မိတ်ဆွေဟုဆိုသော ဓာတ်ပုံဆရာကြီး၏ ဓာတ်ပုံတိုက်သို့ ရောက်ရှိလာသည်။ (ဒေါ်စိန်ဝင်းမှာ မလှမေလိုပင် အသက်ငါးဆယ်အရွယ်တွင် မုဆိုးမဘဝသို့ပြောင်းရွှေ့ခဲ့ရသူဖြစ်ပါသည်။)

ဓာတ်ပုံဆရာကြီးသည် မြန်မာတရုတ်ကပြားဖြစ်ဟန်ရှိသည်။ သူက ကိုဘသွင် ၏ ဓာတ်ပုံကို မျက်မှန်နောက်မှ မျက်စိပေါက်ကျဉ်းကျဉ်းကလေးတွေကို ဖြဲလျက် ကြည့်သည်။

"ပုံကြီးချဲ့တာက မခက်ပါဘူး။ ခက်တာက သူ့မျက်နှာ၊ ဒီလူရဲ့ မျက်နှာ

www.burmeseclassic.com



ပဲ။ မျက်နှာက နည်းနည်းပျက်နေတယ်” ဟု ဓာတ်ပုံဆရာကြီးက မသိမသာဝဲသော အသံဖြင့် ပြောလိုက်၏။ မလှမေသည် ရုတ်တရက်မျက်နှာကို ရေခဲရေဖြင့် အပက်ခံလိုက်ရသလို မမြင်မကန်းနှင့် တုန်လှုပ်ထူပူသွားသည်။ ဓာတ်ပုံကို လှမ်းကြည့်လိုက်သည်။ ကိုဘသွင်၏မျက်နှာသည် အကွက်အပြောက်တွေ့ဖြင့် အကျည်းတန်နေ၏။

“ဘုရား . . . ဘုရားကြည့်စမ်း၊ မနေ့က ကျွန်မကြည့်တုန်းက အကောင်းပကတိ၊ ခုမှ ဘယ်လိုဖြစ်ရတာလဲ” ဟု မလှမေသည် ဓာတ်ပုံဆရာကို စောင်းမြောင်းပြစ်တင်သံဖြင့် စူးစူးစွာစွာအော်ပြောလိုက်လျှင် ဓာတ်ပုံဆရာသည် ခွေးဆိုးတစ်ကောင်ကို တွေ့မြင်ရသော ကလေးနှယ် ကိုယ်ကိုနောက်သို့ရှို့လိုက်၏။

“နဂို မျက်နှာအတိုင်း ကူးလို့မရဘူးလားတော့”ဟု မလှမေက ဓာတ်ပုံကို ဆတ်ခနဲကောက်၊ မျက်လုံးတွေနှင့် ကပ်ကြည့်ရင်း အော်မေးမြန်းသည်။

“ခဲထိုးရမယ်၊ ဆေးရောင်တွေဖြည့်ယူရမယ်” ဟူ၍ ပြောလိုက်သော ဓာတ်ပုံဆရာ၏အသံမှာ အားပြတ်သော လူမမာဆန်နေတော့၏။ စရံသတ်၊ အလုပ်အပ်ပြီး၍ ပြန်လာကြစဉ် လမ်းခုလတ်၌ အဆာပြေလက်ဖက်ရည် သောက်ကြခိုက် ဒေါ်စိန်ဝင်းက ပြောလေသည်။

“ဒီမယ်. မလှမေ၊ မယုံမရှိနဲ့။ လူတစ်ယောက်သေလို့ သူ့မျက်နှာက အရေးအသားတွေ ပျက်စီးပြီဆိုတာနဲ့ သူကျန်ရစ်ခဲ့တဲ့ ဓာတ်ပုံတွေက သူ့မျက်နှာတွေဟာလည်းပဲ အနည်းနဲ့အများ ပျက်စီးစ ပြုလာတော့တာပဲရှင့်။ ကျွန်မယောကျ်ားသေတုန်းကလည်း သူ့ဓာတ်ပုံတွေ ပျက်တော့ကျွန်မသိပ်မယုံချင်ဘူး၊ ကျွန်မရဲ့သားသမက် အရက်သမားသေပြီးလို့ တယ်လီဖုန်းကြားတာနဲ့ အိမ်ကသူ့ဓာတ်ပုံတွေကြည့်လိုက်တော့ ဟုတ်ပါ့ရှင့် ဒင်းရဲ့မျက်နှာက လူသေကောင်မျက်နှာလို ဖြည်းဖြည်းချင်း ညိုပုတ်လာတယ်။ ဒါအမှန်ပဲနော်။ မယုံမရှိနဲ့၊ ရှင့်လူကြီး ကိုဘသွင်ဟာ ဓာတ်ပုံထဲမှာဘယ်လောက်ချောချော သူပုတ်တာနဲ့ ဓာတ်ပုံမှာ ပျက်စီးယိုယွင်းတဲ့ လက္ခဏာတွေ အလိုလို ပြလာမှာပဲ။ မယုံမရှိနဲ့ မလှမေ။ မယုံမရှိနဲ့.”

www.burmeseclassic.com



အိမ်ပြန်ရောက်သည်နှင့် မလှမေသည် ဆီးသွားချင်သည်ကိုပင် ချုပ်တီးကာ သေတ္တာဖွင့်၍ကိုဘသွင်၏ ပတ်စပို့ရွယ်ဓာတ်ပုံတွေပါသော ကဒ်ပြားနှစ်ခုကို အသက် မရှူအားပဲ ဒရောသောပါး ကြည့်တော့သည်။

"အမယ်လေး မှန်လိုက်လေးခြင်း မစိန်ဝင်းရဲ့" ဟူ၍ ငိုသံပါကြီးဖြင့် မြည်တမ်းရင်း မလှမေသည် နေရာက မရွေ့နိုင်ဘဲ ရှူးရှူးတွေ စွန့်ချမိပါလေ၏။

တစ်ညနေခင်းလုံးမလှမေသည် အဖျားဝင်သလိုဖြစ်ပြီး သားသမီးတွေကိုလည်း စကားမပြောနိုင်။ ညနေစာလည်း မစားနိုင်ဘဲ ကုလားထိုင်ပေါ်တွင် အစာသွတ်ထားသည့် မံမီရုပ်အလောင်းကြီး တစ်လောင်းကို ငုတ်တုတ်ချထားဘိသည့်အလား မလှုပ်မယှက်ထိုင်နေသည်။ ကြောင်တောင်တောင် မျက်လုံးတွေက မလှုပ်မရွေ့တစ်နေရာတည်းသို့ စူးစိုက်လျက်ရှိကြသည်။ အမှန်တော့ ချောမောခန့်ညားသည့်ကိုဘသွင်၏မျက်နှာကို စိတ်အာရုံဖြင့် ညွတ်နူးစွာ ငေးကြည့်နေခြင်းပဲဖြစ်၏။ "ဘာပြောပြော ရှင်နဲ့ကျွန်မနဲ့ ဝေးသွားကြမှာ မဟုတ်ဘူး၊ ကိုဘသွင်ရယ်၊ ရှင့်ဓာတ်ပုံကို ဒီကနေ့ပဲ ထိပ်တန်းကျတဲ့ဓာတ်ပုံဆိုင်ကြီးမှာ ကျွန်မပုံကြီးချဲ့ခိုင်းထားခဲ့ပြီးပြီ။ မှန်ဘောင်ကော၊ ဘာကောနှစ်ထောင်ကျသလေ၊ နှစ်သောင်းပဲကျကျ ကျွန်မကတော့ ရွှေရောင်းပြီး ပုံကြီးချဲ့ဖို့ ဆုံးဖြတ်ပြီးသားပါ ကိုဘသွင်"

ဓာတ်ပုံရွေးယူရမည့်နေ့ရက်ကို မအိပ်နိုင် မစားနိုင်ဖြင့် တတမ်းတတ စောင့်မျှော်ရင်း ထိုနေ့သို့ ရောက်သောအခါ မလှမေသည် နေအိမ်မှ ဝေလီဝေလင်းအချိန်တွင် သုတ်သီးသုတ်ပြာထွက်သွားသည်။

"အို ကိုဘသွင်နဲ့လည်း မတူဘူး" ဟု ဓာတ်ပုံကြီး ပြုံကျမတတ် မလှမေက စူးစူးဟိန်းဟိန်းအော်လိုက်သည်။ ဓာတ်ပုံဆရာကော ဒေါ်စိန်ဝင်းပါ သက်ပြင်းပြိုင်တူ ရှိုက်မိကြသည်။

"ကိုဘသွင်ရဲ့ မေးရိုးအကျက လှတယ်၊ ဒီပုံထဲက စုတ်ချွန်းချွန်းနဲ့ မိန်းမလျာ ဆန်နေတယ်၊ဒီမှာကြည့်ပါလား မစိန်ဝင်းရဲ့"

မလှမေငိုသံပါဖြင့် ပြောနေသည်။ ဓာတ်ပုံကြီးက လက်ချောင်းဆယ်ချောင်းကြားမှာ တုန်ရီနေပါသည်။

www.burmeseclassic.com



ဓာတ်ပုံဆရာ၏ ဖြူဝင်းသော မျက်နှာအရောင်က ပန်းရောင်သွေးသန်းလာ၏။ သူက မူရင်းဓာတ်ပုံကို မလှမေဆီသို့ လှမ်းပေးသည်။

'အလုပ်စအပ်ကတည်းက ခင်ဗျားယောကျ်ားရဲ့ မျက်နှာပျက်နေပါတယ်လို့ ကျုပ်ပြောခဲ့တယ်။ အပျက်ကို ကောင်းအောင်ပြန်လုပ်ရတာက လူတွေကို အသက်သွင်း ရတာထက်ခက်တယ်။ ဒီတော့ ခင်ဗျားမကြိုက်ရင်မယူနဲ့ ကျုပ်စရံတစ်ထောင် ပြန်ပေးလိုက်မယ်။ ရှင်းပြီလား" ဟု သူက မလှမေကို ကိုင်ပေါက်တော့မည့် မျက်နှာထားဖြင့် ပြောလာသည်။ မလှမေကား စကားမပြောနိုင်ဘဲ ဓာတ်ပုံကြီးကို ငိုင်တွေတွေကြည့်လျက် မျက်ရည်ပေါက်တွေ တွင်တွင်လိမ့်ကျ နေ၏။ ကျွန်တာတွေတူတယ် ကိုဘသွင်၊ ဒါပေမဲ့ မေးစေ့တွေ၊ ပါးသွယ် ရိုးတွေက ရှင်နဲ့မတူဘူး။

ဒေါ်စိန်ဝင်း၏ ကြားဝင်စေ့စပ်မှုကြောင့် ကိုဘသွင်၏ဓာတ်ပုံကြီးသည် မလှမေနောက်သို့ လိုက်ပါလာသည်။ လမ်းတွင် ဒေါ်စိန်ဝင်းက

"သေသေချာချာကြည့်မှ မေးရိုးအကျချင်း မတူတာပါ မလှမေရယ်၊ ရုတ်တရက် ကြည့်ရင်ကိုဘသွင်ပါပဲ" ဟု ဖျောင်းဖျသံဖြင့် ညင်ညင်သာသာ ကလေးပြောသည်။ မလှမေ နှုတ်ခမ်းတင်းတင်းစေ့ထားပါသည်။ ကိုဘသွင်နှင့်တူမတူ ဤကမ္ဘာမှာ သူတစ်ဦးကပဲ ဆုံးဖြတ်ပေးနိုင်သည်။ အသက် (၂၀)ကတည်းက ဒီမျက်နှာကို တစိမ့်စိမ့်ကြည့်လာတာ အခုအသက်ပဲ (၅၅) နှစ် ရှိပြီပဲလေ။

နောက်တစ်လအကြာမှာတော့ မလှမေသည်မူရင်းဓာတ်ပုံ အသစ်ကူးပုံကြီးချဲ့ထားသော မှန်ဘောင်သွင်း ဓာတ်ပုံကြီးတို့နှင့်အတူ ပုံတူရေးဆွဲရာတွင် မြန်မာနိုင်ငံ၌ ကျော်ကြားဆုံး (၁၀) ဦးထဲက ပန်းချီဆရာကြီးတစ်ဦးထံ ရောက်ရှိသွားခဲ့သည်။ မလှမေကို နတ်လမ်း ညွှန်သူမှာ အထွေးဆုံးသား မောင်သန်းထွေးဖြစ်ပြီး၊ မောင်သန်းထွေး၏ သူငယ်ချင်း၏ ဖခင်ပန်းချီဆရာမှာ ဖော်ပြပါ ပုံတူပန်းချီဝိဇ္ဇာကြီး၏ တပည့်တစ်ဦးဖြစ်ပါသည်။

ပန်းချီဆရာကြီးမှာ မလှမေနှင့်ရွယ်တူလောက်ရှိပြီး ဆံပင်စုတ်ဖွား၊ မျက်လုံးဝါ ဖန့်ဖန့်၊ မုတ်ဆိတ်ကျင်စွယ် ဗရဗျစ်ဖြင့်ပါးစပ်မှ အရက်နံ့ချဉ်စုတ်စုတ်

www.burmeseclassic.com



ထွက်နေသည်။ မလှမေအဖို့တော့ အရက်နံ့သည်ပြောပလောက်သည့် စိတ်ကျဉ်းကြပ်စရာမဟုတ်။ အဖေကအစ အစ်ကိုတွေ၊ မောင်တွေအားလုံးက ကဇော်အိုးချည်းကိုး၊ ပြဿနာမှာ ပန်းချီဆရာကြီး၏အတောမသတ်သော မေးခွန်းတွေကို အံ့အံ့သြသြနှင့် ကယောင်ကယင်ဖြစ်နေရခြင်းသာဖြစ်၏။

(ဒေါ်လှမေရဲ့ ခင်ပွန်းဆုံးတာ ဘယ်လောက်ကြာပြီလဲ) (ဘာရောဂါနဲ့တုန်း) (အိမ်ထောင်သက်ကရော) (သူက ဘုရားတရား ကြည်ညိုသလား) (သူဘာအလုပ် အကိုင်တွေ လုပ်ဖူးသလဲ) (သူနဲ့ ကြီးကြီးကျယ်ကျယ် ရန်ဖြစ်ဖူးလား) (လူကြီးတွေ ပေးစားတာလား) (သားသမီးတွေ ဘယ်နှယောက်ရပါသလဲ)

ထိုမေးခွန်းများကို ဘာကြောင့် မေးနေမှန်း မလှမေနားမလည်ပါ။

'အဟမ်း' ပန်းချီဆရာကြီးက သလိပ်ရှင်းလိုက်ပြီးလျှင် ကွမ်းချေးစွဲနေသောသွားတွေကို မလှမေမြင်အောင် ပါးစပ်ဖြဲလိုက်၏။

"လူတစ်ယောက်ရဲ့ စိတ်နေစိတ်ထားဟာ သူ့ဝတ်ပုံစားပုံ၊ စကားပြောပုံ၊ ခြေလက်လှုပ်ရှားပုံတွေမှာ ထင်ဟပ်နေတတ်ပါတယ်။ သူ့ရဲ့ အကျင့်စရိုက်ဟာ သူ့ရဲ့ မျက်လုံးတွေမှာ ပေါ်လွင်နေတတ်ပါတယ်ခင်ဗျား"

မလှမေသည် ပန်းချီဆရာကြီး၏ဆက်ဆံပြောဆိုပုံကို သဘောမပေါက်သော်ငြားလည်း သူ၏နှစ်ထပ်တိုက်ကြီးနှင့် ဖိတ်ဖိတ်တောက်နေသော ပရိဘောဂအဆောင်အယောင်များ၊ သူဧည့်ခံသော ပြင်သစ်ကော်ဖီစစ်စစ်နှင့် "အီကလဲ" မုန့်တို့ကြောင့် ပန်းချီဆရာကြီးကို ယုံကြည်စိတ်ချခဲ့ပါသည်။ အလုပ် အပ်ပါသည်။

'လက်ခ ဘယ်လောက်လောက်ကျကျ ကိုဘသွင်နဲ့တူရင် တော်ပါပြီရှင်၊ စရံ ဘယ်လောက်ပေးရမလဲရှင်"

"နိုးနိုး " သူက လက်နှစ်ဖက်ကို ယပ်တောင်နှစ်ချပ်လိုဝှေ့ရမ်းနေသည်။ ပြီးလျှင် "စရံမလိုဘူး၊ သားစဉ်မြေးဆက် ကြည့်သွားလို့ရအောင် ဒေါ်လှမေရဲ့ ခင်ပွန်းပုံကို ဆီဆေးနဲ့ရေးပေးမယ်။ ပုံပြီးတဲ့အခါကျမှ ဈေးသတ်မှတ်မယ်။ ဒါအပြင် ဒေါ်လှမေကြိုက်မှယူ၊ မကြိုက်ရင်လည်း ကျွန်တော်က ဘာတစ်ပြားမှ

ဒီ ရေ ဦး စ ၁ အု ပ် တို က်

www.burmeseclassic.com



မယူဘူး၊ ကြိုက်တော့ ကြိုက်ပါရဲ့၊ သတ်မှတ်တဲ့ဈေးကို ငွေကမမီပါဘူးဆိုလည်း ပါသမျှချေခဲ့၊ ကျန်တာကို နောက်မှလာပေးလို့လည်းရတယ်၊ ဒါကျွန်တော့်အလုပ်လုပ်တဲ့စနစ်ပဲ၊ ဒေါ်လှမေရဲ့ လိပ်စာပေးခဲ့။ ပုံပြီးရင် ကျွန်တော်လူလွှတ်အကြောင်းကြားမယ်"

ပုံတူပန်းချီကားပြီး၍ လာရောက်ရွေးယူရန် ပန်းချီဆရာကြီးထံမှ "တမန်" တစ်ဦးရောက်လာပြီးနောက် တစ်နေ့မှာ မလှမေသည် သားအငယ်ဆုံး နှင့်အတူ ငွေတစ်သောင်းပိုက်၍ ပန်းချီဆရာကြီးထံထွက်ခဲ့၏။ ပန်းချီဆရာသည် ဓာတ်ပုံဆရာထက် အဆပေါင်းမရေတွက်နိုင်အောင် မလှမေကို ကိုယ်စိတ်နှစ်ဖြာ ဂနာမငြိမ်ဖြစ်စေခဲ့ပါသည်။ မလှမေသည် အအိပ်ပျက်အစားပျက်လွန်း၍ ပိန်ချုံးခြောက်ကပ်နေခဲ့ပြီ။ မကြုံစဖူးသော မောပန်းလွယ်သည့် ဝေဒနာလည်း စွဲကပ်စပြုခဲ့ပြီ။ သို့သော် ကိုဘသွင်၏ပုံတူ ရရှိသည်နှင့် ကျန်းမာရေးပြန်ကောင်းလာမည်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခ ပြည့်စုံလာမည်ဟုတော့ မိမိဘာသာ မျှော်လင့်ယုံကြည်ထားပြီး ဖြစ်နေသည်။ရှင်တစ်နေရာရာကို ခရီးထွက်သွားတယ်လို့ပဲ ကျွန်မထင်နေပါတယ် ကိုဘသွင်၊ ရှင်မကြာခင် ကျွန်မအနားကို ပြန်ရောက်လာရတော့မှာပါ။

'ကဲ' ဒေါ်လှမေ ခင်ပွန်းသည်ရဲ့ ပုံတူကို ဖုံးအုပ်ထားသည့် အနက်ရောင် ကတ္တီပါစကို ဖယ်ရှားသိမ်းယူလိုက်၏။

"ဟယ်" ဟူ၍ မလှမေ အာမေဋိတ်သံရေရွတ်ပြီးပန်းချီကားအနီးသို့ တိုးကပ်သွားသည်၊ မျက်တောင်မခတ်အား၊ အသက်မရှူအားဘဲ ကိုဘသွင်၏ ပုံတူကို ရင်တဒိန်းဒိန်းခုန်လျက် စိုက်ကြည့်သည်၊

"ဟင်းဟင်း မတူဘူးလားဗျ၊ ဒေါ်လှမေ" ဟု ပန်းချီဆရာကြီးက သူ၏အရက် စော်နံနေသောပါးစပ်ပေါက်ထဲသို့ ကွမ်းယာတစ်ယာပစ်သွင်းလိုက်၏၊

ကိုဘသွင်နှင့် တစ်ထေရာတည်းတူလှပါသည်။ သို့သော် ကိုဘသွင်ကား ပေါ်ကလိမ့်မကျမီက ရုပ်ဆင်းသဏ္ဌာန်နှင့်တူခြင်းမဟုတ်ပါ။ ပုံတူထဲမှ ကိုဘသွင်၏

www.burmeseclassic.com



မျက်လုံးများ၌ အသက်ဓာတ်မရှိ။ ပုံတူထဲမှ ကိုဘသွင်၏အသားအရေ၊ အဆင်းအရုပ်သည် စိုပြေခြင်းမရှိ။ ဆေးရုံရင်ခွဲတိုက်ထဲတုန်းက အသားအရေ အဆင်းအရုပ်နှင့် ထပ်တူထပ်မျှ ခွဲမရအောင် တူနေသည်။ လက်ချောင်းခြေချောင်း တွေကလည်း မသိမသာ ဖောင်းအစအစ်ဖြစ်လို့။ မလှမေက အားလုံးကို မှတ်မိ နေခဲ့ပါသည်။

"အမယ်လေးကိုဘသွင်ရဲ့"

တစ်ကိုယ်လုံးမှာ ကျန်ရှိနေသေးသမျှ ခွန်အားတွေစုစည်း ပေါင်းစပ်ထား သည့် အသံဖြင့် ညည်းတွားလျှက် မလှမေသည် ကိုဘသွင်၏ ပုံတူရှေ့မှာအရုပ် ကြိုးပြတ် ခွေလဲကျသွား၏။

✢ ✢ ✢

www.burmeseclassic.com



# ချောဂပဲခြင်း

www.burmeseclassic.com

# ချော်လဲခြင်း

အမှန်စင်စစ် ချာတိတ်ကလေး၏ အမှားသာဖြစ်သည်။ သူသည် လမ်းတစ်ဖက်သို့ ဖြတ်ကူးရန် ခြေလှမ်းပြင်ခဲ့ရာ ဘယ်ခြေတစ်လှမ်းရှေ့သို့ ထုတ်ပြီးခါမှ သူ၏ ဘယ်ဘက်ကိုက်နှစ်ဆယ်ခန့်အကွာသို့ ရောက်လာသည့် "နီဘန်စူပါဆလွန်း" ကားဖြူလေးကိုတွေ့ကာ ကြောက်အားလန့်အား နောက်သို့ ပြန်ဆုတ်ကာ ထိုသို့ခန္ဓာကို ယိမ်းလှည့်လိုက်စဉ် သူ့ကိုယ်သူ မထိန်းနိုင်တော့ပဲ ကတ္တရာလမ်းပေါ်သို့ တစ်ပတ်လည်ကာ နောက်ပြန်လဲကျသွားခြင်းဖြစ်လေသည်။

ဆရာတာသည် လမ်းဖြတ်ကူးအံ့ဆဲဆဲ ချာတိတ်ကလေးကို ကိုက်နှစ်ရာ အကွာ အဝေးကတည်းက ကြိုတင်တွေ့ပြီးသား ဖြစ်သည်။ ထိုအချိန်က သူ၏ ကားဒက် (ရှ်) ကလေးသည် ကီလိုမီတာ ခြောက်ဆယ်ဂဏန်းဆီသို့ ကပ်နေခဲ့၏။ ချာတိတ်ကလေး လမ်းဖြတ်ကူးသွားလျှင် (ပြေးသွားခဲ့လျှင်) သူ့ကားနှင့်အန္တရာယ် ကင်းရှင်းစွာ လွတ်သွားနိုင်မည်ဟု ဆရာတာ မျှော်လင့်ပြီးသားဖြစ်၏။ လမ်း၏ ညာဘက်ပဲခေါ်ခေါ် ဘယ်ဘက်ပဲခေါ်ခေါ် ဆရာတာနှင့် မျက်နှာချင်းဆိုင်လမ်း၏ အခြမ်းမှာလည်း ကားရှင်းနေသည်။ ချာတိတ်ကလေးသာ အပြေးကလေး ကူးလိုက်လျှင် ဘာပြဿနာမျှမရှိ။ ယခုတော့ ချာတိတ်ကလေးက ရှေ့သို့လှမ်း ပြီးခါမှ ကကွက်တစ်ခုလို ကိုယ်ကိုယိမ်းနွဲ့လှည့်ချ လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com



ဆရာတာသည် သူ၏ကားကို ဦးဝိစာရလမ်းတစ်နေရာရှိ "ရေဆေးဆီထိုး" မော်တော်ယာဉ်အလုပ်ရုံတစ်ရုံတွင် တစ်လတစ်ကြိမ် ကြံ့ခိုင်ရေးလုပ်ငန်းလုပ်ရင်း "ဘရိတ်" လိုင်နာတွေ စိတ်ချရအောင် စစ်ဆေးပြုပြင်လေ့ရှိ၏။ သူ၏ကားသည် လမ်းပေါ် ၌ ပြေးလိမ့်နေခိုက် ဘယ်သောအခါမျှ ဘရိတ်ပေါက်ခြင်း၊ ဘရိတ်ချော်ခြင်းမရှိစေရဟု ဆရာတာ အာမခံသည်။ ထို့ကြောင့် ချာတိတ်ကလေး အစိုးမရသော အမူအယာကို တွေ့သည်နှင့် ချက်ချင်းဂီယာချိန်းပြီး လီဗာပေါ်မှ ညာခြေကို ဘရိတ်ဆီသို့ ပြောင်းနင်းပြီးသားဖြစ်နေသည်။ လမ်းမျက်နှာပြင်နှင့် ဘီးလေးလုံးတို့ ပွတ်တိုက်သံစူးစူးဝါးဝါး မြည်ဟည်းခဲ့ပြီးနောက် ချာတိတ်ကလေးနှင့် တစ်ပေအကွာမှာ တုန့်ခနဲ့ရပ်တန့်သွားလေသည်။

သူ၏ ပယောဂ ကင်းရှင်းမှန်းသိနေသော်လည်း ဆရာတာ ရင်တဒိန်းဒိန်းခုန်သွား၏။ ကားရပ်သွားသည်နှင့် စက်ကိုပါ သတ်လိုက်ပြီး သူကားအပြင်သို့ ထွက်လိုက်သည်။ ချာတိတ်ကလေး လွတ်ကျခဲ့သော ဒန်ချိုင့်အဟောင်းကလေးသည် အဖုံးပွင့်လျက် ထမင်းစေ့တွေက ချိုင့်ကလေးတစ်ဝိုက်မှာ ပြန့်ကြဲနေကြ သည်။ ချိုင့်နှင့် နှစ်ပေအကွာမှာတော့ စုတ်နွမ်းစပြုနေသည့် ရုပ်ပြစာအုပ် တစ်အုပ်က ပွင့်လန်နေသည်။ လဲကျရာမှ လက်နှစ်ဘက်ကို အားပြုလျက် ထထိုင် နေသော ချာတိတ်ကလေးသည် ပြူးကြောင်ထိတ်လန့်သော မျက်လုံးများဖြင့် သူ့ရှေ့မှ အဖြူရောင်နှင့်အနက်ရောင် စပ်ကျားထားသည့် ပြောင်လက်လက် ယန္တရားကောင်ကြီးကိုကြည့်ကာ တအင်းအင်း ရှုံ့မဲ့ညည်းတွားလျက်ရှိ၏။ ချာတိတ်ကလေး၏ မည်းကြုတ်သေးလှီသော ကိုယ်လုံးနှင့် မျက်နှာထက် မပိုနိုင်ကြောင်း ဖော်ထုတ်ပြသနေကြ၏။

နွေရာသီ၏ ပူပြင်းသော မွန်းလွဲ (၁)နာရီခန့်အချိန်ဖြစ်သည်။ ထူးခြားစွာပင် ယာဉ်အသွားအလာ ရှင်းလင်းနေသည်။ အနီးတဝိုက်ရှိ စက်ဘီးပြင်ဆိုင် ဘက်ထရီအားသွင်းဆိုင်၊ ရေဒီယို ကက်ဆက်ပြင်ဆိုင်၊ ကွမ်းယာ၊ ဆေးလိပ်ဆိုင် တွေမှာ အကြောင်း အမျိုးမျိုးဖြင့် နေရိပ်ခိုနေကြသူတွေက ရေးကြီးသုတ်ပျာ ပြေးလာကြသည်။

ဆရာတာက ချာတိတ်ကလေးကို စစ်ဆေးကြည့်၏။ ဘယ်ဘက်

www.burmeseclassic.com



တံတောင်ဆစ်အရေပြား ပွန်းလန်သွားသည်။ ဘယ်ဘက်လက်ဖနှောင့် သွေးစို့ရုံကလေး ပေါက်ပြသွားလေသည်။ ဤမျှသာဖြစ်သည်။ အတွင်းဒဏ်ရာရဟန်လုံးဝမရှိ။ အသက်အစိတ်ခန့် ရိုးဖြောင့်ဟန်ယောကျ်ားကြီးတစ်ယောက် (စက်ဘီးပြင်ဆရာကြီးဟု နောက်မှ သိခွင့်ရသည်) လိုက်ပါလာလျက် ချာတိတ်ကလေးကို နီးရာဆေးခန်းသို့ ပို့ရန်ကားကို နောက်ကြောင်းပြန်လှည့်ခဲ့ရ၏။ ချာတိတ်ကလေးသည် ထမင်းချိုင့်ကလေးနှင့် ကာတွန်းစာအုပ် ကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားရင်း အသံမထွက်ပဲ မျက်ရည်စိမ့်စိမ့်ယိုကျနေသည်။

"လူကလေး တံတောင်ဆစ်က အရမ်းနာလို့လား"

စက်ဘီးပြင်ဆရာကြီးက မေးသည်။

"ကျွန်. . . ကျွန်တော့်ကို အဖေစောင့်နေလိမ့်မယ်"

မေးခွန်းနှင့်အဖြေမှာ တခြားစီဖြစ်နေသည်။ စက်ဘီးပြင်ဆရာကြီးနှင့် လူရည်လည်တို့ကချာတိတ်ကို တတွတ်တွတ်ချော့မော့နှစ်သိမ့်လျက် ရှိကြသည်။ ချာတိတ် ကလေးမျက်ရည်ကျရပ်မသွားခဲ့ပါ။ ဆရာတာကလည်း ကားမောင်းရင်းမှ ဘာစကားမျှ ဝင်မပြောဖြစ်ခဲ့ပါ။

လူရှင်တော်တစ်ယောက်ကို ပြက်လုံးတွေချည်း အဆက်မပြတ် ထုတ်နေခဲ့သော ဆရာဝန်က ဒဏ်ရာကို ဆေးကြော၊ ဆေးထည့်၊ ပတ်တီးစည်း၊ ဆေးတစ်လုံး ထိုးပေးပြီးခဲ့ချိန်တွင် ချာတိတ်ကလေး အငိုတိတ်ခဲ့ပါပြီ ။ ပိုက်ဆံအိတ်ဖွင့်နေသောဆရာတာ့ ကိုဆရာဝန်က လက်ခါပြ၏။

"ကျောင်းဆရာနဲ့ ဆရာဝန်ဆိုတာက ဆွေမျိုးတွေပဲဗျာ၊ မပေးပါနဲ့ ကျွန်တော် ကုသိုလ်ယူလိုက်ပါရစေ"

ချာတိတ်ကလေး၏ အသက်အမှန်မှာ (၁၂) နှစ်ကျော်(၁၃) နှစ်ထဲသို့ပင် ဝင်နေပြီ။ ကာယဖွံ့ဖြိုးမှုနည်းပါးလွန်း၍ ကြွက်စုတ်ကလေးတစ်ကောင်လို လှီနေခြင်းပဲ ဖြစ်သည်။ ရုတ်တရက် ကြည့်လျှင် "ရဝမ်ဒါ" စစ်ဘေးဒုက္ခသည်လေး တစ်ယောက်နှင့်ပင် တူလှသေးတော့သည်။ နာမည်မှာ မောင်နေမျိုးထွေးဟု သိရပေသည်။

www.burmeseclassic.com



ချာတိတ်ကလေး၏ ဖခင်စောင့်မျှော်နေမည့်နေရာကို စက်ဘီးပြင်ဆရာကြီးတို့ နှစ်ယောက်ပါ သက်သေခံရအောင် လိုက်ပါလာခဲ့ကြသည်။ ယခုချိန်ထိ ဆရာတာသည် စိတ်အနှောင့်အယှက်ကြီးစွာ မခံစားမိခဲ့ရသေးပါ။ ချာတိတ်ကလေး အပေါ်မှာတော့ ကရုဏာခံစားမှုတွေ ဖြန့်ကျက်မိလျက်သားရှိခဲ့သည်။ ချာတိတ်ကလေးမှာ မိခင်မရှိတော့ပါ။ ပြီးခဲ့သော ဆောင်းဦးပေါက်တုန်းက (ကင်ဆာဖြင့်ဆိုလား) ကွယ်လွန်ခဲ့ပြီဟု ဆိုပါသည်။ ချာတိတ်ကလေး၏ အစ်ကိုကြီးမှာစစ်သားတစ်ယောက်ဖြစ်ပြီး အစ်မတစ်ယောက်မှာ မန္တလေး၌ အလုပ်လုပ်နေသည်ဟု ပြောပါသည်။ ဘာအလုပ်လုပ်မှန်း ချာ တိတ်ကလေးမသိပါ။ ချာတိတ်ကလေးသည် မည်သည့်စာသင်ကျောင်းမှ မနေဖူးခဲ့ပါ။

ရန်ကုန်-ပြည်လမ်းမကြီး၏ အနောက်ဘက်သို့ ဖဲ့ဆင်းသွားသည့် ဂဝံခင်းမြေနီလမ်းအတိုင်းလေးဖာလုံခန့်ဝင်ခဲ့မိသောအခါ၊ ကျေးရွာတစ်ရွာကို ကျော်ဖြတ်ခဲ့မိသောအခါ လမ်း၏ညာဘက်တွင် ကွင်းပြင်ကြီးကိုတွေ့ရသည်။ ကွင်းပြင်တစ်နေရာတွင် ဆယ်ပေနီးပါးမြင့်သော ဖို့လက်စတာရိုးတစ်ဝိုက်တွင် မြေတူးသူ၊ မြေသယ်သူ လူကြီးလူငယ် ယောကျ်ားမိန်းမ တစ်ရာခန့်လှုပ်ရှားနေကြသည်။ သူတို့၏ ဦးခေါင်းများထက်သို့ ဝင်းဝင်းတောက်သော နေရောင်ခြည် လက်လက်သည် တည့်မတ်စွာ ကျဆင်းလျက်ရှိ၏။ အနီးအနားတွင် သစ်ပင်ဝါးပင်ဟူ၍ သစ်ငုတ်တိုမျှပင် မတွေ့ရ။

မြေနီလမ်းနှင့်ကပ်လျက်တွင် ကျူထရံမိုး၊ ကျူထရံကာ မြေစိုက်တဲငယ်အလုံးသုံးဆယ်ခန့် ရင်ပေါင်တန်း တည်ရှိနေကြ၏။ လူနေတဲအိမ်များနှင့်အတူပါ။ ယာယီရောင်းချသောလမ်းဘေး မုန့်ဆိုင်ကလေးများနှင့်သာ တူပါသည်။ အချို့တဲများ၏ အရိပ်ထဲတွင် ကိုယ်တုံးလုံးကလေးငယ်အချို့ ဆိတ်ငြိမ်စွာဆော့ကစားနေကြသည်။ ဆရာတာတို့လူစုကိုတွေ့လေသော် ကလေးငယ်များသည် ကစားရပ်တန့်လိုက်ကြပါသည်။

အမိုးကျိုးတိုးကျဲတဲနှင့် အကာအရံနှစ်ဖက်သာရှိသောတဲငယ်အနီးသို့ ရောက်လျှင် နေမျိုးထွေးက "အဖေရေ" ဟုအက်ကွဲတုန်ရီစွာ လှမ်းခေါ်ခဲ့ပါသည်။ တဲအတွင်းရှိ ကျူဖျာတစ်ချပ်ပေါ်မှာ တုံးလုံးလှဲနေခဲ့သည့် အသက်လေးဆယ်ကျော်

www.burmeseclassic.com



ခန့် အသားမည်းမည်း ပုကွကွ လူတစ်ယောက်သည် ရိုက်နှိုးခံရသလို ဖြုန်းခနဲ ထထိုင်လိုက်သည်။

သူ့အကျီဝတ်မထားပါ။ မူလအဆင်အသွေး ပျောက်ကွယ်နေသော လုံချည်က ဒူးပေါ်ပေါင်ပေါ်ဖြစ်နေသည်။ နီကြောင်ကြောင် မျက်လုံးများကို နီကြောင်ကြောင် ဘုတ်သိုက် ဆံပင်တွေက ဖုံးအုပ်လုလုဝဲကျနေကြ၏။ သူစကားပြောသောအခါ လေထဲတွင် ပြင်းရှမွှန်ထူသော အရက်ဟောင်းငွေ့ တွေဝဲပျံ့လာကြသည်။ ထိုပုဂ္ဂိုလ်သည် နေမျိုးထွေး၏ မွေးသဖခင် "ကိုမောင်ကြိုင်" ဆိုသူပင် ဖြစ်လေသည်။

ဖြစ်စဉ်ကို ကြားသိပြီးသောအခါ ကိုမောင်ကြိုင်က မြို့ပြင်လမ်းမကြီး အထိ လာရောက်စောင့်ရှောက်ထိန်းသိမ်းခြင်း မပြုသော ယာဉ်ထိန်းရဲများကို ပြစ်တင်ဝေဖန်လိုက်ပါသည်။ ဆရာတာက မိမိ၏ ကားဘရိတ်ကောင်းကြောင်း ပြောစဉ်၌လည်း ကိုမောင်ကြိုင်ကမကြားဟန်ပြုပါသည်။

"အစိုးရက လမ်းတွေချဲ့ပေးလေ လမ်းတွေချောအောင် ပြင်ပေးလေ ကားသမားသူတောင်းစားတွေက တရကြမ်းမောင်းလေပဲဗျ" ဟု ကိုမောင်ကြိုင်က ဆရာတာဝယ်ယူလာပေးသည့် ထမင်းကြော်နှင့်အစိမ်းကြော်တို့ကို ပလုပ်ပလောင်း ဝါးရင်း ထင်မြင်ချက်ပေးပြန်၏။

ဆရာတာသည် တဲကလေးအတွင်းပိုင်းကို စူးစမ်းလေ့လာကြည့်ခဲ့ပါသည်။ မြေပြင်ပေါ်၌ ခပ်စုတ်စုတ် ကျူဖျာသုံးချပ်ခင်းထားသည်။ အစွပ်မရှိသော ညစ်နွမ်းနွမ်း ခေါင်းအုံးတစ်လုံးနှင့် စုတ်ပြဲနေသော မျောက်လက်ကျိုးပြီး ပိန်ချိုင့်နေသည့် သံသေတ္တာအဟောင်းတစ်လုံးရှိနေသည်။ ကြိုးတန်းနိမ့်နိမ့်တွင် မြင်းချေးရောင် ရှပ်အကျီတစ်ထည်နှင့် ကလေးအဝတ်အစားအချို့ တွဲလွဲကျနေကြ၏။ တဲတစ်နေရာမှ မည်းတူးနေကြသော ဒန်အိုးနှစ်လုံးနှင့် ကွေသားကွာနေသည့် သံပန်းကန်ပြား၊ မြေပန်းကန်းလုံးတွေကမူ ပျင်းရိသော အိမ်ရှင်မတစ်ယောက်က လွှင့်ပစ်ထားသည်နှင့်ပင် တူနေပါသေးသည်။ ဆရာတာ ပင့်သက်ရှူလိုက်ခြင်းကို မည်သူမျှ မသိခဲ့ကြပါ။

www.burmeseclassic.com



"ဆေးဖိုးဝါးခနဲ့ ကလေးမုန့်ဖိုးအတွက် ယူပါခင်ဗျား"

ဆရာတာက ငါးရာကျပ်တန် တစ်ရွက်ကို ကမ်းလိုက်သောအခါ ကိုမောင်ကြိုင် ဆန်စေ့တစ်စေ့ကို ကြက်တစ်ကောင် နှုတ်သီးဖြင့် ကောက်ယူလိုက်သည့်နှယ် ဆတ်ခနဲ ဆွဲယူလိုက်၏။ ချာတိတ်ကလေးသည် ထမင်းကြော်စားနေရာမှ ငွေစက္ကူကို အထူးအဆန်း ပစ္စည်းတစ်ခုသဖွယ် မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"ကဲ မောင်နေမျိုးထွေး၊ ဦးဦးပြန်လိုက်ဦးမယ် မနက်ဖြန်ကျတော့ မင်းအနာဆေးထည့်ရအောင် မင်းကို ဦးဦးလာခေါ်ဦးမယ်ကွ" ဟု ဆရာတာက နှုတ်ဆက်စဉ် ချာတိတ်ကလေးက အားရဝမ်းသာဟန်ဖြင့် ခေါင်းညိတ်ပြသည်။ သူ၏ဖခင်ကမူ ယဉ်ကျေးမှုမရှိပါ။

"ဒုက္ခရှာမနေစမ်းပါနဲ့ ကိုယ့်လူရာ အနာက မဖြစ်စလောက်ကလေးပါ။ သူ့ ဟာသူပျောက်သွားပါလိမ့်မယ်။ ဒီထက်ဆိုးတဲ့ ဒဏ်ရာတွေတောင် ကျုပ်တို့က ဘယ်ဆရာဝန်ဆီမှ သွားပြတာမဟုတ်ဘူး၊ ဒင်းတို့ဆီသွားလိုက်တာနဲ့ ရိတ်ကြလှီးကြတော့တာပဲ၊ အလကားဟာတွေ"

ချာတိတ်ကလေးသည် သူ၏ဖခင်အတွက် ရှက်ရွံ့ဟန်ဖြင့် မျက်လွှာချသွားသည်ကို ဆရာတာ သတိပြုမိခဲ့သည်။ ဆရာတာသည် ကိုမောင်ကြိုင်၏ မျက်လုံးနီနီ ကြီးများကို ထပ်မကြည့်မိအောင် ကြိုးစားလျက် တဲကလေးကို ကျောခိုင်းထွက်ခွာခဲ့၏။

ထိုအချိန်မှ အစပြုကာ ချာတိတ်ကလေးသည် ဆရာတာ၏ လိပ်ပြာဝိဉာဉ်၌ စက္ကန့်မလပ် ပူးကပ်လာခဲ့သည်ဟု ဆိုရပေလိမ့်မည်။ ရှေးယခင်ကာလ အချို့မှာတုန်းကလည်း ဆရာတာ၏ဝိညာဉ်လိပ်ပြာတွင် ချာတိတ်ကလေး နည်းတူနိမ့်ကျနုံချာသည့် ဘဝအချို့ တွယ်ကပ်ဖူးခဲ့လေပြီ။ ယခုအခါ စက်ာပူနိုင်ငံတွင် အလုပ်လုပ်နေသော မောင်စိုးအောင်၊ ဂျပန်ကုန်တင်သင်္ဘော တစ်စီးနှင့် အတူကမ္ဘာပတ်နေသော မောင်ကျော်ကျော်မိုး၊ ကွန်ပျူတာတက္ကသိုလ်တက်နေသူ မချိုချိုဝင်း ပြီးလျှင် သူ၏ကျူရှင် ကျောင်းခွဲများတွင် အတန်းအသီးသီး၌ အခမဲ့

www.burmeseclassic.com



ပညာဆည်းပူးနေကြသည့် သူ၏ ဒူးမနာ သားသမီးသုံးလေးငါးယောက် ကျန်သေးသည်။ ထိုသူငယ်၊ သူငယ်မတို့ကို ဆရာတာ သည် မိမိမှာရှိသော ဂရုတစိုက်စောင့်ရှောက်ဖေးမပါသည်ဟုဆိုလျှင် ယုံချင်မှ ယုံကြပေလိမ့်မည်။ စကားစပ်မိလျှင်တော့ ဆရာတာက သူသည် တတ်အားသမျှ ပညာဒါန ပြုခြင်းဟုပြောတတ်၏။ တစ်ခါတစ်ရံ၌မူ အနာဂတ် ရှာဖွေပေးအပ်ခြင်းဟု အလင်္ကာ ဆန်စွာသုံးနှုန်းပြောဆိုလေ့ရှိသည်။ ယခုလည်းပဲ မောင်နေမျိုးထွေးမှာ အနာဂတ် ပျောက်ဆုံးနေပြန်ပြီ။

"ဒီကာတွန်းစာအုပ်က မင်းဖတ်တာလား" ဟု ဆရာတာက ဆေးကု ခန်းမှပြန်လာစဉ် ချာတိတ်ကလေးကိုမေးခဲ့သည်။ ချာတိတ်ကလေးက ခေါင်းခါပြသည်။

"ကျွန်တော်တို့ အလုပ်ထဲက အစ်မကြီးတစ်ယောက်က ဆိုင်ကို ပြန်အပ်ခိုင်းလို့ သွားအပ်မလို့ပါ"

"မင်းကော ကာတွန်းမဖတ်ဘူးလား'

"ကျွန်တော်က မဖတ်ဖူး၊ အရုပ်ပဲကြည့်တာ"

သည်အသက် သည်အရွယ်ထိစာတစ်လုံးမှ မတတ်သော ကလေးတစ်ယောက်တွင် အနာဂတ် (ကောင်းမွန်လှသည့်အနာဂတ်) ရှိပါတော့မည်တဲ့လား။ အနာဂတ် ပျောက်ဆုံးနေခြင်းနှင့်မတူပေဘူးလား။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင်ဆရာတာသည် သူ၏လက်ထောက်နည်းပြတစ်ဦးနှင့်အတူ ချာတိတ်ကလေးတို့တဲစုကလေးဆီသို့ ရောက်သွားပြန်သည်။ သူတို့ ရောက်ချိန်တွင် ချာတိတ်ကလေးကလည်း ပုလင်းတစ်လုံးကို ဆွဲ၍ နေပူကြဲကြဲမှာ မောကြီးပန်းကြီးပြန်ရောက်လာ၏။ ကိုမောင်ကြိုင်ကို မတွေ့မမြင်မိပါ။

"အဖေ မြေကြီးသွားပေါက်နေတယ် ဦးဦး"

"အဖေ ပြန်လာရင် သောက်ဖို့သွားဝယ်လာတာ"

www.burmeseclassic.com



ဤချာတိတ်လို ကလေးမျိုးတွေ ကမ္ဘာပေါ်မှာ များစွာရှိနေမှန်းနားလည်သော်လည်း ဆရာတာ ဆင်ခြင်နှလုံးသွင်း၍ဖြေသိမ့်နိုင်ခြင်းမရှိ။

ချာတိတ်ကို မနေ့က ဆရာဝန်ဆီသို့ခေါ်သွားပြီး တံတောင်ဆစ်မှအနာကို ပတ်တီးအသစ်လဲ၊ ဆေးထည့်ပေးကာ တဲစုသို့ ပြန်ခေါ်လာသောအခါ ကိုမောင်ကြိုင်မှာ မျက်ထောက်နီကြီးဖြင့် ထွေနေနှင့်ပြီ။

"ဘာမဟုတ်တာကလေးနဲ့ ဒီဆရာဝန်တွေ ငွေပေါ်သထက်ပေါ်အောင် ကိုယ့်ဆရာကလုပ်နေတော့တာကိုး၊ ထားလိုက်စမ်းပါဗျာ။သူ့ဟာသူ ပျောက်သွားပါလိမ့်မယ်"

ဆရာဝန်က ငွေကြေးမယူသည့်အကြောင်းဆရာတာပြောမနေတော့ပါ။ ချာတိတ်ကလေးအတွက် ဝယ်ယူခဲ့သည့်ပြည်ပဖြစ် ဘောင်းဘီတိုနှင့် စပို့ရှပ်ကိုပေးအပ်ခဲ့ပြီး ပြန်လာခဲ့သည်။

ချာတိတ်ကလေးသည် ဆရာတာ၏ စိတ်အာရုံကိုစိုးမိုးသည်ထက် စိုးမိုးလာ၏။ ဖမ်းစားသည်ထက် ဖမ်းစားလာ၏။ ပြိုလဲကျမလို တိမ်းယိမ်းလာနေသော တိုင်တစ်လုံး ကိုအချိန်မီ ပြေး၍ထိန်းမတ်ပေးရတော့မည်ကဲ့သို့ ဆရာတာ ခံစားနေရလေသည်။

နောက်ရက်များတွင် ဆရာတာသည် အတန်းအားသည်နှင့် သူ့ကျောင်းမှ၊ ဆယ်မိုင်ကျော်ဝေးသော ချာတိတ်ကလေးရှိရာတဲစုဆီသို့ ကားဖြင့် တစ်ရက်ခြား သုံးရက်ခြား ရောက်နေတတ်သည်။ သူသွားတိုင်း စားစရာဖြစ်စေ၊ အသုံးအဆောင်ဖြစ်စေ၊ လက်ဆောင်တစ်ခုမဟုတ် တစ်ခုတော့ပါသည်။ ကိုမောင်ကြိုင်ကိုတော့ အရက်မသောက်ပဲ တွေ့ရခဲသည်။ အယ်လ်ကိုဟော ဓာတ်သွင်းလိုက်မှ ပေါက်တူးပေါက်နိုင်သည်ဟု ကိုမောင်ကြိုင်ကအကြောင်းပြ ဆင်ခြေကန်သည်ကို ဆရာတာ ဘာမျှမဝေဖန်ခဲ့ပါ။ ပြန်ခါနီးတိုင်း ချာတိတ်၏လက်ထဲသို့ အနည်းဆုံး တစ်ရာကျပ်တန်တစ်ရွက်ကိုတော့ ထည့်ခဲ့သည်သာ။ သူ့အဖေ အရက်ဖိုးဖြစ်သွားလည်း မတတ်နိုင်။ စင်စစ် သူလိုချင်သော အကွက်ထဲသို့ သားအဖနှစ်ယောက်စလုံး ဝင်လာစေရန် ဖြည်းဖြည်းခြင်း မျှားနေခြင်းသာ ဖြစ်သည်။ နောက်တစ်လဆိုလျှင် ကိုမောင်ကြိုင်တို့သားအဖသည် ဤနေရာမှ အခြားတစ်နေရာ (ဘယ်မှာမှန်း တိတိ

www.burmeseclassic.com



ကျကျ မသိရသေး) သို့ အလုပ်နှင့်အတူ ပြောင်းရွှေ့သွားရတော့မည်။ သူတို့နေရာ မရွှေ့မီ ချာတိတ်ကလေးကို မီဖို့ အရေးကြီးသည်။

ချာတိတ်ကလေးထံသို့ နဝမမြောက်ရောက်သည့်အချိန်မှာ ညနေ ငါးနာရီခွဲခန့်ဖြစ်သည်။ ချာတိတ်ကလေးတို့နှင့် ညစာအတူစားမည်ဟု ရည်ရွယ်ကာ ဒန်ပေါက်ထမင်းငါးထုပ်ဝယ်ခဲ့၏။

ကိုမောင်ကြိုင်က ဒန်ပေါက်ထမင်းထဲမှာ ကြက်ရင်အုပ်သားတစ်ဖဲ့ ကိုက်လိုက်၊ အရက်ဖြူတစ်ငုံကျိုက်လိုက်နှင့် နှုတ်ရွှင်စ ပြုလာချိန်တွင် အရက်သောက်ဖို့ မဆိုထားနှင့် အရက်နံ့ရလျှင်ပင် ခေါင်းထဲမှာမူးနောက်လာတတ်သော ဆရာတာက ကိုမောင်ကြိုင်အနားကပ်ကာ သူ၏သဘောထားနှင့်ရည်ရွယ်ချက်တို့ကို အသေးစိတ်တင်ပြလိုက်သည်။

ကိုမောင်ကြိုင်သည် အရက်သောက်ရပ်ပြီးမျက်နှာကို ပြူးကြောင်ကြောင်ကြည့်ကာ အရုပ်ကြီးတစ်ရုပ်လို ငြိမ်သက်နေခဲ့၏။ သဘောတူ၍နားထောင်နေခဲ့သည်တော့ မဟုတ်။ ထိုးမည့်ဆင်နောက်တစ်လှမ်းဆုတ်သလို အရှိန်ယူနေခြင်းသာဖြစ်သည်။

ဆရာတာက "ကဲ ဘယ်လိုသဘောရသလဲ ဦးမောင်ကြိုင်" ဟု အဆုံးသတ် မေးခွန်းထုတ်လိုက်သည်နှင့်ကိုမောင်ကြိုင်သည် ငှဲ့ထားသောအရက်ခွက်ကို ဆတ်ခနဲ ကောက်ယူ၍ တရှိန်ထိုး မော့ချလိုက်ပြီး။

"ဘယ်လိုသဘောရသလဲ ဟုတ်သလား၊ ကျုပ်သားကို ခင်ဗျားက ခေါ်သွားပြီး ကျောင်းထားပေးမယ်ပေါ့ ဟုတ်လား။ ပညာတတ်ကြီးဖြစ်အောင် ခင်ဗျားက တာဝန်ယူ မယ်ပေါ့ဟုတ်လား" ဟု ပါးစပ်မှ တံတွေးမှုန်တွေ တစီစီထွက်လာအောင် ပြန်လှန်မေးခွန်း ထုတ်တော့သည်။

ကိုမောင်ကြိုင် သတိလွတ်အောင် မမူးသေးဖူးဟု ဆရာတာ အခိုင်အမာ ယုံ ကြည်ပြီးသားဖြစ်သည်။ သူမေးသမျှကို ဆရာတာ ခေါင်းညိတ်ပြ၏။

"ခင်ဗျားမို့ စိတ်ကူးရတတ်ပလေ ကိုယ့်လူရာ"

"ကျွန်တော်က မောင်နေမျိုးထွေးရဲ့ ဘဝတိုးတက်မှု"

www.burmeseclassic.com



ဆရာတာ့ကို စကားဆုံးအောင် ပြောခွင့်မပြု။ ကိုမောင်ကြိုင်က အကြော ပြိုင်းပြိုင်းထလျှက် ညိုမောင်းကြမ်းထော်နေသည့်လက်တစ်ဖက်ကို ဆရာတာ့ မျက်နှာရှေ့မှာ ဝှေ့ရမ်းလိုက်၏။

"ဘဝ တိုးတက်မှု၊ဘာ ဘဝတိုးတက်မှုလဲ၊ ကျုပ်သားရဲ့ ဘဝတိုးတက်မှု လား၊ ခင်ဗျားက ကျုပ်သားကို ဆရာဝန်ကြီး၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်ကြီးဖြစ်အောင် လုပ်ပေးမယ်ပေါ့လေ၊ ဟုတ်လား ဒီမှာကျောင်းဆရာဆိုတဲ့ ပုဂ္ဂိုလ်ကြီး ကျုပ်ကို ပေါက်တူး တစ်လက်နဲ့ မြေတူး၊ မြေသယ်၊ လုပ်တဲ့ကောင်ဆိုပြီး အထင်မသေး ပါနဲ့ဗျ။ လျှော့မတွက်ပါနဲ့၊ ကျုပ်လည်း ဟိုက်စကူးဖိုင်နယ်တန်းအထိ ကျောင်းနေ လာတဲ့ကောင်ပါ။ ကျုပ် စာတတ်ပါတယ်။ ခင်ဗျားက ကျုပ်သားကလေးကို ဘုရင် ကေရာဇ်ကြီးတစ်ပါးဖြစ်အောင် လုပ်ပေးနိုင်တယ်ထားဦးတော့ ကျုပ်က သောက်ဂရုမစိုက်ဘူး၊ ဒီတော့ အသက်ရှင်နေတုန်း ကြုံရာဘဝမှာ ပျော်အောင်သာ နေ၊ စောစောက ခင်ဗျားပြောခဲ့တဲ့ စကားတွေကို အကုန်ပြန်ရုပ်သိမ်းလိုက်ပါ။ ဒါပဲ ကျုပ်ပြောချင်တယ် ကိုယ့်လူ ဒါပဲ"

ကိုမောင်ကြိုင်က အရက်ငွေ့နေစဉ် ဆရာတာတစ်ခုခုပြောဖို့ ဟန်ပြင် သေး၏။ သူ၏ လက်ထောက်နည်းပြကကလေးက လက်တို့၍ ဟန့်တားထား သည်။ ထပြန်ကြဖို့လည်း မျက်နှာရိပ်မျက်နှာကဲ ပြ၏။

ဆရာတာသည် အဖျားတတ်နေသူပမာ ကတုန်ကရီ ထရပ်လိုက်သည်။

"ကျွန်တော်ဝမ်းနည်းပါတယ်ဗျာ"ဟု ဆရာတာပြောလိုက်တော့ ကိုမောင် ကြိုင် ကဝါထိန်သော သွားကြီးတွေပေါ်အောင် ခနဲ့ပြုံးလိုက်ပြီးနောက် . . . . .

"နောက်တစ်ခါ ကျုပ်ဆီကို လာပြီး ကျုပ်သားကလေးကို ခေါ်ဖို့ ထပ်ပြောပါဦးမယ်ဆိုရင် ကျုပ်ကပိုပြီးဝမ်းနည်းရလိမ့်မယ် ကိုယ့်လူ" ဟု ဝမ်းခေါင်း သံပါပါပြော လိုက်လေသည်။

ဆရာတာသည် ချော်လဲရာမှ ပြန်ထ၍ လမ်းလျှောက်လာသူလို ဒယိမ်း ဒယိုင် ဖြစ်နေ၏။ စင်စစ် သူခြေလှမ်းမှားခဲ့ခြင်းသာဖြစ်ပါသည်။

⁘ ⁘ ⁘

www.burmeseclassic.com



www.burmeseclassic.com

# လသာဆောင်မှ မိုးတိမ်များ

ဥခွံထဲတွင် မမှတ်မိနိုင်သည်အထိ အချိန်အတော်အကြာအောင် ခိုအောင်းနေခဲ့ပြီးနောက် ဥခွံထဲမှ ထွက်လိုက်သောခါ ယနေ့သည် အတော်ပူပြင်းသော၊ အတော်စိုထိုင်းသော၊ အတော်အနေရခက်အောင် လေဖိအားများသော နေ့တစ်နေ့ဖြစ်နေကြောင်း ကျွန်တော် ဝမ်းနည်းစွာ သိရှိလိုက်ရပါသည်။

ကျွန်တော် ပင်လယ်ကမ်းခြေသို့သွားရလိမ့်မည်။ ပင်လယ်ကမ်းခြေသို့ ကျွန်တော်. . အခုပဲ လမ်းလျှောက်သွားမည်။ ပင်လယ်ရေသည် အေးမြသည်။ ကမ်းစပ် သဲပြင်သည်လည်း အေးမြသည်။ လေညင်းတို့သည်လည်း အေးမြကြသည်။ ထိုနေရာတွင် အရာရာသည် အေးမြနေကြလိမ့်မည်။

ကျွန်တော် လမ်းလျှောက်လာခဲ့သောအခါ တစ်စုံတစ်ယောက်က “ဘယ်လဲ” ဟုလှမ်းမေးသည်။ ‘ပင်လယ်ဘက်ကို” ဟုကျွန်တော်ကလှည့်မကြည့်ဘဲ လမ်းလျှောက်ရင်းပြန်ဖြေသည်။ “ဘာကိစ္စလဲ’ ဟုထိုသူက အော်မေးပြန်သည်။ “ဒီမှာပူလို့” ဟု ကျွန်တော်ကလှည့်မကြည့်ဘဲ လမ်းလျှောက်လျက်က အော်ဟစ်လိုက်သည်။ ကျွန်တော်၏နောက်ကျောဘက်မှ ရယ်မောသံများ အုတ်အုတ်ကျက်ကျက် မြည်ဟည်း လာသည်။ သရော်ပြောင်လှောင်မှုန်း သိသာသော ရယ်မောသံများဖြစ်သည်။ ကျွန်တော် လမ်းလျှောက်ရပ်၍ လှည့်ကြည့် လိုက်သောအခါ

www.burmeseclassic.com



ရယ်မောနေကြသူများသည် အမိုး အကာမဲ့၊ ထီးမရှိ၊ ဖိနပ်မရှိဘဲ ထိုင်နေကြ၊ လျှောင်းနေကြ၊ လမ်းလျှောက်နေကြသည်ကို ကျွန်တော်တွေ့မြင်ရပါသည်။

သူတို့ ရယ်မောနေကြတုန်းမှာပင် ကျွန်တော်သည် ပင်လယ်ရှိရာ ဘက်သို့ ဆက်လျှောက်ခဲ့သည်။ ရယ်သံများသည် ကျွန်တော့်နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါလာကြရာမှ အချိန်တော်ကြသောအခါ စိတ်ပျက်လက်လျှော့ကာ သူတို့ မူလ စတင်ထွက်ခွာခဲ့ရာ ပါးစပ်ပေါက်များ၊ လည်မျိုပြွန်များ၊ ဝမ်းဗိုက်လိုဏ်ခေါင်းများထဲဆီသို့ ပြန်လည်ဝင်ရောက်သွားကြပြီးလျှင် . . . နောက်တစ်ကြိမ် (လိုအပ်ပါက) အံ့ကြွလှုပ်ရှားရန် အနားယူအားမွေး သွေးသစ်လောင်းနေကြတော့သည်။

ကျွန်တော်သည် ပင်လယ်အနီးသို့ ရောက်လာခဲ့သည်။ ကျွန်တော် မျှော်လင့်ခဲ့သော အေးမြခြင်းသည်ထိုနေရာမှာ ရှိမနေခဲ့ပါ။ ပင်လယ်သည် မဲနယ်ရောင် ရွှံ့ကန္တာရကြီးနှင့်သာ တူနေသည်။ ရှုရှိုက်မိသော လေကလည်း စူးစူးရှရှ ပုပ်ညှီလျက်ရှိသည်။ ကြည့်၍ မဆုံးအောင်ရှည်လျားသော ကမ်းခြေတစ် လျှောက်တွင် . . . မရေမတွက်နိုင်အောင် များပြားသော ငါးအသေကောင်များ ရှိနေကြပါသည်။ ဤနေရာသို့ ယင်ကောင်တွေ၊ လင်းတတွေ၊ ခွေးအတွေဘာကြောင့် မလာကြမှန်း ကျွန်တော်စဉ်းစား၍မရပါ။ ပင်လယ်ပြင်တွင်လည်းပဲ. . . ကနူးလှေကလေးတစ်စီးဖြစ်ဖြစ်၊ သန်းကြွယ်သူဌေးကြီးတစ်ဦး၏ ဇိမ်ခံသင်္ဘောငယ် တစ်စင်းဖြစ်ဖြစ် ဘာကြောင့်ရှိ မနေခဲ့မှန်းလည်း ကျွန်တော်တွေးဆ၍ မရခဲ့ပါ။ ထို့ထက် ပို၍ နားမလည်နိုင်သော အကြောင်းတစ်ရပ်ရှိသေးသည်။ သေဆုံးနေသော ပင်လယ်နှင့် ငါးအသေကောင်များအနီးတွင် ကျွန်တော်သည် မော်ကွန်းကျောက်စာတိုင် တစ်ခုကဲ့သို့လည်းကောင်း၊ သချိုင်းလက်ဝါးကပ်တိုင်တစ်ခုကဲ့သို့ လည်းကောင်း၊ အတော်ကြာမြင့်အောင် ရပ်နေမိခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သည် ပင်လယ်ကိုကျောခိုင်း၍ ငါးအသေကောင်များမှ ဝေးရာဆီသို့ ပြန်လျှောက်ခဲ့ပါသည်။ အတော်ကြာမှပဲ. . . . ကျွန်တော်လျှောက်နေသောလမ်းမှာ လာခဲ့စဉ်က လမ်းမဟုတ်မှန်း သတိထားမိပါသည်။ မြေပြင်သည် ဖြူဖွေးပြောင်ဝင်းလျက် ရေအဝစုပ်ယူထားသော ရေမြှုပ်တစ်ခုလို စွတ်စိုပွယောင်းနေသည်။ ရှေ့နောက်ဝဲယာ မြေပြင်တစ်ဝှမ်းလုံးတွင် စာတစ်လုံးမျှ မရေးရသေး

www.burmeseclassic.com



သော စက္ကူဖြူတစ်ချပ်လို ချောပြောင်နေသည့် မျက်နှာပြင်ကလွဲ၍ ဘာဆိုဘာမျှမရှိ။ မကြာသေးမီက. . . ဤနေရာတွင် ပြင်းထန်သော မုန်တိုင်းနှင့်ကြောက်မက်ဖွယ် မိုးရွာသွန်းမှုတို့ကျရောက်ခဲ့ပြီးလျှင် မုန်တိုင်းက မြေမျက်နှာပြင်ပေါ်ရှိ အရာဝတ္ထုမှန်သမျှကို ဖြိုလှဲကျိတ်ချေပစ်ခဲ့လိမ့်မည်. . . . ထိုအကျိုးအပဲ့အပိုင်းအစတွေကို မိုးရေက တစ်နေရာရာသို့ လှဲကျင်းသယ်ယူသွားခဲ့ရုံမျှမက၊ အရောင်အသွေးစုံလင်သည့် မြေပြင်၏ မျက်နှာကို အဖြူရောင်မှုတစ်ပါး ဘာမျှစွန်းထင်းမနေရလေအောင် ပွတ်တိုက်သန့်ရှင်းခဲ့လိမ့်မည်ဟု ကျွန်တော်ခန့်မှန်းကြည့်သည်။ ကျွန်တော်ခန့်မှန်းသလို မဟုတ်ဘဲ . . . အခြားအဖြစ်အပျက် တစ်ခုလည်း ဖြစ်ပွားကောင်း ဖြစ်ပွားခဲ့ပေလိမ့်မည်။

အဆုံးအစကင်းမဲ့သည်ဟု ထင်ရသော . . . လမ်းညွှန် အမှတ်အသား မရှိသော လမ်းပေါ်တွင် လျှောက်လာခဲ့ရာမှ မကြာသေးမီတုန်းက ကျွန်တော့်အား လှောင်ပြောင်ရယ်မောခဲ့ကြသော လူစုအနီးသို့ ကျွန်တော် ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။ သူတို့ မရယ်မောကြတော့ပါ။ ပွဲခင်းထဲတွင် မီဘများ ပျောက်ဆုံးသွား၍ အားငယ်တုန်လှုပ်စွာ ငိုကြွေးနေသည့် ကလေးသူငယ်တစ်ယောက် ကို. . . သူစိမ်းလူကြီးအနေမျိုးဖြင့်သာ သူတို့က ကျွန်တော့်ကို ကြည့်နေကြသည်။

ဤလူစုထဲတွင် ထူးခြားမှုတစ်ခုရှိနေပါသည်။ ကျွန်တော်မတွေ့ခဲ့ရသော လူတစ်ယောက် ယခုရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ သူသည် ဦးထုပ်ဆောင်း၍ ဖိနပ်လည်း စီးထားသည်။ ဝတ်ရုံနှင့် တူသော အမည်းရောင် အင်္ကျီရှည်ကြီးကိုလည်း ဝတ်ဆင်ထားသည်။ သူသည် မျက်လှည့်ဆရာကြီးတစ်ဦးနှင့်တူသည့်အတိုင်း အကယ်စင်စစ်. . . ရှိသေလေးစားအပ်သော အနာဂါတ်ဟော ဆရာပရောဟိတ်ကြီး။. . . အများက 'နော်စထရာဒေးမတ်စ်' ပင်ဖြစ်ပါသည်။ သူသည်. . . ခရစ်နှစ် (၁၅၅၅) ခုနှစ်မှ အနာဂါတ်နှစ်ပေါင်းများစွာထိ လှမ်းမျှော်ကြည့်မြင်နိုင် သူဖြစ်ရာ ယခုလက်ရှိ ကာလကိုလည်း သူကြိုတင်သိမြင် ထားနိုင်မည်လားဟု ကျွန်တော် မျှော်လင့်မိပြီး သူ့ဆီသို့ ချဉ်းကပ်ခဲ့ပါသည်။

"သင်ဟာ အေးမြမှုကို ရှာဖွေနေသူဖြစ်တယ်" ဟု သူက ကျွန်တော်၏ အတွင်းစိတ်ထဲမှ ဆန္ဒကိုထိုးဖောက်သိမြင်ဘိသကဲ့သို့ ဆီးကြိုပြောလာသည့်အခါ

www.burmeseclassic.com


ကျွန်တော်သည် ချောက်ချားတုန်ရီစွာဖြင့် ခေါင်းညိတ်ပြမိသည်။ 'အေးမြမှုရှိတဲ့ နေရာ. . . ၊ အသေအချာရှိတဲ့ နေရာကို ကျွန်ုပ်ညွှန်ပြခဲ့ရင် သင်သွားလိမ့်မယ်လို့ ကျွန်ုပ်ထင်တယ်"

ကျွန်တော်သည် သိမှတ်စိတ်မဲ့ခေါင်းညိတ်မိပြန်ပါသည်။ ထိုအခါ သူသည် သူ၏ အတွင်းခံအင်္ကျီ အိတ်ကပ်တစ်ခုထဲမှ သေးငယ်သော ပစ္စည်းတစ်ခု ကို ထုတ်ယူလိုက်သည်။ ထိုအရာသည် ရုတ်တရက်ကြည့်လျှင် မီးကျွမ်းထားသည့် အသေးငယ်ဆုံး ပိုက်ဆံပြားကလေးနှင့်တူသည်။ သို့သော် အနီးကပ်ကြည့်ရှုလျှင် တော့ ဘယ်အရာနှင့်တူမှန်း မည်သူမျှ ပြော၍ မရနိုင်တော့သည့် အမျိုးအမည်မဲ့၊ အပူချိန်မဲ့ အရာဝတ္ထု အထူးအဆန်းကလေးတစ်ခုသာဖြစ်ကြောင်း သိလိုက်ရပါ သည်။

"ဒီအရာဟာ အဆောင်လက်ဖွဲ့လည်းမဟုတ်ဘူး၊ အင်းလည်း မဟုတ် ဘူး၊ ဆေးဝါးလည်း မဟုတ်ဘူး၊ မိုက်ခရိုချစ်လည်း မဟုတ်ဘူး၊ ဒါပေမယ့်ဒီအရာကို သင် ကိုယ်နဲ့မကွာဆောင်ထားရလိမ့်မယ်. . . တစ်ချိန်ချိန်ကျရင်. . . ဒီအရာက သင်ဟာ ကျွန်ုပ်နဲ့ တွေ့ဆုံခဲ့တဲ့ အကြောင်းကိုသတိပေး သက်သေခံလာလိမ့်မယ်၊ ကဲ. . . ကျွန်ုပ် ညွှန်ပြတဲ့ဆီကို သွားဖို့သင် အသင့်ပြင်ပေတော့. . . "

ပုရောဟိတ်ကြီးကို ကျွန်တော်က အရိုအသေပြုရန် ဟန်ပြင်လိုက်စဉ်၊ သူက လက်ကာပြပြီး "ကျွန်ုပ်အတွက် မလိုပါဘူး၊ အနန္တတန်ခိုးတော်ရှင်နဲ့ တွေ့မှပဲ သင်အရိုအသေပေးလိုက်ပါ" ဟု ပြောလိုက်သည့်အခါ၊ အနီးရှိ လူစု ကလေးထဲမှ တိုးတိုးကြိတ်ကြိတ် ပြောင်လှောင်ရယ်မောသံများ ထွက်ပေါ်လာ သဖြင့် ကျွန်တော်က ရယ်နေသူများကို လှည့်ကြည့်လိုက်သည်။ သူတို့သည် ပုရောဟိတ်ကြီးကို မထီလေးစားသရော်နေကြခြင်းပင်ဖြစ်သည်။

ကျွန်တော်သည် ပုရောဟိတ်ကြီးအသေးစိတ် သေချာစွာ လမ်းညွှန်ပြခဲ့ သည့် အကြောင်းတစ်ရပ်ကို ဖြုန်းခနဲ သတိရလာခဲ့သည်။ ကျွန်တော်သည် မိုးကောင်းကင်ဟု ထင်ရသော အထက်အာကာသဆီသို့ မော့ကြည့်လိုက်ပါသည်။ မိုးကောင်းကင်၌ နေမရှိပါ။ တိမ်လည်းမရှိပါ။ လနှင့်လည်းကောင်း၊ ကြယ်တာ ရာနှင့်လည်းကောင်း ဆင်ဆင်တူမည့် အရာများကိုလည်း ကျွန်တော်မတွေ့ပါ။

www.burmeseclassic.com



ယင်းသို့ဆိုလျှင် နေ့နှင့်ညတို့ ပျောက်ဆုံးခဲ့ပြီလော။ နေ့နှင်ညတို့မရှိလျှင် အချိန်ကာလကို တိုင်းတာရန် နာရီသည် မည်သို့အသုံးဝင်တော့မည်နည်း။ (ကျွန်တော်သည် ဥခွံထဲမှာ မခိုအောင်းမီကတည်းက ကျွန်တော်၏ လက်ပတ်နာရီကို စွန့်ပစ်ခဲ့ပါသည်) နေ့နှင့်ည မရှိသော နေရာအတွက် ပြက္ခဒိန်အသစ်တစ်ခုကို မည်သူက ကြံစည်တီထွင်မည်နည်း။ နေမရှိ လမရှိသော နယ်ပယ်ဒေသတွင် မည်သို့သော ရာသီဥတု မျိုးဖြစ်ပေါ်ပြောင်းလဲလာမည်နည်း။ . . နေ၊ လ၊ နက္ခတ်တာရာ. . .၊ နေ့ညအချိန် နာရီ၊ ရာသီဥတု. . ယင်းတို့ယင်းတို့နှင့် ဆက်စပ်နေကြသော အဆုံးသတ်မဲ့ မေးခွန်းများသည် ကျွန်တော့်အသိဉာဏ်ထဲသို့ တရစပ်စီးဝင်လာနေကြသည်။

သို့ရာတွင် အလင်းရောင်ရှိနေမှု၊ အလင်းရောင်နှင့်တွဲလျက် အပူရှိန်ဖြစ်ပေါ် နေမှုတို့ကြောင့် ကျွန်တော် စိတ်သက်သာရာ ရမိပါသည်။ အဖြူများသော အပြာနုမိုးကောင်းကင် တစ်ပြင်လုံးသည် မည်သည့်အရပ်မှ ဖြန့်ကျက်လွှမ်းမိုးလာမှန်း မသိသော အလင်းဖြင့် ကြည်လင်နေသည်ကိုတွေ့မြင်ရခြင်းလောက် စိတ်လှုပ်ရှားမိခြင်းမျိုးကို ကျွန်တော် မကြုံဖူးခဲ့သေးပါ။

"အလွန်ဆန်းကြယ်တယ်. .၊ အံ့သြကြည်နူးဖွယ် ကောင်းလွန်းတယ်. .၊ မယုံကြည်နိုင်လောက်အောင်ကို ရင်ခုန်စရာပဲဟော့. . "

ကျွန်တော်သည် ကောင်းကင်အမြင့်ဆီသို့မော့ကြည့်ရင်း ကလေးတစ်ယောက်ပမာ ပြေးလွှားခုန်ပေါက်လျက် အော်ဟစ်လိုက်မိပါသည်။ ကျွန်တော်၏ အော်ဟစ်သံသည် အနီးအပါးတွင် နံရံအကာအကွယ်များ၊ တောင်တန်းများ မရှိပါပဲလျက် ကျွန်တော်ထံ ပဲ့တင်ထပ်ရိုက်ခတ်လာသည့်အခါ ကျွန်တော်ပို၍ပျော်ရွှင်လာပါသည်။

"ဒါဟာ. . စကြာဝဠာအသစ် တစ်ခုထဲက လူသားတွေနေထိုင်အသက်ရှင်လို့ရမယ့် ဂြိုဟ်အသစ်တစ်ခုလားဟော့. .၊ ငါးမေးတာကို ဖြေကြစမ်းပါ. . . "

အဖြေမှာ ကျွန်တော့်မေးခွန်း၏ ပဲ့တင်သံဟာဖြစ်နေသည်။ တစ်ဦးတစ်

www.burmeseclassic.com



ယောက်ကို၊ ကျွန်တော် အော်ဟစ်ခဲ့သည့်မေးခွန်း မေးမြန်းရန် အခွင့်အရေး မကြုံပါ။ လမ်းခရီးတွင် မည်သည့်သက်ရှိကိုမျှ ကျွန်တော်မတွေ့ကြုံခဲ့ရပါ။ သို့ရာတွင် ကျွန်တော် အားပျက်ညည်းညူးခြင်း မခံစားရပါ။ ပုရောဟိတ်ကြီး နော်စထရားဒေးမတ်စ် ညွှန်ပြလိုက်သည့်နေရာ ကျွန်တော်တွေ့မြင်နေရပါပြီ။ ထိုနေရာတွင် ကျွန်တော့် မေးခွန်းကို ဖြေဆိုနိုင်မည့် ပုဂ္ဂိုလ်တွေ သေချာပေါက် ရှိနေကြလိမ့်မည်။

အတက်အဆင်းပြေညီသော တောင်ခေါင်းတုံး တစ်ခုပေါ်သို့ ကျွန်တော် တက်လာခဲ့ပါသည်။ တောင်ခေါင်းတုံး၏ အလယ်ဗဟိုလောက်တွင် ကျွန်တော်မြင်ဖူးသမျှ မျှော်စင်များထဲတွင် အမြင့်ဆုံးဖြစ်မည့် ကျောက်သား မျှော်စင်ကြီးတစ်ခု မားမားရပ်လျက်ရှိသည်။ မျှော်စင်ကြီးသည် ပွတ်လုံးသဏ္ဍာန်ဖြစ်၍ အမြင့်ပိုင်းသို့ သွယ်ရှူးသွားသည်။ မျှော်စင်ကြီး၏ နံရံတွင် အလင်းဝင်ပေါက်ကဲ့သို့ ညို့မှိုင်းမှိုင်း မှန်ချပ်တွေ မရေမတွက်နိုင်အောင် တပ်ဆင်ထားသည်။ မျှော်စင်ကြီး၏ ထိပ်ဖျား ကတော့. . . ကောင်းကင်ယံကို ထိုးဖောက်တော့မည့်အလား လုံသွားတစ်ချောင်း သဖွယ်ချွန်မတ်လျက်ရှိသည်။ မျှော်စင်ထိပ်ဖျားစွန်းဆီမှ သက်တံရောင်စဉ်လို အလင်းရောင်စုံ ပြာလဲ့လျက်ရှိသည်ကို ကျွန်တော်အတော်ကြာအောင်ပဲ မော့ကြည့်နေမိပါသည်။

မျှော်စင်အောက်ခြေမှ ဝင်ပေါက်တံခါးမကြီးသည် ကျွန်တော့်ကို လက်ခံဆီးကြိုသည့်အလား. . . အသင့်ပွင့်နေသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တော့ မတွေ့မမြင်ရပါ။ သို့ရာတွင် တံခါးတစ်ဝိုက်သည် . . လူတို့နေ့စဉ် သန့်ရှင်းလှဲကျင်းထားသကဲ့သို့ အမှိုက်သရိုက် တစ်စွန်းတစ်စမျှ မရှိဘဲ ပြောင်စင် နေသည်။ တံခါးနောက်မှ၊ မျှော်စင်၏ မြေညီထပ်ကျောက်သားကြမ်း ပြင်သည် လည်း သူတို့ဖိနပ် များ နေ့စဉ်နင်းလျှောက်ထားဟန်ဖြင့် ကြမ်းခင်းကျောက်ပြားမှ လှဲကျင်းထားသလို ရှင်းပြောင်နေသည်။

မြေညီထပ်ခန်းခထဲတွင် တစ်စုံတစ်ယောက်ကို တွေ့လိုတွေ့ငြား ကျွန်တော် စူးစမ်းလေ့လာကြည့်သည်။ ဘယ်သူဆို ဘယ်သူမျှမရှိ။ သို့ရာတွင် . . သက်ရှိလူသားတို့၏ အငွေ့အသက်ကို ကျွန်တော်ခံစားနေရသည်။ သူတို့

www.burmeseclassic.com



မျှော်စင်တစ်နေရာရာမှာတော့ ရှိနေကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။"

ကျွန်တော်သည် နံရံတစ်နေရာသို့ မျက်နှာမူမိလျက်သား ဖြစ်သွားပါသည်။ နံရံရှိအနီရောင် သတိပေးဆိုင်းဘုတ်ကြီးက ကျွန်တော့် အမြင်အာရုံကို ဖမ်းညှို့ထားသည်။ ဆိုင်းဘုတ်၏ အနီခံမျက်နှာပြင်တွင် အဖြူရောင်ဖြင့် စာတန်းများရေး ထားပါသည်။ စာတန်းတစ်ဒါဇင်ကျော်ကျော် ထဲမှာကျွန်တော် ဖတ်ရှုနားလည်နိုင်သော စာတန်းကို တွေ့လိုက်ရပါသည်။

*သင်တွေ့လိုသော သူသည် အပေါ်ဆုံးထပ်တွင် ရှိသည်။*

စာတန်းကို ကျွန်တော်သည် သုံးကြိမ်သုံးခါ ဖတ်ရှုလိုက်ပါသည်။

မျှော်စင်အမြင့်သို့ တက်ရာတွင် အသုံးပြုရမည့် လှေကားသည် ကျွန်တော့်အနီးမှာပဲ အဆင်သင့်ရှိနေသည်။ ဆိုင်းဘုတ်မှ ညွှန်ကြားချက်နှင့် လှေကားတို့မှဖြင့် ကျွန်တော် ကျေနပ်မှု မရနိုင်သေးပါ။ လူတွေ ဘယ်ရောက်နေကြသနည်း။ မည်သို့သော အရေးကြီးသည့်ကိစ္စက သူတို့ကို မည်သည့်နေရာသို့ ပို့ဆောင်ထိန်းသိမ်း ထားလိုက်သလဲ။ ဤမေးခွန်း၏ အဖြေကိုမျှော်စင် အပေါ်ထပ်တွင် ရနိုင်လိမ့်မည်ဟု တွေးမိသည်နှင့်ကျွန်တော်သည် သွက်လက်ပေါ့ ပါးသော ခြေလှမ်းများဖြင့် လှေကားထစ်များကို တက်စပြုပါတော့သည်။

လှေကားတစ်လျှောက်ရှိ မျှော်စင်၏ အထပ်တိုင်းတွင် အခန်းများရှိနေကြပြီး၊ အခန်းတိုင်းပင် တံခါးများပိတ်ထားလျက်၊ တံခါးတိုင်းတွင် အရုပ်သင်္ကေတဖြင့် တံခါးခေါက်၍ အနှောင့်အယှက်မပြုရန် တားမြစ်ထားသည်။ ဘာကြောင့်လဲ. . ။ မည်သို့ဖြစ်စေ တံခါးများနောက်တွင် လူသားတစ်ယောက် (သို့မဟုတ်) လူတစ်စုတော့ရှိနေမည်ဟု ကျွန်တော်မှန်းဆကြည့်မိပါသည်။ တားမြစ်ချက်ကို ဖောက်ဖျက်၍ တံခါးတစ်ချက်ကို ထုရိုက်တွန်းဖွင့်ချင်စိတ် ပေါ်လာသည့်တိုင် သတိပေး၊ ဆိုင်း ဘုတ်မှ "သင်တွေ့လိုသောသူသည် အပေါ်ဆုံးထပ်တွင်ရှိသည်" ဟူသော ညွှန်ကြားချက်ကို သတိဝင်ခဲ့ပြီး ကျွန်တော်အပေါ်သို့ တက်မြဲတက်လာခဲ့ပါသည်။

လှေကားထစ်များ အဆုံးသတ်သွားသည်နှင့် တံခါးဖွင့်ထားသည့် အခန်း

www.burmeseclassic.com



တစ်ခန်းက ကျွန်တော့်ကို ဆီးကြိုနေသည်။

ထို့နောက် "ဝင်ခဲ့ပါ" ဟူသော ကျွန်တော် တရင်းတနှီးကြားဖူးဟန်ရှိသည့် ယောကျ်ားသံတစ်သံကလည်း ဖိတ်ခေါ်ပြန်သည်။ အခန်းထဲသို့ ဝင်မိ၍ ကျွန်တော့် ကို ဖိတ်ခေါ်ခဲ့သူအား ကျွန်တော်တွေ့မြင်လိုက်သည့်အခါ ကျွန်တော် မအံ့သြဘဲ မနေနိုင်တော့ပါ။ ကျွန်တော်က သူ့အသံကို ကြားဖူးရုံမျှမဟုတ်ဘဲ သူနှင့်ပါ အတော် ကြာအောင် ကျွမ်းကျွမ်းဝင်ဝင် ဆက်ဆံပြောဆိုခဲ့ဖူးသည်။ သူသည်မူးယစ်ဆေးစွဲ ရောဂါဆေးရုံတွင် ကျွန်တော့်ကို တာဝန်ယူကုသပေးခဲ့သည့် စိတ်ကုဆရာဝန် (. . .) ပင် ဖြစ်ပါသည်။

"ခင်ဗျား လာမယ်ဆိုတာ ကျွန်တော်ကြိုသိနေတယ်။ ဘယ်အချိန်ရောက်မလဲဆိုတာပါ အတိအကျသိလို့ အဆင်သင့်စောင့်နေတာ၊ ကျွန်တော်နဲ့ မွန်စီယာနော်စရာဒေးမတ်နဲ့က တယ်လီပသီအဆက်အသွယ် ရှိတယ်။ ခင်ဗျားတို့ သုံးနေတဲ့ ဆက်တယ်ဖုန်းတွေ၊ တဲလက်စ်တွေ၊ ဖက်စ်တွေ၊ အင်တာနက်တွေထက် ပိုပြီး မြန်ပြီး စိတ်ချရတဲ့အဆက်အသွယ်ပေါ့ဗျာ"

ဒေါက်တာ (----) က ကျွန်တော့်ကို ဖက်လှဲတကင်း နှုတ်ဆက်ရင်း အာရပ်တွေလို လက်ကောက်ဝတ်ကို ဆုပ်၍ပွေ့ဖက်၊ ပါးချင်းကပ်လိုက်သေးသည်။ ကျွန်တော်သည် အံ့သြမှုနွံထဲမှာ မလှုပ်သာအောင် ငေးကြောင်နေမိသည်။

'လာဗျာ၊ ဒီအခန်းထဲမှာထက်စာရင် လသာဆောင်မှာထိုင်ပြီး စကားပြောရတာက ခံစားမှုပိုပြီး မြင့်မယ်" ဟုဆိုကာ သူက ကျွန်တော့်ကို လက်ဆွဲခေါ်ငင်ပြန်ပါသည်။

လူနှစ်ယောက် ကျောမှီပါသည့် ကြိမ်ကုလားထိုင်ကိုယ်စီဖြင့် ချောင်ချောင် ချိချိထိုင်၍ရသော လသာဆောင်ကလေးသို့ရောက်လာသည့်အခါ ကျွန်တော်သည် မိုးတိမ်များပေါ်မှာ စီးနင်းလိုက်ပါသွားရသည်ဟု ခံစားလိုက်ရသည်။ အဘယ့်ကြောင့်မူ ကျွန်တော်တို့ခြေထောက်များအောက်ဖက်တွင် ကပ်လျက် ဖြူမွမွတိမ်တိုက်တွေ တနွဲ့နွဲ့ ရွေ့လျားယိမ်းလှုပ်နေကြသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com



"ခင်ဗျားက အမြင့်သိပ်ကြိုက်တဲ့သူဆိုတော့ ဒီနေရာကို သဘောကျမှာ ပေါ့၊ ဟုတ်ဘူးလား" ဟု သူက ပြုံးရွှင်စွာဖြင့် မေးသည်။

ကျွန်တော်က သူ့ကို အပူတပြင်း မေးမြန်းလိုသည့် မေးခွန်းပေါင်းများစွာ သည် ကျွန်တော်၏ လည်ချောင်းထဲတွင် တစ်ခုမျှလျှာပေါ်သို့ တက်မလာခဲ့ကြပါ။ မည်သည့်အချိန်က ပုန်းလျှိုးနေမှန်းမသိသော စကားတစ်ခွန်းကသာ မေးခွန်းတွေ ကိုထိုးဖောက်ဖြတ်ကျော်လျက် အသံမြည်လာပါသည်။

"ဒီနေရာကဆိုရင် မိုးကောင်းကင်ဟာ နီးနီးကလေးပဲလို့ ကျုပ်ထင် တယ်"

ဒေါက်တာ (----) သည် ဉာဏ်ထိုင်းသော တပည့်ကို ကရုဏာသက် သည့် ကျောင်းဆရာတစ်ယောက်ပြုံးသော အပြုံးမျိုးဖြင့် ပြုံးသည်။

"ခင်ဗျား ခေါင်းပေါ်က အမိုးခုံးခုံးကြီးကို ခင်ဗျားက မိုးကောင်းကင်လို့ ထင်နေလို့လား၊ မှားမယ် ကိုယ့်ဆရာ၊ သိပ်မှားသွားမယ်။ အဲဒါခင်ဗျားထင်နေတဲ့ မိုးကောင်းကင် လုံးဝမဟုတ်ဘူး"

ကျွန်တော်သည် ကုလားထိုင်ပေါ်ကနေ ကိုးရိုးကားရား လဲကျသွား မတတ် တုန်လှုပ်သွားမိပါသည်။ သူက မိုးကောင်းကင်မဟုတ်ဟုဆိုသော အာကာ သအမြင့် ထက်ဆီသို့ မော့ကြည့်နေသည်။

"မိုး. . မိုးကောင်းကင် မဟုတ်ရင် ဒါဘာလဲ၊ နေစကြာရဲ့ နံရံအသစ်တစ် ခုလားဗျ ဟင်. . . . "

ကျွန်တော့်အသံသည် ကျွန်တော်ကိုယ်တိုင် ကြောက်လန့်ချောက်ချား လောက်အောင် ခက်ထန်မြည်ဟိန်းသွားပါသည်။ သူက ဦးခေါင်းကို ကျန်းမာရေး လေ့ကျင့်ခန်းယူသလို ဘယ်ညာလှည့်ယမ်းပြလိုက်၏။ ထို့နောက် သူက မတ်တပ် ထရပ်ပြီး ကျွန်တော့်ကို ငုံ့ကြည့်သည်။ သူ့မျက်လုံးတွေက ဒီဂရီမျက်မှန်နောက် တွင် ဉာဏ်အလင်းရောင်ဖြင့် ပြိုးပြက်နေကြပါသည်။

"ခင်ဗျားက မိုးကောင်းကင်လို့ထင်မြင်နေတဲ့ အမိုးခုံးခုံးကြီးဟာ ဘွတ်

www.burmeseclassic.com



ဖိနပ်တစ်ဘက်ရဲ့ ရော်ဘာခွာမျက်နှာပြင်ချိုင့်ဖြစ်တယ် မိတ်ဆွေကြီးရဲ့။ အို. . . နေဦး ဘာမှဖြတ်မမေးနဲ့၊ ခင်ဗျား နားလည်အောင် ကျုပ်ရှင်းပြပေးနိုင်ပါတယ်။ ဟုတ်ပြီနော်၊ အဲဒီ တွင်းချိုင့်ကလေးရဲ့ ခွက်နေတဲ့ မျက်နှာပြင်ပေါ့ဗျာ။ အောက်ဘက်ကနေ ကြည့်လိုက်တော့ အဲဒီမျက်နှာပြင်ဟာ အထဲဘက်ကို ခုံးကုပ်ကျနေတယ်လို့ထင်ရတာပေါ့။ ဟုတ်ပြီနော်၊ ဘွတ်ဖိနပ်ခွာက ချိုင့်ခွက်ကလေးကို မြင်ရပြီဆိုရင် ဘွတ်ဖိနပ်တစ်ခုလုံးကို မြင်ယောင်ကြည့်လိုက်၊ ရပြီလား။ ဒါဆိုရင် အဲဒီဘွတ်ဖိနပ်စီးထားတဲ့ ခြေထောက်ကိုပါ မြင်ယောင်ကြည့်လိုက်ဦးဗျာ. . ”

သူက စကားဖြတ်ပြီးအပေါ်ဘက်ကို မော့ကြည့်လိုက်ပြန်သည်။ သူမြင်ယောင်ခိုင်းသော ပုံသွင်ကိုကျွန်တော်က အာရုံပြန်ရန် ကြိုးစားနေမိပါသည်။ သူက ကျွန်တော့်ကို မျက်နှာမူလာပြန်သည်။

“အဲဒီ ဘွတ်ဖိနပ်ဟာ သားရေဘွတ်ဖိနပ်မဟုတ်ဘူး၊ မိတ်ဆွေကြီးရဲ့၊ အင်္ဂတေပလာစတာနဲ့ ပုံသွန်းထားတဲ့ အရုပ်ဖိနပ်ကြီး၊ ဘီလူးရုပ်ကြီးဟာ ကြောက်စရာ၊ သံလျက်ကြီးယမ်းပြီး ရှေ့တည့်တည့်ကို အစွယ်ပြူးပြူးနဲ့ စိုက်ကြည့်နေတယ်။ ဒါဆို ကျုပ်တို့ ခင်ဗျားတို့ ဘယ်လိုနေရာမျိုးမှာ ရှိနေကြသလဲဆိုတာ ခန့်မှန်းလို့ရပြီပေါ့။ ရှင်းပါတယ်နော် မိတ်ဆွေကြီး”

ကျွန်တော်က သူ့မေးခွန်းကို မဖြေပါ။ လသာဆောင်အောက်မှ တအိအိ ရွေ့လျားနေသော မိုးတိမ်အစိုင်အခဲတွေကိုသာ ငုံ့ကြည့်နေမိသည်။ မိုးတိမ်တွေထဲသို့ ကျွန်တော် ခုန်ဆင်းလိုက်မည်ဆိုလျှင် ဖြစ်နိုင်ချေ ရှိရှိသမျှသော လောကအားလုံးထဲမှ အကောင်းမွန်ဆုံး လောကတစ်ခုထဲသို့ ကျွန်တော်ရောက်ရှိလို့များ မသွား နိုင်ပေဘူးလား. . . ။

ဝန်ခံချက်–

၁၉၉၇၊ မေ (၁၂) ရက်နေ့ထုတ် Time မဂ္ဂဇင်းမှ J.Madeleine Nash ရေးသားသည့် Addicted သတင်းဆောင်းပါးကို ဖတ်ရှုမိရာမှ စေ့ဆော်နှိုးဆွခြင်း ခံရသည့် ခံစားမှုဖြင့် ဖန်တီးရေးဖွဲ့ခြင်းဖြစ်ပါသည်။

✦ ✦ ✦

www.burmeseclassic.com



# သေအံ့ဆဲဆဲ
# လဲလျောင်းဆိုက်

www.burmeseclassic.com

# သေအံ့ဆဲဆဲလဲလျောင်းခိုက်

ကျုပ်. . မကြာခင် (စက္ကန့်ပိုင်း၊ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း) သေရတော့မယ်ဆိုတာ ကျုပ်အပ်ချမတ်ချသိနေသလိုပဲ။ မဟုတ်သေးဘူး. . ။ သေသေချာချာကိုသိနေရတာ၊ ကျွန်ုပ်အမှန်တစ်ကယ်ပဲ သေဆုံးရတော့မှာ။ ကျုပ်သေရတော့မှာကို ကျုပ်စိတ်ထဲက သိနေပုံက ကျုပ်ဟာ အကြိမ်ကြိမ်အခါခါ သေဆုံးဖူးတဲ့လူတစ်ယောက်နဲ့တူနေတယ်။ (တစ်ကယ်တော့ ကျုပ်သေခဲ့ဖူးတာမှမဟုတ်တာပဲ။) ဒါပေမယ့် သေမင်းဟာကျုပ်ကိုခေါ်ဖို့ ကျုပ်ဆီကို အမြန်လှမ်းလာနေတယ်ဆိုတာကိုလည်း ကျုပ်စိတ်ထဲမှာ ထင်ထင်ရှားရှား သိနေပြန်တယ်။ အဲဒီသိပုံကလည်း ကျုပ်ကသေမင်းကို ရုပ်ပုံတွေမှာ တွေ့ဖူးတာကလွဲလို့ သေမင်းအစစ်ကို အိပ်မက်ထဲမှာတောင်မမြင်ဖူးခဲ့ပါဘူး။ ကျုပ်စိတ်ထဲမှာ တောင်မမြင်ဖူးခဲ့ပါဘူး။ ကျုပ်စိတ်ထင် သေမင်းအစစ်ဟာ၊ ရုပ်ပုံထဲကလို အဝတ်အနက်ကြီးခေါင်းမြီးခြုံထားတဲ့ အရိုးစုကြီးနဲ့ ခပ်ဆင်ဆင်တူလိမ့်မယ်. . ကျုပ်ရဲ့နားအကြားမှာတော့ သေမင်းကြီးလှမ်းလာနေတဲ့ ခြေသံဟာ ပီပီသသမြည်နေတယ်။ သေမင်းကြီးရဲ့ခြေသံက ခွာထူတဲ့ ဘွတ်ဖိနပ်ကြီးနဲ့ ကျောက်စရစ်ခဲခင်းလမ်းပေါ်မှာ ဖိကျိတ်ပြီးလျှောက် နေတဲ့ အသံမျိုးပဲ။ အဲဒီအသံဟာ ကျုပ်နဲ့တဖြည်းဖြည်းနီးကပ်လာနေတယ်လို့ ကျုပ်ခံစားနေရတယ်။ ကျုပ်သေရမှာကြောက်ရွံ့နေသလား၊ ကြောက်စိတ်ကင်းမဲ့ပြီး

www.burmeseclassic.com



မတုန်မလှုပ် ဖြစ်နေသလားဆိုတာ ခုချိန်မှာ ကျုပ်တပ်အပ်မပြောနိုင်ပါဘူး။ ကျုပ်က လတ်တလော အခိုက်အတန့်ကလေးမှာ ကျုပ်အတွေးထဲကိုဝင်လာတဲ့ "ဘယ်သူမဆို အသက်ထွက် ခါနီးကျရင် ဇောသုံးတန်ပြန်တတ်စမြဲပဲ" ဆိုတဲ့ ကြားဖူးနားဝစကားကို စဉ်းစားကြည့်နေတယ်။ "ဇောသုံးတန်ပြန်တယ်" ဆိုတာ. . ဘာအဓိပ္ပါယ်မှန်းတော့ ကျုပ် ရေရေရာရာမသိပါဘူး။ အသက်နဲ့ခန္ဓာကွဲ ကွာနီးဆဲဆဲ စက္ကန့်ပိုင်းကလေးမှာ . . သေတော့မယ့်လူရဲ့ စိတ်ဝိဉာဉ်က အချိန် ကာလကိုဆွဲဆန့်ပြီး အတိတ်ကာလထဲကနေရာတွေ၊ လူတွေ၊ အဖြစ်အပျက် တွေဆီကို ခရီးထွက်ခဲ့တာမျိုးလား. . ။ နောင် ဘဝအနာဂတ်မှာ ဘာများတွေ့ကြုံ ရမလဲလို့ စိတ်ဝိဉာဉ်က ကယောင်ချောက်ချား ပျံသန်းလူးလာကြည့်တာမျိုးလား၊ ဒါမှမဟုတ်၊ စိတ်ဝိဉာဉ်ဟာ ရုပ်ခန္ဓာအဟောင်းနဲ့ မခွဲမခွာလိုတဲ့အတွက် သေလု ဆဲဆဲ ရုပ်ခန္ဓာကြီးနားမှာ တရစ်ဝဲဝဲဗျာများနေတာ မျိုးလားဆိုတာကို ကျုပ် မှန်မှန်ကန်ကန်မဝေခွဲတတ်ဘူး။ စာတတ်ပုဂ္ဂိုလ်ထေရ်ကြီး ဝါကြီးများသာ. . . ကျမ်းဂန်တတ်လူပညာရှိများသာ အဲဒီ "ဇောသုံးတန်" ကိစ္စကို ဂဃနဏရှင်းပြနိုင် မယ်လို့ထင်တယ်။ ကျုပ်ဉာဏ်မှီသလောက်ဆိုရရင်တော့ ဇောသုံးတန်ပြန်တယ် ဆိုတာ မသေချင်တဲ့ဆန္ဒ၊ မိဘသားမယားဆွေမျိုးဉာတိအသိုင်းအဝိုင်း စည်းစိမ် ဉစ္စာတွေနဲ့ ဝေးရာကိုမသွားချင်တဲ့ဆန္ဒတွေ အပြင်းအထန် အတက်ကြွဆုံးပေါ် ပေါက်လာချိန်လို့ ကျုပ်ယူဆယ်။ ဟုတ်ချင်လည်းဟုတ်၊ မဟုတ်ချင်လည်းနေ၊ လောလောဆယ် ကျုပ်ဇောသုံးတန် ပြန်ကာနီးပြီလို့ထင်တယ်။ တစ်သက်လုံး တစ် ခါမျှမကြုံ ဘူးအောင် ကျုပ်စိတ်တွေ မငြိမ်မသက် ပျာယာခတ်နေတယ်။ သေရမှာ ကြောက် နေသလား၊ မကြောက်ဘူးလားဆိုတာကိုတောင် မသိတော့တဲ့အထိ ကျုပ် စိတ်တွေ ဆူလည်အူလည် လိုက်ကုန်ပြီ။

ကျုပ်. . မသေချင်ပါဘူး။ (၃၆) နှစ်ဆိုတဲ့ ကျုပ်အသက်အရွယ်ဟာ သေချင်တဲ့အရွယ်၊ သေသင့်တဲ့အရွယ်မှ မဟုတ်တာပဲ။ ကျုပ်မှာခင်တွယ်စရာ ကျုပ်ကို သိပ်ချစ်တဲ့ဇနီးသည်ရှိတယ်။ ကျုပ်ပြောမပြတတ်အောင် ချစ်ခင်မြတ် နိုးရတဲ့ လူမမည် ရင်သွေးသမီးကလေးနှစ်ယောက်ရှိတယ်။ (တစ်ယောက်က အရိုးပျော့ရောဂါသည် ကလေးပါ) နောက်ပြီး. . . ကျုပ်ခင်မင်လေးစားရတဲ့ ဆွေမျိုးသားချင်းတွေ၊ စစ်မှန်တဲ့မိတ်ဆွေကောင်းတွေ ရှိသေးတယ်။ သူတို့နဲ့

www.burmeseclassic.com



ကျုပ်ဘ၀ချင်းမခြားချင်ဘူး။ ဆိုလိုတာက ကျုပ်ဟာသေပြီး တစ္ဆေဘ၀နဲ့သူတို့ အနီးအပါးမှာ နေခွင့်ရမယ်ဆိုရင်တောင်မှ သူတို့နဲ့ခြားနားကွဲပြားတဲ့ အဲဒီ နာနာဘာ၀ အသုရကယ်ဘ၀မှာ မနေချင်ဘူး။ သက်ရှိလူသားစစ်စစ်အဖြစ် သူတို့တစ်တွေအနားမှာ နောင်နှစ်ပေါင်းများစွာ နေလိုက်ချင်သေးတယ်။ ပြီးတော့ ကျုပ်ရဲ့ကာယအား၊ ဉာဏအားနဲ့ တည်ထောင်ထားရတဲ့၊ စုဆောင်းထားရတဲ့ ခြံကလေးတစ်ကွက်၊ သွပ်မိုးပျဉ်ထောင်အိမ်ကလေး တစ်လုံး၊ အလတ်တန်းစား အိမ်ထောင်ပရိဘောဂတစ်ချို့၊ အတွင်းပစ္စည်း ရွှေထည် လက်၀တ်လက်စား တချို့ရှိတယ်။ ဒီဥစ္စာနေကလေးတွေကို စွန့်ပစ်ပြီး သေရွာသွားရမှာ ကျုပ်၀န် လေးလှပါတယ်။

ကျုပ်သေချင်ပေမယ့်. . . . မကြာခင်သေရတော့မယ်ဆိုတာကိုတော့ သိနေပြီ အဲဒီအသိကို ချေဖျက်ဖြေဖျောက်လို့ မရနိုင်ဘူး။ သေမင်းကို ဘယ်သူငြင်း ဆန်လို့ရမှာလဲ။ သေမင်းရဲ့တောင်းဆိုမှုကို ဘယ်လူသားမှငြင်းဆန်၊ အာခံခြင်းမပြု နိုင်ကြပေမယ့် သေမင်းကို ကျုပ်စိန်ခေါ်ဝံ့တာတစ်ခုရှိတယ်။ သေမင်းဟာ ကျုပ်ကို "တစ်ခါ" ပဲခေါ်နိုင်မယ်။ "နှစ်ခါ" မသတ်နိုင်ဘူး။ "နှစ်ခါ" သေတယ်ဆိုတာ မရှိဘူး။ ဒါ့ကြောင့် "ငါ့ကိုနောက်တစ်ခါသတ်လို့ရမတဲ့လား၊ စမ်းကြည့်လေ" လို့ ကျုပ်က သေမင်းကို စိန်ခေါ်ချင်တယ်။ စိန်ခေါ်ရဲတယ်။

ကျုပ်၀မ်းနည်းကြေကွဲနေတာကတော့ ကျုပ်ကိုသတ်ဖို့ သေမင်းရွေးချယ် လိုက်တဲ့ပုံစံကို ကျုပ်နှစ်မြို့မိတာဘဲ။ အဲဒီပုံစံကိုကျုပ် ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိ တော့ ကျုပ်မချိတင်ကဲ ၀မ်းနည်းကြေကွဲနေမိတော့တာပဲ။ ကျုပ်ဟာ လူမသိ သူမသိနဲ့၊ တိရစ္ဆာန်တစ်ကောင်လို သေရတော့မယ်လေ. . .။ ရုပ်အလောင်းကို အပေါ်စား အညံ့စားသစ်သားခေါင်းတလားထဲကို . . . ထည့်ခွင့်ရမှာ မဟုတ်ဘူး။ ခလေ့ထုံးတမ်းအရ ဘုန်းတော်ကြီးနဲ့ သရဏဂုံတင်ခွင့်လည်းရမှာ မဟုတ်တော့ ဘူး။ ၀မ်းနည်းစရာအကောင်းဆုံးက ကျုပ်သေအံ့ဆဲဆဲမှာ ကျုပ်ဘေးနားမှာ ကျုပ်ရဲ့ချစ်သူခင်သူ တစ်စုံတစ်ယောက်မျှ ရှိမနေတာဘဲ။ သူစိမ်းတရံလည်း တစ်ယောက်တစ်လေမျှ မရှိကြဘူး။ ကျုပ်သေတော့မယ့်အချိန်မှာ ကျုပ်ရဲ့နံ ဘေးမှာ (ကျုပ်နဲ့တစ်မိုင်ပတ် လည်အတွင်းမှာ) လူတစ်ဦးတစ်ယောက်မျှ ရှိမနေ စေရအောင်၊ သေမင်းကသူ့ရဲ့ စိတ်ကြိုက်ပုံစံရွေးချယ်ခွင့်ရသွားတာဟာ သေတာ

www.burmeseclassic.com



ထက်တောင် ဆိုးရွားတဲ့ ဖြစ်ရပ် ပါပဲ မဟုတ်ဘူးလား။

ကျုပ်ဟာ . . . . ( . . . )တိုင်း၊ ( . . . . )မြို့နယ်ထဲမှာ ဖြတ်သွားတဲ့ မီးရထားလမ်းရဲ့ဘေး၊ အနိမ့်ပိုင်း မြက်ခြောက်တောထဲမှာ ည(၁၁)နာရီသာသာလောက် အချိန်၊ ဒဏ်ရာအနာတရနဲ့ တစ်ယောက်တည်းလဲကျနေခဲ့ပါတယ်။ ဒီလမ်းကို မကြာခဏဖြတ်သွားဖူးတဲ့အတွက် ကျုပ်ရောက်ရှိနေတဲ့နေရာဟာ အနီးဆုံး လူနေရွာနဲ့ တစ်မိုင်ကျော်ကျော်ဝေးမယ်ဆိုတာ ကျုပ်သိနေတယ်။ ကျုပ်လဲကျနေတဲ့ မြက်ခြောက် တောနဲ့ကပ်လျက်မှာ ကျယ်ပြန့်တဲ့ယာခင်းတွေရှိနေကြတယ်။ အဲဒီယာခင်းတွေထဲမှာယာ စောင့်တဲအချို့ ကျီးတိုးကဲ့တဲရှိနေကြတယ် ဆိုတာကိုလည်း ကျုပ်သိနေတယ်။ ဒီအရပ်မှာ ခုလိုဆောင်းဦးပေါက်ရာသီဆိုရင် တုတ်ခိုင်ကြီးမားတဲ့ မြွေပွေးကြီးတွေ အလွန်ပေါတယ်ဆိုတာကိုလည်း ကျုပ်သိနေပါတယ်။ ကျုပ်နဲ့ အနီးဆုံးမီးရထား ဘူတာရုံရှိတဲ့ မြို့ကလေးမှာ တိုက်နယ်ဆေးရုံရှိတယ် ဆိုတာလည်း ကျုပ်သိနေပါသေးတယ်။

ကျုပ်ရဲ့ အခြေအနေဟာ အပူတပြင်းအကူအညီလိုအပ်နေတဲ့ အရေးပေါ် အခြေအနေမျိုးပါ။ ဆေးရုံ (ဒါမှမဟုတ်) ဆရာဝန်တစ်ယောက်ယောက် ဆီကို အမြန်ဆုံး ပို့ပေးသင့်တဲ့ သေရေးရှင်ရေး အခြေအနေမျိုးလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျုပ်ရဲ့အခြေအနေကို ဘယ်သူကမှ မသိမမြင်ခဲ့ကြဘူး။ ကျုပ်ကလည်း နေရာက မရွေ့နိုင်လောက်အောင် အော်ဟစ်အကူအညီတောင်းခံဖို့ ခွန်အားကုန်ခမ်းနေလောက်အောင် သေအံ့မူးမူးခံစားနေရတယ်။ ကျုပ်ရဲ့မျက်လုံးအမြင်ဟာ လမိုက်ညထဲမှာ အကန်းတစ်ယောက်ထက်တောင်ပိုပြီး မှောင်မိုက်ဗလာကျင်းနေတယ်။ ကျုပ်ရဲ့ ခြေတွေကော လက်တွေပါ လုံးဝလှုပ်ရှားလို့မရတဲ့အထိ၊ ရရှိထားတဲ့ဒဏ်ချက်တွေက ပြင်းထန်လှပါတယ်။ ကျုပ်တစ်ကိုယ်လုံးမှာ လှုပ်နေတဲ့ အင်္ဂါအစိတ်အပိုင်းဆိုလို့ နှလုံးတွေ၊ အဆုပ်တွေလောက်ပဲရှိမယ်ထင်ပါရဲ့။ ကျုပ်နှလုံးခုန်နေတုန်း၊ အသက်ရှုနေတုန်းဆိုတာတော့ ကျုပ်သိတယ်။ ဘာကြောင့်လဲ ဆိုရင် . . ကျုပ်တစ်သက်မှာ ကျုပ်ရဲ့နှလုံးခုန်သံကို အကျယ်ဆုံးကြားနေရပြီး၊ ကျုပ်ဟာ ပါးစပ်နဲ့ကော၊ နှာခေါင်းနဲ့ပါ တရှိုးရှိုးမြည်တဲ့အထိ လေကို အငန်းမရ ရှူနေခဲ့လို့ပါပဲ။ ကျုပ်ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ အကြောအခြင်တွေ ကြွက်သားတွေဟာလည်း ပြင်းပြင်းထန်ထန် ထိခိုက်ထားတဲ့ ဒဏ်ရာတွေကြောင့် တွန့်ရှုံ့၊ တွန့်ရှုံ့နဲ့

www.burmeseclassic.com



လှုပ်ရှားနေကြလိမ့်ဦးမယ်လို့ကျုပ်မျှော်လင့်မိပေမယ့် အဲဒါက သိပ်တော့ မသေချာလှပါဘူး။ သေချာတာတစ်ခုက ကျုပ်ရရှိထားတဲ့ ဒဏ်ရာတချို့ကနေ သွေးတစိမ့်စိမ့်ယိုထွက်နေပြီး၊ အဲဒီသွေးတွေဟာ ပူနွေးရာ ကနေတစ်ခဏအတွင်း၊ အေးစက်တဲ့ကော်စေးတွေလိုဖြစ်သွားကြတယ်ဆိုတဲ့ အချက်ပါပဲ။ ကျုပ်ဟာ လှုပ်ရှားရှင်သန်တဲ့အရာတစ်ခုခုကို တွေ့မြင်ချင်ဇောနဲ့ မျက်လုံးတွေကို ဖွင့်ထားပေမယ့် ကျုပ်မြင်ရတာဟာ ပိန်းပိတ်တဲ့အမှောင်ထု မျက်နှာပြင်ကြီးတစ်ခုသာဖြစ်နေတယ်။

ကျုပ်ဟာ ညရဲ့အမှောင်ထဲမှာ လူမသိသူမသိ အကူအညီကင်းမဲ့စွာ သေရတော့မှာက ရာနှုန်းပြည့်သေချာနေပါပြီ။ ပိုင်ရှင်မဲ့ခွေးတစ်ကောင် ကားတိုက်ခံရပြီး လမ်းဘေးတစ်နေရာ လူမြင်ကွင်းမှာ အသက်ငင်နေရတဲ့ အဖြစ်မျိုးနဲ့ ကျုပ်ရဲ့အဖြစ်ဟာ မနှိုင်းယှဉ်အပ်ပေမယ့် ကျုပ်က အဲဒီခွေးထက်တောင် အထီးကျန်ဆန်နေပြီလို့ ယူဆချင်ပါတယ်။ သေခါနီးမှ ကိုယ့်ဘဝကိုယ် မုန်းတီးနာကျည်းသွားကြတဲ့ လူတွေရှိမယ်ဆိုခဲ့ရင်. . . အဲဒီလူမျိုး စားတွေရဲ့ စာရင်းမှာ ကျုပ်ဟာ နောက်တိုးတစ်ကောင်ဖြစ်သွားပြီ။ စာရင်းရဲ့ ထိပ်ဆုံးနေရာကို တန်းရောက်သွားလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ကျုပ်အဖြစ်က ဘယ်သူမှ မသိစေရအောင် မီးရထားလမ်းဘေးမြက်ခြောက်တောထဲမှာ ညအချိန်မတော်ကြီး ခိုးကြောင်ခိုးဝှက်လာသေတာနဲ့တောင်တူ တူနေသေးတော့။ အမှန်ကတော့. . လူဖြစ်ရှုံးတဲ့ သေနည်းမျိုးနဲ့ လူသူဝေးရာမှာ တစ်ယောက်တည်း လျှို့လျှို့ဝှက်ဝှက် အသက်ထွက်သွားတာမျိုးပဲဖြစ်မှာပါ။ ဟုတ်ပါတယ်. . . ကျုပ်ဟာ လူကြီးသူမတွေ ပြောလေ့ရှိသလို "ကျီးစားစား၊ ခွေးစားစား" ဘဝမျိုးနဲ့သေရတော့မှာပါ။ ကျုပ်အလောင်းကို တစ်စုံတစ်ယောက် (ဒါမှမဟုတ်) လူတစ်စုက အချိန်မီ (မပုပ်မပွခင်) တွေ့တယ် ဆိုဦးတော့၊ ကျီးကန်းတွေ၊ လင်းတတွေ မလာခင်ပုရွက်ဆိတ်တွေက အရင်ဆုံးစားနှင့်ကြမှာပဲ။

လူသူဝေးရာတောထဲတောင်ထဲမှာ တစ်ကိုယ်တော် ဧကစာရီ တရားကျင့်နေတဲ့ ယောဂီတစ်ယောက် လူမသိသူမသိ ရုတ်တရက်သေဆုံးသွားခဲ့တာမျိုး၊ သူ့အလောင်းကို ပိုးပုရွက်တွေကအစ၊ သားစားငှက်တွေအလယ်၊ တောကောင်ကြီးတွေအဆုံး အရိုးစုချည့်ကျန်ရစ်တဲ့အထိ စားသောက်ပစ်ခဲ့တာမျိုး၊ ဒီကမ္ဘာမှာ မရေမတွက်နိုင်အောင် ရှိခဲ့မှာပါ။ သူတော်ကောင်းတရားပွားများတဲ့ အဲဒီယောဂီရဲ့

www.burmeseclassic.com



အလောင်းကို စားသောက်တဲ့ကျေးငှက်တိရစ္ဆာန်တွေမှာ အသိဉာဏ်ရှိရင် သူတို့ကိုယ်သူတို့ ဂုဏ်ယူကြမှာပါ။ ကျုပ်လို. . . . သူများလက်ချက်နဲ့ ဥပစ္ဆေဒက ကံထိုက်ပြီး မီးရထားလမ်းဘေး၊ လူမနေတဲ့နေရာမှာ သေရတဲ့ အလောင်းကို စားသောက်ကြမယ့် တိရစ္ဆာန်တွေအတွက်တော့ ဂုဏ်ယူစရာရှိမယ် မထင်မိပါဘူး။

ကျုပ်. . သေခါနီးဆဲဆဲမှာ မမေ့မဖျောက်နိုင်ဘဲ မြင်ယောင်နေခဲ့တာကတော့ ကျုပ်နဲ့ဘဝတူ လုပ်ဖော်ကိုင်ဖက်တွေဖြစ်ကြတဲ့ "အောင်ပါ"၊ "မောင်မြင့်"၊ "ထွန်းလင်း" တို့ရဲ့မျက်နှာသုံးခုပါပဲ။ သူတို့နဲ့နှစ်တော်တော်ကြာအောင် လက်တွဲပေါင်းသင်းခဲ့တော့ သူတို့ရဲ့ မျက်နှာတွေကို ကျုပ်စိတ်ထဲမှာ (ခုလို. . . သေအံ့ဆဲဆဲလဲလျောင်းရင်း အမောဆိုက်နေချိန်ထိ) ပီပီသသကြီး အလွတ်ရနေခဲ့ပါ တယ်။ "အောင်ပါ" က အသားညိုပြီး မြန်မာကုလားကပြားရုပ် ထွက်နေတယ်။ မောင်မြင့်မျက်နှာက ဝဝပြပြနဲ့ပေါချာချာ မြန်မာတရုတ်ကပြားပုံ ပေါက်နေတယ်။ ထွန်းလင်းကတော့ အသားလတ်လတ်၊ ရုပ်ရှင် မင်းသား စိုးသူလို မျက်နှာတစ်ခုလုံး နှာခေါင်းနဲ့တင် ပြည့်နေတယ်လို့ထင်စရာပဲ။ သူတို့သုံးယောက်စလုံးရဲ့ ဓာတ်ပုံတွေကရဲတပ်ဖွဲ့ရဲ့ မှတ်တမ်းဖိုင်တွဲတွေထဲမှာရှိနေကြတယ်။ ကျုပ်ရဲ့ ဓာတ်ပုံကို လည်း ရဲတပ်ဖွဲ့ရဲ့ မှတ်တမ်းဖိုင်တွဲတစ်ခုထဲမှာ ရှာကြည့်ရင် 'ခွေးကြီး(ခေါ်) ခင်မောင်မြင့်' နာမည်နဲ့ တွေ့ကြရပါလိမ့်မယ်။

"ဆရာဝန်" ရဲ့ အိမ်ကိုအနုကြမ်းစီးဖို့ ကျုပ်ကိုလာရောက် ဆက်သွယ်တိုင်ပင်သူကတော့ "မောင်မြင့်" ပါ။ "မောင်မြင့်" က အဲဒီဆရာဝန်နေတဲ့ "ဒဟတ်တန်း" ရွာနဲ့သိပ် မဝေးလှတဲ့ "မင်းကြီးကုန်း" ရွာသားဆိုတော့ ဆရာဝန်ဘယ်လောက်ချမ်းသာသလဲ၊ ချမ်းသာသမျှထဲက ဥစ္စာပစ္စည်းကို ဘယ်လိုနည်းနဲ့ဖွဲ့ယူရမလဲဆိုတာကို ခန့်မှန်းတွက်ချက်နိုင်ခဲ့ပါတယ်။ "ဒီတစ်ချီကတော့ အပိုင်ပဲ ခွေးကြီးရာ၊ "အပိုင်ပဲ"လို့ သူက မစားရဝခမန်းပြောခဲ့ပါသေးတယ်။ ကျုပ်ဟာ ဒီအလုပ်မျိုးဆိုရင် သိပ်ငြင်းလေ့မရှိဘူး။

အမှန်ကတော့. . . . "မောင်မြင့်" ကခေါ်တဲ့ အချိန်မှာ အလုပ်ပြတ်နေတာ ၂ နှစ်လောက်ရှိပြီဆိုတော့နောက်ဆုံး "အလုပ်" ကရခဲ့တဲ့ ဝေစုကလေးကို အိန္ဒြေမပျက် ပိပိရိရိထုခွဲရင်းက မိသားစု အသုံးစရိတ်မလောက်မငှဖြစ် နေချိန်ပေါ့။

www.burmeseclassic.com



ကျုပ်က အရပ်ထဲမှာပွဲစားယောင်ယောင်၊ ဖဲသမားယောင်ယောင်နဲ့ မိန်းမရဲ့ စက်ချုပ်ခကလေးကို မှီခိုစားသောက်နေတာကိုလည်း တော်တော်ငြီးငွေ့နေပြီ။ ဒီတော့ မောင်မြင့်ခေါ်ရာလိုက်ခဲ့ပြီး ကျုပ်တို့လက်တွဲနေကြ "အောင်ပါ" နဲ့ ကိုထွန်းလင်းတို့ဆီ ရောက်သွားခဲ့တယ်။ ဟိုနှစ်ကောင်ကလည်း ပြိုင်ပွဲဝင်မယ့် မြင်းတွေလို "ဆရာဝန်" ရဲ့ပစ္စည်းတွေ ဖွဲ့ယူဖို့လက်နက်အပြည့်အစုံနဲ့ ခြေတကြွကြွ ဖြစ်နေကြပြီ။

ကျုပ်တို့လေးယောက်တွဲပြီး "အလုပ်" တွေ လုပ်ခဲ့ဖူးပေါင်းများပါပြီ။ ဆုံးရှုံးမှုထက် အောင်မြင်မှုက များခဲ့ပါတယ်။ အခုတစ်ကြိမ် ဆရာဝန်ရဲ့အိမ်ကို အနုကြမ်းစီး ကြတော့လည်း ချောချောမောမောအောင်မြင်ခဲ့တယ်။ ဆရာဝန်က တောဆရာဝန်ဆိုပေမယ့် ဆေးကုသရာမှာ "ဆေးလိုက်" ပြီး၊ ဆက်ဆံရေးက လည်းပြေပြစ်တော့ ကျေးရွာ အုပ်စုကြီးသုံးစုလောက်က ကိုးကွယ်အား ထားကြတဲ့ အခါ၊ သူ့ဝင်ငွေဟာ မြို့ကြီးပြကြီး က အထူးကုဆရာဝန်ကြီးတွေရဲ့ ဝင်ငွေထက် တောင်များပုံရတယ်လို့တစ်နယ်လုံးက ခန့်မှန်းကြပါတယ်။ ပြီးတော့ သူက တစ်လ တစ်ကြိမ်လောက်ပဲ ဘဏ်မှာငွေအသွင်း အထုတ်လုပ်တတ်တော့ သူ့လက်ထဲမှာ ရသမျှဝင်ငွေနဲ့ ခြေစောင့်လက်စောင့်ထားတဲ့ ငွေက အမြဲလိုလိုရှိနေတာပေါ့။ ဆရာဝန်ကတော်ကလည်း ဥရောပဆန်သူဆိုတော့ လက်ဝတ်လက်စား ဝတ်လိုက် ရင် စိန်ထည်တွေချည်း အဝတ်များတယ်လို့ ပြောကြတယ်။ အဲဒီဆရာဝန်ကတော် ဟာ မန္တလေးမှာ သူ့ယောကျ်ားဆရာဝန်ပေါက်စ ဘဝတုန်းက ကျောက်မျက် ရတနာပွဲစားလည်း လုပ်ဖူးတယ်လို့ သိခွင့်ရထားသေးတယ်။ နောက် တစ်ချက်က . . . . ဆရာဝန်နေတဲ့ နယ်ဟာ ရာဇဝတ်အမှုအခင်း အတော်နည်းတယ်။ ဓားပြမှု ဆိုရင်ဆယ့်နှစ်ခါနေလို့တစ်ခါမဖြစ်ဘူးလို့ပြောလေ့ရှိကြတယ်။ ဒါ့ကြောင့် ပညာ တတ်ဆရာဝန်ဟာ "ပညာရှိသတိဖြစ်ခဲ" ဆိုတဲ့ စကားပုံအတိုင်း သူ့ရဲ့ဥစ္စာနေ အတွက် သတိဝီရိယနဲ့ တင်းတင်းကြပ်ကြပ်၊ စေ့စေ့စပ်စပ် အကာအကွယ် လုပ်မ ထားခဲ့ဘူး။ မြွေကိုက်လူနာနှစ်ဒါဇင်လောက်ရဲ့ အသက်ကို ကယ်တင်ထားတဲ့၊ ရပ်ရွာရဲ့ သာရေးနာရေး သာသနာရေးတွေမှာ ရက်ရက်ရောရော လှူဒါန်းပေးကမ်း ထားတဲ့ သူ့လိုလူ သူတော်ကောင်းကို ဘယ်တော့မှ ဒုက္ခမပေးနိုင်ဘူးလို့များ လေ့နံ ဓားထစ်ယုံမှတ်ထားသလား မပြောတတ်ပါဘူး။ ကုန်ကုန်ပြောရရင် သူ့အိမ်မှာ

www.burmeseclassic.com



ညရေးညတာ ဟောင်ဖော်ရအောင် ခြံစောင့်ခွေးက လေးတစ်ကောင်တောင်မွေး ထားဖော်မရဘူး။ ကျုပ်တို့အတွက်တော့ ဒီဆရာဝန်ကဟာ “လူ့ငတုံး” တစ် ယောက်ပဲ၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်း၊ စိတ်ချလွန်းတဲ့ အလကားလူပဲ။

ဟုတ်တယ်။ ကျုပ်တို့အလုပ်လုပ်ရတာ မျှော်မှန်းထားတာထက် အများ ကြီးပို လို့လွယ်ကူချောမွေ့ခဲ့တယ်။ ဆဲဟယ်ဆိုဟယ်၊ ခြိမ်းဟယ်ခြောက်ဟယ်လည်း မရှိ၊ သွေးထွက်သံယိုလည်းမဖြစ်စေရဘဲ ငွေသားငါးသိန်းကျော်နဲ့ တန်ဖိုးမခန့်မှန်း နိုင်တဲ့ စိန်ရွှေကျောက်မျက်လက်ဝတ်ရတနာတွေ ရခဲ့ကြတယ်။ ဆရာဝန်က ရဲစခန်းကို အမြန်ဆုံးသွားပြီး တိုင်ချက်ဖွင့်နေချိန်လောက်မှာ ကျုပ်တို့အနီးဆုံး ရဲစခန်းနဲ့(၄)မိုင်လောက်ဝေးတဲ့ မီးရထားဘူတာရုံမှာ ရောက်နေခဲ့ကြပြီ။ အနုကြမ်း စီးတုန်းက ဝတ်စုံတွေလည်း ကျုပ်တို့ကိုယ်ပေါ်မှာ မရှိကြတော့ဘူး။ ကျုပ်တို့ မျက်နှာတွေပေါ်က မိတ်ကပ်တွေ၊ နှုတ်ခမ်းမွှေးအတုတွေ၊ ဆံပင်အတုတွေလည်း မရှိကြတော့ဘူး။ မီးရထားဘူတာရုံကြီးမှာ ကျုပ်တို့ဟာ တစ်ယောက်တစ်နေရာစီ လူခွဲနေကြပြီး ဘေးလူတွေက အကဲခတ်ရင်တော့ (ဒီနယ်သမားတွေက အကဲခတ် ရင်တော့) အဟုတ်နွားပွဲစား၊ စပါးပွဲစားတွေလို ထင်မြင်စေနိုင်တဲ့ပုံစံ သွင်ပြင်မျိုး တွေနဲ့ပေါ့။

အဲဒီအချိန်တုန်းကတော့ ကျုပ်ဟာအခုလို သေစေနိုင်တဲ့ဒဏ်ရာတွေ ဗရပွနဲ့ မီးရထားလမ်းဘေး ညအမှောင်ထဲမှာ အကူအကယ်မဲ့စွာ သေအံ့ဆဲဆဲလဲ လျောင်း နေခဲ့ရလိမ့်မယ်လို့ ဘာကြောင့်တင်ကူးတွေးမြင်ခဲ့ရမှာတဲ့လဲ။ အဲဒီအချိန် တုန်းကဆို ကျုပ်အတွေးထဲက အနာဂတ်ကာလဟာ ရွှေရောင်စိန်ရောင်လွှမ်းနေခဲ့ ပါသကော။ ကျုပ်ဇနီးနဲ့သမီးကလေး နှစ်ယောက်တို့ကလည်း ရွှေတုံး၊ ရွှေခဲသုံးခုလို ဝါဝင်းလက်ထိန်လို့ပေါ့။

ကျုပ်တို့စီးနင်းလိုက်ပါရတဲ့ မီးရထားအကြောင်းကို ကျုပ်ပြန်သတိရမိ တယ်။ တောနယ်ပိုင်းမှာ ရံဖန်ရံခါမှသာ ပြေးဆွဲတဲ့ “ကြားရထား”ဆိုတော့ လူစီးတွဲနည်းတယ်။ ကုန်မပါတဲ့ ကုန်တွဲလွတ်တွေကို လူစီးတဲ့အထဲ ပေါင်းဖြည့် ထားတော့ အဲဒီ မီးရထားဟာ ကလေးကစားစရာ မီးရထားကလေးလို ရယ်စရာပုံစံ ဖြစ်နေတယ်။ ဒါပေမယ့်. . . ညပိုင်း ပြေးဆွဲတာဆိုတော့ ခရီးသည်ပါးလှပါတယ်။

www.burmeseclassic.com



။ လူစီးတွဲတွေမှာတောင် ခုံနေရာ လွတ်တွေရှိနေတယ်။ ကျုပ်တို့ လေးယောက်က ခရီးသည်လုံးဝမရှိတဲ့ ကုန်တွဲလွတ် တစ်တွဲပေါ်မှာ နေရာယူလိုက်ကြတယ်။ ဒီလို နေရာယူနိုင်ခွင့်ရမယ်ဆိုတာကိုလည်း ကျုပ်တို့က အချိန်ယူလေ့လာထားပြီးသား ဖြစ်ပါတယ်။ မီးရထားမှာ လက်နက်ကိုင် မီးရထားလုံခြုံရေး ရဲအဖွဲ့ဝင်ငါးယောက် ထက်ပိုမပါလာဘူးဆိုတာကိုလည်း ကျုပ်တို့က ကြိုတင်လေ့လာသိရှိပြီး ဖြစ်နေခဲ့တယ်။ ဆက်လက်ပြီး ဘေးရန်ကင်းကွာနေဦးမယ်၊ ဥပဒေလက်တံကနေ လွတ်လွတ်ကင်းကင်း ရှိနေဦးမယ်ရယ်လို့ ကျုပ်တို့ လေးယောက်စလုံး မညှိနှိုင်း ရဘဲ တူညီစွာလက်ခံထားနေကြရတယ်လို့ ကျုပ် ထင်ခဲ့ပါတယ်။ ဒီထင်မြင်မှုဟာ ကျုပ်ရဲ့ဘဝမှာအကြီးမားဆုံးနဲ့ နောက်ပိတ်ဆုံးအမှားဆိုတာ ခုလိုသေလုဆဲဆဲ ကာလကျမှပဲ ကျုပ်သိခဲ့ရတော့တယ်။ နောက်ပြီး . . . ဒီအမှားဟာကျုပ်လို လူတစ်ယောက် ဘယ်တော့မှ မမှားသင့်တဲ့အမှားမျိုးဆိုတာ ခုမှပဲရင်တနင့်နင့်နဲ့ နားလည်လာရတယ်။

"ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံနဲ့" ဆိုတဲ့ ရှေးစကားကို ကျုပ်နား လည်သဘောပေါက်ခဲ့တာ ကြာခဲ့ပါပြီ။ ဒါပေမယ့် နားလည်သဘောပေါက်တဲ့ အတိုင်း သတိနဲ့ယှဉ်ပြီး လက်တွေ့ကျင့်သုံးဖို့ကျတော့ ကျုပ်မေ့လျော့ခဲ့တယ်။ ဟိုဆရာဝန်ရဲ့ သတိမေ့လျော့မှုထက် ကျုပ်ရဲ့မေ့လျော့မှုက အပြန်တစ်ရာမက အောင်ပိုပြီးဆိုးဝါးတာပေါ့။

ကျုပ်တို့လေးယောက်ဟာ လက်မောင်းသွေးဖောက်သောက်ကြပြီး သစ္စာနှံ့ထားကြတဲ့ သေဖော်ရှင်ဖက်တွေ မဟုတ်ကြသလို၊ တစ်ယောက်အသက် ရှင်ဖို့ ကျန်တစ်ယောက်က သေပွဲဝင်ရဲတဲ့အထိချစ်မေတ္တာ သံယောဇဉ် ကြီးမားတဲ့ တစ်အူတုံ့ဆင်း ညီရင်းအစ်ကိုတွေလည်းမဟုတ်ကြဘူး။ ကျုပ်တို့ဟာ ဥပဒေ ဘောင်ပြင်မှာ စီးပွားရှာဖို့ အကြံအစည်ချင်း တူကြတဲ့၊ ဘနဖူးသိုက်တူးချင်တဲ့ စရိုက်ချင်းတူကြတဲ့၊ "သူများငိုဖို့ ကိုယ်ရယ်မယ်" ဆိုတဲ့ အယူအဆချင်းတူကြတဲ့၊ အစားအသောက်ကို ကြေညက်အောင်ဝါးမစားပဲ အလောတကြီးမျိုချတတ်ကြတဲ့ မိကျောင်းလိုငါးမန်းလို "လောဘလွန်သတ္တဝါ" အမျိုးအစား အကုသိုလ်ကောင် မသူတော်တွေသာ ဖြစ်ကြပါတယ်။ တစ်ယောက် ကိုတစ်ယောက် စကားဝိုင်းမှာ "သူငယ်ချင်း" "ယောက်ဖ" "အချစ်ဆုံး" ရယ် ဘာရယ်ညာရယ်ပဲ ဖက်လှဲကတင်း

www.burmeseclassic.com



နဲ့ ခေါ်ပြောဆက်ဆံနေကြပေမယ့် ရင်ထဲက အတွင်းကြိတ်ကောက်ကျစ်မှုကတော့ ကိုယ်စီကိုယ်စီရှိနေကြတယ်ဆိုတာ ကျုပ်ကြေညာခဲ့ပါတယ်။

"အလုပ်" တစ်ခုကရရှိလာတဲ့ အကျိုးအမြတ်ကို ညီတူမျှတူ ခွဲဝေခံစားကြမယ်လို့ ကတိသစ္စာပြုထားကြပေမယ့် သူခိုးဓားပြတို့ရဲ့ကတိသစ္စာပီပီ ပါးစပ်စကား ထွက်ပေါ်လာတဲ့လေထဲတင် ပျောက်ကွယ်လွင့်ပါးသွားစမြဲပါပဲ။ အခွင့်သာတာနဲ့. . လုပ်ဖော်ကိုင်ဘက်တွေရဲ့ ဝေစုထက် မိမိကရွှေတစ်ရွေးသားပဲ ဖြစ်ဖြစ် ငွေတစ်ကျပ်ပဲဖြစ်ဖြစ်ပိုရအောင် ကလိန်စေ့ ငြမ်းဆင်တတ်ကြတာ သာလျှင် . . ကျုပ်တို့လို သူခိုးဓားပြတွေရဲ့ အစစ်အမှန်ကတိသစ္စာအရ . . . ကျုပ်တို့ဟာ တစ်ယောက်ရဲ့ အမှားကို၊ ဟာကွက်ဟျော့ကွက်ကို၊ အားနည်းချက်ကို အမြဲတစေ ချောင်းမြောင်းကြည့်ရှုနေကြပါတယ်။ ဒါဟာစစ်မှန်တဲ့သူခိုးဓားပြ တွေရဲ့ လွှဲရှောင်လို့မရတဲ့ မလွှဲမသွေလုပ်ဆောင်ရတဲ့ "ကျင့်ထုံး" ကြီးပဲဖြစ်ပါတယ်။ ဆရာဝန်ရဲ့အိမ်ထဲမှာ ပစ္စည်းတွေကို ကမျောသောပါး လုနေတုန်းက ကျုပ်ဟာ ရွှေတမူးသားလောက်နဲ့ ကွင်းထားတဲ့ နီလာလက်စွပ်တစ်ကွင်းကို ကျုပ်ရဲ့လုပ်ဖော်ကိုင်ဖက်တွေမသိအောင် ကျုပ်ရဲ့ဂျာကင်အိတ်ပုန်းကလေးထဲမှာ ဝှက်ထားခဲ့ပါတယ်။

မီးရထားအချိန်ရလာတဲ့အခါ၊ ကျုပ်တို့ဟာ ကုန်တွဲရဲ့ ထောင့်တစ်ထောင့်မှာ စုထိုင်လိုက်ကြတယ်။ ကုန်တွဲထဲမှာလျှပ်စစ်မီးတပ်ဆင်ထားခြင်းမရှိပါဘူး။ ဒါ့ကြောင့် သုံးတောင့်ထိုးဓာတ်မီးကို ဖွင့်ပြီး အလင်းရောင်ထဲမှာ ရလာတဲ့ငွေတွေ၊ ရတနာတွေကို တစ်စုတစ်ဝေးတည်းပုံလိုက်ကြတယ်။

ကျုပ်တို့ဒီမီးရထားပေါ်မှာတင် ဝေစုခွဲကြတော့မယ်လေ။ ဝေစုခွဲပြီး တာနဲ့ ဆင်းနေရစ်ခဲ့ကြပြီး လူစုခွဲကြမယ်။ ပြီးရင် သာယာလှပတဲ့ အနာဂတ်ကို ခံစားကြမယ်။ အဲဒီနောက် . . . မကြာခင်တစ်ချိန်ချိန်မှာကျုပ်တို့ပြန်ဆုံကြပြီး "အလုပ်" တစ်ခုကို အတူတကွလုပ်ကြဦးမယ်။ (အတူတကွထောင်ထဲဝင်ရမယ် မဝင်ရဘူးဆိုတာတော့ ဘုရားမှသိမယ့်ကိစ္စပဲလေ။)

လက်နှိပ်ဓာတ်မီးရဲ့ အလင်းရောင်စက်ဝန်းထဲမှာငွေစက္ကူတွေဟာ၊ အခုမှ ငွေ စက္ကူလုပ်တဲ့စက်ရုံထဲကထွက်လာကြသလို သစ်လွင်ကြွပ်ရွနေကြတယ်လို့

www.burmeseclassic.com



ထင်ရပါတယ်။ လက်ဝတ်ရတနာအမျိုးမျိုးကလည်း မျက်စိတွေ ကျိန်းစက်လောက်အောင် လက်လက်တောက်လို့ နေကြပါသကော။ ကျုပ်ရဲ့မျက်လုံးတွေကိုငွေနဲ့ ရတနာတွေက အားပြင်းပြင်းနဲ့ ညှို့ယူနေခဲ့ပေမယ့် ကျုပ်က အဲဒါတွေကို မကြည့်ဘဲ၊ လုပ်ဖော်ကိုင်ဖက် သုံးဦးရဲ့ မျက်နှာကို ဝိုးတဝါးမှုန်ပျပျ အလင်းထဲမှာ မျက်တောင်မခတ်လေ့လာစူးစမ်းနေတယ်။ ကျုပ်မျက်လုံးတွေနဲ့မောင်မြင့်ရဲ့ မျက်လုံးတွေဟာ အမှောင်ကဲတဲ့မှိန်ဖျော့ဖျော့အလင်းထဲမှာ ထိပ်တိုက်တွေ့ဆုံမိကြတယ်။ မောင်မြင့်ရဲ့ မျက်စိပေါက် ကျဉ်းကျဉ်းကလေးတွေဟာ တွင်းထဲကနေချောင်းကြည့်နေတဲ့ ကြွက်တစ်ကောင်ရဲ့ မျက်လုံးတွေလို ဂနာမငြိမ် စူးရဲဝင်းလဲ့နေပါတယ်။

'ခွေးကြီး၊ လက်စွပ်ကော" လို့ မောင်မြင့်က အက်ကွဲခြောက်သွေ့တဲ့ အသံကိုမြှင့်ပြီး ကျုပ်ကိုမေးတယ်။ ကျုပ်ခိုးဝှက်ထားတဲ့လက်စွပ်ကို မေးတယ်ဆိုတာ သိပေမယ့် ကျုပ်က သူမေးတာကိုမကြားသလို၊ နားမလည်သလိုလို အမူအယာမျိုးနဲ့ "ဘာလဲကွ" လို့ ပြန်မေးလိုက်တယ်။

"ဘာလဲညာလဲ မေးမနေနဲ့၊ ဆရာဝန်ရဲ့ခယ်မလက်ကနေ မင်းချွတ်ယူလိုက်တဲ့ နီလာလက်စွပ်ကို မေးနေတာကွ" လို့ပြောလိုက်တဲ့မောင်မြင့်ရဲ့ အသံဟာ မီးရထားဘီးတွေ သံလမ်းပေါ်မှာ ပွတ်ကြိတ်ပြေးလွှားသံ၊ မီးရထားတွဲတွေရဲ့ နားညည်းစရာ ယိမ်းလှုပ်အော်မြည်သံတွေကို ကျော်လွှားဖုံးအုပ်ပြီး ကျုပ်နားထဲကို ဆောင့်ဝင်လာတယ်။ ကြည့်စမ်း. . ဒီကောင် ရုတ်ရုတ်သဲသဲကြားမှာတောင် နီလာလက်စွပ်မှန်း အတိအကျ သိနေတယ်။ ဘာရမလဲဗျာ. . .။ ခွေးကြီးတို့ကလည်း မနူးမနပ် မအူလည်ကောင်စားမျိုးမှ မဟုတ်တာ။ ပြီးတော့ . . . ဒီနေရာ ဒီအခြေအနေမျိုးမှာ ကျုပ်ဟာအကယ်ဒမီ ဆုရှင် ရုပ်ရှင်မင်းသားထက် အမူအယာပီပြင်ဖို့လိုတယ်။

"အေး. . အဲဒီလက်စွပ်ကို 'အောင်ပါ' ကိုင်ထားတဲ့ ပစ္စည်းအိတ်ထဲကို ငါထည့် ပေးလိုက်တယ်လေ။ ဒီပစ္စည်းပုံထဲမှာ ရှာကြည့်" လို့ ကျုပ်က အရိုးခံလေသံနဲ့ တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်ပါတယ်။ ဒီမှာတင် မောင်မြင့်ဟာ သူ့ခန္ဓာကိုယ်ကြီးနဲ့ မလိုက်အောင် ဆတ်ခနဲထရပ်လိုက်တော့၊ ယိမ်းခါနေတဲ့

www.burmeseclassic.com



ရထားတွဲပေါ်မှာ သူ့ရဲ့ပုဖိုင့် ဖိုင့် ကိုယ်လုံးကြီးကလည်း ဒယီးဒယိုင်ဖြစ်သွားတယ်။

"xxx......ခွေးသား၊ သူခိုး၊ငါ့မျက်စေ့ရှေ့တင် လက်စွပ်ကို မင်းဝှက်လိုက်တာ ငါတပ်အပ်မြင်ပါလျက်နဲ့ မင်းက ခပ်တည်တည်ငြင်းနေတယ်။ ချွတ်စမ်း . . မင်းဂျာကင်" လို့ မောင်မြင့်က အော်ပြန်တယ်။ ဒီအခြေအနေမှာ ဝါရင့်သူခိုးဓားပြတစ်ယောက်ဟာ ဆုံးဖြတ်ချက်မြန်ဆန်ဖို့၊ မှန်ကန်ဖို့ အထူးအရေးကြီးပါတယ်။ ကျုပ်ရဲ့ ဂျာကင်ကို အရှာခံလို့ မဖြစ်ဘူး။ တွေ့သွားရင် ကျုပ်ရဲ့ငြင်း ကွယ်မှုက အလဟဿဖြစ်ရုံသာမကဘဲ၊ ကျုပ် ကိုယ်ကျုပ် လူလိမ်သစ္စာဖောက်လို့ ပြောင်ကြေညာလိုက်သလို ဖြစ်သွားမယ်။ "xxx....မင်းက ငါ့ကို သူခိုးလို့ စွပ်စွဲရဲလားကွ"လို့ ကျုပ်က ဝမ်းခေါင်းသံနဲ့အော်ပြီး ဖြုန်းခနဲထရပ်ဖို့ ကြိုးစားပါတယ်။ ကျုပ်နောက်ကျသွားပါပြီ။

"ခွေးကြီးဆိုတဲ့ကောင် အချင်းချင်း ကျောချင်တဲ့သောက်ကျင့် မပျောက်သေးပါလားကွ" လို့ သရော်သံအေးစက်စက်နဲ့ပြောရင်း၊ ကျုပ်ရဲ့ ဘယ်ဘက်မှာထိုင်နေတဲ့ 'အောင်ပါ' ဟာဘယ်အချိန်ကတည်းက ဝှက်ပြီးကိုင်ထားမှန်းမသိတဲ့ လုပ်သေနတ်ရဲ့ ကြမ်းတမ်းလေးလံတဲ့သံကျွတ်ဒင်နဲ့ ကျုပ်ရဲ့နားထင်ကို လွှဲထုလိုက်ပါတယ်။ မောင်မြင့်ရဲ့ ဆဲရေးသံနဲ့အတူ သူ့ရဲ့ခြေဖဝါးကြီးတစ်ဖက်ကတည်း ကျုပ်ရဲ့မျက်နှာပေါ်ကို တင်းပုတ်ကြီးတစ်လက်လို ကျရောက်လာပါတယ်။

အဲဒီအချိန်ကစပြီး ကျုပ်တို့လေးယောက်ရဲ့ လှုပ်ရှားတွန်းထိုးမှု၊ အော်ဟစ်ကြုံးဝါးမှု၊ မာန်သွင်းတိုက်ခိုက်မှုတွေဟာ စကားလုံးနဲ့ ဖော်ပြလို့ မဖြစ်လောက်အောင် ဒွေးရောယှက်တင်ရှုပ်ရှက်ခတ်ကုန်ပါတယ်။ ကျုပ်ဟာ သူတို့သုံးယောက်ရဲ့ စုပြုံတိုက်ခိုက်မှု တွေကို ခုခံကာကွယ်ရုံကလွဲလို့ ပြန်လှန်တိုက် ခိုက်မှု လုံးဝမပြုနိုင်ခဲ့ရပါဘူး။ နောက်ပြီး သူတို့က ကျုပ်ကို ဆုံးမအပြစ်ပေးတဲ့ အနေနဲ့ တိုက်ခိုက်နေတာမဟုတ်ဘဲ၊ အသေသတ်နေကြပြီဆိုတာကို ဓားမြှောင်နဲ့ လက်ယဉ်နေတဲ့ ထွန်းလင်းရဲ့ ဓားမြှောင်သွားက စိုက်ဝင်လာမှ ကျုပ်အထိတ်တလန့်သိခွင့်ရလာခဲ့ပါတယ်။။

သူတို့ကျုပ်ကို မသေ သေအောင်သတ်ကြတော့မယ်ဆိုတာ သိလိုက်တော့ ကျုပ်ဟာ ခုခံကာကွယ်ဖို့ထက် ထွက်ပြေးလွတ်မြောက်နိုင်ဖို့ကိုသာ

www.burmeseclassic.com



ဦးစားပေးဖို့ တမဟုတ်ချင်း ဆုံးဖြတ်ပါတယ်။ (ကျုပ်သေသွားရင် ကျုပ်ရမယ့် ဝေစုက သူတို့သုံးယောက် အတွက်ဖြစ်သွားပြီလေ။) တစ်ချိန်တည်းမှာတော့ ထွန်းလင်းရဲ့ ခဲချက်တွေက ကျုပ်ကိုယ်ပေါ်ကို တရစပ်ကျနေကြတယ်။ မောင်မြင့်က လက်နှိပ်ဓာတ်မီးနဲ့ ရိုက်နေတယ်။ အောင်ပါက လုပ်သေနတ်ကို သံလက်သီးလို အသုံးပြုပြီး အဆက်မပြတ် ထုနှက်နေတယ်။ ကျုပ်ဟာ. . . . ငတ်မွတ်သွေးဆာနေတဲ့ ဝံပုလွေသုံးကောင်ကြားက . . . . တောဝက်တစ်ကောင်နဲ့ တူနေပါပြီ. . . ။

ကျုပ်တို့ရဲ့ ကုန်တွဲမှာ တံခါးရွက်မရှိတဲ့ တံခါးပေါက်တစ်ပေါက်ရှိနေတယ်။ အဲဒီအပေါက်ကနေ ကျုပ်ခုန်ချနိုင်ခဲ့ရင် ကျုပ်သေဘေးက လွတ်ကောင်းလွတ်နိုင်မယ်လို့ ပြင်းထန်တဲ့ နာကျင်မှုဝေဒနာတွေကို ခံစားရင်း ကျုပ်သိမြင်လိုက်တယ်။ ဒါကြောင့် တံခါးပေါက်ဆီမရောက်ရောက်အောင် သွေးရူးသွေးတန်းနဲ့ တိုးဝှေ့သွားတယ်။ သူတို့ကလည်း ကျုပ်အကြံကို ရိပ်မိနေကြသလို. . . ကျုပ်ကို စုပြုံတိုက်ခိုက်ရင်း လမ်းပိတ်ထားကြတယ်။ နောက်ဆုံးတော့ လေတဟူးဟူးတိုးနေတဲ့ တံခါးဝနားကျုပ်ရောက်သွားတယ်။

ကျုပ်ခုန်ထွက်မရလိုက်ဘူး။ တစ်ယောက်ယောက်က "သေစမ်းကွာ" လို့ ကြုံးဝါးရင်း ကျုပ်ရဲ့တင်ပါးကိုဆောင့်ကန်ထည့်လိုက်တော့ ကျုပ်လည်း တစ်နာရီမိုင် (၄၀) နှုန်းလောက် ပြေးနေတဲ့မီးရထားပေါ်ကနေ အာကာသလေထု ထဲကို လွင့်ကျသွားပါတယ်။

ပထမဆုံး မီးရထားသံလမ်းဘေးက ချောက်သွေ့မာကြောတဲ့ မြေကြီးရဲ့ ကြမ်းတမ်းလှတဲ့ အထိအတွေ့ကို ခံစားရပါတယ်။နောက်. . . အနိမ့်ဘက်ကို ကျုပ်ဟာ တလိမ့်ကောက်ကွေးကျသွားပြန်တယ်။ အဲဒီအချိန်မှာ ကျုပ်တကယ်ပဲ ကြယ်ပွင့်တွေမီးတွေကို မြင်နေရသလိုပဲ။ ကျုပ်ရဲ့ အကြားအာရုံထဲမှာ အသံအားလုံးဟာ လိုအပ်တာထက်ပိုပြီး ကျယ်ကျယ်လောင်လောင် မြည်ဟည်းပေါက်ကွဲနေခဲ့ကြပါတယ်။

မြက်ခြောက်တောထဲကို ရောက်သွားတဲ့အချိန်ကစပြီး အခုလက်ရှိကာလအထိ ကျုပ်သတိမလစ်ခဲ့သေးပါဘူး။ ဒါပေမယ့် မကြာခင် ကျုပ်သေရတော့

www.burmeseclassic.com



မယ်ဆိုတာကို အဆုံးမဲ့သတိလစ်ခြင်းလို့ ခံယူနိုင်မယ်ဆိုရင်တော့. . သေခြင်းတရားဟာ အများထင်သလို သိပ်ကြောက်မက်ဖွယ်ကောင်းတဲ့ ဘဝအတွေ့အကြုံ မဟုတ်ဘူးလို့ ကျုပ်တွေးမိတယ်။ အမှန်ပြောရရင်. . . ကျုပ်တို့ဟာသေခြင်းတရားအကြောင်းကို ကောင်းကောင်း နားလည်ကြတာ မဟုတ်ဘူး။ ကိုယ်နားမလည်တဲ့ အကြောင်းအရာတစ်ခုကို လူတွေ ဘာကြောင့်များ ထိတ်လန့်စိုးရွံ့နေကြသလဲဆိုတာ ကျုပ်စဉ်းစားလို့မရခဲ့ဘူး။ ကျုပ် သေဆုံးတဲ့အထိ ကျုပ်စဉ်းစားတတ်မှာ မဟုတ်ဘူး။

ဒါပေမယ့်. . . ခုချိန်မှာ ကျုပ်ရေးတေးတေးလေး တွေးမိတယ်။ ကျုပ်ဟာ ဒဏ်ရာဒဏ်ချက်တွေကြောင့် ပြင်းရှပူလောင်လွန်းတဲ့ နာကျင်ခြင်းဝေဒနာကြီးကို လှိုက်လှိုက်သည်းသည်း ခံစားနေရတယ်။ ကျုပ်တစ်ကိုယ်လုံးကို မီးတောက်မီးလျှံတွေ ဖုံးလွှမ်းနေသလိုပါပဲ။ ဒီဝေဒနာကြီးရဲ့ အရှိန်အဝါကို စက္ကန့်တိုင်း ကျုပ်ကြောက်မက်နေခဲ့တယ်။ ဒီဝေဒနာကြီးကို ကျုပ်ဟာ ကြောက်ဖွယ် ဖုတ်ပြိတ္တာကြီးတစ်ကောင်လို ထင်မြင်နေတယ်။ ကျုပ်ဟာ အဲဒီလဖုတ်ပြိတ္တာကြီးရဲ့ အမွှေးအမှင်ထူပြီး ကြမ်းတမ်းခက်တယော် နံစော်ပုတ်ညီတဲ့လက်ချောင်းတွေကြားမှာ ဆုပ်ညှစ်ခံထားရပြီး ဒီအကောင်ကြီးက သူ့ရဲ့ ရောမပါးစပ်ပေါက်ကြီးထဲကို ဘယ်အချိန်ထိုးသွင်းလိုက်မလဲလို့ ပူပန်စိုးထိတ်စွာ စောင့်မျှော်နေရသလို ခံစားနေရတယ်။ ဒါဟာသေမင်းကို ကြောက်ရွံ့ခြင်းလား. . . ။ မဟုတ် သေးဘူး။ လူတွေကြောက်ရွံ့ကြတာက သေမင်း (ဒါမဟုတ်) သေခြင်းတရားကိုမဟုတ်ဘူး။ လူတွေမသေချင်ကြတဲ့အကြောင်းခံ တရားတွေထဲမှာ ဘဝကိုခင်တွယ်ပိုင်ဆိုင်ထားလိုခြင်းအပြင်. . . ၊ နာကျင်ခြင်းဝေဒနာဆိုးကို ရှောင်လွှဲလိုခြင်းလည်း ပါရှိနေတယ်။ (အဲသလို ကျုပ်ထင်တယ်) လူတွေအကြောက်ဆုံးကသေမင်းမဟုတ်ဘူး။ ဝေဒနာဆိုး (ကျုပ်ခံစားနေရတာမျိုးပေါ့) ကို သာဖြစ်တယ်။ (အဲသလို ကျုပ်ထင်တယ်။)

ကျုပ်လည်း သိလာပါတယ်။ ကျုပ်ဟာ သေရမှာမကြောက်ခဲ့ပါဘူး။ အခုဆိုရင် သေရမှာပိုလို့တောင် မကြောက်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျုပ်သေသွား မှသာ၊ လောလောဆယ် ကျုပ်ထိတ်ထိတ်ပျာပျာ ကြောက်ရွံ့နေရတဲ့ ဝေဒနာဆိုး ဖုတ်ပြိတ္တာကောင်ကြီးရဲ့ လက်ထဲကလွတ်သွားမှာမဟုတ်လား။ ဒီတော့

www.burmeseclassic.com



. . ဝါကြန့်ကြန့် အစွယ်ကြီးတွေကြားထဲကနေ၊ မှောင်မည်းနေတဲ့ သူ့ ပါးစပ်ပေါက်ကြီးထဲကို ကျုပ်က အမြန်ဆုံးတိုးဝင်ပစ်လိုက်ချင်တယ်။ သူ့ရဲ့စွယ်သွားကြီးတွေရဲ့ ကြိတ်ဝါးချေဖျက်မှုကြားမှာ ကျုပ်က သောကမဲ့စွာနဲ့ အရာရာကို မေ့ပစ်လိုက်ချင်တယ်။ အဆုံးမဲ့ သတိလစ်ပစ်လိုက်ချင်တယ်။

ချက်ချင်းလက်ငင်း အသက်ပျောက် ဇီဝိန်ချုပ်သွားချင်တဲ့ ကျုပ်ရဲ့ ဆန္ဒဟာ ပြည့်ဝမလာခဲ့ပါဘူး။ ကျုပ်က သေမသွားဘဲ ကျုပ်အိမ်က အိပ်ရာပေါ်မှာရောက်နေတယ်။ ဘယ်ဘက်ကိုတစောင်းလှဲနေတဲ့ ကျုပ်ဘက်ကိုလှည့်ပြီး ကျုပ်ဇနီးက သမီးငယ်ကို နို့တိုက်နေတယ်။ သမီးငယ်ရဲ့ဆံပင်ကျဲကျဲ ဦးခေါင်းနီနီကလေးဟာ မိခင်ရဲ့ ဖြူဝင်းပြည့်တင်းတဲ့ နို့အုံကြားမှာ တဆတ်ဆတ်လှုပ်လို့လေ. . . ။ ဒီတုန်းမှာ အသံတစ်သံကြားလို့ ကျုပ်စောင်းကြည့်လိုက်တော့ ပိုလီယိုရောဂါသည် သမီးကြီးက ဖင်ရွှေ့ဖင်ရွှေ့နဲ့ ကျုပ်တို့ခုတင်နားကို ကပ်လာနေတယ်။ သမီးကြီးရဲ့ အသားရောင်ဟာ မိခင်လိုပဲ ဖွေးဆွတ်နေပြီး မျက်လုံးတွေကလည်း မိခင်လိုပဲ မည်းဝိုင်းတောက်ပနေကြတယ်။ သမီးကြီးရဲ့ နှုတ်ခမ်း တွေကတော့ ကြီးပြင်းလာတဲ့အခါ ကျုပ်ရဲ့နှုတ်ခမ်းတွေနဲ့တူမှာပဲလို့ အောက်မေ့မိပါရဲ့။

သမီးကြီးကိုပွေ့ချီဖို့ ခုတင်ပေါ်ကဆင်းလိုက်တဲ့ ကျုပ်ဟာ သမီးကြီးကို မပွေ့ချီရဘဲ . . . ကျုပ်ရဲ့ အမေကိုသာ အိပ်ရာပေါ်မှာပွေ့ပိုက်လျက်သား ဖြစ်နေပါတယ်။ အမေ့မှာ အသက်မရှိတော့ပါဘူး။ လွန်ခဲ့တဲ့စက္ကန့်ပိုင်းအတွင်းကပဲ အသက်ကုန်သွားရှာတဲ့ ပန်းနာရင်ကြပ်ဝေဒနာရှင်ကြီးပါ။ ကျုပ်နဲ့အမေ့ အနားမှာ ယောက်ျား၊ မိန်းမတချို့ ဝန်းရံနေကြပါတယ်။ ကျုပ်ရဲ့ ညီအစ်ကို မောင်နှမတွေ၊ သွေးအနီးဆုံး ဆွေမျိုးသားချင်း တွေပဲဖြစ်ကြလိမ့်မယ်ထင်ပါတယ်။ သူတို့ငိုကြသလား. . ။ ကျုပ်ရောမျက်ရည်ကျမိသလား. . . ။ ကျုပ်ဘာမှ ကွဲကွဲပြားပြား မသိနိုင်ပါဘူး။ အမှန်တော့ အမေအခုလို (၅၄) နှစ်အရွယ်မှာ သေသွားတာ ကောင်းပါတယ်။ ပန်းနာရင်ကြပ်ဝေဒနာဆိုးကြီးက လွတ်မြောက်သွားတာပေါ့။

ကျုပ်ဟာ အမေ့ရုပ်ကလပ်ကို မြေမြှုပ်မယ့် အသုဘကျင်းနှုတ်ခမ်းမှာ ရပ်နေ မိပြန်တယ်။ လူတချို့က အမေ့အလောင်းထည့်ထားတဲ့ ခေါင်းတလားကို

www.burmeseclassic.com



ထမ်းလာတာကို ကျုပ်လှမ်းကြည့်ပြီး ခေါင်းတလားဟာ ငါးသေတ္တာဗူးတစ်ခုနဲ့ တူတယ် လို့တွေးမိတယ်။ ကျုပ်ပခုံးတစ်ဖက်ကို လူတစ်ယောက်ကလာထိတယ်။ ကျုပ်. . . . ကြည့်လိုက်တော့ ကျုပ်နောက်ဆုံးနေခဲ့တဲ့ (၆) တန်းတုန်းက ကျုပ်ရဲ့အတန်းပိုင်ဆရာ လူပျိုကြီးဖြစ်နေတယ်။ သူ့မျက်နှာဟာ သေသွားသူဟာ သူ့ရဲ့မိခင်ဖြစ်နေသလိုမျိုး နွမ်းလျညှိုးမှိုင်းနေတယ်။ သဘောမနောကောင်းပြီး ကျုပ်လိုကျောင်း သားတပည့်ဆိုးအပေါ် ထာဝစဉ်လိုက်လျော ခွင့်လွှတ်ခဲ့တဲ့ ကျောင်းဆရာလူပျိုကြီးကို ကြည့်ရင်း၊ ကျုပ်က သချိုင်းကုန်းတစ်ခုလုံး တုန်သွားအောင် ရယ်မောပစ်လိုက်ပါတယ်။ တကယ်ဆို. . . သားဖွားဆေးရုံတွေမှာ လူတွေဟာငိုကြွေးသင့်ပြီး သုသာန်မှာ ရယ်မောသင့်ကြပါတယ်။ ဘယ်သူမဆို လူဖြစ်လာရင် ဝေဒနာဆိုး တစ်ခုမဟုတ်တစ်ခု ခံစားရမှာဖြစ်ပြီး၊ သေခြင်းတရားကို လူမှန်းသိကတည်းက ကြောက်ရွံ့နေကြရမှာလည်းဖြစ်တယ်။ ဘယ်သူမဆို သေဆုံးသွားရင် ဝေဒနာဆိုး အပေါင်းနဲ့သေခြင်းတရားကို ကြောက်ရွံ့ခြင်းကနေ လွတ်မြောက်သွားတယ်။ ဒါ့ကြောင့် အမေ့ကို အသုဘချချိန်မှာ ကျုပ်ဝမ်းသာ ရယ်မောပစ်လိုက်ပါတယ်။ (တစ်ကယ်က. . . ကျုပ်ရယ်ချင်မှ ရယ်ဖြစ်ခဲ့မှာပါ)

ကျုပ်က အမှန်တကယ် ရယ်မောရမှာက လောလောလတ်လတ် အချိန်ကာလမှ ဖြစ်တယ်လို့ ကျုပ်ထင်ပါတယ်။ ကျုပ်က. . . မကြာခင်သေရ တော့မယ်လေ။ အခု ခံစားနေရတဲ့. . .၊ တုန့်နှိုင်းစရာမရှိအောင် ခံရခက်တဲ့ ဝေဒနာဆိုးကြီးက လွတ်မြောက်ရတော့မယ်လေ။ မသေချင်တဲ့ ဆန္ဒနဲ့ သေရမှာ ကြောက်တဲ့ ပူပန်ကြောင့်ကြမှု နှောင်ကြိုးတွေကနေ အပြီးအပိုင် ကင်းလွတ်ရတော့ မယ်လေ။ ဒီတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကျုပ် ရယ်မောပစ်လိုက်သင့်တာပေါ့။ ကျုပ်ရယ်ဖို့ကြိုးစားနေတယ်၊ ရယ်ဖို့အားယူနေတယ်။ ဟောဒီလူသူမနီးတဲ့ မီးရထားလမ်းဘေးက မြက်ခြောက်တောမှောင်မှောင်ထဲမှာ ကျုပ် ရယ်လိုက်လို့ လည်း ကြားမယ့်သူလည်းမရှိပါဘူး။ သေကာနီး လူတစ်ယောက်ရဲ့ လောကကြီးကို မထီမဲ့မြင်ပြုလိုက်တဲ့နောက်ဆုံးရယ်မောသံကြောင့် ကျုပ်အနီးဝန်းကျင်က ပုရစ်ပိုးမွှားလေးတွေကလွဲလို့ ဘယ်သက်ရှိသတ္တဝါကိုမှ အနှောင့်အယှက်မဖြစ် နိုင်ပါဘူးလို့ ကျုပ်စိတ်ချစွာ ယုံကြည်ပါတယ်။

အဲဒီအချိန်မှာပဲ. . . ကျုပ်အတွေးထဲကို "ငရဲ" ပြုန်းစားကြီး ပြေးဝင်လာ

www.burmeseclassic.com



ခဲ့ပါတယ်။ ကြည့်စမ်း "ငရဲ" ကိုကျုပ်မေ့နေလိုက်တာ။ မကောင်းမှု (ရာဇဝတ်မှု၊ လူမှုရေး ပြစ်မှု) တွေများစွာ ကျူးလွန်ခဲ့တဲ့ ကျုပ်လိုကောင်မှ "ငရဲ" မကျရင်၊ ငရဲပြည်ကို အလုပ်မရှိတဲ့ စက်ရုံကြီးတစ်ခု ပိတ်လိုက်သလို ပိတ်ပစ်လိုက်ရမယ် ထင်ပါရဲ့။ "ငရဲ" အကြောင်း လူကြီးတွေပြောပြတာ စာအုပ်တွေထဲမှာရေးထားတာ၊ ရုပ်ရှင် (ကျုပ်ကြည့်ဖူးတဲ့ တရုတ် ဇာတ်ကား) တွေမှာပြသထားတာ ကတော့ အသည်းတုန် အူတုန်ခမန်းကြောက်စရာ လန့်စရာချည်းပါပဲ။ ဒါပေမယ့် "ငရဲ" တကယ်ရှိမရှိ မသေချာသေးတဲ့ ကျုပ်အဖို့ရာတော့ "ငရဲ" ဟာ ကြောက်လန့်ဖွယ် ထက် စိတ်ဝင်စားဖွယ်ပိုကောင်းနေပါတယ်။

နောက်တစ်ချက်က . . . "ငရဲ" ရှိမရှိ လောင်းကြေးစားကြေးလုပ်ကြမယ် ဆိုရင် ကျုပ်က (မရှိ) . . . . . က လောင်းကြေးထပ်ချင်တယ်။ လောလောဆယ် လောင်းမယ်ဆိုရင် ကျုပ်က ကျုပ်ရဲ့ဂျာကင်ကော်လာထဲမှာ ရှိနေတဲ့ ဆရာဝန်ရဲ့ ခယ်မဆိုသူရဲ့ အဖိုးတန်နီလာလက်စွပ်ကလေးကို ရဲရဲဝံ့ဝံ့ လောင်းကြေးတင်လိုက် မှာပဲ။ ဘာ့ကြောင့်ကျုပ်ရဲတင်းသလဲဆိုရင်. . . . "ငရဲ" ကိုရောက်ခဲ့ဖူးပြီး၊ "ငရဲ" ဟာ ဘယ်နေရာမှာရှိတယ်။ ဘယ်လိုအဆောက်အအုံတွေရှိတယ်၊ ဘယ်လို သတ္တဝါမျိုးတွေရှိတယ်၊ ဘယ်လိုစားသောက်နေထိုင်ကြပြီး ဘယ်လိုအလုပ်မျိုးတွေ လုပ်ကိုင်ကြတယ်၊ ဘယ်လို အုပ်ချုပ်ရေးစနစ်တွေရှိတယ်၊ "ငရဲ" ကို ဘယ်ခရီး လမ်းကသွားရတယ်ဆိုတာတွေကို တိတိကျကျ ဓာတ်ပုံမှတ်တမ်း၊ ဗီဒီယိုမှတ်တမ်း တွေနဲ့ တင်ပြနိုင်တဲ့သူ ဒီကမ္ဘာမှာမပေါ်ပေါက်ခဲ့ ဘူးဆိုတာ ကျုပ်သိထားလို့ပဲ၊ အမှန်က. . . လူတွေကို "ငရဲ" မကျစေချင်ရင်၊ "ငရဲ" ဆိုတဲ့ နေရာဌာနနဲ့ လုပ်ငန်းဆောင်တာ သဘာဝတွေကို မျက်မြင်ဒိဋ္ဌဖြစ်အောင် "ငရဲ" (အရှိ) ယုံကြည် သူတွေက လက်ဆုပ်လက်ကိုင်ပြသသင့်ပါတယ်။ အဲသလိုတော့ ပြသလို့မရဘူး။ ရှိတာတော့ အမှန်ကေန်ပဲ၊ ရောက်သွားရင် ကိုယ်တွေ့မျက်မြင်သိလိမ့် မယ်လို့ ဆိုလာရင်လည်း ကျုပ်က လောင်းကြေးအရှုံးခံပြီး ရောက်အောင်သွားလိုက် ရုံပါပဲ။

ဘာပဲဆိုဆိုလေ. . . . လက်တလောခံစားနေရတဲ့ ဒုက္ခဝေဒနာကြီးကနေ ကျုပ်အမြန်ဆုံးလွတ်မြောက်ချင်တယ်။ ကျုပ်အမြန်ဆုံးလွတ်မြောက်ချင်တယ်။ တစ္ဆေ ပဲဖြစ်ဖြစ်၊ နေ့စံညခံအသူရကာယ်ပဲဖြစ်ဖြစ်၊ ငရဲကိုပဲရောက်ရောက်. . အခု ချက်ချင်း ကျုပ်အသက်ထွက်သွားရင် ကျုပ်ကျေနပ်ပါပြီ။

www.burmeseclassic.com



လူတစ်ယောက်ရဲ့ အလွန်အမင်းပြင်းပြတဲ့ အလိုဆန္ဒတစ်ခုဟာ ဘာကြောင့် များ ပြည့်ဝခဲ့သလဲဆိုတာ ကျုပ်စဉ်းစားလို့မရနိုင်ပါလား။ အခုပဲကြည့် လေ. . . .။ လူမသိ သူမသိတစ်ယောက်တည်း သေငယ်ဇောနဲ့ မျှောသလိုဖြစ်နေ တဲ့ ကျုပ်က သေကောင်ပေါင်းလဲဒဏ်ရာဝေဒနာတွေကို မခံရပ်နိုင်လွန်းလို့ သေမင်းဆီ လက်ကမ်းနေတုန်း ကျုပ်အနီးမှာစကားပြောသံတွေပေါ်လာတယ်။ ကြားခါစမှာတော့ စကားသံတွေက အဝေးကြီးကနေ ဖြည်းဖြည်းချင်း ရွေ့လျား လာသလိုပဲ။ နောက်တော့ ပီသထင် ရှားလာကြတယ်။ ယောကျ်ား နှစ်ယောက်ပဲ။

"ဒီလူမသေသေးဘူးကွ ငလုံး၊ တွေ့လားပါးစပ်က ဟစေ့ ဟစေ့နဲ့ အသက်ရှူနေတယ်"

"ဟုတ်ပ၊ ဆရာသီး၊ ဟုတ်ပ၊ ဒဏ်ရာတွေကတော့မြင်မကောင်းဘူး၊ သူ့ကို ဝိုင်းသတ်ပြီး သေပြီအထင်နဲ့ဒီမှာလာပစ်ထားတာဖြစ်မယ်။ ကြည့်ပါဦး ဆရာသီးရာ။ မျက်နှာတစ်ခုလုံး ဖူးဖူးရောင်ပြီးမျက်စိနှစ်လုံးပိတ်နေပြီ. . "

"အဲဒါ အသာထားဦးကွ၊ သူ့ကိုဆေးရုံပို့ရအောင် ဖိုးစီတို့လှည်းကို ပြေးခေါ်ချေ၊ အသက်တစ်ချောင်းကို ကယ်ကောင်းပါတယ်ငလုံးရာ။ အံမယ်၊ မင်းက ဘာရယ်တာလဲ၊ ငါကိုယ်တိုင်တော့ ညတိုင်းမြွေလိုက်ဖမ်း၊ သူများတွေချက် စားဖို့ ပြန်ရောင်းနေပြီး အခုမှ အသက်တစ်ချောင်းကယ်ကောင်းပါတယ်လို့ ပြောနေတာကို မင်းက လှောင်ချင်တာလား. . . ဟေ"

"မဟုတ်ပါဘူး ဆရာသီးရယ်၊ မဟုတ်ရပါဘူး၊ မြွေဆိုတာက ဟင်းချက် စရာ သားငါးဟင်းလျာတစ်မျိုးပဲ၊ လူဆိုတာက မနုသတ္တဘာဝေါ ဒုလ္လဘောလေ. . ၊ အသက်တစ်ချောင်းကယ်ကောင်းပ၊ ကယ်ကောင်းပ၊ ဒါပေမယ့်. . . . ဒီလူဘာဖြစ် လာမှန်း ညာဖြစ်လာမှန်းမသိပဲနဲ့ ကျုပ်တို့ကို အမှုပတ်နေမှာစိုးလို့ ဆရာသီး ရဲ့. . . . "

"ဟော့ကောင်ငလုံး၊ တောင်တောင်အီအီတွေးမနေနဲ့၊ မြွေဆရာ၊ ဆရာသီး တဲ့ကွ၊ မြွေဖမ်းတယ်၊ မြွေ. . . . ပြစားတယ်၊ မြွေကိုက်ခံရတာကို ဆေးကုတယ်၊ ဒီအလုပ်. . . တစ်ခြားဘာမှ အမှုမရှုပ်တတ်ဘူးဆိုတာ တစ်နယ်လုံးသိတယ်။

www.burmeseclassic.com



ကဲ ကြာတယ်ကွာ၊ ဖိုးစီတို့တဲကို မြန်မြန်ပြေး. . .၊ သူ့ကို ဆေးရုံအမြန်ပို့မယ်၊ သေတစ်ကံရှင်တစ်ကံပေါ့ ကွာ၊ ဆေးရုံရောက်လို့မှ အသက်မရှင်လည်း သူ့ကံပေါ့. . ”

ခြေသံတဖုတ်ဖုတ်ကိုကျုပ်သဲ့သဲ့ကြားလိုက်တယ်။ မှိတ်ထားတဲ့မျက်လုံးတွေဆီက မျက်ခမ်းတွေကြားထဲကို အလင်းရောင်စူးစူးတိုးဝင်လာပါတယ်။ ကျုပ်မျက်နှာကို ဓာတ်မီးနဲ့ ထိုးကြည့်နေတာပဲဖြစ်မယ်။ ဒီလူတွေ ရောက်လာလို့ ကျုပ်အားတက်ဝမ်း သာသွားမယ်မထင်ကြနဲ့လေ။ ကျုပ်အားပျက်စိတ်ရှုပ်သွားမိတာပါ။ ကျုပ်က သေရွာကိုပဲ တန်းတန်းမတ်မတ်သွားချင်နေတာ မဟုတ်လား။ ဆေးရုံဆိုတာ ကျုပ်အတွက်လုံးဝ မလိုအပ်တော့ဘူး။ ဆေးရုံရောက်ပြီဆိုတာနဲ့ ကျုပ်ဘယ်သူဘယ်ဝါဆိုတာ စုံစမ်းကြတော့မယ်။ ကျုပ်အိတ်ကပ်ထဲက မှတ်ပုံတင်ကိုတွေ့မယ်၊ ဒဏ်ရာတွေ ဘယ်လိုရခဲ့သလဲဆိုတာကို ဆရာဝန်က စစ်ဆေးကြည့်မယ်၊ ပြီးတော့ ရဲတွေရောက်လာမယ်၊ ကျုပ်ရဲ့မှတ်ပုံတင်က တစ်ဆင့် ဇာစ်မြစ်ကိုလိုက်မယ်။ နောက်ဆုံးတော့ လုယက်မှု၊ လူသေမှု၊ ထိခိုက် နာကျင်စေမှုတွေနဲ့ ထောင်အကြိမ်ကြိမ် ကျဖူးတဲ့ ရာဇဝင်လူဆိုး ခွေးကြီး(ခေါ်) ခင်မောင်မြင့်မှန်း ရဲတွေက အဖြေမှန်ရအောင် စစ်ဆေးကြလိမ့်မယ်. . . . ။ ကျုပ် “ဘူး” ကွယ်နိုင်မတဲ့လား။ ဒီမြွေဆရာ ဆရာသီးဆိုတဲ့လူကြောင့် ကျုပ်ဘဝတော့ ထပ်ပြီးဇယားရှုပ်ရဦးတော့မယ်။

ကျုပ်ကိုဆေးရုံမပို့ကြပါနဲ့၊ ကျုပ်အသက်ကို မကယ်ကြပါနဲ့၊ ကျုပ်သေရတော့မှာပါ။ ကျုပ်ကို လွတ်လွတ်လပ်လပ် သေခွင့်ပေးကြပါ. . . . ကျုပ်သေပါရစေ. . . ကျုပ်အသက်ကို ကယ်လို့ခင်ဗျားတို့မှာ ဘာအကျိုးမှထူးမှာမဟုတ်ဘူး. . . . အဆိပ်ပင် ရေလောင်းသလိုဖြစ်နေမယ်. . ကျုပ်ကိုဆေးရုံမပို့ကြပါနဲ့. . .

ကျုပ်အော်တော့ အော်တာပဲ။ ဒါပေမယ့် လုံးဝအသံမထွက်တာမို့ ဆရာသီးဆို တဲ့လူ ကြားနိုင်မယ်မထင်ပါဘူး။

လူတစ်ယောက်ဟာ မသေချင်ပေမယ့်လည်းသေရ၊ သေချင်ပြန်တော့လည်း သေခွင့်မရတဲ့အပြင် ကိုယ်ဘယ်နေ့ ဘယ်ရက်၊ဘယ်နှနာရီ၊ ဘယ်နှမိနစ်၊

www.burmeseclassic.com




ဘယ်နှစက္ကန့်မှာ သေချာပေါက်သေမယ်လို့ဘယ်သူမှကြိုတင်ပြီး မသိနိုင်တာ ဟာ. . . . လူ့ဘဝရဲ့ ပုစ္ဆာပေါင်းများစွာထဲက စိတ်ဝင်စားစရာအကောင်းဆုံးနဲ့ စိတ်ရှုပ်စရာ အကောင်းဆုံး ပုစ္ဆာတွေလို့ပဲ ကျုပ်လက်ခံယုံကြည်ချင်ပါတယ်။

*စာရေးသူ၏မှတ်ချက်–*

ဖော်ပြပြီးခဲ့သော ဝတ္ထုသည်စာရေးသူ၏ စိတ်ကူးထိုးဇာတ်မျှသာ ဖြစ်သည်။ မည်သည့် နေရာ၊ မည်သည့် ဖြစ်ရပ်၊ မည်သည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နှင့်မျှ သက်ဆိုင်ဆက်နွယ်ခြင်းမရှိ။ ဝတ္ထုခေါင်းစဉ်းအမည်ကို Ernest Hemmingway ၏ As I Lay Dying ကိုကြိုက်၍ ဘာသာပြန်ယူသည်။

✦ ✦ ✦

www.burmeseclassic.com



www.burmeseclassic.com

# ငိုနေသော မြေခွေးများ

ထိုမိန်းမကြီး စကားမပြောပဲ နေခဲ့သည်မှာ ရက်သတ္တတစ်ပတ်ကျော်ခဲ့ပြီ။ မေးထားသော မျက်တောင်တိုတိုများကို မကြာခဏ လှုပ်တတ်သည်ကလွဲလျှင်၊ နာရီပေါင်းများစွာကြာမှ တစ်ကြိမ် မျက်ခွံတွေကို စက္ကန့်ပိုင်းမျှ ဖွင့်လှန်တတ်သည်ကလွဲလျှင် မျက်လုံးတွေက ငြိမ်သက်နေကြသည်။ သူမမျက်လုံးဖွင့်ချိန်တွင် တွေ့မြင်ကြရသော မျက်လုံးအိမ်မှာ တောက်ပစိုပြေမှုများလျော့ပါးလျက်ရှိ၏။ ထို့ပြင် သူငယ်အိမ်နှင့် မျက်သားတွေမှာ အရောင်အသွေးတစ်မျိုးတည်းဟု ထင်ရသည်။ မျက်လုံးများပတ်လည်တွင် သွေ့ခြောက်သော တွင်းချိုင့်ကြီး အစုံပေါ်ထွန်းနေကြပေသည်။ စကားမပြောသော နှုတ်ခမ်းတွေက တစ်ခါတစ်ရံလှုပ်လျှင် စက်ဘီးလေလျှော့သံမျိုးကို သဲ့သဲ့မျှ ကြားကြရ၏။ ထိုအသံမှာ သူမ ပူအိုက်ခြင်းကို ခံစားဖော်ပြမှုဖြစ်ကြောင်း မိန်းမကြီး၏ သားသမီးတွေက နားလည်ကြသည်။ သူမ၏ သမီးနှစ်ယောက်မှ တစ်ယောက်ယောက်သည် ထိုအသံကို ကြားသည်နှင့် စက္ကူယပ်တောင်အစုတ်တစ်ချောင်းဖြင့် မိန်းမကြီး၏ ခန္ဓာအထက်ပိုင်းကို ညင်သာစွာခတ်ပေးတတ်သည်။ ညအချိန်များတွင်မူ မိန်းမကြီး၏ သားက ယပ်ခတ်ပေးလေ့ရှိ၏။ လက်ပြင်ကုန်းကုန်း မျက်နှာပိန်ချောင်ချောင်နှင့် ထိုလူရွယ် ယပ်ခပ်ချိန်တွင် သူ၏ ထွက်သက်မှ အရက်နံ့များကို အရပ်ရှစ်မျက်နှာသို့ လွင့်ပါးဖြန့်ကြက်ပေးလိုက်သလို အခန်းထဲမှာ နံဟောင်နေတော့သည်။

www.burmeseclassic.com


တစ်ခါတစ်ရံတွင် စုတ်ပြတ်ညစ်နွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားလေ့ရှိသည့် ရှစ်နှစ်ရွယ်နှင့် ဆယ်နှစ်ရွယ် ကလေးမကလေးနှစ်ယောက်ကလည်း မိန်းမကြီးကို ယပ်တောင်အစုတ်တစ်ချောင်းစီဖြင့် ကပေါက်တိကပေါက်ချာ ယပ်ခတ်ပေးလေ့ ရှိကြသည်။ သူတို့ကားအရက်သမား၏ သမီးငယ်နှစ်ယောက် ဖြစ်ကြ၏။ ထိုမိန်းမကြီး၏ ချွေးမကတော့ ယပ်တောင်ကိုင် လေ့မရှိသလို၊ မိန်းမကြီးအနီးသို့လည်းလာလေ့ မရှိ။ သူမကယင်းသို့ ဘာသိဘာသာနေခြင်းမှာ၊ သူမကိုယ်တိုင် နေထိုင်မကောင်းသောကြောင့်ဖြစ်သည်။ သူမသည် မိန်းမကြီးထက်ပင် ကြုံလှီပိန်ကပ်လျက်ရှိသော်လည်း မိန်းမကြီးကဲ့သို့ အိပ်ရာ ပေါ်၌ သစ်တုံးပမာ လဲမနေခဲ့ပေ။

မိန်းမကြီး၌ စွဲကပ် ပူးဝင်နေသော ရောဂါမှာ ကင်ဆာရောဂါဖြစ်သည်ဟု ဆရာဝန်များက ပြောကြသည်။ ထိုအခါ ကျတော့မသတီလည်း ဒေါ်မယ်ရှင်မှာ ကင်ဆာဖြစ်နေပြီဟု တညီတညာတည်း ပြောဆို ရေရွတ်ကြတော့သည်။ မိန်းမကြီးကို ကုသခဲ့ဖူးသော မြန်မာတိုင်းရင်းဆေးဆရာကြီး တစ်ဦးကမူ၊ မိန်းမကြီး၏ အနာရောဂါကို မြစ်ခြောက်နာဟု သတ်မှတ်မိန့်ကြားခဲ့၏။ မိန်းမကြီး၏ သားတော်မောင် ယစ်ထုတ်သည် အရက်အလွန်မူးချိန်တွင် သူ၏မွေးသမိခင်ကြီး ခံစားနေရသည့် ရောဂါမှာ ကမ္ဘာ့ပစ္စည်းမဲ့ရောဂါမှ တစ်ပါး အခြားဘာရောဂါမျှ မဟုတ်ဟု ဝမ်းခေါင်းသံကြီးဖြင့် ကြုံးဝါးဟစ်အော်လေ့ရှိ သည်။

မည်သို့ဖြစ်စေ. . ဒေါ်မယ်ရှင်ကို အထူးကုဆေးရုံကြီးတစ်ရုံ၌ သုံးကြိမ်သုံးခါမျှတက်ရောက် ကုသစေခဲ့ပြီးပြီ ဖြစ်လေသည်။ အထူးကုပါရဂူကြီးများကလည်း ကြိုးစားပမ်းစားကုသပေးခဲ့ပြီးပြီဖြစ်၏။ တိုင်းရင်းဆေးကုထုံးများ၊ ဆေးဝါးများ၊ သမားတော်များလည်း မရေမတွက်နိုင်တော့ပြီ။ မိန်းမကြီးကို ကုသခဲ့သူများတွင် မုတ်ဆိတ်ဗရပွနှင့် ပယောဂကုဆရာတစ်ဦးပင်ပါခဲ့သေးသည်။

ဤသို့. . . အချိန်ရှည်ကြာစွာ၊ ငွေကြေးကုန်ကျစွာ ကုသလာရင်းနှင့်ပင် နှစ်အနည်းငယ်ကြာသောအခါ မိန်းမကြီးသည် ယခု တွေ့ရသည့် သေကောင်ပေါင်းလဲ အနေအထားသို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်၏။ ဓါတ်ရောင်ခြည် အကင်ခံရပြီး ကျုံ့ဝင်ပြားချပ်နေသော ဘယ်ဘက်ရင်သားကြောင့် မိန်းမကြီးအသက်ရှူ

www.burmeseclassic.com



သည့်အခါ ညာဘက်ရင်အုံ တစ်ခြမ်းတည်းသာ မြင့်မောက်လာတတ်သည်ဟုပင် ထင်မှတ်စရာရှိသည်။ မိန်းမကြီးဆီးသွားသောအခါ အနံ့အသက်ဆိုးဝါးလွန်းသဖြင့် အနီးရှိဘယ်သူမဆို နှာခေါင်းကို ပိတ်လျှင်ပိတ်၊ မပိတ်လျှင် အသက်ရှူ အောင့် ထားရသည်။

သူမ၏ ကျင်ကြီးမှာလည်း သာမန်အနံ့ထက် ပို၍နံစော်လွန်းသည်ဟု သူမ၏သမီးအကြီးက မှတ်ချက်ချခဲ့၏။ မိန်းမကြီးသည် ခွန်အားခမ်းခြောက် နေသဖြင့် အိပ်ရာပေါ်မှ အကူအညီမပါဘဲ ထ မထိုင်နိုင်သလို အိပ်ရာမှခြေလှမ်း နှစ်ဆယ်ကျော်မျှဝေးသော အိမ်သာသို့လည်းမသွားနိုင်။ ထို့ကြောင့် သူမ၏ အိပ်ရာအနီးတွင် အညစ်အကြေးအိုးကို အဆင့်သင့်ယူထားရာ အခန်းမှာ အိမ်သာ နည်းတူ ညစ်ပုပ်သောအနံ့ဆိုးများလှိုင်နေတော့သည်။

တစ်နေ့တွင် နေမကောင်းသော မိန်းမကြီး၏ အိမ်နီးချင်းဖြစ်သော သမဝါယမဆိုင် အရောင်းစာရေးကတော်သည် ၎င်းအိမ်နီးချင်း မီးရထားလက်မှတ် စစ် ကတော်ကိုတိုးတိုးတိတ်တိတ် ပြော၏။

"တကယ်တော့ မမယ်ရှင် ဘုံးဘုံးလဲနေတာဟာ သူ့ရောဂါကြောင့် မဟုတ်ပါဘူး။ အာဟာရပြတ်ပြီး အားအင်ကုန်ခမ်းလို့ပါ။ အာဟာရပြတ်ဆို သားသမီးတွေကကျွေးမှ မကျွေးနိုင်ကြဘဲကိုးရှင့်။ သူ့သားရတဲ့ လစာကလည်း သူ့အရက်ဖိုးပဲရတာ၊ အကြီးမရဲ့ လစာကျတော့ကော သင်းဝတ်ဖို့ စားဖို့နဲ့၊ အလုပ်သွားရတဲ့ လမ်းစရိတ်နဲ့ဘာကျန်လို့လဲ။ အငယ်မဘော်လီချုပ်တာလည်း တစ်ပဲခြောက်ပြားပဲရတာ၊ဒီတော့ လူမမာကို ဆေးကောင်းဝါးကောင်း ဝယ်ပေးနိုင်ဖို့ မပြောနဲ့ အာဟာရဖြစ်မယ့်ထမင်း ဟင်းတောင် ကျွေးနိုင်တာမဟုတ်ဘူး။ မနေ့ ကဆိုရင် လူမမာကို ဘာနဲ့များကျွေးသလဲလို့ ကျွန်မ သွားကြည့်တယ်၊ ဖြစ်ရပုံ များ. . . . အာဟာရလိုနေတဲ့ လူမမာကို ထမင်းရေဆမ်းပြီး ထန်းလျက်ခဲနဲ့ ကျွေးသတဲ့တော်ရေ။ ကျန်တဲ့အိမ်သားတွေက ဘာနဲ့များစားလဲဆိုတော့ ဟင်းမ ချက်ပဲ ဘယာကြော်ဝယ်ပြီး ဆီမပါဘဲ ကြက်သွန်နီတစ်မျိုးထဲနဲ့ သုတ်စားသတဲ့။ အင်းဒုက္ခ ဒုက္ခ၊ မမယ်ရှင်တော့ ငတ်သေသေရမှာပဲရှင့်. . . . "

"ဒေါ်မယ်ရှင်ကြီးအတွက် ကျွန်မတို့ တစ်ခုခု လုပ်ပေးနိုင်ပါတယ်လေ"

www.burmeseclassic.com



မီးရထား လက်မှတ်စစ်ကတော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောလိုက်သည်။

နောက်တစ်နေ့မွန်းလွဲပိုင်းတွင် သမစာရေးကတော်ကြီးသည် သတ္တုချိုင့်ငယ်တစ်လုံးဆွဲ၍ လူမမာနေအိမ်သို့ရောက်ရှိလာ၏။ သူမသည် လူမမာနံ့နံ့နေသော အခန်းထဲသို့ကြမ်းခင်းကျိုးကျမှာစိုးရိမ်သည့်အလား ခြေဖော့နင်း၍ဝင်ခဲ့၏။ (အမှန်မှာ ကြမ်းခင်းပျဉ်ချပ် များကလည်း လူမမာကဲ့သို့အိုမင်းပြီး လူမမာကဲ့သို့ ကြံ့ခိုင်မှုမရှိကြတော့ဘဲ သုံးလေးနေရာလောက်တွင် ပဲ့ရွဲ့ကျိုးပေါက်နေကြပါသည်။)

ထိုအချိန်၌ လူမမာအနီးတွင်၎င်း၏ သမီးငယ် တစ်ဆယ့်ရှစ်နှစ် သမီးသည် ရှစ်ဆယ့်တစ်နှစ်အရွယ် သက်ကြားအိုမတစ်ယောက်၏ ညှိုးမှိုင်သောမျက်နှာထားမျိုးဖြင့်ထိုင်ရင်း လူမမာကိုယပ်ခတ်ပေးနေသည်။ အပ်ချုပ်စက်မှာထိုင်ရလွန်းသဖြင့် သူမ၏ ပခုံးရိုးတွေ အရုပ်ဆိုးလှစွာ ငေါထွက်နေကြသည်ဟုထင်ရ၏။

"ဒေါ်မယ်ရှင် ခံတွင်းများတွေ့မလားလို့ ကျွန်မကြက်သား ကြာဇံဟင်းခါးလာပို့တာ" ဟု သမစာရေးကတော်ကြီးက ပြောလိုက်စဉ် လူမမာသည် မှေးထားသော မျက်ခွံကို ဖျတ်ခနဲဖွင့်ကာ တခဏအတွင်း ဖျတ်ခနဲပြန်မှိတ်၏။

လူမမာသည်ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ လူမမာ၏ သမီးထံမှမျက်လုံးတွေက သတ္တုချိုင့်ဆီသို့ ကျရောက်သွားပြီး တောက်ပလာ၏။ သူမ၏နှာခေါင်းအိုး အဝန်းစ်ဖက်သည် ဖြည်းညှင်းစွာ လှုပ်ရှားလာသော်လည်း သူမကိုယ်တိုင်ပင် ထိုလှုပ်ရှားမှုကို သိပုံမရပါ။

နောက်တစ်နေ့မှာတော့ မီးရထားလက်မှတ်စစ် ကတော်ကြီးက ပူဇော်ကန်တော့ခြင်းဟုဆိုကာ လူမမာအတွက် ငါးကြင်းကြော်နှင့် မှည့်ရွဲညိုလဲ့နေသည့်စပျစ်သီးများ လာပို့သည်။ အရက်သမား၏ ကလေးငယ်သည် စပျစ်သီးတွေကိုလက်ညှိုးထိုးပြီး "အဲဒါ ဘာသီးတွေလဲ မမ" ဟု ကလေးအကြီးကို အတွတ်တွတ်မေးသောအခါ ကလေးအကြီးက ဆံပင်စုတ်ဖွားနှင့် ဦးခေါင်းခါယမ်းပြလိုက်လေသည်။

www.burmeseclassic.com



ဤသို့နှင့် ကင်ဆာရောဂါသည်ကြီးထံသို့ အိမ်နီးချင်းအချို့၏ စားသောက်ဖွယ်ရာများသည် နေ့စဉ်မပြတ် ပုံမှန်ရောက်ရှိလာနေကြရာ၊ လူမမာခန်းတစ်နေရာ၌ ဆိတ်နို့မုန့်ကြွပ် စက္ကူဗူးခွံတစ်ခုကိုပင် တွေ့ရှိနိုင်သည်။ တစ်ညမှာမူ . . . လူမမာသည် ဗလုံးဗထွေးသံ သဲ့သဲ့ဖြင့် "ကြက်သားဟင်းနဲ့ မွှေးလိုက်တာ" ဟု ရှစ်ကြိမ်တိတိ ရေရွတ်ခဲ့သည်။ မိန်းမကြီးထံသို့ အာဟာရစုံလင် ပေါကြွယ်သည့် ဓာတ်စာအမျိုးမျိုးနေ့စဉ် ရောက်ရှိနေသော်လည်း သူမ၏ အနေအထားမှာ ပြောင်းလဲတိုးတက်လာခြင်း မရှိ။ သူမသည် ပို၍ပို၍ ပိန်လှီခြောက် ကပ်လာပြီး အသားရောင်မှာ ပို၍ပို၍ ဝါရော်ဖျော့တော့လာနေ၏။ သူမ၏ခန္ဓာကိုယ်မှ အနံ့အသက်မှာ ယခင်ထက်ပို၍ စူးရှနံစော်လာသည်ဟု ယစ်ထုပ်ကမှတ်ချက်ချသည်၊ သူမ၏ အသက်ရှူသံမှာလည်း ပြတ်တောင်းပြတ်တောင်း တစ်ဆို့သံဖြင့် ပိုမိုဆူညံလာလျက်ရှိရာ၊ သူမဝမ်းခေါင်းထဲတွင် အခြားသတ္တဝါတစ်ကောင် ဝင်ရောက်လှုပ်ရှားနေသည်ဟုပင် ထင်မှားစရာဖြစ်နေလေတော့သည်။

မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသော နေ့လည်ခင်းတစ်ခုတွင် မိန်းမကြီးသည် ပါးစပ်ကိုအဆက်မပြတ်လှုပ်နေခိုက်၊ သူမအနီးမှာ ဝတ္ထုစာအုပ်တစ်အုပ်ထိုင်ဖတ်နေသော သမီးအကြီးသည် "ပေါင်မုန့်" ဟူသော အသံကိုကြားမိလိုက်သလိုရှိသည်။ ဆူညံသော မိုးသံနှင့်အတူ သူကြားယောင်ခြင်းဖြစ်သည်ဟူ၍ သမီးအကြီးက စဉ်းစား၏။ လူမမာကို ကြည့်လိုက်သောအခါ တစ်စုံတစ်ခု ရေရွတ်မြည်တမ်းနေဆဲဖြစ်ကြောင်း တွေ့ရသည်။ သမီးအကြီးက ဦးခေါင်းကို ငုံ့ကိုင်း၍ နားစွင့်ကြည့်ပြန်သည်။ မိန်းမကြီး၏ အသံမှာ ရွာသွန်းလျက်ရှိသော မိုးပေါက်များကဲ့သို့ပင်ကြည်လင်ပြတ်သားမှု မရှိပဲ လုံးထွေးရောပွမ်းနေ၏။ သမီးကြီးသည် ဖတ်လက်စ ဝတ္ထုစာအုပ်ကို ပိတ်ထားရာမှ ပြန်ဖွင့်လိုက်စဉ် 'ပေါင်မုန့်" ဟူသော အသံကို မပီမသကြားလိုက်ရပြန်တော့သည်။ သူမလက်ထဲမှ စာအုပ်သည် လွတ်ကျသွားပြီး သူမ၏လက်တစ်ဘက်က သံပန်းကန် ပြားထဲ၌ ပုရွက်ဆိတ် တစ်ကောင်၏ ပမာဏခန့်မျှသာရှိကြသော ပေါင်မုန့်အကြွင်း အကျန်အစအနများကို ကိုက်ချီပြေးလွှားနေကြသည့် ပုရွက်ဆိတ်တစ်ဒါဇင်ခန့်မျှကိုသာ တွေ့ရှိရသည်။

ထိုသို့ကြည့်နေစဉ် . . . တဆတ်ဆတ် လှုပ်နေသော နှုတ်ခမ်းတွေ

www.burmeseclassic.com



ပွင့်လာလျက်သား ငြိမ်သက်သွားပုံ၊ မျက်နှာအရောင်အသွေး လျှပ်တစ်ပြက်မျှ ပြောင်းလဲသွားပုံ၊ ပြင်းထန်သော အသက်ရှူသံတို့လျော့သွားပုံတို့ကို မိန်းကလေး သတိထားမိ၏။ "အမေ အမေ" ဟု သူမသည် လူမမာ၏ အေးစက်နေသော လက်တစ်ဘက်ကို တို့ထိ၍ ခေါ်ပြန်သည်။ မိန်းမကြီးခါတိုင်းလို မျက်စိဖွင့်မလာ ခဲ့ပေ။

ခဏအကြာတွင် မိန်းမကြီးကို သူမ၏ သမီး၊ သူမ၏ ချွေးမ၊ သူမ၏ မြေးနှစ်ယောက်နှင့် အတူအိမ်နီးချင်းအချို့ ဝိုင်းအုံလျက် ရှိကြသည်။ အားနည်း သွားသော မိုးပေါက်ကျသံများအောက်တွင် တီးတိုးသံများရောယှက် တွန်းထိုး နေကြသည်။ တစ်ယောက်သော မိန်းမက "အသက်မကုန်သေးပါဘူး၊ မျောနေတာ ပါ"ဟု အသံအက်အက်ဖြင့် ပြောလိုက်သည်။ "တို့အိမ်က ကက်ဆက်သွားယူပြီး တရားခွေဖွင့်ပေးရရင် ကောင်းမလား မသိဘူးဟေ့" ဟု ပိန်ညှော်ညှော် နက်ကြုတ် ကြုတ်မိန်းမကြီး တစ်ယောက်က အသံမြှင့်၍ တိုင်ပင်စကားပြော၏။

"ညည်းတို့အိမ်မှာ ကြေးစည်ရှိလား" ဟု သမစာရေးကတော်ကြီးက အရေးတကြီးမေးမြန်းနေသည်။

လူမမာကို ပွေ့ပိုက်ထားသည့် သမီးကြီးသည် မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်နေရာမှ၊ နှုတ်ခမ်းစေ့ထားရာမှ၊ အသက်ပြင်းပြင်း ရှူနေရာမှ အသံထွက်၍ စတင်ငိုကြွေးလိုက်၏။ သူမ ငိုကြွေး၍ မိနစ်ဝက်မျှကြာလျှင် ချွေးမ ကလည်း တသိမ့်သိမ့် ရှိုက်ငင် ပြန်သည်။ ထို့နောက်မှာတော့ ကလေးငယ် နှစ်ယောက်ကပါ စူးစူးရွှားရွှား ဟစ်အော် ငိုကြွေးလာကြတော့သည်။

"မသေပါနဲ့ဦး ဘွားဘွားကြီးရယ်၊ ဘွားဘွားကြီးရှိလို့ သမီးတို့တစ်အိမ် သားလုံး အကောင်းတွေစားနေကြရတာ၊ ဘွားဘွားကြီးသေရင် ဘယ်သူမှ လာပေးကြမှာ မဟုတ်တော့ဘူး၊ သမီးတို့လည်း စပျစ်သီးတွေ၊ ပေါင်မုန့်တွေ မစား ရတော့ဘူး၊ မေမေတို့ အန်တီတို့လည်း ဟင်းကောင်းစားရမှာ မဟုတ်တော့ဘူး၊ ဖေဖေလည်း ကြက်သားဟင်း နဲ့အရက်နဲ့မြည်းရမှာ မဟုတ်တော့ဘူး၊ မသေပါနဲ့ဦး ဘွားဘွားကြီးရယ်၊ မသေပါနဲ့ဦး. . . . "

www.burmeseclassic.com



ကလေးငယ်၏ စကားလုံးတွေကို မိုးပေါက်ကျသံများက နိုင်လိုမင်း ထက်ဝါးမျိုရန် ကြိုးပမ်းနေသယောင်ယောင်ထင်ရ၏။

သရဖူ မဂ္ဂဇင်း
ဒီဇင်ဘာ၊ ၁၉၉၄

✢ ✢ ✢

www.burmeseclassic.com

# ထိုနေက သူတို့နွားများကို ရိုက်နှက်ခဲ့ကြသည်



www.burmeseclassic.com

# ထိုနေ့က သူတို့အားများကို ရိုက်နှက်ခဲ့ကြသည်

## ၁။ မိသားစုထဲမှာ လူစိမ်း

ယနေ့သည် ကောဇာသက္ကရာဇ် ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့ဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းရိုကျိုးဟန်ရှိကြသော ဈေးအာဏာပိုင်များက လပြည့်လကွယ်ရက်များကို ဈေးပိတ်ရက်အဖြစ် သတ်မှတ်ပြဌာန်းထားကြသဖြင့် ဈေးအုပ်ချုပ်ရေးရုံးတွင် စာရင်းကိုင်စာရေးအဖြစ် အမှုထမ်းသော သူကိုယ်တိုင်လည်း ဘာသာတရား ကိုင်းရှိုင်းရိုကျိုးသူတစ်ဦးဖြစ်ရန် တတ်အားသလောက် ကြိုးစားနေသော "ကိုအေးချို" ယနေ့အလုပ်သွားရန် မလိုသောကြောင့် နံနက်၆ နာရီခန့်တွင် အိပ်ရာမှ နိုးသော်လည်း အိပ်ရာပေါ်မှမထသေးဘဲ ကလေးသေးစော်နံနေသော ခြင်ထောင်ထဲတွင် အခြားသော အမျိုးအစား စုံလင်ရောနှောနေကြသည့် ပုပ်ဟောင်ဟောင် အနံ့ဆိုးများနှင့်အတူ အသက်မဝတဝရှူရင်း ပက်လက်မှိန်းနေခဲ့လေသည်။

သူ၊ သူ၏ဇနီး၊ သူ၏သားကြီး၊ သားလတ်နှင့် အငယ်ဆုံးသမီးတို့ စုပေါင်းအိပ်စက်ကြသည့် မိသားစု ပိတ်သားခြင်ထောင်အိုကြီးသည် အသွင်ညစ် နွမ်းနွမ်း၊ အနံ့မွှန်အဲ့အဲ့နှင့် အိပ်ရာနိုးစမှာ အကြောဆန့်အားမွေးနေသင့်သည့် နေရာမဟုတ်သော်လည်း ကိုအေးချိုအတွက် ယခုအချိန်မှာ တစ်ယောက်တည်း ငြိမ်သက်စွာ

www.burmeseclassic.com



ခိုနားနေဖို့ အသင့်တော်ဆုံးနေရာဖြစ်နေ၏။

အိပ်ရာထပြီး အခန်းပြင်သို့ ထွက်လိုက်သည်နှင့် သူသည် ငြိမ်းချမ်း သောနယ်မြေထဲကနေ လွင့်ပျံထွက်ပြီး တိုက်ခိုက်ဆူပွက်နေသော ဗရုန်းဗရင်း ဒေသတစ်ခုထဲသို့ လွင့်ကျသွားသလို ဖြစ်နေလိမ့်မည်။ တဆိတ်နားစွင့်ကြည့်ပါ။

အိပ်ခန်းနှင့်ကပ်လျက်၊ ထမင်းစားခန်းဟုလည်းသတ်မှတ်နိုင်ခဲ့ပြီး၊ မီးဖိုခန်းဟု ခေါ်နိုင်သော နောက်ဘက်အခန်းထဲတွင် ကိုအေးချို၏ ဇနီးသည် ၈ နှစ်၊ ၆ နှစ်၊ ၄ နှစ်ရွယ် ရင်သွေးသုံးယောက်ကို ယခုချက်ချင်း ပစ်ခတ်ခုတ်ထစ်သတ်ဖြတ်ပစ်တော့မည့်အလား ဆူပူကြိမ်းမောင်းခြောက်လှန့်လျက်ရှိသည်။ စင်စစ် အထူးအဆန်းမဟုတ်။ ထိုမိန်းမ၏ နိစ္စဓူဝ နေ့စဉ်ပြုမြဲ အလုပ်တစ်ခုသာဖြစ်လေသည်။။

"နင်တို့ကိုယ် နင်တို့ လောပန်းရဲ့သားသမီးတွေများ အောက်မေ့နေကြလားဟဲ့၊ ပဲပြုတ်နဲ့နံပြားစားရရင်တော်ပြီပေါ့။ ဘာခေါက်ဆွဲသုပ်လဲ၊ ဘာမုန့်ဟင်းခါးလဲ၊ နင်တို့ကြောင့် မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်တာနဲ့ ငါစိတ်ဆင်းရဲ ရတယ်။ ငါရင်လည်း မြန်မြန် သေမှ နင်တို့ရင်လည်း အေးမယ်"

ဤမိန်းမသည် အသားဝါဖျော့ဖျော့၊ ပုပျပ်ပျပ် ပိန်ကပ်ကပ်ဖြစ်၏။ အသံကတော့ ကိုယ်ခန္ဓာအလေးချိန်ပေါင် (၄၀၀) လောက်ရှိသော လူဝကြီး တစ်ယောက်၏ ရယ်သံလို တုန်ဟည်းကျယ်လောင်သည်။ တစ်ရွာလုံးကလေး လူကြီး၊ ရဟန်းသံဃာ ကအစ စကားသံကျယ်ကျယ်မြည်မြည်ပြောတတ်ကြသော ဓလေ့ရှိသည့် တောကျေး လက်နယ်တစ်နယ်တွင်ပေါက်ဖွားကြီးပြင်းခဲ့သူဖြစ်၏။ ထိုမိန်းမသည် အသက် (၁၆) နှစ်အရွယ်တွင် မြို့တော်ရန်ကုန်သို့ ပြောင်းရွှေ့အခြေချပြီးနောက် အသက် (၂၀) ရွယ်မှာတော့ ကြောင်မတမ်းမလေးလို ကုပ်ချောင်းချောင်းနေတတ်၍၊ စကားမပွင့်တစ်ပွင့် ပြောတတ်သော ကိုအေးချိုနှင့် နှစ်ကိုယ်တူ မေတ္တာမျှကာ အိမ်ထောင်ကျခဲ့ပါတော့သည်။ ယခု ကလေးသုံးယောက်မိခင် အသက် (၃၁) နှစ်အရွယ်တွင်မူ "မန္တလေးရီ"သည် ပုံပြင်ထဲက စုန်းမအိုကြီးလို စုတ်ဖွားဖွားပေတူးတူးဖြစ်နေပြီး၊ မိမိ၏ မွေးရာပါ ကိုယ်ပိုင်အသံကို အားပါးတရအသုံးချရမှ နေကောင်းချင်သည့် မိန်းမအိုပေါက်စမ တစ်ဦးဖြစ်နေ

www.burmeseclassic.com



ခဲ့ရချေပြီ။

သူ၏ ဇနီးက မနက်တိုင်းလိုလို သားသမီးတွေအား ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ဆူပူကျိန်ဆဲတတ်သည်ကို ကိုအေးချို အပြစ်မတင်ပါ။ ဩော်တော်တော်ဆိုးတဲ့ ဝသီပဲ။ ဒီဝသီဆိုးကတော့ ဒင်း (သင်း) သေခါမှပဲ ပျောက်တော့မယ်မှတ်ပါရဲ့ဟုသာ ဖြေသိမ့်မိသည်။ (သို့တစေ ပတ်ဝန်းကျင်က မနွဲ့ရီကို အပြစ်မဆိုပဲ အိမ်ထောင်ဦးစီးဖြစ်သည့် သူ့ကို လူပျော့လူညံ့၊ အုပ်ချုပ်ရေးညံ့ဖျင်းသူအဖြစ် စကားတင်းဆိုမှာကိုမူ ကိုအေးချို က သူခိုးသေဖော်ညှိတွေးတွေးတတ်သေးသည်။ အကြောင်းမူသူတို့ပတ်ဝန်းကျင်မှ အိမ်ထောင်ရှင်မများသည် သူ၏ ဇနီး "နွဲ့ရီမ" နည်းတူ သားသမီးများအား ရိုက်နှက်ဆုံး မသည်ကနည်းပြီး ပါးစပ်သေနတ်ဖြင့် လူကြားမကောင်းသူကြားမကောင်း အော်ဟစ် ကြိမ်းမောင်းတတ်သူများချည်း ဖြစ်သောကြောင့်တည်း။

ယခုလို အနံ့အသက်ဆိုးသည် ခြင်ထောင်ထဲမှာ ငြိမ်သက်စွာ လဲလျောင်းနေရသည်က ကိုအေးချိုအတွက် အဆင်ပြေပါသည်။ အကယ်၍ အိပ်ရာထပြီး မျက်နှာသစ် သွားတိုက်ရန် ရေတိုင်ကီရှိရာ အိမ်နောက်ဖေးမီးဖို ချောင်အစွန်းသို့ထွက်လျှောက် လာခဲ့မည်ဆိုးငြားအံ့။ ရေတိုင်ကီ၏ တောင်ဘက် အရပ် ၂လံအကွာလောက်မှာရှိသော ကလေး လူကြီးဦးရေ စုစုပေါင်း ၁၄ ယောက်တို့က သူတို့မလိုအပ်သော အရာများကို စွန့်ပစ်သည့်အိမ်သာမှ ပုပ်စပ်မွှန်စူး သော အနံ့ဆိုးကို သူရှူရှိုက်ရပေတော့မည်။ ထိုအိမ်သာသည် တည်ဆောက်စဉ်က သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းရေလောင်းယင်လုံအိမ်သာဖြစ်ခဲ့သော်လည်း အနှစ် ၂၀ သက်တမ်းအတွင်း မိသားစုပေါင်းများစွာကို အသုံးပြု သူများအရှက်လုံရုံက လွဲပြီး တခြားဘာမျှ မလိုတော့သည့် "အိမ်မသာ" ဖြစ်နေခဲ့ပါပြီ။

ဤတွင် ကိုအေးချိုမိသားစု ငှားရမ်းနေထိုင်သော အိမ်အနေအထားကို အကျဉ်းမျှဖော်ပြဖို့လိုအပ်လာပါသည်။

အလျားပေ (၆၀)၊ အနံပေ (၂၀) အကျယ်အဝန်းရှိသော မြေကွက်ပေါ်တွင် အိမ်ရှင်သည် ထိုအကျယ်အဝန်းနီးပါးရှိမည့် သွပ်မိုးပျဉ်ထောင် တစ်ထပ် အိမ်ကလေးကို ကတ်သီးကတ်သတ် တည်ဆောက်ထားခြင်းဖြစ်သည်။ တစ်ဖန်

www.burmeseclassic.com



အိမ်ကို အလယ်မှ နံရံတစ်ခုဖြင့် ပိုင်းခြားကာရံလိုက်ပြီးလျှင် ခြေရင်းခန်းကို အိမ်ငှားချကာ မိသားစုနှစ်ခု ကတ်သီးကတ်သတ် နေထိုင်ကြပြန်၏။ အိမ်ရှင် မိသားစုဝင်ဦးရေမှာ (၉)ယောက်ရှိပြီး ကိုအေးချိုတို့အိမ်မှာ မိသားစုဝင်ဦးရေက (၅) ယောက်ရှိကြရာ၊ ထိုလူသား (၁၄) ယောက်တို့သည် တစ်ခုတည်းသော "ယိုအိမ်" ကို ကတ်သီးကတ်သတ် အသုံးပြုနေကြရပြန်တော့သည်။

ကိုအေးချိုသည် အိမ်ထောင်ရက်သားကျကတည်းက အိမ်ငှားဘဝဖြင့်သာ ကျေနပ်နေခဲ့သူဖြစ်ပြီး၊ ယခုအိမ်သည် ဒွါဒသမမြောက်ငှားရမ်းနေထိုင်သော အိပ်ဖြစ်၏။ ဤအိမ်ထက် ပိုမိုညစ်ပတ်နံစော်သော၊ ဤအိမ်ရှင်ထက်ပိုပြီး စေးနဲ တွန့်တိုသော အိမ်အချို့တွင်လည်း ငှားရမ်းနေထိုင်ခဲ့ပြီးဖြစ်၍ ကိုအေးချိုအဖို့ လက်ရှိအနေအထားသည် ထူးထူးကဲကဲစိတ်ညစ်ညူးစရာ မဟုတ်တော့။ အိုးပိုင် အိမ်ပိုင် မဝယ်နိုင်သေးသောသူ့ဘဝ အတွက်လည်း စိတ်ဆင်းရဲခြင်းမဖြစ်တော့။ သူသည် သန္တုသုခိတရားကို နှလုံးသွင်းတတ်သူလည်း မဟုတ်ပြန်၊ ရောင့်ရဲ တင်းတိမ်စွာ ကျေနပ်သူလည်း မဟုတ်ပြန်၊ သူကား သူနှင့်တကွ ကမ္ဘာသားအားလုံး၏ လက်တွေ့မျက်တွေ့ ရပ်တည်ရှင်သန်မှုကို ခေတ်မီသော အမြင်ဖြင့် သုံးသပ်ဆင်ခြင်နိုင်၊ နှစ်သိမ့်ခံယူနိုင်သူပေတည်း။ "အခုလို ကျပ်ကျပ်တည်း တည်း၊ နေရထိုင် ရတာကို စိတ်မညစ်နဲ့ နွဲ့ရီမ၊ ကမ္ဘာမှာ လူဦးရေသန်းပေါင်း (၆၀၀၀) ရှိနေပြီ၊ ဒါတောင် ၁၉၈၇ ခုနှစ်ကစပြီး တစ်ကမ္ဘာလုံးမှာ (ဖင်မလီပလင်နင်) လို့ခေါ် တဲ့ မိသားစုစီမံကိန်းအရ လူဦးရေတိုးပွားနှုန်းကို ထိန်းသိမ်းခဲ့တဲ့အတွက်၊ မနှစ်က (၁၉၉၉)ခုနှစ်မယ် လူဦးရေတိုးပွားနှုန်းဟာ တစ်ဒသမခုနစ်ရာခိုင်နှုန်းကနေ တစ်ဒသမ သုံးရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့တယ်လို့ "တိုင်း" မဂ္ဂဇင်းမှာ ဖတ်လိုက်ရတယ်။ တကယ်လို့ (၁၉၈၇) ခုနှစ်ကတည်းကသာ လူဦးရေ တိုးပွားနှုန်းကို မထိန်းခဲ့ရင် ငါတို့ဟာ အခုထက် ပွတ်သိပ်ကျပ်ညပ်နေတဲ့ အိပ်ခန်းမှာ နေရမှာကွ" ဟု ကိုအေးချို မကြာမီက ဇနီးသည်ကို အသိပညာပေးခဲ့သည်။ ထိုစဉ်က မနွဲ့ရီသည် ကိုအေးချိုကိုမျက်လုံး ပြူးကြီးတွေဖြင့် ကြည့်ရင်း မိမိ၏ ခင်ပွန်း သည် မိမိလုံးဝနားမလည်သော ဘာသာစကား ဖြင့် မိမိလုံးဝသဘောမပေါက်သော အကြောင်းအရာကို ပြောပြနေသည်ဟုပဲ အမှတ်ထားခဲ့ပေသည်။ "ဒီလူ ဇာတ်စကား နတ်စကားတွေ ပြောနေတာများလား" ဟုလည်း မနွဲ့ရီ ယောင်ကန်းကန်း

www.burmeseclassic.com



တွေးမိခဲ့သေး၏။ ကိုအေးချိုကတော့ သူတို့အိပ်ခန်းကျဉ်းကျဉ်း မှာ နေထိုင်ရခြင်းကို လူကျပ်နေသော ကမ္ဘာမြေနှင့် နှိုင်းယှဉ်ပြလိုက်ရသဖြင့် ကျေနပ် သွားခဲ့ပါလေသည်။

ယခုမနက် သေးနံ့ဟောင်နေသော ခြင်ထောင်ထဲမှာ မှေးမှိန်းနေခိုက် ကိုအေးချိုသည် ဂမ္ဘီရဒေါသသင့်သည့် စကားပုံများ ပြောလေ့သည့်သူ၏ ကြီးတော် အပျိုကြီးဒေါ်ငွေဘုံ၏ စကားတစ်ခွန်းကို ပြန်လည်ကြားယောင် မိ ပြန်လေ၏။ ဒေါ်ငွေ ဘုံက အလုပ်တစ်ခုကို "နည်းနည်းနှင့်ကျဲကျဲဝိုင်း" ချင်သည်။ လူအများနှင့် တစ်ယောက်တစ်ပေါက် ပူညံပူညံလုပ်ရခြင်းကို မနှစ်မြို့တတ်။ ထို့ကြောင့် "လူများရင်ချေးများတယ်ဟေ့" ဟု စွာကျယ်ကျယ် ငေါက်ဆတ်ဆတ် ပြောလေ့ရှိသည်။ အင်း ဟုတ်တာပေါ့။ လူများရင် စွန့်ပစ်တဲ့ မစင်လည်းများမှာပေါ့ဟုတွေးရင်း ကိုအေးချိုသည် မျက်နှာသစ်၊ သွားတိုက် ပလုတ်ကျင်းရန် ခြင်ထောင်ထဲမှ ဖြုတ်ခနဲ ထွက်လိုက်လေသည်။ သည်နေ့ ဥပုသ်နေ့ဖြစ်၍ ဥပုသ်စောင့်ရန် အလုပ်ရှိနေသည်ပဲ မဟုတ်ပါလော။

သူသည် မီးဖိုခန်းကြမ်းပြင်ပေါ်၌ ရှေးဟောင်း "ရက်ဒ်အင်ဒီးယန်း" အမေရိကန်တိုင်းရင်းသား လူနီမိသားစုဆန်ဆန် ဆောင့်ကြောင့်ငုတ်တုတ် ထိုင်လျက် သံပန်းကန်ပြားတွေထဲမှာ ပဲပြုတ်နံ့ပြားကို လက်ဖျားဖြင့် ကောက်ယူစား သောက်နေကြသော မိသားစုအနီးမှ ဖြတ်သန်းလာခဲ့စဉ်၊ မျက်လုံးခြောက်စုံက သူ့ကို ယခုမှတွေ့ဖူးသည့် လူစိမ်းတစ်ယောက်ကဲ့သို့ မော့ကြည့်ကြသည်။ သူ့ဇနီး ကမူ သူ့အား ကြည့်ဖော်ပင်မရပေ။ သူကလည်း သမီးသားနှင့် ဇနီးမယားတို့အား အိပ်ရာထ နှုတ်ခွန်းဆက်စကား ပြောလေ့မရှိခဲ့ပေ။ သူသည် စားပွဲခုံရှိပါလျက် ကြမ်းပြင်ခြေနင်းဖတ်မှာ အစားအသောက်ထိုင်စားရန် အကျင့်ဆိုး စွဲနေသော ဇနီးသည်အား ပြုပြင်ဆုံးမဖို့လည်း ဆန္ဒ မရှိတော့ပေ။

၂။ ကိုအေးချို၏ ထွက်ပြေးလွတ်မြောက်မှု

သူသည် နံနက်ပိုင်း၌ လူအဝင်အထွက် ပြတ်လပ်မှုနည်းပါးသော ယိုအိမ်ကို လေ့လာပြီးနောက် အားလပ်မှန်းသေချာသည်နှင့် ပွဲခင်းထဲရှိ ဇာတ်ခုံရှေ့

www.burmeseclassic.com



တစ်နေရာကို အပြေးအလွှား နေရာဦးသော ကလေးတစ်ယောက်လို ယိုအိမ်ထဲသို့ ကသုတ်ကရက် ပြေးဝင်၍ တံခါးကို လူရှိကြောင်း သတိပေးသည့်ပမာ ခပ်ပြင်းပြင်း ဆောင့်ပိတ်လိုက်၏။

ယိုအိမ်မှ ပြန်ထွက်ခဲ့ပြီး မျက်နှာသစ်၊ သွားတိုက်ပလုတ်ကျင်းရန် ရေတိုင်ကီဆီသို့ လျှောက်လာခဲ့သော ကိုအေးချိုသည် ကျောချင်းကပ်အိမ်မှ အိမ်ရှင်မ၏ အပြုအမူကို အမှတ်မထင် တွေ့မြင်မိခဲ့ရလေသည်။

"မှတ်ထားဟဲ့ ခွေးစုတ်ခွေးနာ ခိုးစားချင်ဦး"

ထို မိန်းမဝဝကြီးက ပလတ်စတစ်ဆွဲပုံးကို မြှောက်၍ အောင်ပွဲခံလူရိုင်း စစ် သည်တစ်ဦးလို အော်ဟစ်ကြွေးကြော်နေသည်။

ကိုအေးချိုတို့ ငှားရမ်းနေထိုင်ရာ အိမ်၏နောက်ကျောအစွန်းသည် အိမ်ရှင်၏ ခြံမြေပိုင်နက် နယ်နိမိတ်ဖြစ်သည်။ ထိုနယ်နိမိတ်၏ ဟိုမှာဘက်တွင် "စည်ပင်" ဌာနပိုင် နောက်ဖေးလမ်းကြားရှိ၏။ နောက်ဖေးလမ်းကြားသည် မူလသတ်မှတ်ချက်ထက် လျော့ပါးကျဉ်းမြောင်းလာကာ ကျောချင်းကပ်အိမ်နှစ်လုံး ၏ နောက်ကျောအစွန်ချင်း ထိမတတ်ဖြစ်နေသည်။ ထို့ကြောင့် ကျောချင်းကပ် အိမ်မှ အိမ်ရှင်မဝဝကြီးက နောက်ဖေးလမ်းကြား အမှိုက်သရိုက် အပုပ်အစပ် များကြားတွင် ဝမ်းစာရှာဖွေနေသော ပိန်လှီမွဲခြောက်သည့် ခွေးဝင်စားဝဲထူကလေး တစ်ကောင်အား ထမင်းရည်ပူနှင့် ပက်ချလိုက်သောမြင်ကွင်းကို သူသည် အနီးကပ်တွေ့မြင်ခွင့် ရလိုက်ခြင်းဖြစ်သည်။

ခွေးကလေးသည် ထမင်းရည်ပူများထိသည်နှင့် ရုတ်တရက် လျှပ်စစ် ဓာတ်စီးဝင်ခြင်း ခံရသလို တွန့်လိမ်လူးပ်ဆတ်သည်။ ပြီးလျှင် အမှိုက်သရိုက်များ ကြားတွင် အလန့်တကြားလုံ့ချလူးလိမ့်၏။ ထို့နောက်မှာတော့ တစ်တစ်ချင်ချင် စူးစူးဝါးဝါး အော်ဟစ်ညည်းညူပြီးသွေးရူးသွေးတန်းထပြေးရှာတော့သည်။ ခွေးကလေးပြေးလွှားပုံမှာ ကာတွန်းရုပ်ရှင်ကားထဲမှ ရယ်မောဖွယ် ကာတွန်းဇာတ် ကောင်ဆန်ဆန် ကိုးရိုးကားရား လျင်မြန်သွက်လက်နေသော်လည်း ကိုအေးချို မရယ်ချင်ပါ။ သူ အသက်ရှူဖို့မေ့ပြီး ငေးကြောင်နေပါသည်။ ငေးကြောင်ရာမှ

www.burmeseclassic.com



သူ့ရင် ခေါင်းထဲမှာ တင်းကျပ်မွန်းလျောင်လာပါသည်။ အို ရက်စက်လှချည်လား၊ အကြင်နာမဲ့လှချည်လား၊ လူမဆန်လှချည်လားဟု တွေးကြည့်သည်။ ဂျပန် ဆူမိုနပန်း သမားနှစ်ဦး ပူးကပ်ဖက်တွယ်၍ မသတ်ပုတ်မီ မျက်လုံးချင်းဆိုင်၍ ကြည့်နေကြ သလို ကိုအေးချိုသည် မိန်းမဝဝကြီးနှင့်မျက်တောင်မ ခတ်စတမ်း မျက်လုံးချင်းဆိုင်မိ၏။ သို့စေကာမူ ကိုအေးချိုသည် ဆူမိုနပန်းသမားလို ဝတုတ် သူမဟုတ်။ လူဗလံ ကလေးမျှသာဖြစ်၏။ ထို့ကြောင့် သူသည် မိန်းမဝဝကြီးကို မျက်လုံးချင်းဆိုင် မကြည့်တော့ဘဲ မျက်စိလွှဲကာ အိမ်ထဲသို့ကုပ်ချောင်းချောင်း ပြန်ဝင်ခဲ့ပါသည်။ မျက်နှာသစ်ရန်၊ သွားတိုက်ရန် ပလုတ်ကျင်းရန်လည်း သူမေ့လျော့သွားခဲ့ရပါပြီ။

သူသည် ဇနီးမယား သမီးသားတို့၏ မပြီးဆုံးသေးသော နံနက်စာ စားသောက်ပွဲအနီးမှာ အလိုလိုရပ်တန့်မိသွားသည်။ ရင်တွင်းမှာ လှိုက်ခနဲ တွန်းတိုး နေကြသော ပူပြင်းသည့် ဝေဒနာများကို ပြင်ပသို့ ပုံသဏ္ဌာန်အသွင်ပြောင်း၍ ထုတ်ပစ်မှ ဖြစ်ချေတော့မည်။ သူသည် စက်ဆုတ်ရွံရှာဖွယ်ဝေဒနာများကို ဆက်လက်အောင့်အည်းထိန်း ချုပ်ထားခြင်းငှာ မစွမ်းသာတော့။

"အင်အားကြီးတဲ့လူက အင်အားငယ်တဲ့ခွေးတိရစ္ဆာန်အပေါ် အနိုင်ကျင့် ရက်စက်တာပဲကွ၊ ဟင်း ခွေးတွေသာ ပုရွက်ဆိတ်တွေလောက်အရေအတွက် များကြည့်စမ်း၊ ခွေးအပေါ် အနိုင်ကျင့်တဲ့လူတွေ ဝင်္ဂလည်ကုန်မယ် ဟင်း. . . ဟင်း. . ဟင်း"

သူသည် စကားပြောရင်း တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာသည်။ ညှိုမွဲမွဲမျက်နှာ အသွေးရောင်သည် မည်းကြုတ်လာပြီး မျက်လုံးတွေက ပြူးတူးပြဲတဲ ဖြစ်လာကြသည်။ သူသည် လက်သီးနှစ်ဖက်ကို အားစိုက်ဆုပ်ညှစ်ရင်း ပြိုင်ဘက် ကို ထိုးသတ်ခါနီး လက်ဝှေ့သမားလို ရင်ဘတ်ရှေ့မှာ တလှုပ်လှုပ်မြှောက်ရွယ် နေသည်။

"ဒီလူ စောစောစီးစီး ဘာဖြစ်နေတာတုံး၊ ဒီနေ့ ဥပုသ်နေ့၊ ဥပုသ်ကျောင်း သွားမှာ သွားတော့လေ။ အရက်မသောက်ဘဲ မူးကြောင်မူးကြောင် လုပ်မနေနဲ့."

www.burmeseclassic.com



ပိန်ကပ်ကပ် ပုပျပ်ပျပ် မိန်းမမှ ရုတ်တရက် ကျယ်လောင်စွာ ထအော်လိုက်လေသည်။

ကကြိုးသီနေစဉ် ဆိုင်းဝိုင်းမှ အတီးရပ်လိုက်သဖြင့် ကကြိုးပျောက်သွားသော ကချေသည်ကဲ့သို့ ကိုအေးချိုသည် လက်သီးနှစ်ဖက်ဆုပ်လျက်သား တောင့်တောင့်ကြီး ရပ်နေသည်။ ပြီးလျှင် စိတ်တင်းကျပ်မှုများကို လျှော့ချပစ်လိုက်သလို သက်ပြင်းချ၍ လက်သီးဆုပ်တွေကို ဖြေ လက်နှစ်ဖက်ကို အဝတ်ကြိုးနှစ်ချောင်းလို ခန္ဓာကိုယ်ဘေးမှာ တွဲလောင်းချလျက် အိမ်ရှေ့ဘက်သို့ လျှောက်သွား၏။ သူ့ကို ငေါက်ငမ်းလိုက်သော ဇနီးသည်အား နှုတ်လှန်ထိုးရန် ဆန္ဒမရှိ။ ပြောဖို့ကျန်သေးသော စကားလုံးတွေကိုသာ အိမ်ရှေ့ခန်းတွင် အဝတ်အစားလဲရင်းမှ တတွတ်တွတ် လှမ်းပြောနေသည်။

"နင် မသိဘူး၊ နွဲ့ရီမ၊ နင်မသိဘူး၊ငါတို့ကမ္ဘာကြီးဟာ ဖန်လုံးအိမ်အာနိသင်ကြောင့် တစ်ကမ္ဘာလုံး အနွေးဓာတ်တွေ တိုးသထက်တိုးလာနေပြီဟ။ နဂိုကထက်ပိုပြီး ပူလာတာပေါ့ဟ။ နှစ်သန်းပေါင်းများစွာ ကမ္ဘာ့မြောက်ဝန်းရိုးစွန်းမှာ အမြဲတမ်းခဲနေတဲ့ အာတိတ်သမုဒ္ဒရာရေခဲပြင်ကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀) ကနေ (၄၀) အတွင်း(၄၀) ရာခိုင်နှုန်းလောက် ပါးပါးလာနေသတဲ့။ အဓိပ္ပာယ်ကတော့ ရေခဲတွေ ဖြည်းဖြည်းချင်း အရည်ပျော်လာကြတာကို ပြောတာနွဲ့ရီမရဲ့။ အရည်ပျော်တဲ့ရေခဲရေတွေဟာ ပင်လယ် သမုဒ္ဒရာတွေထဲကို စီးဝင်ကုန်ကြတော့ ပင်လယ်ထဲမှာ ရေတွေတိုးပြီး ရေမျက်နှာပြင် မြင့်တက်လာတာပေါ့။ (ချောင်းရေကလျှံ၊ ကန်ရေကတိုး) ဆိုတဲ့ သီချင်းလိုပဲပေါ့ဟ။ ဧရာဝတီမြစ်ကြီးထဲမှာ ရေတွေတိုးတော့နင်တို့ရွာတွေ ရေမြုပ်ကုန်တယ် မဟုတ်လား။ အဲသလိုပဲ ပင်လယ် သမုဒ္ဒရာထဲမှာ ရေတွေတိုးရင် ငါတို့ကမ္ဘာကြီးလည်းရေမြုပ်သွားနိုင်တယ်။။ ကုန်းမြင့်ဒေသတွေက လူတွေတော့ လွတ်မှာပေါ့။ ငါတို့လို ပင်လယ်နဲ့ (၁၀) မိုင်တောင် မဝေးတဲ့မြေနိမ့်ကလူတွေတော့ ရေဘေးဒုက္ခသည်တွေ ဖြစ်ကုန်ဦးတော့မှာပဲ"

"ဥပုသ်စောင့်မယ့်လူက ဘာလို့ နမိတ်မရှိ နာမာမရှိ စကားတွေပြောနေရတာ လဲတော့" ဟု မနွဲ့ရီက လည်ချောင်းသံဖြင့် လှမ်းအော်ပြန်ပါသည်။

www.burmeseclassic.com



ကိုအေးချိုသည် သူ့အသံကလွဲ၍ ကမ္ဘာပျက်ပြီသာမှတ်၊ အာဒိကပ္ပ ကျမ်းတွေမှာ (ရေဖြင့်ပျက်သော ကမ္ဘာ) လို့ ပြောသမှုတ်လားဟဲ့၊ ပျက်ရင် ငါတို့ ဘာမှမတတ်နိုင်ဘူး။ အခုချိန်က သိကြားမင်းရဲ့ သာသနာခေတ်၊ မကောင်းသူပယ် ပြီးကောင်းသူ ကယ်သွားမှာပဲ။ အကယ်တင်ခံရအောင် ဒါန၊ သီလ၊ ဘာဝနာ ကိုယ့်ကျင့်တရားတွေနဲ့ ပြည့်စုံကြရမယ်။ ငါတို့က နွမ်းပါးတော့ ဒါနမပြုနိုင်တယ် ထားဦး၊ သီလတော့ လုံခြုံရလိမ့်မယ်၊ ဥပုသ်စောင့်တယ်ဆိုတာ သီလဆောက်တည် တာပဲဟေ့၊ သီလမြဲတဲ့လူဟာ (ဥဒကတောဝါ) လို့ခေါ်တဲ့ ရေဘေးက လွတ်မှာပဲ၊ သွားပြီဟေ့ ဥပုသ်ကျောင်းကို"

ကိုအေးချိုသည် အုန်းသားစိပ်ပုတီးကို ခွေခေါက်၍ လက်ထဲမှာဆုပ်ကိုင် လျက် အိမ်ပေါ်မှ သုတ်သီးသုတ်ပျာ ဆင်းလျှောက်သွားလေသည်။

## ၃။ လူများနှင့် နွားများ

အိမ်ပေါ်မှ ဆင်းလာခဲ့ပြီးနောက်ကိုအေးချိုသည် အိမ်ရှေ့မြေနီလမ်း အတိုင်း (၂) ဖာလုံခန့် မြောက်ဘက်သို့လျှောက်ခဲ့သည်။ မြေနီလမ်းဆုံးလျှင် လူများ၊ စက်ဘီးများ၊ ဆိုက်ကားများ ဥဒဟိုသွားလာလှုပ်ရှားနေကြသည့် ကတ္တရာခင်းလမ်းပေါ်သို့ ရောက်လာသည်။ သူကဲ့သို့ စိပ်ပုတီးကိုင်ထားခြင်းရှိမရှိ စူးစမ်းခြင်း ဖြစ်၏။ ဥပုသ်နေ့တစ်နေ့တွင် လူများသည် ဥပုသ်သီတင်း မစောင့် အားသည်ထားဦး၊ အချိန်ရသလောက် သမထဘာဝနာပွားများသင့်သည်ဟု ကိုအေးချိုက ယုံကြည်ထားပေသည်။

'. . . . ဘုရားမေ့တရားမေ့တဲ့ လူတွေဟာ သေလို့အပါယ်ကျမှပဲ နှောင်း နောင်တတွေ ရကြရှာလိမ့်မယ်။ တစ်လမှာ ဥပုသ်နေ့ လေးနေ့ရှိရာမှာလေးနေ့ စလုံး ဥပုသ်သီတင်းမဆောက်တည်အားဘူးထားဦး၊ နှစ်ကြိမ် ဒါမှမဟုတ် အနည်း ဆုံးတစ်ကြိမ်တော့ ဥပုသ်စောင့်သင့်ကြတယ်။ ခုတော့ ကိုယ့်ဝမ်းဗိုက်ထဲကို များများသွင်းဖို့ ကိစ္စလောက်ပဲ အာရုံပြုနေကြတယ်။ ဒင်း(သင်း) တို့ဟာ ဝရဇိန် လက်နက်နဲ့ပဲ တွေ့မလား၊ ရေလွှမ်းမိုးပြီး ရေနစ်လို့သေကြမလား မပြောတတ် ဘူး' ဟု တွေးရင်းလျှောက်လာရာ ကတ္တရာ လမ်းအဆုံးတွင် ပေ (၂၀) ခန့်ကျယ်

www.burmeseclassic.com



သော ဂဝံကျောက်ခင်း လမ်းမတစ်ခုသို့ ကိုအေးချို ရောက်ရှိလာခဲ့၏။ ထိုလမ်းသည် အရှေ့အရပ်သို့ ဖြောင့်တန်းစွာ ဦးတည်နေပြီး လမ်း အဆုံးတွင်ကိုအေးချို ဉပုသ်သီလယူမည့် ဘုန်းတော်ကြီးကျောင်းတည်ရှိရာ "စံပြ ရွာသစ်"ရှိ၏။ ဂဝံကျောက်ခင်းလမ်းမှာ မော်တော်ယာဉ်များ၊ ဆိုက်ကားများ၊ မြင်းလှည်း သမားများ သာမက နွားလှည်းများပါဖြတ်သန်းသွားလာလေ့ရှိသဖြင့် ကျင်းချိုင့်တွေ တင်းကြမ်းပြည့်နှက် ပျက်စီးနေသည့်အပြင်၊ ဖုံတထောင်းထောင်းထလျက်ရှိသည်။ လမ်းဘေးဝဲယာရှိရိုးပြတ်တောလယ်ကွင်းများထဲမှ ပြေးလွင့်လာတတ်သည့် လေပွေတစ်လုံးတလေက ဤလမ်းပေါ်သို့ ရောက်ရှိလာချိန်များတွင် လေပွေကန်တော့က စုပ်ယူလိုက်ခြင်းကြောင့် လမ်းမပေါ်ရှိ မြေနီမှုန့်များသည် အုံ့အုံ့သဲသဲ မြောက်တက်လွင့်ပျံပြီး လမ်းသွားလမ်းလာတွေကို သဲမုန်တိုင်းငယ်တစ်ခုအတွင်းသို့ ကျရောက်လာသည့်အလား ဒုက္ခကောင်းကောင်းပေးတတ်သည်။

ထိုဒုက္ခကိုကြုံဖူးသောကိုအေးချိုသည် ဤလမ်းပေါ်တွင် စိုးတထိတ်ထိတ်နှင့် သာလျှောက်နေရပေ၏။ စံပြရွာသစ်ထဲက နွားမွေးမြူရေးသမား သူဌေးတွေ၊ ဉယျာဉ်သူဌေးတွေဟာ ဒီလမ်းကို ကိုယ်ထူကိုယ်ထ စုပေါင်းပြုပြင်သင့်တယ်။ ဒင်း(သင်း) တို့ဟာ ဒင်း (သင်း)တို့ရဲ့ ဘဏ်ကစုဆောင်း ငွေတိုးများဖို့ပဲ စိတ်ကူးနေကြတယ်ထင်ပါရဲ့ဟူ၍ ဒေါမနဿပွားရင်းမှ ကိုအေးချိုသည် လမ်း၏တစ်ဖက်ခြမ်းတွင် ခပ်သွက်သွက် လျှောက်နေသည်။

နံနက် ၇နာရီခွဲနေရောင်ခြည်မှာ ၄င်းထိတွေ့ကျရောက်သမျှ လူသတ္တဝါတိုင်းကို အိုက်စပ်ပူလောင်ကာ စိတ်ကသိကအောက်ဖြစ်စေ၊ ချွေးဒီးဒီးကျစေလျက်ရှိ၏။ ကိုအေးချိုသည် နေပူဒဏ်ကို မေ့ဖျောက်နိုင်ရန်ကြိုးစားရင်း ဉပုသ်သီတင်းဆောက်တည်ခြင်းမှ ရရှိလာမည့် သောမနဿ ဓာတ်တို့ကို တင်ကူးခံစားကြည့်နေသည်။ သို့သော် သူ၏ ကြိုးစားမှုက အထမမြောက်။ နေပူရှိန်၏ ပူစပ်စပ်ဝေဒနာ၊ ရှူရှိုက်နေရသော ဖုန်ငွေ့များ၏ မွန်းကျပ်ကျပ်ဝေဒနာ၊ တစ်မိုင်ကျော်မျှလောက် လျှောက်လှမ်းခဲ့ကြရသော ခြေထောက်အစုံ၏ ညောင်းညာနွမ်းလျဝေဒနာတို့သည်သာ သူ၏ အာရုံအလုံးစုံ ၌ ဖိစီးလွှမ်းမိုးနေတော့သည်။ သူသည် လက်ထဲမှ ချွေးစေးများဖြင့် တဖြည်းဖြည်း လေးလံနေဟန်ထင်ရသည့် စိပ်ပုတီးကို ရှပ်အင်္ကျီရင်ဘတ်အိတ်ကပ်ထဲသို့ ထည့်သွင်းလိုက်သည်။ သံပြားနှစ်ချပ်လို

www.burmeseclassic.com



လေးလံလာကြသည်ဟု ထင်ရသော ဖိနပ်တွေကိုလည်း ချွတ်ပစ်ပြီး လက်ထဲမှာ ကိုင်ချင်စိတ်ဝင်လာသည်။ သို့သော် ဖိနပ်မချွတ်ဖြစ်။ 'ဟင်း ကမန်းကတန်း ထွက်လာရလို့ ချွေးသုတ်ပဝါတောင် မယူဖြစ်ခဲ့ဘူး။ ငါက မေ့တယ်ထားဦး 'နွဲ့ရီမ' ကသတိပေးဖို့ကောင်းတာပေါ့။ အလကား အသုံးမကျတဲ့ တိရစ္ဆာန်မ၊ ဘုရား တရားဝေးလို့ ငါးပါးသီလဆိုတာတောင် ဘာမှန်းသိတာ မဟုတ်ဘူး' ဟူ၍ ကိုအေးချို ဒေါမနဿတွေ ဟုန်းဟုန်းတောက်မိပြန်သည်။

ထိုအခိုက်မှာပင် ကိုအေးချိုသည် သူ၏ သတိသမ္ပဇဉ်တရားတွေ လွင့်ပါး အောင် ဆွဲဆောင်မှိုင်းတိုက်တော့မည့် အဖြစ်အပျက်တစ်ခုအနီးသို့ အမှတ် အထင် ရောက်လာခဲ့၏။ ဥပုသ်ကျောင်းသို့ ဦးတည်နေသူအား မာရ်နတ်က ငရဲလမ်းလွဲသို့ ဆွဲခေါ်သွားခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

လမ်းတစ်နေရာတွင် လူနှစ်ယောက်နှင့် နွားငါးကောင်သည် ဝရုန်းသုန်း ကား ဖြစ်နေကြသည်။

လူနှစ်ယောက်အနက်တစ်ယောက်က အသက် (၄၀) ခန့် အသား အရောင်နက်ကြုတ်ကြုတ်၊ ဆံပင်ဘုတ်သိုက်၊ ပုအိုင့်အိုင့်ဂင်တိုတို ကိုယ်လုံး၊ မျက်ထောင့်နီနီနှင့် ဖြစ်သည်။ သူ၏အရောင်လွင့်နေသော ချည်ကြမ်းလုံချည်ကို ဒူးပေါ်လုလုခပ်တိုတို ဝတ်ထား၏။ သူ့အင်္ကျီက ကုပ်ပိုးသားပြဲနေသည့် ပြည်တွင်း ဖြစ် ပါတိတ်ဆင်ရှုပ်လက်တို ဖြစ်ပြီး ပါတိတ်ဒီဇိုင်းတို့မှာ နေစားထားသဖြင့် အဆင်အကွက်မပီပြင်ကြတော့။ သူက အမျိုးအစားညံ့ညံ့ လက်ပတ်နာရီတစ်လုံး ကိုလည်း ဘယ်ဘက်လက်ကောက်ဝတ်မှာ ပတ်ထားသေးသည်။ သူ၏ ဖုန်အလိမ်း လိမ်းနှင့် မည်းတူးတူးခြေထောက်များမှာ ဖိနပ် မရှိ။

ကျန်တစ်ယောက်က အသက် ၁၃-၁၄ နှစ်ခန့် ညိုညိုပိန်ပိန် လူပျို ပေါက်ကလေးဖြစ်၏။ သူသည် ခပ်စုတ်စုတ် ဂျင်းဘောင်းဘီရှည်ကို ခါးပတ်မပါဘဲ ပွယောင်းယောင်း ဝတ်ထားသည်။ တီရှပ်အနီရောင်က ဟောင်းမြေ့လွန်း၍ လိမ္မော်ရောင်သမ်းပြီး အပေါက်အပြဲ ဗရပွ ရှိသည်။ သူ့မှာလည်း ဖိနပ်မရှိပါ။

သူတို့နှစ်ယောက်၏ အခြားတူညီချက်မှာ နှစ်ယောက်စလုံး နွားရိုက်

www.burmeseclassic.com



ကြိမ်လုံးကိုယ်စီ ကိုင်ဆောင်ထားကြခြင်းဖြစ်သည်။ နောက်ထပ်တူညီချက်တစ်ခု မှာကား နှစ်ဦးစလုံး၏ မျက်နှာထားများသည် နေရောင်ခြည်အောက်တွင် မီးကင် ထားသော အမဲသားတုံးလို အဆီပြောင်ဝင်းလဲ့နေကြခြင်းပင် ဖြစ်တော့သည်။

နွားငါးကောင်စလုံးနွားအို၊ နွားပိန်တွေချည်းဖြစ်ကြသည်။ နွားမအို တစ်ကောင်ဆိုလျှင် အမြီးပြတ်နေသည်။ နွားထီးအိုတစ်ကောင်ကား ဦးချိုတစ်ဖက် ကျိုးပြတ်ကာ ငုံးတိတိဖြစ်နေသည်။ ၎င်းတို့သည် ၎င်းတို့၏ နွားဖားကြိုးငါးစုံကို ကြိုးနှစ်ချောင်းဖြင့်ဆက်၍ ကြိုးတစ်ချောင်းကို ဆွဲကိုင်ထားကြသော အသားမည်း ဂင်တိုလူနှင့် ပိန်ညှောင် ညှောင်ကောင်လေး၏ လက်ထဲမှ ရုန်းကန်နေကြသည်။ လူနှစ်ယောက်ဆွဲခေါ်ရာသို့ မလိုက်လိုကြောင်း ငြင်းဆန်နေကြခြင်း ဖြစ်သည်။ အသက်အငယ်ဆုံး နွားတစ်ကောင်ကသာ တဘဲဘဲအော်မြည်ပြီး ကျန်နွား ကောင်မှာ ကြိမ်လုံးရိုက်ချက်များအောက်တွင် အသံမပြုဘဲ ဆုတ်ကန်ကန် ပေကတ်ကတ်လုပ်နေကြသည်။ ထိုနွားတွေထဲတွင် အပိန်လှီ အခြောက်ကပ်ဆုံး အမြီးပြတ်နွားမသည် ဖုန်တောထဲတွင် လှဲဝပ်ချလိုက်၏။ နွားမ၏ မျက်လုံးအစုံမှ မျက်ရည်စီးကြောင်းတွေ ယိုကျနေကြ၏။

"အောင်မာကွာ အရေးထဲမှာ ထိုင်တောင်ထိုင်ချလိုက်သေး"

ဂင်တိုတိုလူသည် နွားပိန်မ၏ ငယ်ထိတ်ကို ကြိမ်လုံးဖြင့် လွှဲမြောက်ကာ တရစပ် ရိုက်ချသည်။ ရိုက်ချက် တဒုတ်ဒုတ်မြည်သံနှင့်အတူ နွားပိန်မ၏ မျက်ရည်များ တရဟော သွန်ကျလာကြတော့သည်။

"ထစမ်းဟ၊ ထစမ်း၊ နင် ဒီလိုခေါင်းမာလို့ကတော့ နွားသတ်ရုံ မရောက်ခင် လမ်းမှာတင် ပေါ်ပစ်လိုက်မယ် ဘာမှတ်ဘဲ"

ဂင်တိုလူက နွားဖားကြိုးကိုဆောင့်ဆွဲရင်း နွားပိန်မ၏ တင်ပါးကိုကြိမ်လုံး အက်ကွဲစုတ်ဖွာလာသည်အထိ တဖြန်းဖြန်း မရပ်မနားရိုက်သည်။ ပါးစပ်မှလည်း မကြားဝံ့ မနာသာဆဲရေးလိုက်သေးသည်။ သူ၏ ခြေသည်းရှည် ခြေထောက်ကြီး များဖြင့်လည်း နွားပိန်မ၏နံဘေးကို တဘုံးဘုံး ပြေးကန်သည်။

ကိုအေးချိုသည် ခြေတရွတ်ဆွဲရင်း ဂင်တိုလူအနီးသို့ ခပ်ဖြည်းဖြည်း

www.burmeseclassic.com



ချဉ်းကပ် သွားသည်။ အသက်မဲ့စွာအေးစက်ကြောင်စီလျက်-

"မိတ်ဆွေ တိရစ္ဆာန်တစ်ကောင် အပေါ်ခုလို အနိုင်မကျင့်ပါနဲ့" ကိုအေးချို၏အသံက ခြောက်ကပ်အက်ကွဲပြီး ဟိုးအဝေးကြီးမှ လေဟုန်စီးလာသယောင် မှတ်ထင်ရလေသည်။ သို့သော် လိုဏ်သံပေါက်နေကာ ထူးခြားသော စွမ်းအားတစ်ခု ပူးကပ် နေသည်ဟုလည်း ထင်ရ၏။

"ဟင်"

ဂင်တိုတိုလူက ကိုအေးချိုကို နားမလည်သလိုလို၊ မကြားလိုက်သလိုလို ပြူးကြောင် ကြောင်ကြည့်ပြီး မလိုတမာသံ မြည်ဟလိုက်သည်။

"ဒီနွားကို မရိုက်ဖို့ ကျွန်တော်မေတ္တာရပ်ခံနေတာ"

ကိုအေးချို၏ ဘဝသက်တမ်းတွင် အကျယ်လောင်ဆုံးသော အသံကို အသုံးပြု လိုက်ဟန်ရှိသည်။ သူ့အသံသည် အရပ်ရှစ်မျက်နှာသို့ မိုးကြိုးထစ် သံနှယ် ပျံ့နှံ့ ရိုက်ခတ် သွား၏။

"အော အရေးထဲ သူတော်ကောင်းနဲ့ လာတွေ့နေရသကိုး၊ ဟေ့လူ ကိုယ့်လမ်း ကိုယ်သွား ကိုယ့်အလုပ်မဟုတ်ဘဲ ဇယားဝင်မရှုပ်နဲ့"

ဂင်တိုလူက မထီးလေးစားလှောင်တောင်တောင် ငေါက်ငမ်းရင်း ကြိမ်လုံးကို ကိုအေးချို၏ မျက်နှာရှေ့သို့ လက်ညှိုးငေါက်ငေါက်ထိုးနေသည့်ပမာ ဆန့်တန်းထားသည်။

"ကျုပ် မေတ္တာရပ်ခံနေတာပါ"

ကိုအေးချိုက ကြေကွဲလျက်ရှိသော အသံဖြင့် အော်ပြောလိုက်ပြန်၏။ သူ့အသားတွေ ဆတ်ဆတ်တုန်ယင်နေကြမှန်းလည်း သူသတိမပြုမိ။

"ဒီ အရူးတော့ခက်နေပြီ ငဆန်းရေ၊ ဒီကလည်း တစ်မှောင့် ကဲဟာ-ကဲဟာ"

ဂင်တိုလူက သူ့အဖော်ဘက်သို့ လှည့်ပြီးတိုင်တည်ကာ ဝပ်နေသော

ဒီရေဦး စာအုပ်တိုက်

www.burmeseclassic.com



နွားပိန်မကို ကြိမ်လုံးဖြင့် ပိုမိုကြမ်းတမ်းစွာ မနားတမ်းရိုက်နှက်နေပြန်တော့၏။

နောက်ပိုင်းတွင် ရန်ပွဲကို ဖျန်ဖြေထိန်းသိမ်းခဲ့ကြသော လမ်းသွားလမ်းလာမျက် မြင်သက်သေများ၏ ပြန်လည်ပြောကြားချက်အရ ကိုအေးချိုသည် ပထမဦးစွာ ဖားပျံတစ်ကောင်ကဲ့သို့ ဂင်တိုလူဆီသို့ ခုန်အုပ်လိုက်သည်ဟု ဆို၏။ ထို့နောက် နှစ်ယောက်သား ဝပ်နေသော နွားပိန်မအနီး ဖုန်တောထဲတွင် လုံးထွေးလူးလိမ့်နေကြသည်ဟု ဆို၏။ ကိုအေးချိုသည် ဂင်တိုလူ၏ လည်ပင်းကို မလွတ်တမ်း ဆုပ်ညှစ်ထားရင်း ဂင်တိုလူ၏ နားရွက်ကိုလည်း မိမိရရ ကိုက်ခဲထားခဲ့ သည်ဟု ဆို၏။ ဂင်တိုလူ၏ အဖော် ငဆန်းဆိုသော သူငယ်ကလေးကား ရန်ပွဲထဲ သို့ ဝင်မလာဘဲ လွတ်ပြေးသော နွားတစ်ကောင်နောက်သို့ ပြေးလိုက်သွားသည် ဟုဆို၏။

လမ်းသွားလမ်းလာယောကျ်ားကြီး (၆)ယောက်သည် လုံးထွေးပူးကပ်နေသော ရန်ဘက်နှစ်ဦးကို ခက်ခဲပင်ပန်းလှစွာ လူချင်းခွဲစေခဲ့ရသည်ဟု ဆိုလေသည်။ လူချင်း ခွဲလိုက်ချိန်တွင် ဂင်တိုလူမှာ အသက်မရှူတစ်ချက် ရှူတစ်ချက်နှင့် မြောနေသည်ဟုဆို၏။ သူ၏ ညာဘက်နားရွက်မှာ နားထင်ရင်းမှပြတ်သွားခဲ့ပြီး ဒဏ်ရာမှ သွေးတရဟော ထွက်နေသည်ဟုဆို၏။

✣ ✣ ✣

www.burmeseclassic.com

